# ၂၁ ရာစုဦ အမှတ် ၁၄

နိုဝင်ဘာ၊ ၂၀၀၉

## မာတိကာ


၁။ အမှာ(စာတည်းအဖွဲ့) –၂
၂။ “ခဲ့သော်” စဉ်းစားနည်းပြောပြီး…(ရဲဘော်ညိုမင်း) – ၄
၃။ သတိ…ရှေ့မှာ အချက်ပြမီးနီ(သန်းဇင်သိန်း) – ၉
၄။ သင်တို့ကော ဘယ်လမ်းလိုက်မယ်…(အေးငြိမ်းမြင့်) – ၁၄
၅။ ကတိတွေအတွက် ပေးတဲ့ နိုဘယ်ဆု(စိန်ချင်းကြည်) – ၁၉
၆။ စစ်အုပ်စု ရှိနေသရွေ့(ဝသန်ဦး) – ၂၁
၇။ စီးပွားရေးအခက် စစ်ရေးအချက်(ကြည်ဝင်း) – ၂၉
၈။ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးကပ်(မောင်သန်းမြရွှေ) – ၃၂
၉။ အိုဘားမားရဲ့ သံလွင်ခက်(ရဲဘော်ရှုယဉ်) – ၃၈
၁၀။ “စစ်နဲ့တော်လှန်ရေး”ကို ပြောင်းရွှေ့ခြင်း…(အောင်ပင်လယ်) – ၄၃
၁၁။ ဒီရေနိမ့်ကာလအတွင်း…(ရဲဘော်အောင်လွင်) – ၄၈
၁၂။ အမေရိကန် – လက်တင်အမေရိက နိုင်ငံများ(ရဲဘော်ထွန်းမြတ်) – ၅၄
၁၃။ မဟာဗျူဟာထိန်းချုပ်ရေးလက်တံများ(ဟိန်းကို) – ၅၉
၁၄။ မျက်မှောက်စီးပွားရေး အကျပ်အတည်း…(ရဲဘော်ပြုံးချို) – ၆၃
၁၅။ အနောက်တိုင်းအရင်းရှင်စနစ်(ရဲဘော်သိန်းဝင်း) – ၇၅
၁၆။ အင်အားအမာနဲ့ အင်အားအပျော့…(လှပေါ်ဦး) – ၈၆
၁၇။ ဗမာပြည်ဒီမိုကရေစီအရေးတော်ပုံ(ပြည်တွင်းမှ ရဲဘော်တဦး) – ၉၁
၁၈။ တရုတ်ပြည်ရဲ့ “တာဝန်ယူစိတ်ရှိတဲ့…”…(သီရိမြိုင်) – ၉၆
၁၉။ သတင်းနဲ့ မှတ်ချက်များ။ ၁၀၃


ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုသုတေသနဌာနက ထုတ်ဝေသည်။

# အမှာ

(၁)

စိတ်ဝင်စားပုံးခြင်း၊ အလေးထားပုံခြင်းတော့ တူချင်မှတူကြပါမည်။

**ပြည်ပ** – ၂၁ စာစဉ်အနေနှင့် အရင်းရှင်စနစ် အတက်အကျ၊ ၂၁ ရာစု မာ့က်စ်ဝါဒ၊ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုအခြေအနေစတာတွေမှာ စိတ်ဝင်စားပါသည်။

ဒါကြောင့် –

– တကမ္ဘာလုံးကို ကိုင်လှုပ်တဲ့ စီးပွားပျက်ကပ်အကြောင်း မာ့က်စ်ဝါဒ ရှုထောင့်အမြင်က သုံးသပ်ချက်များ။

– ကမ္ဘာကြီး ရှေ့တိုးနိုင်ဖို့ မာ့က်စ်ဝါဒကို ပစ်ပယ်ထားလို့မရ ဆိုတာကို ခေနရှင်ပညာရှင်များကပင် ဖွင့်ဟလာရတဲ့အကြောင်း။

– မာ့က်စ်ဝါဒတကျော့ပြန်ကိစ္စများနှင့် ပတ်သက်သော ဆောင်းပါးများ တင်ပြထားပါသည်။

(၂)

**ပြည်တွင်း** –

– အုပ်စိုးသူ နအဖ ရှန်းကန်နေရမှုများ၊ ကစားကွက်များ။

– နိုင်ငံရေးပါတီများ၏ ရပ်တည်ချက်များ။

– ပြည်ပကမ္ဘာ (အမေရိကန်၊ အီးယူ၊ တရုတ်၊ အိန္ဒိယ၊ အာဆီယံ) နှင့်ဆက်ဆံရေးအခြေအနေ၊ အထူးသဖြင့် အမေရိကန်က အာရှဘက် အာရုံစိုက်လာမှု၊ ဗမာပြည်ထဲ ထိုးဝင်လာမှု။

– ပြည်သူများ၏ အခြေအနေများကို အလေးထားကြည့်ပါသည်။

ဒါကြောင့် ယင်းအကြောင်းအရာကို ထင်ဟပ်တဲ့ ဆောင်းပါးတချို့ ရွေးချယ်ဖော်ပြပါသည်။

(၃)

မာ့က်စ်ကို ထက်မြက်တဲ့ ပညာရှင်ကြီးတယောက်အဖြစ်သာ အနောက်ကမ္ဘာက အသိအမှတ်ပြုနေရာကနေ တော်လှန်ရေးသဘောတရားဆရာကြီးအဖြစ် အသိအမှတ်ပြုလာရလိမ့်မယ်လို့ ကွန်မြူနစ်တွေက ယုံကြည်နေကြကြောင်း။

မိမိတို့တိုင်းပြည်မှာလည်း ပုပ်သိုးဆွေးမြေ့နေပြီဖြစ်တဲ့ စစ်အာဏာရှင်စနစ် ပြိုကျပျက်စီးလိမ့်မယ်၊ နိုးထနေတဲ့ ပြည်သူများက အနေးနဲ့အမြန် ပြည်သူ့အာဏာကို လွှဲပြောင်းယူနိုင်ကြလိမ်မယ်လို့ ယုံကြည်မိကြောင်း တင်ပြလိုက်ပါသည်။

စာတည်းအဖွဲ့
၁၂၊ ၁၁၊ ၂၀၀၉

21212121212121

# “ခဲ့သော်”စဉ်းစားနည်းပြောပြီး
# ဝေ့လည်လည် မလုပ်ပါနဲ့”

ရဲဘော်ညိုမြင်း

## <u>အတိုင်အဖောက်ညီညီ ပွဲထွက်လာတဲ့ သခင်တင်မြနဲ့ မောင်စူးစမ်း</u>

‘နအဖ’က ခိုင်းလို့ပဲ ပွဲထွက်လာတာ ဖြစ်မှာပါ။ စိတ်ဓာတ်စစ်ဆင်ရေးဌာနကထုတ်ဝေတဲ့ ဂျာနယ်(၂)စောင်မှာ သခင်တင်မြနဲ့ မောင်စူးစမ်း ပွဲထွက်လာတယ်။ တယောက်က အတိတ်သမိုင်းကိုပဲ ပင်တိုင်ထားပြီး ရေးတယ်။ နောက်တယောက်ကတော့ ပို့စ်မော်ဒန် ကိုင်တယ်။ လိုင်းချင်း မတူကြဘူး။

ဒါပေမဲ့ မကြာခင်ကတော့ သူတို့(၂)ယောက် အတိုင်အဖောက်ညီညီ ဂွင်(ခွင်)ချပြီး ပွဲထွက်လာတယ်။ အဲဒါက “ဗိုလ်ချုပ်အောင်ဆန်းသာ ဗကပဒုတိယကွန်ဂရက် တက်ခွင့်ရခဲ့သော်”ဆိုတဲ့ “ခဲ့သော်”ကို အခြေခံတဲ့ စဉ်းစားနည်းတခုကို မောင်စူးစမ်းက တင်လိုက်တယ်။ သခင်တင်မြက ဖြစ်ကြောင်းကုန်စင် ပြန်ပြီးရှင်းတယ်။ ဗိုလ်အောင်ဆန်းကို ကွန်ဂရက်က (ပ) ထုတ်ထားဖို့ လုပ်တာက သခင်သန်းထွန်းလိုလို ဖြစ်အောင် ရေးလိုက်တယ်။

ဒုတိယကွန်ဂရက်မှာ သခင်သန်းထွန်း သဘာပတိလုပ်တယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ပါတီရဲ့ အဓိကခေါင်းဆောင်က သူမဟုတ်ဘူး။

သခင်သန်းထွန်းရဲ့ သဘာပတိမိန့်ခွန်းကိုကြည့်ရင် ရှင်းတယ်။ သူက ဒီလို ပြောခဲ့တယ်။

“ ကျုပ်တို့ရဲ့ စစ်နိုင်ရေးကွန်ဂရက်ကြီးက ကျုပ်တို့ပါတီရဲ့ အောင်မြင်မှုများနှင့် ပတ်သက်လို့ ပုဂ္ဂိုလ်နှစ်ဦးရဲ့လုပ်ငန်းကို ထူးထူးခြားခြား မှတ်တမ်းတင်ထားအပ်တယ်။ ဒီနှစ်ဦးဟာ ကျုပ်တို့၏ရဲဘော် ခေါင်းဆောင်

ကြီး အထွေထွေအတွင်းရေးမှူး သခင်စိုးနှင့် ကျုပ်တို့ရဲ့ခေါင်းဆောင် နိုင်ငံခြား ကိုယ်စားလှယ် ကိုသိန်းဖေပဲ''

ဒီပြောကြားချက်အရ ခေါင်းဆောင်ကြီး အထွေထွေအတွင်းရေးမှူးဟာ သခင်စိုးပဲ။ သခင်စိုးကပဲ ဗိုလ်အောင်ဆန်း တက်ခွင့် မတက်ခွင့်ကို ဆုံးဖြတ်တာ ဖြစ်တယ်။ သူ သဘောမတူရင် သခင်သန်းထွန်းမှာ ပြောပိုင်ခွင့် မရှိဘူး။

**ဒီနေရာမှာ ''လယ်တဲကွန်ဂရက်'' အကြောင်းပြောမှ ရုပ်လုံးပေါ်မယ်။**

ဖက်ဆစ်တော်လှန်ရေးပြီးလို့ ရန်ကုန်ရောက်ကြရင် ပါတီကွန်ဂရက် ကျင်းပရမယ်ဆိုတာ သခင်စိုး သိတယ်။ အဲဒီကွန်ဂရက်ကလည်း ဒုတိယအကြိမ်မြောက် ကွန်ဂရက်ပဲ ဖြစ်ရမယ်ဆိုတာ သိတယ်။ အဲဒီတော့ ပထမကွန်ဂရက် ဘယ်တုန်းက လုပ်ခဲ့သလဲဆိုတဲ့ မေးခွန်းပေါ်မယ်။ ပထမကွန်ဂရက်ကို ၁၉၃၉ ရန်ကုန်မှာလုပ်တာပဲလို့ သတ်မှတ်ရင် ဗိုလ်အောင်ဆန်းက (GS)အထွေထွေအတွင်းရေးမှူး ဖြစ်တယ်။ ဒုတိယကွန်ဂရက်ကို ဗိုလ်အောင်ဆန်းပဲ ကြီးမှူးကျင်းပရမှာ ဖြစ်တယ်။

အဲဒါကို ချေဖျက်ဖို့ သခင်စိုးက ၁၉၄၄ မှာ ကျိုက်လတ်နယ် ကျေးရွာတရွာရဲ့ လယ်တဲမှာ ''ပထမကွန်ဂရက်'' ဆိုတာကို ကမန်းကတန်း ဖြစ်ကတတ်ဆန်း ကျင်းပလိုက်တယ်။ သူ့ဆက်သားတွေနဲ့ပဲ ကျင်းပတာပါ။ ဘယ်သူတွေ တက်သလဲ။ ဘယ်နှစ်ယောက် တက်သလဲ။ ဘယ်သူတွေကို ဗဟိုကော်မတီအဖြစ် သခင်စိုးက တင်သွင်းသလဲ ဆိုတာကိုတော့ သခင်တင်မြ သိပါတယ်။ ရေးပါလို့ တိုက်တွန်းပါတယ်။

တလောကပဲ သတင်းစာဆရာကြီး ဦးဝင်းတင်က ကျိုက်မရောဦးသွင်ဆီက သူ မှတ်သားရရှိထားတဲ့အတိုင်း ''လယ်တဲကွန်ဂရက်''မှာ လူ(၅၀) တက်တယ်လို့ ပြောတာ ကြားလိုက်ရတယ်။ ''လယ်တဲကွန်ဂရက်'' မှာ သဘာပတိလုပ်တာ အဲဒီ ကျိုက်မရောဦးသွင်ပဲ။ ဦးသွင်ကပဲ ပိုပိုသာသာ ပြောသလား၊ ဦးဝင်းတင်ကပဲ အမှတ်မှားသလားတော့ မသိဘူး။ တက်ရောက်သူ(၅၀) တဲ့။ သခင်တင်မြပဲ သိမှာပါ။

နောက်ပြီးတော့ သခင်တင်မြပဲသိနိုင်တာက ''လယ်တဲကွန်ဂရက်''ကတင်တဲ့ ဗဟိုကော်မတီထဲမှာ သခင်အောင်ဆန်းပါသလား၊ ကိုဗဟိန်းပါသလား။ ဂိုရှယ်ပါသလား၊ သခင်လှဖေကော ပါသလား–ဆိုတာ သူပဲ သိမှာပါ။ အတိတ်ကို ဖော်စေချင်ပါတယ်။ သခင်တင်မြသေရင် ပြောနိုင်သူ မရှိလို့ပါ။ ကိုကိုမောင်ကြီးဆိုတဲ့လူက ပြောမှာမဟုတ်ပါဘူး။ သူက 'ပါရီမှာ သောင်တင်' ပြီးကတည်းက စိတ်ဓာတ်စစ်ဆင်ရေးရဲ့ ဝါရင့်ကြီးဖြစ်နေတာမို့ ဒီအရှုပ်ထဲ ပါချင်မယ်မထင်လို့ပါ။

## လက်တွေ့ကို စဉ်းစားကြည့်ပါဦး

ဗိုလ်အောင်ဆန်းက ကွန်ဂရက်တက်ချင်ကြောင်း သခင်သန်းထွန်းကို ပထမဆုံး သွားပြောခိုင်းသူက ဗိုလ်ကျော်ဇောပါ။ ဗိုလ်ကျော်ဇောက 'ဖတပလ'ဖြစ်မြောက်ရေးမှာ အတွင်းကျကျပါဝင်ရင်း သခင်စိုး၊ သခင်သန်းထွန်းတို့ရဲ့ အတွင်းလူဖြစ်နေတာပါ။ ဗိုလ်အောင်ဆန်းက သွားပြောခိုင်းတော့ သခင်သန်းထွန်းအဖို့ ဂွ(ခွ) ကျသွားပါတယ်။ သူက ၁၉၃၉ ရန်ကုန် ကွန်ဂရက်တုန်းကလည်း (အကြောင်းကြောင်းကြောင့်) မပါဘူး။ ၁၉၄၄ လယ်တဲကွန်ဂရက်မှာလည်း မပါဘူး။ ဒါကြောင့် ဂွ(ခွ)ကျတဲ့ အနေအထား ရောက်နေပါတယ်။ ၁၉၃၉ (G/S) နဲ့ ၁၉၄၄ (G/S) ကြားမှာ ဂွ(ခွ) ကျနေတာပဲ။ သခင်စိုးကလည်း လျှော့ပေးမှာ မဟုတ်ဘူး။ သခင်စိုးရဲ့ လူမှုရေးဖောက်ဖျက်မှုကြီးကလည်း ကွန်ဂရက်ကိုယ်စားလှယ်တွေကြားမှာ ပျံ့နှံ့နေပြီ။ သခင်စိုးကလည်း သူ့ထုံးစံအတိုင်း ပါတီနဲ့မိန်းမ ဘယ်ဟာစွန့်မလဲမေးရင် ပါတီကို စွန့်မှာပဲ။ ဒါကြောင့်ပဲ သခင်သန်းထွန်းက ဖာဖာထေးထေး အုပ်အုပ်ထိန်းထိန်း ပြောနေရပုံရပါတယ်။ ဒါကလည်း သခင်တင်မြရေးတဲ့ ဗိုလ်ရဲထွဋ်ကို သခင်သန်းထွန်းပြောလိုက်ပုံကို ကြည့်ပြီး ခန့်မှန်းကြည့်ရတာပါ။

အလံနီတွေအားလုံး သခင်တင်မြပါ အပါအဝင်က လယ်တဲကွန်ဂရက်ကို 'ဗကပ'ရဲ့ ပထမကွန်ဂရက်လို့ပဲ သတ်မှတ်ခဲ့ကြတာ မဟုတ်ပါလား။

ကျွန်တော်တို့ တတိယကွန်ဂရက် ၁၉၈၅၊ ပန်ဆန်းမှာ လုပ်မယ်ပြင်တော့ ပထမကွန်ဂရက်က ဘယ်ဟာလဲ၊ ရန်ကုန်လား၊ လယ်တဲလား။ ဗကပ စတင်တည်ထောင်တဲ့နှစ်က ၁၉၃၉ လား၊ ၁၉၄၄ လား။ ပထမဆုံး (G/S) က သခင်အောင်ဆန်းလား၊ သခင်စိုးလား ဆိုတာကို ဗဟိုကော်မတီအစည်းအဝေးမှာ ရှင်းအောင် လုပ်ခဲ့တယ်။ သခင်စိုးကတော့ ခြေသုတ်ပုဆိုး၊ မာန်စွယ်ကျိုးပြီးကတည်းက ဒီကိစ္စကိုရေးတာ မတွေ့ရပါဘူး။

ကြုံလို့ ပြောရဦးမယ်။ ဗိုလ်နေဝင်းဆီကို တင်ပြတဲ့ သခင်စိုးရဲ့စာတမ်း ဆိုတာတွေကို ထလရ (ထောက်လှမ်းရေး) က ကျွန်တော်တို့ဆီ ပုံမှန်ပို့ပေးပါတယ်။ ဗိုလ်နေဝင်းကတော့ ဖတ်မှာမဟုတ်ပါဘူး။ "ကျွမ်းကျင်သူ" သခင်တင်မြကိုပဲ ဖတ်စေလိမ့်မယ်။ မှတ်ချက်တွေလည်း သခင်တင်မြ ပေးခဲ့ရပါလိမ့်မယ်။ အဲဒီအမြင်ကလေးကို ရေးရင်လည်း ဖတ်ချင်ပါတယ်။ (ထလရ) က အဲဒီစာစောင်တွေ 'ဗကပ'ထဲ ပို့ပေးလိုက်ရင် 'ဗကပ'ဖြိုခွဲရေး လုပ်နိုင်လိမ့်မယ်ထင်ပြီး ပို့ပေးပုံရတယ်။ ကျွန်တော်တို့ကလည်း "သခင်စိုး အလံနီဂိုဏ်းရဲ့ကျဆုံးခန်း" ကို ပါတီတွင်း ပညာပေးဖို့ အချက်အလက်ရတယ် ဆိုပြီး မိတ္တူတွေ အများကြီးပွားပြီး တပါတီလုံးက ကေဒါတွေထဲ ဖြန့်ပေးပါတယ်။

(စကားချပ်။ ။ အခုတော့ သခင်တင်မြ၊ မောင်စူးစမ်း ရေးတာ ဖတ်ရဖို့ ငွေကုန်ခံပြီး ဂျာနယ်တွေ ဝယ်ဖတ်နေရတယ်။)

## ဒီကိစ္စကို ၆၄ နှစ်ကြာမှ ဘာကြောင့် ပြန်နှုးချင်ရတာလဲ။

"ရွေးကောက်ပွဲဥပဒေ" ထွက်တော့မှာမို့ပါ။ "ရွေးကောက်ပွဲဥပဒေ" ထွက်လာရင် NLD က ရွေးကောက်ပွဲ ဝင်မလား၊ မဝင်ဘူးလား ဆိုတာကို ပြတ်ပြတ်ရွေးရတော့မယ်။ ရွှေဂုံတိုင်ကြေညာချက်ပါ စိတ်ဓာတ်ကို စွဲကိုင်ပြီး ဆက်လက်တိုက်ပွဲဝင်လိုသူနဲ့ မောင်စူးစမ်းရေးနေတဲ့"NLD အညံ့ခံရေးလမ်း"ဆိုတာကို စိတ်ညွှတ်နေသူတွေ ပြတ်ပြတ်သားသား လမ်းခွဲရတော့မှာ ဖြစ်တယ်။

'ဗကပ'က ရွှေဂုံတိုင်ကြေညာချက်လမ်းစဉ်ကို အားပေးမှာပဲ။ အဲဒီဘက်ကပဲ ရပ်မှာပါ။ မောင်စူးစမ်းရဲ့ ပညာပြပြီး အင်္ဂလိပ်စကားလုံးတွေ ဖောဖောသီသီသုံးထားတဲ့ NLD အညံ့ခံရေးလမ်းကို ဆန့်ကျင်မှာပဲ။ ဒါက ရှင်းပြီးသားပါ။ 'ဗကပ'ပြောတာ နားမယောင်နဲ့၊ ဗိုလ်အောင်ဆန်းကိုတောင် လိုတုန်းသုံးပြီး မလိုတော့ ပယ်တာပဲ–ဆိုတာ ဖြစ်အောင် "ခဲ့သော်"ကို ပွဲထုတ်လာတာပါ။

## ပဝေသဏီကတည်းက ရှိခဲ့တဲ့ 'ခဲ့သော်' စဉ်းစားနည်း။

'ခဲ့သော်'စဉ်းစားနည်းက ရှေးရှေးတုန်းကတည်းက ရှိတာပါ။ ပစ္စုပ္ပန် နိုင်ငံရေးအကျိုးစီးပွားအတွက် အတိတ်ကို အသုံးချတာပါပဲ။

ဒီစဉ်းစားနည်းက အမှန်ရဖို့ထက် အငြင်းသန် ရန်ဖြစ်ဖို့ များပါတယ်။ မပြီးနိုင်မဆုံးနိုင်တဲ့ 'ခဲ့သော်'တွေ ပါလာတတ်ပါတယ်။ ဥပမာ ပြပါမယ်။ "ဗိုလ်ချုပ်အောင်ဆန်းသာ လုပ်ကြံမခံခဲ့ရသော်" ဆိုပါတော့။ လုပ်ကြံတဲ့ ဂဠုန်စော ပါလာမယ်။ "ဂဠုန်စော သေနတ်ပစ်မခံရခဲ့သော်"ကို ကူးသွားမယ်။ အဲဒီကနေ ဖဆပလထဲမှာ ဦးဘဖေရှိနေသရွေ့ ဂဠုန်စော ဘယ်တော့မှ မပါဘူး–ဆိုတာ ရောက်မယ်။ "ဦးဘဖေသာ ဖဆပလထဲ မပါခဲ့သော်" ဆိုတဲ့ "ခဲ့သော်"ကို ကူးသွားမယ်။ ခုနစ်စဉ်အမျှင်တန်း ဘယ်တော့မှ မဆုံးနိုင်ဘူး။ အားလုံးလက်ခံတဲ့ သဘောထားလည်း ဘယ်တော့မှ ရမှာမဟုတ်ဘူး။

## သခင်တင်မြနဲ့ မောင်စူးစမ်းကို တိုက်ရိုက်ပြောချင်တာနဲ့ နိဂုံးချုပ်ပါမယ်။

အခု "ခဲ့သော် နဲ့ 'ဖွ'ပေး၊ 'ဆွ'ပေးတာဟာ 'ဗကပ'ကို ဦးတည်တာ မဟုတ်မှန်းသိပါတယ်။ NLD ဒေါ်အောင်ဆန်းစုကြည်ကို ဦးတည်မှန်း သိပါတယ်။ အခုရေးနေတာလည်း 'ဗကပ'ကို ထိလို့ မဟုတ်ပါဘူး။ "ဒီအသက်အရွယ်ကျမှ ထောင်ကျမှာ ကြောက်တယ်" လို့ ပွင့်ပွင့်လင်းလင်း ပြောသူနဲ့ 'စူး'တုန်း၊ 'စမ်း'တုန်းပါပဲလို့ပြောမယ့်သူတွေရဲ့ 'အကြောက်စိတ်'ကို နားလည်ပါတယ်။

“ငြိမ်ငြိမ်နေကြ၊ ဒီအသက်အရွယ်ကျမှ စစ်ကြောရေးဝင်ရရင် အသက်ရှင်လျက် ထွက်လာရမှာ မဟုတ်ဘူး” လို့ စစ်ကြောရေးက အမြဲခြိမ်းခြောက်လေ့ရှိကြောင်း “‘ဗကပ’ဟောင်း”များဆီကလည်း ကြားထားပါတယ်။

ဒါကြောင့် ဖွေမယူပါဘူး။ ဒါပါပဲ။ ။

<u>‘ခဲ့သော်’စဉ်းစားနည်းက ရှေးရှေးတုန်းကတည်းက ရှိတာပါ။ ပစ္စုပ္ပန်နိုင်ငံရေးအကျိုးစီးပွားအတွက် အတိတ်ကို အသုံးချတာပါပဲ။</u>

<u>ဒီစဉ်းစားနည်းက အမှန်ရဖို့ထက် အငြင်းသန် ရန်ဖြစ်ဖို့ များပါတယ်။ မပြီးနိုင်မဆုံးနိုင်တဲ့ ‘ခဲ့သော်’တွေ ပါလာတတ်ပါတယ်။ ဥပမာ ပြပါမယ်။ “ဗိုလ်ချုပ်အောင်ဆန်းသာ လုပ်ကြံမခံခဲ့ရသော်” ဆိုပါတော့။ လုပ်ကြံတဲ့ ဂဠုန်စော ပါလာမယ်။ “ဂဠုန်စောသေနတ်ပစ်မခံရခဲ့သော်”ကို ကူးသွားမယ်။ အဲဒီကနေ ဖဆပလထဲမှာ ဦးဘဖေရှိနေသရွေ့ ဂဠုန်စော ဘယ်တော့မှမပါဘူး–ဆိုတာရောက်မယ်။ “ဦးဘဖေသာ ဖဆပလထဲ မပါခဲ့သော်” ဆိုတဲ့ “ခဲ့သော်” ကို ကူးသွားမယ်။ ခုနစ်စဉ်အမျှင်တန်း ဘယ်တော့မှ မဆုံးနိုင်ဘူး။</u>

## သတိ…ရှေ့မှာ အချက်ပြမီးနီ

**သန်းဇင်သိန်း**

ကိုလိုနီခေတ်က အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်ပါ–ဟူသော လှုံ့ဆော်ချက်နှင်အတူ "ဗမာစာသည် ဒို့စာ" ဟူသော ကြွေးကြော်သံကို သခင်လူငယ်တစုက တင်လာကြသည်။ ဗမာစာ ဗမာစကားကို ချစ်မြတ်နိုးပါ ဟူသော အဓိပ္ပာယ်ကို တင်ပြကြခြင်းပင် ဖြစ်သည်။ ရှင်းပါသည်။ ဗမာစာ၊ ဗမာစကားထက် ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်လူမျိုး၊ အင်္ဂလိပ်စာကို အထင်ကြီးသော လူတန်းစားအလွှာတရပ် ပေါ်ပေါက်နေသော အခြေအနေကြောင့်သာ ဤလှုံ့ဆော်ချက်မျိုးကို တင်ပြလာရခြင်း ဖြစ်ပါသည်။

"ကျွန်စော်နံသည်" ဆိုသောစကားတခွန်းလည်း တွင်ကျယ်ခဲ့ပါသည်။ အင်္ဂလိပ်လူမျိုးတို့ကို သခင်အဖြစ် သဘောထားကာ အင်္ဂလိပ်လူမျိုးတို့လုပ်သမျှ အထင်ကြီးသောစိတ်ဖြင့် အားကျအတုခိုးနေကြသောလူ့အလွှာအား သရော်တိုက်ခိုက်လိုက်သော အသုံးအနှုန်းတရပ် ဖြစ်ပါသည်။ အင်္ဂလိပ်နယ်ချဲ့သမားကို အထင်ကြီးသောစိတ်မှ အင်္ဂလိပ်ဆန်လိုသောစိတ်၊ အင်္ဂလိပ်စကားကို အထင်ကြီးသောစိတ်၊ အင်္ဂလိပ်လို ဗမာစကားထဲညှပ်ပြောမှ 'ဗိုလ်ဆန်သည်' ထင်သောစိတ်များ ပေါ်ထွက်လာခဲ့ခြင်းပါ။

အံ့သြစရာတော့ ကောင်းပါသည်။ အင်္ဂလိပ်နယ်ချဲ့စနစ်လက်အောက်မှ ဗမာပြည် လွတ်လပ်ရေးရခဲ့သည်မှာလည်း နှစ်ပေါင်းများစွာကြာလာခဲ့ပါပြီ။ မျက်မှောက်ခေတ် ဗမာပြည်မှာထွက်နေသော စာနယ်ဇင်းများကို ကြည့်လိုက်စမ်းပါ။ အားလုံးတော့ မဟုတ်ပါ။ တချို့နာမည်တွေက အထင်ကြီးအောင် ရွေးချယ်ထားသလားတော့ မပြောတတ်။ စိတ်ပျက်စရာအတော်ကောင်းပါသည်။ ဘာတဲ့။ Eleven, Living Colour … ဘာညာ။ Wave တဲ့။ Northern Star တဲ့။ Voice တဲ့။ ဒီလိုနာမည်တွေ မနည်းလှပါ။ စာနယ်ဇင်းတွေဟာ အစိုးရပိုင်ဖြစ်ဖြစ် ပုဂ္ဂလိကပဲဖြစ်ဖြစ် ဒီလိုနာမည်တွေပေးလာကြသည်။ ကိုလိုနီခေတ်က 'ဗိုလ်ဆန်'ချင်ကြသလို အခုလည်း အင်္ဂလိပ်၊ အမေရိကန် ဆန်ချင်နေကြတဲ့ အသုံးအနှုန်းတွေပါ။ ကမ္ဘာသုံးစကားလိုဖြစ်နေသော အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကို ပစ်ပယ်ဖို့ ဆိုလိုသည်မဟုတ်ပါ။

လိုအပ်တယ်ထင်ရင် အင်္ဂလိပ်လိုရေးတဲ့ စာနယ်ဇင်းတွေ ‘အပီအပြင်’ ထုတ်လိုက်ကြပေါ့။ ကိုယ့်ကိုယ်ကို တတ်လှပြီထင်နေကြရင် အဲသလို လုပ်လိုက်ကြပေါ့။ အပီအပြင်ဆိုတာ အဆင့်အတန်းရှိရှိ ထုတ်ဝေခြင်းကို ဆိုလိုပါသည်။

ဆန်းသလိုတော့ ထင်ရပါသည်။ ပြည်တွင်းစာနယ်ဇင်းတွေက ကိုယ့်စာနယ်ဇင်းတွေကို အင်္ဂလိပ်အမည်တွေ လှိုင်လှိုင်ကြီးပေးနေကြချိန်မှာ ပြည်ပစာနယ်ဇင်းတွေနဲ့ **W.S Email** လိပ်စာတွေ ကြည့်လိုက်ရင် ဗမာလို နာမည်ပေးထားတာတွေက များပါသည်။ ခေတ်ပြိုင်၊ မိုးကြိုး၊ အလင်းအိမ်၊ ဒေါင်းအိုးဝေ၊ ဝက်ဝံကြီး၊ မိုးမခ စသဖြင့်။

ပြည်တွင်းက သွေဖီမှုဟာ သည်မျှသာမကပါ။ တချို့ဆောင်းပါးတွေဆိုလျှင် အင်္ဂလိပ်စကားလုံးတွေ နိုင်းချင်း ရောမွှေထားသည်။ ရေးတဲ့သူကပဲ မှားတာလား၊ စက်ရိုက်သမားက မှားတာလားတော့ မသိ။ စာလုံးပေါင်းအမှားတွေကလည်း ဒုနဲ့ဒေး။

မီဒီယာတွေကလည်း ဒီပုတ်ထဲက ဒီပဲ။ နိုင်ငံရေးလေ့လာသူ၊ စစ်ရေးလေ့လာသူ ဆိုသူတွေ၊ ပညာရှင်တွေ၊ ဆောင်းပါးရှင်တွေ၊ နိုင်ငံရေးသမားတွေ၊ သူတို့စာ သူတို့စကားတွေမှာ သုံးထားလိုက်တဲ့ အင်္ဂလိပ်စကားလုံးတွေက တင်းကြမ်း။ ဗမာပြည်ရဲ့ပညာရေးလောက’က အင်္ဂလိပ်စာအဆင့်အ တန်း အလွန့်ကို မြင့်မားလာလို့လား။ ဗမာပြည်ကလူတွေ အင်္ဂလိပ်လို အတော်တတ်နေကြလို့လား။ ၂ဗမာပြည် ပြည်သူလူထုက ပြည်ပအသံလွှင့်ဌာနက ရေဒီယိုအသံတွေကို အားကိုးတကြီး နားထောင်နေကြတာပါ။ သူတို့ရဲ့ အင်္ဂလိပ်စကားလုံးတွေကို ဒီပြည်သူလူထု အများစုက နားလည်ကြပါ့မလား။ ဒီလိုဆောင်းပါးမျိုးတွေ ပြည်တွင်းပြည်သူလူထုအများစုကြီးက နားမလည်ကြကြောင်း ဖော်ပြသည့်ဆောင်းပါးတပုဒ် တလောကပဲ မဂ္ဂဇင်းတစောင်မှာ ဖတ်လိုက်ရပါသေးသည်။

တမျိုး စဉ်းစားကြည့်ပါသည်။ ပြည်တွင်းက စာနယ်ဇင်းတွေရော၊ ပြည်ပမီဒီယာတွေပါ သူတို့‘ပစ်ကွင်း’က ပြည်တွင်းက အင်္ဂလိပ်စာတတ်သူ အလွှာတခုအတွက်ပဲ ရည်ရွယ်ထားတာလား။

အထူးသဖြင့် ဗမာပြည်နိုင်ငံရေးသမားတွေ သည်ကိစ္စ စဉ်းစားကြည့်ကြစေချင်သည်။ နမူနာတခု ပြချင်ပါသည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီးတွေသည် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား သင့်တင့်လျောက်ပတ်စွာ တတ်သိနားလည်ပါသည်။ သို့ရာတွင် ဘယ်သူနဲ့စကားပြောပြော အင်္ဂလိပ်စကားလုံးမျိုး ညှပ်သုံးတာ မရှိပါ။ နိုင်ငံခြားသားများနှင့် စကားပြောရာမှာတောင် သူတို့ အင်္ဂလိပ်စကား ညှပ်မသုံးပါ။ သူတို့ရဲ့ ဘာသာပြန်ကတဆင့်သာ စကားပြောပါသည်။ ဗမာပြည် ပြည်သူလူထုအများစုကြီးဖြစ်တဲ့ အလုပ်သမား၊ လယ်သမားတွေကို စည်းရုံးစကားပြောရမယ့် ဗမာပြည်နိုင်ငံရေးသမားတွေက လူများစုကြီးနားမလည်တဲ့ အင်္ဂလိပ်စကားလုံးတွေ နိုင်းချင်း ညှပ်ညှပ်သုံးနေရင် ဒီစည်းရုံးရေး အောင်မြင်နိုင်ပါ့မလား။

နိုင်ငံရေးကိစ္စကြီး မဟုတ်သော်လည်း သတိထားဖို့ကောင်း တယ်ထင်လို့ ပြည်တွင်းစာနယ်ဇင်းတွေရဲ့ ဒီသွေဖီမှုအကြောင်း တင်ပြလိုက် ခြင်း ဖြစ်ပါသည်။ ဒါ့ထက် အလေးအနက်ပြုရမည့် နိုင်ငံရေးသွေဖီမှုတခုအ ကြောင်းလည်း တင်ပြလိုပါသေးသည်။

မျက်မှောက်ခေတ် ဗမာပြည်ဒီမိုကရေစီ တော်လှန်ရေးသ မားတွေက ဒီမိုကရေစီတော်လှန်ရေး အောင်မြင်ရေးလမ်းကြောင်းကို ရှာဖွေ နေကြပါသည်။ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အင်အားစုတွေက ရှာဖွေနေကြ တာပါ။

တော်လှန်ရေးလမ်းကြောင်း ရှာဖွေတာဟာ မကောင်းတာ မဟုတ်ပါ။ ကောင်းပါသည်။ ကျွန်တော်တို့တုန်းကလည်း ဒီလိုပဲ လုပ်ခဲ့ရပါ သည်။

ကျွန်တော်တို့ပါတီ ဘရောက်ဒါဝါဒ တိမ်သလ္လာဖုံးရာကနေ လွတ်မြောက်စက အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး၊ ဗမာပြည်လက်နက်ကိုင် တော်လှန်ရေးအတွက် ဘယ်လိုလမ်းကြောင်းလုပ်ရမလဲ ဆိုတာကို ရှာကြံခဲ့ကြ သည်။ မာ့က်စ်၊ လီနင်၊ စတာလင်၊ မော်စီတုန်း စာအုပ်တွေထဲက ရှာကြ သည်။ ဗမာပြည်အခြေအနေနဲ့ ကိုက်ညီတာ ရှာမရခဲ့ပါ။

ရုရှားတော်လှန်ရေးက တိုက်ရတဲ့ ဇာဘုရင်စနစ်မျိုး ဗမာ ပြည်မှာ မရှိပါ။ တရုတ်ပြည်လိုလည်း စစ်ဘုရင်တွေက တဗိုလ်တမင်းလုပ်နေ တာ ဗမာပြည်မှာ မရှိပါ။ မာ့က်စ်က ဗမာပြည်အကြောင်း ရေးခဲ့ဖူးတာတော့ ရှိသည်။ "မြန်မာပြည်စစ်ပွဲ၊ ရုရှားပြဿနာ၊ ထူးဆန်းသော သံတမန်ဆိုင်ရာ စာချွန်များ"ဆောင်းပါးကို နယူးယောက်ထရီဗြွန်းသတင်းစာမှာ ၁၈၅၃ ဇူလိုင် လ ၃၀ ရက်ထုတ်မှာ ရေးဖူးသည် ။ (အဲဒါကို ပါတီက အသံလွှင့်ခဲ့ဖူးတယ်။ မြ သန်းတင့်ကလည်း သူ့"တောင်သမန်ရွှေအင်းက…" စာအုပ်ကြီးမှာ ဒီအ ကြောင်း ရေးဖူးတယ်။ ပုဂံမင်း၊ မင်းတုန်းမင်းခေတ်က ကိစ္စပဲ။)

ကျွန်တော်တို့ အဲသလို တော်လှန်ရေးလမ်းကြောင်း ရှာနေ ရင်းကပဲ နောက်ဆုံးကျတော့ အင်္ဂလိပ်ကို စစ်မတိုက်လိုက်ရတော့။ အင်္ဂလိပ် က ရှောင်ထွက်သွားသည်။ ရင်ဆိုင်ကျန်ရစ်တာက ဖဆပလ ဆိုရှယ်လစ် အစိုးရနဲ့ ဗကပ။ အဲဒီကျတော့ အစိုးရက ဗကပ ချိုးနှိမ်ရေးလုပ်လာလို့ စစ်ထ တိုက်ရသည်။ ဒါက နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲ မဟုတ်တော့။ ပြည်တွင်းစစ်။ ကိုယ့်အမျိုးသားချင်း တိုက်ရတဲ့စစ်။ နောက်ဆုံးမှာ တောထဲ ပြေးခဲ့ရတာပဲ။ မီးကျိုးမောင်းပျက် လက်နက်တွေရှာပြီး လက်နက်တပ်ဆင်တာ လုပ်ရသည်။ အများစုက ဓားကိုင်ရတာပါ။

ပြောချင်တာက တော်လှန်ရေးမှာ ဗမာပြည်ပုံစံလမ်း ကြောင်းကို ကိုယ့်ဘာသာ ရှာဖွေယူရခြင်း ဖြစ်သည်။

နိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် လက်တွေ့ဖြစ်ရပ် တွင်းမှ အမှန်ကို ရှာရမည်။ တော်လှန်ရေးလမ်းကြောင်းပုံစံကို ရှာဖွေရာတွင်

ပြည်တွင်းရုပ်ဘဝမှ အစချီရမည်။ ပြည်တွင်းရုပ်ဘဝအတွက် လိုအပ်သော စာအုပ်စာပေများကို ကျားကုတ်ကျားခဲ လေ့လာရမည်ဖြစ်သော်လည်း စာအုပ်များကို ရှိခိုးဦးချရုံ၊ ခေါင်းအုံးအိပ်ရုံနဲ့ ဗမာပြည်တော်လှန်ရေး လမ်းကြောင်းမှန်ကို မရနိုင်။ ဆိုလိုသည်မှာ စာအုပ်ကြီးကိုးကွယ်ရေးဝါဒ သွေဖီမှုအမှားကို မကျူးလွန်မိဖို့ လိုသည်။

အခု ဗမာပြည်ဒီမိုကရေစီသမားတချို့က ဒီမိုကရေစီတော်လှန်ရေး အောင်မြင်ရေးလမ်းကြောင်းကို ရှာရာတွင် ဘယ်တိုင်းပြည်က ဘယ်ပါမောက္ခကြီးက ဘယ်လိုရေးလိုက်တာပဲ–ဆိုတာကို ရှာနေကြသည်။ ကျွန်တော်တို့ရှာခဲ့တုန်းက အမှားလုပ်ခဲ့သလို သူတို့တတွေ လုပ်နေကြသည်။ မတူတာက သူတို့က တော်လှန်ရေးဆိုင်ရာ စာအုပ်တွေထက် တိုင်းတပါးပညာရှင်တွေရဲ့ စာအုပ်တွေမှာ ရှာနေကြခြင်းဖြစ်သည်။ ကျွန်တော်တို့က လက်နက်ကိုင်တိုက်ပွဲတိုက်ဖို့ မာ့က်စ်ဝါဒထဲက ရှာခဲ့ကြသည်။ သူတို့က စစ်အာဏာရှင်စနစ်အောက်မှ ငြိမ်းချမ်းစွာ ဒီမိုကရေစီစနစ်ကူးပြောင်းရေးကို နိုင်ငံခြား ပညာရှင်တွေရဲ့ စာအုပ်ကြီးတွေမှာ ခေါင်းထိုးရှာနေကြခြင်းဖြစ်သည်။ စာအုပ်ကြီးကိုးကွယ်ရေးဝါဒနှင့် တိုင်းတပါးအထင်ကြီးသောရောဂါတို့ ပြိုင်တူပူးတွဲ စွဲကပ်နေကြသည်။

ဗမာပြည်ဒီမိုကရေစီရေးကို စဉ်းစားနေကြသော ဒီမိုကရေစီ အင်အားစုများတွင် သူများနှင့် ပုံစံမတူသော စဉ်းစားချက်မျိုးရှိသည့် အင်အားစုများလည်းရှိသည်။ ပြည်ပမှာက 'ဗဟု'တဲ့။ ပြည်တွင်းမှာက 'Egress' တဲ့။

ကျွန်တော်တို့လည်း တခါက ပျော့ပျောင်းမှု၊ နည်းနာကြွယ်မှုကို ရှာခဲ့ကြသည်။ ရှာရင်းနှင့် လက်နက်နှင့်ဒီမိုကရေစီလဲရေး ထောင်ချောက်နှင့် တိုးခဲ့ရသည်။ အဲဒီလမ်းက ဖွတ်မရ ဓားမဆုံးသည့် လမ်းကြောင်းပါ။ ၂၀ ရာစုတုန်းက အဲဒီလမ်းကြောင်း လိုက်ခဲ့၊ မှားခဲ့သူတွေ မနည်းလှပါ။ နောက်ဆုံးတော့ အဲဒီလူတွေအားလုံး မဆလ စည်းဝိုင်းထဲမှာပဲ ဇာတ်သိမ်းသွားခဲ့ကြရသည်။ ဒီအတွေ့အကြုံအရ သတိပေးလိုတာတခု ရှိသည်။ 'Egress'ပဲဖြစ်ဖြစ်၊ 'ဗဟု'ပဲဖြစ်ဖြစ် ရှာရင်းရှာရင်း လမ်းမှားမရွေးမိစေဖို့ပဲဖြစ်သည်။ 'Egress'ကို အဘိဓာန် လှန်ကြည့်ပါ။ ထွက်ပေါက်ရှာသည့် သဘောမျိုး ဖြစ်သည်။ ကိုယ်က ထွက်ပေါက်လို့ထင်နေပေမယ့် အဲဒီထွက်ပေါက်က ကြွက်တွင်းထဲဝင်တဲ့ ထွက်ပေါက်ဖြစ်နေရင် ဂျောက်ကျလိမ့်မည်။ ကိုယ်ထင်ထားတဲ့ ထွက်ပေါက်က ထွက်လမ်းမရှိတဲ့ တလမ်းသွားဝင်ပေါက် ဖြစ်နေနိုင်တာကို သတိပြုဖို့လိုသည်။

ဘယ်အင်အားစုပဲဖြစ်ဖြစ် နောက်ဆုံးတော့ တတိယလိုင်းကို လိုက်ခဲ့လျှင် စစ်အစိုးရစည်းဝိုင်းထဲ ရောက်သွားမည်ပဲ ဖြစ်သည်။ ၂၁ ရာစုတွင်လည်း တတိယလမ်းလိုက်သူများသည် "၂၀၀၈ အခြေခံဥပဒေလမ်းကြောင်း" "တသီးပုဂ္ဂလနာမည်နဲ့ ရွေးကောက်ပွဲဝင်ရေးလမ်းကြောင်း"ပေါ်ပဲ

ရောက်ကြမှာပါ။ မောင်စူးစမ်းရဲ့လမ်းထဲမှာ ရောက်သွားမှာပဲ ဖြစ်သည်။ တော်လှန်ရေးလမ်းကြောင်းကို ရှာဖွေကြရပါမည်။ အဓိကမှာ ကိုယ့်လမ်းကိုယ်ထွင်ရမှာ ဖြစ်သည်။ ကိုယ်လမ်းကိုယ်ထွင်ရေး လမ်းကြောင်းမှန်ဆိုသည်မှာ နိုင်ငံခြားစာအုပ်ကြီးများထဲ မပါနိုင်ပါ။

နိဂုံးချုပ်အဖြစ် ရှုရှားအတွေ့အကြုံတခုဖြင့် သတိပေးလိုပါသည်။

စတာလင်က ၁၉၀၅ မှာ ပင်လယ်နက် ရေတပ်ပုန်ကန်မှုအကြောင်း ရေးခဲ့ဖူးသည်။ ရေတပ်သားများက ဗိုလ်ချုပ်တွေကို ဖမ်းပြီး စစ်သင်္ဘောကို အပိုင်စီးလိုက်ကြသည်။ သူပုန်ထတဲ့ ရေတပ်သားများက ‘လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ တစာစာ ဟောပြောစည်းရုံးခဲ့ကြသော “ကွန်မြူနစ်”များအား “ကျုပ်တို့ ရှေ့ဘာဆက်လုပ်ရမတုန်း”ဟု လာမေးကြသည်။ ကွန်မြူနစ်တွေက မာ့က်စ်၊ အိန်ဂယ် စာအုပ်တွေထဲမှာ၊ ပြင်သစ်တော်လှန်ရေးအကြောင်း ရေးထားတဲ့ စာအုပ်တွေထဲမှာ ရေတပ်သားတွေ ပုန်ကန်ရင် ဘယ်လိုလုပ်ရမလဲ ဆိုတာကို ပြူးပြဲလှန်လှောရှာကြသည်။ မတွေ့ပါ။ ရက်တချို့ ကြာသွားသည်။ ဇာအစိုးရရဲ့ သစ္စာခံရေတပ်သားတွေ လာတိုက်ကြတဲ့အခါ သူပုန်ရေတပ်သားတွေ မခံနိုင်လို့ ပင်လယ်နက်ထဲ မောင်းထွက်သွားရသည်။ နောက်ဆုံးမတော့ ဘူလ်ဂေးရီးယားတိုင်းပြည်မှာ သွားပြီး လက်နက်ချလိုက်ရတယ် ဆိုပဲ။ ဘူလ်ဂေးရီးယားအစိုးရက ဇာအစိုးရထံ ပြန်အပ် မအပ် ဆိုတာကိုတော့ (စတာလင်ကလည်း ရေးမထားခဲ့လို့) မသိတော့။

ဗမာပြည် ဒီမိုကရေစီအင်အားစုများလည်း စာအုပ်တွေထဲမှာ လမ်းကြောင်းမှန်ရှာရင်း ပင်လယ်နက်ထဲမှာ ထွက်ပေါက်ပျောက်မသွားစေလိုပါ။ ။

<u>ဘယ်အင်အားစုပဲဖြစ်ဖြစ် နောက်ဆုံးတော့ တတိယလိုင်းကို လိုက်ခဲ့လျှင် စစ်အစိုးရစည်းဝိုင်းထဲ ရောက်သွားမည်ပဲ ဖြစ်သည်။ ၂၁ ရာစု တွင်လည်း တတိယလမ်းလိုက်သူများသည် “၂၀၀၈ အခြေခံဥပဒေလမ်းကြောင်း” “တသီးပုဂ္ဂလနာမည်နဲ့ ရွေးကောက်ပွဲဝင်ရေးလမ်းကြောင်း”ပေါ်ပဲ ရောက်ကြမှာပါ။ မောင်စူးစမ်းရဲ့လမ်းထဲမှာ ရောက်သွားမှာပဲ ဖြစ်သည်။ တော်လှန်ရေးလမ်းကြောင်းကို ရှာဖွေကြရပါမည်။ အဓိကမှာ ကိုယ့်လမ်းကိုယ်ထွင်ရမှာ ဖြစ်သည်။</u>



# သင်တို့ကော ဘယ်လမ်းလိုက်မယ် စိတ်ကူးပါသလဲ

အေးငြိမ်းမြင့်

(၁)

ပွဲလည်းဆူ အများကလည်း အလေးထားစောင့်ကြည့်ခံရတဲ့ ရွေးကောက်ပွဲ တချို့တော့ ကျင်းပပြီးစီးသွားခဲ့ပါပြီ။ ဒီအထဲက နိုင်ငံ ၃ နိုင်ငံရဲ့ ရွေးကောက်ပွဲတွေကို စိတ်ဝင်စားမိတယ်။ ဗမာပြည်အတွက် စဉ်းစားစရာ တွေးပူစရာတွေ ကောက်ယူနိုင်လို့ပါ။

**အီရန် ရွေးကောက်ပွဲ** – သမ္မတလောင်း တော်တော်များများ ဝင်ရောက်ယှဉ်ပြိုင်ကြပေမယ့် အဓိကကတော့ ၂ ယောက်ပဲ။ လက်ရှိသမ္မတ အမာဒနီဂျက်က သဘောထားတင်းမာသူ၊ ကြိုးကိုင်ဘာသာရေးအဖွဲ့ကြီးက ထောက်ခံထားသူ။

နောက်တယောက်ကတော့ အနောက်အုပ်စုအကြိုက် ပြုပြင်ပြောင်းလဲရေးသမားတယောက်ဖြစ်တယ်။

မဲအများဆုံးကို သမ္မတ အမာဒနီဂျက် ရခဲ့တယ်လို့ဆိုတယ်။ ဒါပေမဲ့ မဲမသမာမှုတွေ ရှိတယ်ဆိုပြီး ကန့်ကွက်ဆန္ဒပြမှုတွေ ဆူပူမှုတွေ ဖြစ်ခဲ့တယ်။ အနောက်မီဒီယာတွေက အားပေးအားမြှောက် ပြုခဲ့တယ်။ အစိုးရက အကြမ်းဖက် ဖြိုခွဲပြီး လူတွေ ထောင်ချီဖမ်းခဲ့တယ်။ ဒါပေမဲ့ ငြိမ်ကျမသွားခဲ့ဘူး။ ဒီမှာတင် ဘာသာရေးခေါင်းဆောင်ကြီး ခါမေနီက နယ်ချဲ့သမားတွေရဲ့ အန္တရာယ်ကို လက်ညှိုးထိုးပြပြီး ဆန္ဒပြပွဲတွေ ရပ်ကြဖို့ အမိန့်ပေးခဲ့တယ်။ နောက် အမာဒနီဂျက် အနိုင်ရကြောင်း အတည်ပြုပေးလိုက်တယ်။

ခုတော့ အမာဒနီဂျက် ကျမ်းသစ္စာ ကြိမ်ဆိုပြီးသွားပြီ။

**အာဖဂန်ရွေးကောက်ပွဲ** – ပြည်တွင်းစစ်ဖြစ်နေတဲ့ နိုင်ငံ၊ အမေရိကန်ဦးဆောင်တဲ့ နေတိုးတပ်တွေ ဝင်ပြီး လက်ရှိအစိုးရ ပြုတ်ကျမသွားအောင် ဝင်တိုက်ပေးနေရတဲ့ နိုင်ငံ၊ တာလီဘန်ကို မတားနိုင်မဆီးနိုင်ဖြစ်နေချိန်၊ ဒီကြားထဲ အမေရိကန်နဲ့ သူတင်ထားတဲ့ သမ္မတနဲ့က အပြန်အလှန် အစာမကြေ ဖြစ်နေတဲ့အချိန်မှာ ကျင်းပရတဲ့ပွဲပါ။

မဲလိမ် မဲခိုးကိစ္စ ဟိုးဟိုးကျော်ခဲ့တယ်။ မဲပုံးထဲ ရောက်လာတဲ့မဲတွေထဲက ၁ ဒသမ ၅ သန်းဟာ မသန့်ရှင်းတဲ့မဲတွေ ဖြစ်နေတယ်။ ဒီအထဲက မဲ ၁ ဒသမ ၁ သန်းက လက်ရှိသမ္မတ ဂါဇိုင်းကို ပေးတဲ့မဲတွေလို့ ဆိုတယ်။

ထူးခြားတာက ရွေးကောက်ပွဲကိုကြီးကြပ်တဲ့ ကုလသမဂ္ဂ အဖွဲ့သည်ပင် ဒီမသမာမှုနဲ့ ပတ်သက်နေတာ ဖြစ်တယ်။ မျက်နှာလိုက်တာ၊ မျက်နှာလွှဲတာတွေ ရှိခဲ့တယ်။ တယောက် ဖြုတ်ပစ်လိုက်ရတယ်။

ခုချိန်ထိ ကာဇိုင်းပဲ သမ္မတပြန်ဖြစ်မလား၊ ရွေးကောက်ပွဲပဲ ပြန်လုပ်ရမလား အငြင်းပွားနေဆဲပါ။

**ဂျပန်ရွေးကောက်ပွဲ**–ဂျပန်စစ်ရှုံးပြီးတဲ့နောက် ရွေးကောက်ပွဲတိုင်း(လိုလို) အဆက်မပြတ်နိုင်ခဲ့တဲ့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) အရှုံးကြီး ရှုံးခဲ့တယ်။ ဒီမိုကရက်တစ်ပါတီ အပြတ်အသတ် နိုင်ခဲ့တယ်။ သူတို့ဆီမှာ မဲလိမ်မဲခိုးကိစ္စ မပေါ်၊ သို့သော် ဗမာပြည်နိုင်ငံရေးမှာ အရေးပါတဲ့ တနိုင်ငံဖြစ်နေတယ်။

အီရန်၊ အာဖဂန် နိုင်ငံတွေက ဗမာပြည်နိုင်ငံရေးနဲ့ တိုက်ရိုက်ပတ်သက်ဆက်စပ်ဖူးတာ မရှိ၊ အီရန်ဟာ အမေရိကန်ရဲ့ ရန်ဘက်တနိုင်ငံ ဖြစ်နေတာမို့ နအဖက အီရန်ကို ကောင်းချီးပေးနေခဲ့တာတော့ ရှိတယ်။ အာဖဂန်နဲ့ကျတော့ ဆက်ဆံရေး အလှမ်းကွာပါတယ်။ သူလည်း သူ့အလုပ်နဲ့သူရှုပ်၊ ကိုယ်လည်းကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်ပဲ။

ဂျပန်ဟာ ဗမာပြည်ကို ငွေကြေးအကူအညီ အများဆုံး ထောက်ပံ့ခဲ့ဖူးတဲ့ နိုင်ငံဖြစ်တယ်။ LDP အစိုးရဟာ ဗမာပြည်ရဲ့ နိုင်ငံရေးပြဿနာတွေမှာ စစ်အစိုးရအဆက်ဆက်ဘက်က ခပ်ပင်းပင်းမို့ တချို့က မကျေလည်ကြပါဘူး။ ခု ဂျပန်အစိုးရ အပြောင်းအလဲဖြစ်တော့ ဝန်ကြီးချုပ်သစ်ဟာ ဒီမိုကရေစီတို့ လူ့အခွင့်အရေးတို့ကို အလေးထားတဲ့ ဒီမိုကရက်တယောက် ဖြစ်တယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို ကြည်ညိုလေးစားသူဖြစ်တယ်။ ဒါကြောင့် ဗမာပြည်နဲ့ ဆက်ဆံရေးမှာ မူဝါဒသစ်တွေ ဖြစ်ပေါ်နိုင်တယ်လို့ မျှော်ကိုးသူက မျှော်ကိုးကြတယ်။ ထိုင်းမှာ ဒီမိုကရက်တစ်ပါတီက အဘိဆစ် တက်လာတုန်းကလည်း ဒီလိုမှိုခိုစိတ်ပေါ်ခဲ့ဖူးပြီ၊ ဘာမှ ဖြစ်မလာပါဘူး။

နအဖ အနေနဲ့ကတော့ အီရန်၊ အာဖဂန်မှာ အာဏာ ဘယ်လိုထိန်းသလဲ ဆိုတာကို စိတ်ဝင်စားပါလိမ့်မယ်။

ကျွန်တော်တို့ကတော့ ၂၀၁၀ ရွေးကောက်ပွဲမှာ နအဖက အီရန်၊ အာဖဂန် နည်းနာတွေကို ၂၀၀၈ အခြေခံဥပဒေ အတည်ပြုစဉ်တုန်းက သူတို့

ကျင့်သုံးခဲ့တဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ ဘယ်လိုပေါင်းစပ်မလဲဆိုတာကိုပဲ စဉ်းစားပါတယ်။

## (၂)

### ၂၀၁၀ ရွေးကောက်ပွဲ

လုပ်ဖြစ် မလုပ်ဖြစ် ပြည်တွင်းပြည်ပက သံသယရှိနေချိန်မှာ ဗိုလ်သန်းရွှေက လုပ်မယ်လို့ ကြေညာသွားပါပြီ။

နအဖ စိတ်တော်သိ ဘောင်းတော်ညိတ်တွေကတော့ ပွဲဖြစ်မြောက်ရေးအာဘော်တွေကို ကြိုလုပ်ထားနှင့်ကြပါပြီ။

**ဒူးတုပ်ရေးလမ်းညွှန်ချက်များ**

- *ပြည်သူများ ရွေးချယ်ခွင့်အခါက*
- *ရွေးကောက်ပွဲမှလွဲ၍ အခြားရွေးချယ်စရာမရှိပြီ*

(ဒါတွေက နအဖအကြိုက် ထွက်ပေါက်ပေးတဲ့ဆောင်ပုဒ်တွေ ဖြစ်တယ်။)

- *ရွေးကောက်ပွဲ မြန်မြန်လုပ်လေ ကောင်းလေဖြစ်ရာ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုသည့် သဘောသည် ဥဒဏ်ခေါင်းပါးသည့်သဘောကိုသာ ဖော်လှစ်ပြနေသည်။*

(မြန်မြန်လုပ်လေ ကောင်းလိုဆိုတာ နအဖအတွက် စဉ်းစားပေးတာပဲ။ "ဥဒဏ်ခေါင်းပါးသူ"ဘယ်သူလဲဆိုတာ ပြည်သူတွေ သိကြတယ်။)

- *သတ္တိနှင့် သူရဲကောင်းတို့၏ကဏ္ဍ မောလျသွားပါပြီ။ အားကုန်သွားပါပြီ။*

(ပြည်သူတွေ တိုက်ရဲသူတွေကို "ကြောက်ကြလော့"– ရင်မဆိုင်ကြလင့်၊ လုပ်သမျှ ဒူးတုပ်ခံကြလော့ ––– ဆိုတဲ့ အဓိပ္ပာယ်ပဲ။)

- *ရွေးကောက်ပွဲမှန်လျှင် ပြည့်စုံသည် မပြည့်စုံသည်ကို မကြည့်ဘဲ ကောင်းသည်ဟု မြင်နိုင်ရမည်။*

(အာဖဂန်ရွေးကောက်ပွဲ ––– လို ဟပ်ကော့ကြီး ဖြစ်နေရင်ကော –)

အထက်ပါ အတွေးအခေါ်လမ်းညွှန်ချက်တွေ နောက်ကလိုက်ပြီး အဓိပ္ပာယ်ဖွင့်ပြ၊ ဝိတ္တာချဲ့ပြတဲ့သူတွေလည်း ရှိတယ်။ နအဖကို မျက်နှာရအောင် လုပ်ကြတာပါ။ ဒီအထဲက စံကျတဲ့ဟာတွေပဲ ထုတ်ပြပါမယ်။ လက်ခွဲတယောက်က –––

- *၂၀၁၀ ရွေးကောက်ပွဲမှာ 'ဝင်မလား–မဝင်ဘူးလား' ငြင်းခုန်နေရမည့် ရွေးချယ်မှုကိစ္စမဟုတ်၊ လိုအပ်ချက်ဟု မြင်သည်။*

(ဖြောင်ကြီးပါလား။)

■ *မဝင်ဘူးဆိုရင် ဘာလုပ်မလဲ၊*

(ဒါက ချောက်ချတာပဲ။)

■ *တိတိကျကျ အဖြေတခုလည်း ရှိမည်မထင်ပါ။*

(အထင်သေးလှချည့်လား၊ နိုင်ငံရေးပါတီတွေပဲ၊ သူတို့နည်းလမ်းအသွယ်သွယ် စဉ်းစားထားကြမှာပေါ့၊ ရွေးလမ်း (option)တွေ ရှိမှာပေါ့။)

■ *၄၈ ဇာတ်ကွက်ကို ပြန်ရောက်သွား(လိမ့်မယ်)။*

(သူ စိုးရိမ်တာက ဒါကိုး၊ အဲဒါဟာ ရွေးလမ်း option တခုပဲလေ။)

■ *အကြမ်းပတမ်းနိုင်ငံရေးကို ကာကွယ်ဖို့ဆိုလျှင် ရွေးကောက်ပွဲသည် (အကောင်းဆုံးနည်းလမ်း မဟုတ်လျှင်သော်မှ) လက်ခံစဉ်းစားကြရမည့် တူရူချက်ဟု ထင်ပါသည်။*

(နောက်ဆုံးတော့ တဖက်ခေါင်းပိတ်'ရွေးကောက်ပွဲ'ဆိုတာထဲ ရိုက်သွင်းနေတာပါကလား၊)

## (၃)

မြင်နေရတာက သူတို့တတွေဟာ အလုံးစုံအာဏာကို စစ်အုပ်စုကရာသက်ပန်ချုပ်ကိုင်ထားမယ့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံကိစ္စ သိပ်မပြော၊ မရှိတာထက် ရှိတာက ပိုကောင်းတယ်–လောက်ပဲ ပြောတယ်၊ ဒီကိစ္စ'ဒီဘိတ်' လုပ်ရင် –

- ဖြစ်သင့်သလား
- မဖြစ်သင့်ဘူးလား
- ပြည်သူတွေ အကျိုးရှိမလား၊
  စစ်အုပ်စုအကျိုးရှိသလား –––
- ကာကွယ်မလား
- ကန့်ကွက်မလား–––

–––စတာတွေ ပုဒ်မတခုချင်းပြောကြရင် ပြဿနာတွေ ပေါ်တော့မယ်။ သမိုင်းတရားခံဖြစ်မှာတော့ သူတို့ ကြောက်ပုံရတယ်။ ဒီကိစ္စ လူလိမ္မာလုပ်နေကြတယ်။

အရေးအခင်းကိစ္စတွေမှာ စစ်အုပ်စုကိုင်တွယ်ဆောင်ရွက်ပုံတွေ 'ဒီဘိတ်'လုပ်ရင်ကော သူတို့ ပါရဲကြပ့်မလား။

ဒီအခြေခံကိစ္စတွေကျတော့ ရှောင်နေပြီး ခုရွေးကောက်ပွဲကိစ္စကျမှ ရှေ့တန်းတက်လာကြတာ ဘာသဘောလဲ မေးချင်စရာပါ။

ချုပ်ပြောပါ့မယ်၊ အသင်တို့ ပူမနေကြပါနဲ့၊ ရှေ့သွားလမ်းကို ကာဆီးကာဆီး လုပ်မနေကြပါနဲ့၊ တော်လှန်ရေးသမားတွေက တော်လှန်ရေးနည်းလမ်းနဲ့ ထိုးထွက်ကြလိမ့်မယ်။ အချောင်သမားတွေက အချောင်လမ်း လိုက်

ကြလိမ့်မယ်။ အညှံ့ခံရေးသမားတွေက စစ်အာဏာရှင်စနစ် တည်တံ့ရေးအတွက် အလုပ်အကျွေးပြုကြလိမ့်မယ်။ သူတို့ကို မေးချင်တယ်။

“သင်တို့ကော ဘယ်လမ်းလိုက်မယ် စိတ်ကူးပါသလဲ”။




တော်လှန်ရေးသမားတွေက တော်လှန်ရေးနည်းလမ်းနဲ့ ထိုးထွက်ကြလိမ့်မယ်။ အချောင်သမားတွေက အချောင်လမ်း လိုက်ကြလိမ့်မယ်။ အညှံ့ခံရေးသမားတွေက စစ်အာဏာရှင်စနစ် တည်တံ့ရေးအတွက် အလုပ်အကျွေးပြုကြလိမ့်မယ်။




ကတိတွေအတွက်ပေးတဲ့နိုဘယ်ဆု

*ဟောဝပ်ဇင် (**Howard Zinn**)*

၂၀၀၉ခုနှစ်၊ အောက်တိုဘာ ၁၀ရက်။

စိန်ချင်းကြည်



သမ္မတအိုဘားမားကို နိုဘယ်ငြိမ်းချမ်းရေးဆု ပေးလိုက်တယ်လို့ ကြားရတော့ ကျွန်တော်အတော်စိတ်ပျက်သွားပါတယ်။ တကယ်တော့ နိုင်ငံနှစ်ခုမှာ စစ်ဆင်နေပြီး နောက်တတိယနိုင်ငံ(ပါကစ္စတန်)တခုထဲမှာလည်း စစ်ရေးအရ ဝင်တိုက်နေတဲ့ သမ္မတတယောက်ကို ငြိမ်းချမ်းရေးဆု ပေးရတယ်ရယ်လို့ ဆက်တွေးလိုက်တော့ တုန်လှုပ်သွားတယ်လို့ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒါပေမဲ့ သမ္မတဝုဒရူးဝီလဆင်နဲ့ ကစ်ဆင်းဂါးတို့လည်းနိုဘယ်ဆုတွေရခဲ့တာပဲ ဆိုတာကို ပြန်စဉ်းစားမိပါတယ်။ နိုဘယ်ဆုပေးကော်မတီဟာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ပြောင်အတိအလင်းဖျက်ဆီးတာတွေကို လျစ်လျူရှုပြီး တဖက်မှာတော့ အပေါ်ယံကျတဲ့ ခန့်မှန်းတွက်ချက်မှုတွေနဲ့ အနှစ်မပါ၊ လေကြီးမိုးကြီးလုပ်ရပ်တွေကို အလွယ်တကူ လက်ခံယုံကြည်တတ်တာတွေအတွက် နာမည်ကြီးတယ် မဟုတ်ပါလား။

ဝုဒရူးဝီလဆင်ဟာ စစ်ကိုတားဆီးဖို့ဘာမှ မလုပ်ခဲ့တဲ့၊ ဘာမှ ထိရောက်မှုမရှိတဲ့ နိုင်ငံပေါင်းစုံအဖွဲ့ကြီး (League of Nations) အတွက် အမှတ်တွေရခဲ့ပါတယ်။ ဒါပေမဲ့ မက်ဆီကိုကမ်းခြေကို အမြောက်တွေနဲ့ထု၊ ဟေတီနဲ့ ဒိုမီနီကန်သမတနိုင်ငံတို့ကို စစ်တပ်တွေစေလွှတ်ပြီးသိမ်းပိုက်၊ အမေရိကန်နိုင်ငံကို ဥရောပကသားသတ်ရုံဖြစ်တဲ့ ပထမကမ္ဘာစစ်ပွဲ(ကမ္ဘာ့သမိုင်းမှာ

အမိုက်မဲဆုံးနဲ့ အသေအကြေအများဆုံးစစ်ပွဲတခု)ထဲကိုဆွဲသွင်းတာတွေ လုပ်ခဲ့တာဟာလည်းသူပါပဲ။

အမှန်ပဲ၊ သီအိုဒိုရုစဗဲ့ဟာ ဂျပန်နဲ့ရုရှားအကြားမှာ ငြိမ်းချမ်းရေးပွဲစား လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူက စစ်ကိုချစ်တဲ့လူပါ။ ကျူးဘားကို စပိန်လက်အောက်က လွတ်မြောက်စေမယ်ဆိုပြီး သိမ်းပိုက်ခဲ့ပြီး အဲဒီကျွန်းငယ်ကလေးကို အမေရိကန်နှောင်ကြိုးတွေနဲ့ အထပ်ထပ်ရစ်ပတ်ခဲ့ပါတယ်။ သမ္မတ တယောက်အဖြစ်နဲ့ သူဟာ ဖိလိပိုင်နိုင်ငံကို သိမ်းပိုက်ရာမှာ တာဝန်ရှိခဲ့ပြီး ဖိလိပိုင်က အပြစ်မဲ့ ရွာသား ၆၀၀ ကို သတ်ပြီးကာစ ဗိုလ်ချုပ်တဦးဆီကိုတောင် ချီးကျူးဂုဏ်ပြုစာ ပို့ခဲ့ပါသေးတယ်။ နိုဘယ်ဆုကော်မတီက ရုစဗဲ့နဲ့ အဲဒီစစ်ပွဲကို ဆန့်ကျင်ကန့်ကွက်ခဲ့တဲ့ စာရေးဆရာကြီးမာ့ခ်တွိန်း (Mark Twain) ကို ဆုမပေးသလို နယ်ချဲ့ဆန့်ကျင်ရေးအဖွဲ့ကြီး(Anti-Imperialist League) ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ကမ္ဘာကျော်အဘိဓမ္မာဆရာနဲ့ စာရေးဆရာကြီးဖြစ်တဲ့ ဝီလျံဂျိမ်စ် (William James) ကိုလည်း ဆုမပေးခဲ့ပါဘူး။

ဩော်၊ ဟုတ်ပါရဲ့။ သူတို့ဟာ ဗီယက်နမ်စစ်ပွဲအဆုံးသတ်တဲ့ စာချုပ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ ဟင်နရီကစ်ဆင်းဂါးကို ဒီဆုပေးဖို့ သတိရခဲ့ကြ၊ ပေးခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီလူက အဲဒီစစ်ပွဲရဲ့ပိသုကာတယောက် ဖြစ်နေပါတယ်။ သူဟာ နစ်ဆင်နောက်ပါးက ကျိုးနွံစွာလိုက်ပါပြီး ဗီယက်နမ်၊ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာ ကျေးလက်တွေကို ဖုံးမျိုးစုံကြဲချခဲ့တယ်လေ။ စစ်တရားခံဆိုတဲ့ဂုဏ်ပုဒ်နဲ့ လုံးဝဟပ်စပ်တဲ့ ကစ်ဆင်းဂါးဟာ နိုဘယ်ငြိမ်းချမ်းရေးဆုရှင်ကြီးပေ့ါ။

လူတွေကို သူတို့ပေးတဲ့ကတိတွေအပေါ် အခြေခံပြီး နိုဘယ်ဆု မပေးသင့်ပါဘူး။ (အိုဘားမားက ကတိပေးရာမှာတော့ အင်မတန် နှုတ်ရွှင်သူပါ)။ စစ်ပြီးဆုံးရေးအတွက် သူတို့ရဲ့ လုပ်ရပ်တွေအပေါ်မူတည်ပြီး ပေးတာဖြစ်သင့်ပါတယ်။ အိုဘားမားဟာ အီရတ်၊ အာဖဂန်နစ္စတန်နဲ့ ပါကစ္စတန်တို့မှာ လူမဆန်တဲ့၊ လူတွေကိုသတ်ဖြတ်တဲ့စစ်ပွဲတွေ ဆက်လက်သယ်ဆောင်နေသူဖြစ်ပါတယ်။

နိုဘယ်ဆုပေးကော်မတီကြီးဟာ အနားယူသင့်ပါပြီ။ သူတို့ရဲ့ရန်ပုံငွေတွေကို သူရဲကောင်းဆန်မှုနဲ့လေကြီးမိုးကြီးစကားလုံးတွေနောက် မျောပါမသွားတတ်တဲ့၊ သမိုင်းနားလည်တဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတခုခုကို ပေးလိုက်သင့်ပါပြီ။

# 21

21

## စစ်အုပ်စုရှိနေသရွေ့ အမျိုးသားစည်းလုံးရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ရရှိ နိုင်မှာမဟုတ်

ဝသန်ဦး

နအဖ စစ်အစိုးရဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးတို့ကို ကြွေးကြော်ခဲ့တာကြာပါပြီ။ ဗိုလ်နေဝင်းစစ်အုပ်စုက ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်ရှိလို့ဆိုပြီး အာဏာသိမ်းခဲ့တာက စခဲ့တာပါပဲ။ ဒါတွေဟာ လူကြားကောင်းရုံ စစ်အုပ်စုအာဏာသိမ်းရာမှာ အကြောင်းပြချက်လုပ်ဖို့လောက်သာ ကြွေးကြော်ခဲ့တာဖြစ်ပါတယ်။ လက်တွေ့မှာ နိုင်ငံရေးအင်အားစုတွေ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားအောင် စစ်အုပ်စုအဆက်ဆက် လုပ်နေတာသာ ဖြစ်ပါတယ်။

ခေတ်သစ်ဗမာပြည်သမိုင်းမှာ အမျိုးသားစည်းလုံးညီညွတ်ရေးကို နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲနဲ့ တည်ဆောက်ခဲ့ကြရတာ ဖြစ်တယ်။ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ သွေးခွဲအုပ်ချုပ်ကျွန်ပြုမှုကို ဆန့်ကျင်တဲ့ တိုက်ပွဲတွေက ရရှိခဲ့တဲ့ အတွေ့အကြုံ သင်္ခန်းစာတွေအရ နယ်ချဲ့ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ဖျက်ပြီး လွတ်လပ်ရေးအရယူမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ တမျိုးသားလုံးကို စည်းရုံးနိုင်ခဲ့ပါတယ်။ ဒါဟာ ဗမာပြည်သမိုင်းမှာ တခါမှ မရှိခဲ့ဖူးတဲ့ တမျိုးသားလုံးစည်းလုံးညီညွတ်မှုကို ရရှိလိုက်တာပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးအင်အားစုအားလုံးဟာ မတူတဲ့စည်းရုံးမှု၊ မတူတဲ့နိုင်ငံရေးအမြင်တွေ ဘယ်လိုပဲရှိရှိ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးဆိုတဲ့ တမျိုးသားလုံးနဲ့ဆိုင်တဲ့ အရေးကိစ္စကြီးမှာ စည်းလုံးမိကြပါတယ်။ ဖဆပလ အဖွဲ့ချုပ်ကြီးမှာ တမျိုးသားလုံး၊ နိုင်ငံရေးအင်အားစုအားလုံး တစိတ်တဝမ်းတည်း ရှိကြပါတယ်။

ဒါပေမဲ့ ပရိယာယ်ကြွယ်ဝတဲ့ အင်္ဂလိပ်နယ်ချဲ့သမားရဲ့အန္တရာယ်ကို လျှော့တွက်ခဲ့တာရယ်၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်ပွဲအရှိန်နဲ့ မာနတက်နေပြီး မိုးမမြင်၊လေမမြင် ဖြစ်နေကြတာကြောင့် အင်အားစုအသီးသီးဟာ အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းရေး၊ လုံးဝလွတ်လပ်ရေးကိစ္စကို အလေးထားရကောင်းမှန်းမသိဘဲ သတိပေါ့လျော့လာခဲ့ကြပါတယ်။ ကွဲလွဲမှုတွေကို ဒီမိုကရေစီနည်းကျကျ စိတ်ရှည်လက်ရှည် ဆွေးနွေး

ဖြေရှင်းတာလုပ်ဖို့ အားမသန်ဘဲ၊ ခွဲမယ်၊ ချမယ်၊ တိုက်မယ်၊ ခိုက်မယ်ပဲ ဖြစ်လာကြပါတယ်။ အဲဒီစိတ်တွေ အမြင်တွေ မွှန်ထူလာတဲ့အခါမှာ အမျိုးသားစည်းလုံးညီညွတ်ရေးဟာ ယိုင်နဲ့လာခဲ့တယ်။ ဒါကိုမြင်တဲ့ အင်္ဂလိပ်နယ်ချဲ့သမားဟာ အမျိုးသားခေါင်းဆောင်တွေကို လုပ်ကြံသတ်ဖြတ်ပြီး စတင်ဖရိုဖရဲဖြစ်လာတဲ့ ဖဆပလအဖွဲ့ကို နိုင်ငံရေးအာဏာ လွှဲလိုက်ပါတယ်။ ဗမာပြည် လွတ်လပ်ရေးရခဲ့ပါတယ်။ ဒါပေမဲ့ ဖဆပလအဖွဲ့ထဲက ထစ်ကနဲဆိုလက်ဦးမှုယူ ချမယ်ဆိုသူတွေလက်ထဲ နိုင်ငံရေးအာဏာရောက်တာနဲ့ ပြဿနာစပါတော့တယ်။ ဒီမိုကရေစီနည်းကျကျ ဖြေရှင်းရေးဆိုတာ စကားထဲတောင် ထည့်မပြောတော့တာကြောင့် ပြည်တွင်းစစ်မီးကြီးလည်းတောက်လောင်ခဲ့တော့တာပဲ။ အဲဒီကစပြီး ဗမာပြည် အမျိုးသားစည်းလုံးမှုဟာ ပြိုကွဲသွားပါတော့တယ်။ ဗမာပြည်မှာ ဒီမိုကရေစီမရှိ ငြိမ်းချမ်းရေးလည်းမရှိခဲ့တာ အဲဒီကတည်းကပါပဲ။

ဗမာပြည်မှာ ပဒေသရာဇ်ခေတ်လွန် ကိုလိုနီဘဝစတင်ကတည်းက အမျိုးသားစုဖွဲ့မှုဟာ ပေါ်ပေါက်ထင်ရှားလာပါတယ်။ ဒီအမျိုးသားတရပ် ဖွဲ့တည်မှုမှာ လူမျိုးများစွာပါဝင်ခဲ့ပါတယ်။ ဗမာလူမျိုးဟာ အမျိုးသားလူများစုဖြစ်လာပြီး တခြားလူမျိုးစုတွေက လူနည်းစုတွေအဖြစ်နဲ့ ဖြစ်လာခဲ့ကြပါတယ်။ ပဒေသရာဇ်ခေတ်ကာလတွေလက်ထက်တုန်းက မွန်၊ ဗမာ၊ ရခိုင်လူမျိုးတွေမှာ အင်အားကြီးတဲ့ ပဒေသရာဇ်မင်းတပါးပါးရဲ့လက်အောက်မှာ စုစည်းမိလေ့ရှိကြပါတယ်။ ရှမ်းနဲ့ကချင်တွေမှာတော့ နယ်ပယ်အများမှာ ပဒေသရာဇ်အများက သီးခြားစီ မင်းမူလေ့ရှိပါတယ်။ ဒါကြောင့်ရှမ်းမှာ စော်ဘွား အများအပြားနဲ့ စော်ဘွားနယ်အများအပြားရှိသလို ကချင်မှာလည်း ဒူးဝါးအများအပြားနဲ့ နယ်ပယ်အများအပြားရှိခဲ့ပါတယ်။ ကရင်၊ ဝ၊ ချင်း၊ နာဂ၊ ပအိုဝ်း စတဲ့အခြားလူမျိုးတွေကတော့ အုပ်စုအကြီးအကဲတွေ အုပ်စုအကြီးအကဲသာသာတွေလောက်ပဲ ဖွဲ့တည်နိုင်ပြီး ပဒေသရာဇ်ခေတ်ကို ဖြတ်သန်းခဲ့ပါတယ်။ ဒါပေမဲ့ ပလောင်၊ ဝတွေမှာ စော်ဘွားတွေရှိခဲ့ပါတယ်။ ကရင်နီမှာတော့ စောဖြာတွေရှိခဲ့ပါတယ်။ မနူဟာမင်းဟာ ပအိုဝ်းလို့လည်း တချို့က ဆိုကြပါတယ်။ ဆိုလိုတာကတော့ ပဒေသရာဇ်ခေတ်တလျှောက်မှာ လူမျိုးအလိုက်မတူတဲ့ တန်ခိုးအရှိန်ဩဇာနဲ့ ပဒေသရာဇ်တွေက လူ့အဖွဲ့အစည်းလေးတွေကို သူ့အဝန်းအဝိုင်းနဲ့သူ ထူထောင်မင်းမူလေ့ရှိကြပါတယ်။ ပဒေသရာဇ် တပါးနဲ့တပါးဟာလည်း မကြာမကြာ ဩဇာပြိုင်စစ်ခင်းလေ့ရှိကြပါတယ်။ တပါးက တပါးအပေါ် ဩဇာလွှမ်းအောင် လုပ်လေ့ရှိပါတယ်။ ၁၈ ရာစုရောက်တဲ့အခါမှာတော့ ဗမာပြည်အလယ်ပိုင်း ဧရာဝတီမြစ်ဝှမ်းနဲ့ချင်းတွင်းမြစ်ဝှမ်းအဆုံ ဒေသကြီးကို ဗဟိုပြုထားတဲ့ ဗမာပဒေသရာဇ်တွေဟာ မွန်၊ ရခိုင်၊ ရှမ်း၊ ကချင်စတဲ့ ပဒေသရာဇ်တွေအပေါ် လုံးဝ ဩဇာလွှမ်းထားနိုင်ပြီ

ဖြစ်ပါတယ်။ ဒါကြောင့် တောင်တန်းဒေသ ပဒေသရာဇ်ငယ်လေးတွေကအစ နိုင်းယှဉ်ချက်အရ ပိုမိုဖွံ့ဖြိုးတဲ့မြေပြန့်ဒေသတွေက ပဒေသရာဇ်တွေအားလုံးဟာ ဧရာဝတီ၊ ချင်းတွင်းမြစ်ဝှမ်းဒေသကို ဗဟိုပြုထားတဲ့ ပဒေသရာဇ်တွေရဲ့ ဩဇာခံ သစ္စာတော်ခံတွေ ဖြစ်လာပါတယ်။ ဗမာပြည်ကို အင်္ဂလိပ်နယ်ချဲ့သမား လာပြီး ထိတွေ့ဆက်ဆံ စစ်ပြုတဲ့အချိန်မှာတော့ အင်းဝ၊ အမရပူရ၊ မန္တလေး(ရတနာပုံ) ဗဟိုပြုပဒေသရာဇ်တွေဟာ ဩဇာအရှိဆုံး မင်းတွေပဲ ဖြစ်ပါတယ်။ မင်းဆက်အားဖြင့် ပြောရရင်တော့ ကုန်းဘောင်မင်းဆက်ပေါ့။ ပဒေသရာဇ်တွေဟာ ပဒေသရာဇ် တပါးပါးကို သစ္စာခံတယ်ဆိုပေမယ့် သူပိုင်ရာဆိုင်ရာနယ်ပယ်မှာတော့ သူ့ဘာသာသူ သက်ဦးဆံပိုင်စနစ်နဲ့ပဲ လွတ်လွတ်လပ်လပ် အုပ်ချုပ်နေပါတယ်။ ဒီအချက်ကို အင်္ဂလိပ် နယ်ချဲ့သမားက သူ့အတွက် အသုံးချပါတယ်။ ဒါကြောင့် ဗမာပဒေသရာဇ်ကို ဖြုတ်ချလိုက်ပြီး ကျန်တဲ့ ရှမ်းတို့ကချင်တို့၊ ကရင်နီတို့ရဲ့ ပဒေသရာဇ်တွေကို အင်္ဂလိပ်အစိုးရကို သစ္စာခံခိုင်းပြီး နိုင်ငံခြားရေး၊ စီးပွားရေးကို ခြယ်လှယ်ခြင်းဖြင့် ပဒေသရာဇ်စနစ်ကို မူလအတိုင်းပဲ ထားလိုက်တယ်။ ဒီနည်းနဲ့ အင်္ဂလိပ်နယ်ချဲ့သမားဟာ သွေးခွဲအုပ်ချုပ်တဲ့စနစ်ကို အကောင်အထည် ဖော်လိုက်တယ်။

ပဒေသရာဇ်စနစ်အောက်မှာ နိုင်းယှဉ်ချက်အရ မြေပြန့်ဒေသမှာ နေထိုင်သူတွေဟာ တောင်တန်းဒေသမှာ နေထိုင်သူတွေထက် စီးပွားရေး၊ လူမှုရေး၊ လူနေမှုအဆင့်အတန်း မြင့်လေ့ရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုမှာ တောင်ပေါ်ဒေသနဲ့ မြေပြန့်ဒေသ တပြေးညီ မရှိခဲ့ပါ။ ဒီအချက်ကို အင်္ဂလိပ်ကိုလိုနီနယ်ချဲ့သမားက သွေးခွဲအုပ်ချုပ်ရေးနဲ့အုပ်ချုပ်ပြီး စီးပွားရေးအရ သွေးစုပ်မှုကို မြှင့်တင်လိုက်တဲ့အခါ မြေပြန့်ဒေသနဲ့ တောင်တန်းဒေသ ကွာဟမှုဟာ ပိုဆိုးသွားပါတယ်။ ဒ့ါအပြင် နိုင်းယှဉ်ချက်အရ ဖွံ့ဖြိုးမှု ပိုမိုရှိပါတယ်ဆိုတဲ့ မြေပြန့်ဒေသတွေမှာလည်း အရင်းရှင်ကုန်ထုတ်စနစ် အစားထိုးဝင်လာတဲ့အခါမှာ ပဒေသရာဇ်ကုန်ထုတ်စနစ်နဲ့ ကျင်လည်ခဲ့တဲ့ ဒေသတွေက လူတွေ ပိုပြီးအခြေပျက်ကုန်ပါတယ်။ ဆိုလိုတာက ပဒေသရာဇ်စနစ်ပြိုကွဲပြီး ကိုလိုနီစနစ်အောက်မှာ ဖွဲ့တည်လာရတဲ့ လူမျိုးစုံပါဝင်တဲ့ အမျိုးသားတရပ်ဟာ ဖွံ့ဖြိုးမှုတညီတညာတည်းရှိတဲ့ တစည်းတလုံးတည်းရှိတဲ့ အမျိုးသားတရပ်အဖြစ် မဖွဲ့တည်နိုင်ခဲ့ဘူးဆိုတာပါပဲ။ ဒါကြောင့် ချမ်းသာသူနဲ့ ဆင်းရဲသူအကြားပဋိပက္ခ၊ မျိုးချစ်စိတ်ရှိသူနဲ့ အလိုတော်ရိတွေ အကြား ပဋိပက္ခ၊ အမျိုးသားလူများစုနဲ့အမျိုးသားလူနည်းစုကြား ပဋိပက္ခ၊ အမျိုးသားလူများစုအတွင်းပဋိပက္ခ၊ အမျိုးသားလူနည်းစုအတွင်းပဋိပက္ခ စတဲ့ပဋိပက္ခပြဿနာ ကိစ္စအဝဝဟာ နေ့စဉ်နဲ့အမျှ ပေါ်ပေါက်နေတာပါပဲ။

ဒါပေမဲ့ နိုင်ငံတကာ အဖြစ်အပျက်၊ အတွေ့အကြုံတွေအရ မိမိပြည်တွင်းဘဝ အတွေ့အကြုံအရ တိုးတက်တဲ့ နိုင်ငံရေးအမြင်ရှိသူတွေဟာ တမျိုးသားလုံးစည်းလုံးဖို့၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ဘို့ အားလုံးတန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်ဖို့ တရားမျှတတဲ့အခွင့်အရေးတွေ ခံစားရရှိဖို့ဆိုရင် လွတ်လပ်ရေးရမှ ဖြစ်မယ်ဆိုတာကို သိမြင်နားလည်လာကြပါတယ်။ လွတ်လပ်ရေးရဖို့ဆိုရင် ကိုလိုနီဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးလုပ်မှ ရမယ်ဆိုတာ ပိုပြီးရှင်းရှင်းလင်းလင်း သိမြင်လာကြတဲ့အခါမှာတော့ နိုင်ငံရေးအင်အားစုအသီးသီးဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးဆိုတာနဲ့ လူမျိုးစုံပြည်သူလူထုကြီးကို စည်းရုံးလှုံ့ဆော်လိုက်တဲ့အခါမှာ တမျိုးသားလုံး တစိတ်တည်းတဝမ်းတည်း ရှိလာပါတယ်။ ဒီလိုတစိတ်တဝမ်းတည်း ရှိလာမှုကို ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးနဲ့ အစမ်းသပ်ခံပြီး တမျိုးသားလုံးကို စည်းရုံးမိလိုက်တဲ့အခါမှာ မကြုံဖူးတဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို ရရှိလိုက်ပါတော့တယ်။ ဒါပေမဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းဖို့ ဒီမိုကရေစီ ထွန်းကားအောင်လုပ်ဖို့ဆိုတာကို ကောင်းအောင်မလုပ်နိုင်တဲ့အခါမှာတော့ အမျိုးသားစည်းလုံးညီညွတ်မှုဟာ ပြိုကွဲသွားပြီး ပြည်တွင်းစစ်ဖြစ်ပေါ်လာခဲ့တယ်။

လူမျိုးစုံပြည်သူလူထုအတွက် တကယ်တမ်းလွတ်လပ်မှု မရှိတော့ ဒီမိုကရေစီ မထွန်းကားတာကြောင့် တန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးဆိုတာ ဘယ်လိုမှ မဖြစ်လာတဲ့အခါမှာ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲသွားပါတော့တယ်။ ဒီလိုအမျိုးသား စည်းလုံးညီညွတ်မှုပြိုကွဲတဲ့အခါမှာ တမျိုးသားလုံး လူမျိုးစုံပြည်သူတရပ်လုံးဆိုတဲ့ ကျယ်ပြန့်တဲ့အမြင်တွေ မထည့်နိုင်တော့တဲ့အခါမှာ ဂိုဏ်းဂဏစိတ်၊ ဒေသစွဲစိတ်၊ ပုဂ္ဂိုလ်စွဲစိတ်၊ လူမျိုးရေးစိတ်တွေ ပေါ်ပေါက်လာတော့တာပဲ။ ဒီတခါမှာ နိုင်ငံရေးအင်အားစု တစုနဲ့တစု ဆက်ဆံရေးတွေဟာ မှန်တန်းမကျတော့တာ ဖြစ်ပေါ်လာပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်စိတ်နေရာမှာ လူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်တွေ အစားထိုးလာတယ်။ လူမျိုးရေးမုန်းတီးစိတ်တွေ ဝင်လာတယ်။ သံသယစိတ်တွေ ကြီးထွားလာတယ်။ နိုင်ငံရေးအင်အားစု တခုနဲ့တခု ပူးပေါင်းဆောင်ရွက်တဲ့စိတ်ဓာတ် ဆိတ်သုဉ်းလာပြီး ရန်လိုတဲ့သဘောတွေ ဖြစ်ပေါ်လာတယ်။

ဖဆပလ အစိုးရဟာ ရန်လိုတဲ့သဘောထားနဲ့ နိုင်ငံရေးအင်အားစုတွေကို ဆက်ဆံအကြမ်းဖက်လာတာကြောင့် နိုင်ငံရေးအင်အားစုတွေဟာ ကိုယ့်ရပ်တည်ရေး ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ရေးအတွက် လက်နက်စွဲကိုင်ကြရတော့တာပါပဲ၊ တပြည်လုံးလက္ခဏာဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့လို ပြည်သူ့ရဲဘော်တို့လို တော်လှန်တဲ့ ဗမာ့တပ်မတော်တို့လို အင်အားစုတွေဟာ လက်နက်ကိုင်ပြီး ပြန်ခုခံရတာပါပဲ။ ဒေသန္တရလက္ခဏာ

ဆောင်တဲ့ အမျိုးသားလူနည်းစုတွေဟာလည်း တဖွဲ့ပြီးတဖွဲ့ လက်နက်ကိုင် တော်လှန်ရေးလုပ်လာကြရတော့တာပါပဲ။ ဒီနည်းနဲ့ ဗမာပြည်မှာ လက်နက် ကိုင်တပ်တွေ မှိုလိုပေါက်လာတော့တယ်။

ဒီလိုဖြစ်လာတဲ့အခါမှာ ဖဆပလ အစိုးရဟာ နိုင်ငံရေးအင်အားစု တွေကို ဥပဒေတွင်းပါတီ၊ ဥပဒေပပါတီတွေဆိုပြီး ခွဲခြားဆက်ဆံတာ လုပ် လာတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကိုလည်း လက်နက်ချအညံ့ခံရေးနဲ့ အစားထိုးတယ်။ အပြုတ်တိုက်ရေး လမ်းစဉ်ပဲကျင့်သုံးတယ်။ ဖဆပလ အ စိုးရဟာ ဒီလိုသွေးခွဲဖိနှိပ်တဲ့စနစ်နဲ့ အုပ်ချုပ်လာတော့ ဖဆပလအဖွဲ့ ကိုယ် တိုင်လည်းကွဲပြဲတယ်။ ဥပဒေတွင်းပါတီတွေလည်း ကွဲပြဲတယ်။ ဥပဒေပပါ တီအင်အားစုတွေလည်း ဒီဂယက်ဒဏ်ခံရတာပါပဲ။ ဖဆပလအစိုးရ စစ်တပ် ထဲမှာလည်း အကွဲအပြဲတွေ ပေါ်တာပါပဲ။ ဗိုလ်နေဝင်းစစ်အုပ်စု မင်းမူနိုင်တဲ့ အထိ ကွဲပြဲဖြုတ်ထုတ်ခဲ့တာပါပဲ။

၁၉၆၂ ခုနှစ်မတ် ၂ ရက်နေ့မှာတော့ ဗိုလ်နေဝင်းစစ်အုပ်စုဟာ အာ ဏာသိမ်းယူလိုက်တော့တယ်။ အဲဒီအချိန်ကစပြီး ဥပဒေတွင်းရှိ တပြည်လုံး လက္ခဏာဆောင်တဲ့နိုင်ငံရေးအင်အားစုရော ဒေသန္တရလက္ခဏာဆောင်တဲ့ နိုင်ငံရေးအင်အားစုအားလုံး ဖျက်သိမ်းတာခံလိုက်ရတယ်။ ပြည်ထောင်စု ပြို ကွဲမယ့်အန္တရာယ်ရှိလို့ အာဏာသိမ်းတယ်။ တပြည်လုံး တစည်းတလုံး တည်းရှိအောင် အင်အားစုအားလုံး တစည်းတလုံးတည်းရှိအောင် မဆလ ပါတီဆိုတာ ထူထောင်ပြီး ၁၉၇၄ အခြေခံဥပဒေနဲ့ အုပ်ချုပ်ဖို့လုပ်လာပါ တယ်။ ကြားနေဝါဒကျင့်သုံးတဲ့ ဆိုရှယ်လစ်နိုင်ငံလို့တောင် ကြေညာလိုက် ပါသေးတယ်။ လက်ဝဲ၊ လကျာ်အစွန်းမရောက်စေတဲ့ဝါဒ ဆိုတာလည်း ပြော တယ်။ အမျိုးသားစည်းလုံးမှုပျက်ပြားတာ ဝါဒရေးရာကြောင့်ဆိုပြီးတော့ လည်း ပြောတယ်။

ဒါပေမဲ့ ဗိုလ်နေဝင်းစစ်အုပ်စုဟာ သွေးခွဲဖိနှိပ်အုပ်ချုပ်တဲ့ စစ်အစိုး ရပဲဖြစ်တာကြောင့် ဥပဒေတွင်းအင်အားစုတွေကို ကာလတခု ဖျက်သိမ်း ထားနိုင်ပေမယ့် ဥပဒေပအင်အားစုတွေကို ဘယ်လိုမှ မချေမှုန်း မဖျက်သိမ်း နိုင်ပါဘူး။ ဒါပေမဲ့ လုပ်ကြံသတ်ဖြတ်တာနဲ့ သပ်လျှိုသွေးခွဲတာတွေတော့ ဗိုလ်နေဝင်းစစ်အုပ်စုက မပြတ်လုပ်ပါတယ်။ ဒါကြောင့် ဗိုလ်နေဝင်း စစ်အုပ် စုဟာ အမျိုးသားစည်းလုံးညီညွတ်ရေးကို မလုပ်နိုင်သလို ဆိုရှယ်လစ်စနစ် ကိုလည်း မဖော်ဆောင်နိုင်ဘဲ လူမျိုးစုံပြည်သူလူထုရဲ့ နည်းမျိုးစုံနဲ့ ဆန့် ကျင်တာကိုခံရပါတယ်။ ဗိုလ်နေဝင်းရဲ့စစ်အုပ်စုမှာလည်း ၁၉၆၂ ခုနှစ် အာ ဏာသိမ်းကတည်းက ဖြုတ်ဟ၊ ထုတ်ဟနဲ့ လုပ်လာလိုက်ရတာ နောက်ဆုံး နေဝင်းကိုယ်တိုင် နေအိမ်အကျယ်ချုပ်ဘဝနဲ့ လူ့ဘဝကို အဆုံးသတ်သွား ရပါတယ်။

၈၈ လူထုအုံကြွမှုကြီးဟာ တကယ်ပဲ ဒီမိုကရေစီရရှိဖို့ အမျိုးသား စည်းလုံးညီညွတ်မှု ပြန်လည်ရရှိဖို့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိဖို့ လက်တကမ်းအလိုကို ရောက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ စစ်အုပ်စုကို တကယ်မဖျက်သိမ်းလိုက်နိုင်တာကြောင့် အောင်ပွဲပန်းတိုင်အထိ မရောက်ခဲ့နိုင်ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ အောင်သီးအောင်ပွင့်တွေတော့ အတော်ရခဲ့ပါတယ်။ မဆလပျက် တာ၊ စစ်အုပ်စုမှာ လူအားလုံးကို လဲပစ်လိုက်ရတာ၊ နိုင်ငံရေးအင်အားစုတွေ တရားဝင်ဖွဲ့တည်နိုင်တာ၊ ၉၀ ခုနှစ်ပါတီစုံအထွေထွေ ရွေးကောက်ပွဲ လုပ်ရတာ၊ ဒီမိုကရေစီစကားတွေ ပြောလာနိုင်တာ၊ စစ်အစိုးရ၊ စစ်အုပ်စုဆိုတာတွေကို ကျယ်ကျယ်လောင်လောင် ဖွင့်ချပြောဆိုနိုင်တာ စတဲ့ အောင်သီးအောင်ပွင့်တွေတော့ ရရှိလိုက်ပါတယ်။

ဒါပေမဲ့ နဝတစစ်အုပ်စု အထူးသဖြင့် ဗိုလ်သန်းရွှေရဲ့ နအဖစစ်အုပ်စုဟာ လူထုလှုပ်ရှားမှုတွေကို အကြမ်းဖက်နှိမ်နင်းတာ၊ ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကို နင်းချေဖျက်ဆီးနေတာ ကတိတွေကို တခုပြီးတခု ချိုးဖျက်တာတွေ လုပ်နေတာကြောင့် ဗမာပြည်နိုင်ငံရေးအကျပ်အတည်းဟာ ထွက်ပေါက်မရှိသလောက်ဖြစ်နေတယ်။

နအဖဟာ ဒို့တာဝန်အရေး ၃ ပါးတို့၊ နိုင်ငံရေးဦးတည်ချက် ၄ ရပ်တို့၊ စီးပွားရေးဦးတည်ချက် ၄ ရပ်တို့၊ လူမှုရေးဦးတည် ချက် ၄ ရပ်တို့ကို လူကြားကောင်းအောင် ကြွေးကြော်တာပဲဖြစ်ပြီး လက်တွေ့မှာ နိုင်ငံရေး အင်အားစုအားလုံးကို ချေမှုန်းပစ်နိုင်ရေးနဲ့ စစ်အုပ်စုစိုးမိုးမှု တရားဝင်ဖြစ်ရေး လုပ်တာပဲဖြစ်ပါတယ်။

နဝတ– နအဖ တက်လာကတည်းက ဗမာပြည် နိုင်ငံရေးလောကမှာ အင်အားစုတွေ အကြမ်းဖက်ဖိနှိပ် ခွဲဖြိုတာခံရပါတယ်။ ဥပဒေတွင်း အင်အားစုတွေ၊ ဥပဒေပအင်အားစုတွေ လက်နက်ကိုင်တိုက်နေတဲ့ အင်အားစုတွေ ပြည်ပရောက်အင်အားစုတွေဆိုပြီး အများကြီးဖြစ်ကုန်ပါတယ်။ နောက်တော့ ဥပဒေတွင်းအင်အားစု ဟုတ်သလိုလို မဟုတ်သလိုလို ဖားတပိုင်း ငါးတပိုင်း အပစ်ရပ်အဖွဲ့တွေအဖြစ် လက်နက်ကိုင်အင်အားစုတချို့ကို ဖန်တီး လိုက်ပါတယ်။ ဒီအင်အားစုတွေကို တခုနဲ့တခု အပြန်အလှန် ဆက်ဆံခွင့် မပေးပါဘူး။ တရားဝင်ဥပဒေတွင်းပါတီ အချင်းချင်းတောင် ဆက်ဆံခွင့်တွေ တားဆီးနှောင့်ယှက်တာခံရပါတယ်၊ အခုဆို ပြည်သူလူထုက တခဲနက်ထောက်ခံမဲပေးထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုတောင် ဖုတ်လိုက်ဖုတ်လိုက် အသက်ရှူနေရုံလောက်ပဲ လုပ်ထားပါတယ်။ တခြားဥပဒေတွင်း တရားဝင်ပါတီအဖွဲ့အစည်းတွေအားလုံးလည်း မသေရုံဘဲ လုပ်ထားပါတယ်။ လှုပ်ရှားခွင့်ဘာမှမရှိပါဘူး။ ဒီကြားထဲ တဖြုတ်ဖြုတ်နဲ့ အမှည့်ခြွေ ခြွေနေပြန်ပါတယ်။ အခုအပစ်ရပ်အဖွဲ့တချို့ကို အစိတ်စိတ်အမြွှာမြွှာ ကွဲအောင်

လုပ်ပြီး လက်နက်ဖြုတ်သိမ်းတာ လုပ်နေပြန်ပါပြီ။ နအဖကိုယ်တိုင်လည်း အကျပ် အတည်းမျိုးစုံ တွေ့နေရပါတယ်။ ဒါတွေကြည့်ရင် နအဖစစ်အစိုးရ ဟာ သူ ၂၀၀၈ ခုနှစ်အခြေခံဥပဒေ အသက်ဝင်ရေးနဲ့ စစ်အုပ်စုအာဏာ တည်မြဲရေးကလွဲပြီး ဘာမှစိတ်မဝင်စားဘူးဆိုတာ ရှင်းပါတယ်။ သူ့ရဲ့အာ ဏာ တည်မြဲလေလေ သွေးခွဲအုပ်ချုပ်တဲ့စနစ်က ပိုမိုပြင်းထန်ထန်လေလေ ဖြစ်မှာ သေချာပါတယ်။

အုပ်စိုးသူအဆက်ဆက် ကနေ့ နအဖစစ်အစိုးရအထိ ဒီလိုသွေးခွဲ ဖိနှိပ်အုပ်ချုပ်မှုကို တွန်းလှန်တိုက်ခိုက်နေသူတွေဘက်မှာလည်း ချို့ယွင်း ချက် အားနည်းချက်တွေရှိတယ်။ ဒီအားနည်းချက်တွေကြောင့်လည်း နအဖ စစ်အစိုးရ အသက်ရှည်ခဲ့ပြန်ပါတယ်။ စစ်အစိုးရကိုဆန့်ကျင်နေတဲ့ အင်အား စုတွေမှာ တပြည်လုံးလက္ခဏာဆောင်တဲ့ အင်အားစုနဲ့ ဒေသန္တရလက္ခဏာ ဆောင်တဲ့ အင်အားစုတွေဆိုပြီး ရှိကြပါတယ်။ ဒီအင်အားစုတွေမှာ တဖွဲ့ချင်း အတွင်းမှာ ပဋိပက္ခရှိသလို တဖွဲ့နဲ့တဖွဲ့ကြားမှာလည်း ပဋိပက္ခရှိကြတယ်။ အဲ ဒါကြောင့် ဂိုဏ်းဂဏစိတ်တွေ၊ မာန်မာနတွေ၊ အာဃာတတွေ မိုးမွှန်လာပါ တယ်။ တပြည်လုံးလက္ခဏာရှိတဲ့အင်အားစုတွေမှာ အဲဒီစိတ်တွေအပြင် လူ မျိုးကြီးဝါဒစိတ်လည်း ပေါ်တတ်သလို ဒေသန္တရလက္ခဏာရှိတဲ့ အင်အားစု တွေမှာတော့ ဒေသစွဲစိတ်၊ ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်စိတ်တွေလည်း ပေါ်တတ်တယ်။ ဒီအားနည်းချက်ကို အုပ်စိုးသူအစိုးရ အဆက်ဆက်က "ချက်ကောင်း"အဖြစ် အသုံးချတာပါပဲ။ ကနေ့ နအဖအစိုးရဆိုရင် ဒီအချက် ကို ပိုပြီးထိထိမိမိနဲ့ ရက်ရက်စက်စက်ကို အသုံးချနေပါတယ်။

ဒီကနေ့ တပြည်လုံးလက္ခဏာနဲ့ လှုပ်ရှားတဲ့အင်အားစုတွေမှာ ဥပ ဒေတွင်းအင်အားစုနဲ့ ဥပဒေပအင်အားစုတွေအဖြစ်ကွဲထွက်သွားပြီး အပြန် အလှန်ဆက်သွယ်မှု၊ အပြန်အလှန်ထောက်ကူလှုပ်ရှားမှု အတော်အားနည်း နေကြတယ်။ ဒေသလက္ခဏာနဲ့လှုပ်ရှားနေတဲ့ အမျိုးသားလူနည်းစုအင် အားစုတွေလည်း ဥပဒေတွင်းအင်အားစု၊ ဥပဒေပအင်အားစု၊ လက်နက်ကိုင် တိုက်ပွဲဆင်နွှဲတဲ့အင်အားစု၊ အပစ်အခတ်ရပ်တဲ့အင်အားစုတွေအဖြစ် ကွဲ ပြားနေတယ်။ အခု အပစ်အခတ်ရပ်တဲ့အဖွဲ့တွေထဲမှာတောင် လက်နက် အ ဖြုတ်ခံရသူခံရ၊ အဖွဲ့တွင်းကွဲပြဲမှုတွေ ပေါ်လိုပေါ်နဲ့ အနေအထားအမျိုးမျိုး တွေ ဖြစ်ပေါ်နေတယ်။ အင်အားစုအနေနဲ့ အခု အပြန်အလှန်ချိတ်ဆက် ဆက်သွယ်မှု အထောက်အကူပြုလှုပ်ရှားမှုတွေ အပြန်အလှန်မလုပ်နိုင်ဘဲ ဖြစ်နေကြပါတယ်။

ဥပဒေတွင်းအင်အားစုတွေနဲ့ ဥပဒေပအင်အားစုတွေအချင်းချင်း ဖြစ်တဲ့နည်းတွေနဲ့ ချိတ်ဆက်ပြီး ယုံကြည်မှု၊ စာနာစိတ်တွေနဲ့ အပြန်အလှန် အထောက်အကူဖြစ်စေတဲ့ လှုပ်ရှားမှုတွေ လုပ်ရပါမယ်။ တပြည်လုံးလက္ခ

ဏာရှိတဲ့ အင်အားစုတွေနဲ့ ဒေသန္တရလက္ခဏာနဲ့လှုပ်ရှားနေတဲ့ အင်အားစုတွေ၊ လက်နက်ကိုင်တိုက်တဲ့ အင်အားစုတွေနဲ့ လက်နက်ကိုင်မတိုက်တဲ့ အင်အားစုတွေ။ လက်နက်ကိုင်တိုက်တဲ့အင်အားစုတွေ အချင်းချင်း အပြန်အလှန် နည်းမျိုးစုံနဲ့ ဆက်သွယ်ကြ၊ အပြန်အလှန် အထောက်အကူစိတ်၊ စာနာစိတ်၊ ယုံကြည်မှုနဲ့ လှုပ်ရှားကြဖို့လိုနေပါတယ်။ ဒီလိုလုပ်ကြမှသာ တက်ညီလက်ညီနဲ့ နအဖကို ရင်ဆိုင်တာ ဖြစ်လာပါလိမ့်မယ်။ အဲဒီလို အင်အားစုတွေဟာ ဘယ်လောက်ပဲ ကွဲပြားနေပါစေ လှုပ်ရှားမှုလက်ညီလာရင် လူထုကြီးတရပ်လုံးကို အင်ကြီးအားကြီးဖြစ်အောင် စုစည်းလာနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို စုစည်းလာနိုင်မှသာ နအဖ ရဲ့ ၂၀၀၈ အခြေခံဥပဒေကို တိုက်ဖျက်နိုင်ပြီး စစ်အုပ်စုကိုလည်း ဖျက်သိမ်းနိုင်မှာဖြစ်ပါတယ်။ ဗမာပြည်မှာ စစ်အာဏာရှင်စနစ်၊ စစ်အုပ်စု၊ စစ်အစိုးရကို မဖျက်သိမ်းနိုင်မချင်း အမျိုးသားစည်းလုံးညီညွတ်မှု ရရှိမှာမဟုတ်ပါ။ စစ်အုပ်စုရှိနေသရွေ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေး မရှိနိုင်ပါ။

ဒီကနေ့ ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုပြီး တရားဝင် သက်ဝင်လှုပ်ရှားဖို့ ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်မယ်ဆိုပြီး နအဖက လုပ်လာတယ်။ အဲဒါဟာ နိုင်ငံရေးအင်အားစုတွေ၊ နိုင်ငံရေးသမားတွေ မျက်စိလည်စရာ တွေဖြစ်ပေါ်စေပါတယ်။ ဒါဟာ တဖက်မှာ နိုင်ငံရေးအင် အားစုတွေ နိုင်ငံရေးသမားတွေအတွင်းမှာ သဘောထားကွဲပြားမှုတွေ ဖြစ်အောင်လုပ်တာပဲဆိုတာ မြင်ထားသင့်ပါတယ်။ နအဖရဲ့ထောင်ချောက်ဖြစ်တယ်ဆိုတာ မြင်ထားသင့်ပါတယ်။ အဲဒီအမြင်သာ ကြံ့ခိုင်မယ်ဆိုရင် နိုင်ငံရေးအင်အားစုတွေဟာ ကိုယ့်အနေအထားအရ ကိုယ့်အခန်းကဏ္ဍအလိုက် တက်ညီလက်ညီ လှုပ်ရှားကြမယ်ဆိုရင် နအဖရဲ့ အစီအမံအားလုံးကို တိုက်ဖျက်နိုင်ပြီး နအဖ စစ်အုပ်စုကိုပါ လူထုအားနဲ့ ဖျက်သိမ်းပစ်တာ လုပ်နိုင်ပါလိမ့်မယ်။

ဗမာပြည်မှာ စစ်အုပ်စုရှိနေသရွေ့ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ တန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ မဖြစ်နိုင်ပါ။ သို့သော် နိုင်ငံရေးအင်အားစုအားလုံး အပြန်အလှန်လေးစား၊ အပြန်အလှန်နားလည်မှုယူ၊ အပြန်အလှန်ဆက်သွယ်ပြီး ကိုယ့်ကဏ္ဍနဲ့ကိုယ် တက်ညီလက်ညီ မလှုပ်ရှားနိုင်သရွေ့ စစ်အုပ်စု သက်ဆိုးရှည်နေမှာအမှန်ပဲ။ စစ်အစိုးရရဲ့ သွေးခွဲအုပ်ချုပ်မှုဟာလည်း ထိရောက်နေဦးမှာလည်း အမှန်ပါပဲ။

ဝသန်ဦး

စက်တင်ဘာ ၁၅၊ ၂၀၀၉ ။

# 21

# စီးပွားရေးအခက် စစ်ရေးအချက်

ကြည်ဝင်း

စီးပွားရေးအကျပ်အတည်းဆိုက်နေရာက ပြန်နာလန်ထူလာပြီလို့ တချို့ပညာရှင်တွေက သုံးသပ်ပြောဆိုနေကြပါတယ်။ အလုပ်အကိုင်ရရှိမှုတွေလည်း တိုးများလာမယ်လို့ အဓိကစီးပွားရေးပညာရှင်ကြီးတွေက ခန့်မှန်းခဲ့ကြတယ်။ ဒါပေမဲ့ အမေရိကန်နိုင်ငံရဲ့ မကြာသေးခင်က ထုတ်ပြန်လိုက်တဲ့ အလုပ်လက်မဲ့ကိန်းဂဏန်းတွေက ဒီသုံးသပ်ချက်ကို ချေဖျက်ပစ်လိုက်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလမှာ အလုပ်အကိုင်ဆုံးရှုံးမှုစုစုပေါင်းဟာ ၂၆၃,၀၀၀ ရှိတယ်။ ဒါဟာ သြဂုတ်လထက်စာရင် ၆၂,၀၀၀ ပိုများလာတာ ဖြစ်တယ်။ ၆ လထက်ကျော်ပြီး အလုပ်လက်မဲ့ဖြစ်နေသူပေါင်းဟာ ၅.၄ သန်းရှိပြီး ဆက်တိုးနေဆဲဖြစ်တယ်။ ဒါနဲ့ပတ်သက်ပြီး သမ္မတအိုဘားမားကတော့ "အလုပ်လက်မဲ့ပြဿနာဟာ စီးပွားရေးတုံ့ဆိုင်းမှုကနေပြီး နောက်ဆုံးမှ ပြန်နာလန်ထူမယ့်ကိစ္စ ဖြစ်တယ်။ နာလန်ထမှုဟာ တလှမ်းချင်း ဖြည်းဖြည်းသွားရမယ့် ဖြစ်စဉ်ပါ" လို့ ပြောခဲ့တယ်။

ဒီလို အလုပ်လက်မဲ့ထူပြောမှုကနေ လောလောဆယ် ချက်ကောင်းတွေ့နေတာကတော့ အမေရိကန်စစ်ဘက်က ဖြစ်ပါတယ်။ စီးပွားရေးအခက်စစ်ရေးအချက်လို့ ပြောရတော့မယ်နဲ့တူပါတယ်။ အမေရိကန်တပ်သားသစ် စုဆောင်းရေးဟာ ပြီးခဲ့တဲ့ ၃၅ နှစ်အတွင်းမှာ တခါမှ သတ်မှတ်ရာခိုင်နှုန်း မပြည့်မီခဲ့ပါ။ ဒီနှစ်မှာတော့ သတ်မှတ်ရာနှုန်းပြည့်ရုံမက ကျော်လွန်ခဲ့တယ် ဆိုပဲ။ ပင်တာဂွန်စစ်ဌာနချုပ် ကြေညာချက်မှာတော့ စီးပွားရေးကျဆင်းမှုနဲ့ အလုပ်လက်မဲ့တိုးများလာမှုတို့ကြောင့်ရော၊ တခြားမက်လုံး စတာတွေကြောင့်ပါ ပိုများတဲ့ လူငယ်တွေဟာ စစ်မြေပြင်သွားကြရမယ်ဆိုတာကို သိလျက်နဲ့ စစ်တပ်ထဲ ဝင်လာကြတာလို့ ဆိုပါတယ်။

၁၉၇၃ ခုနှစ်မှာ ဆန္ဒအလျောက်စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက် စစ်သားစုဆောင်းရေးမှာ အခုလိုအောင်မြင်မှုရတာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းကဆိုရင် သတ်မှတ်ထားတဲ့ တပ်သားသစ် အရေ

အတွက် ပြည့်မီအောင် မရခဲ့ပါဘူး။ အထူးသဖြင့် ကြည်းတပ်ဟာဆိုရင် အရေအတွက်ပြည့်မီဖို့အတွက် အထက်တန်းကျောင်းမပြီးဘဲ ထွက်လာသူတွေကို ပိုလက်ခံခဲ့ရတယ်။ ဒါ့အပြင် သတ်မှတ်အလေးချိန်ထက် ပိုနေသူတွေနဲ့ ပြစ်မှုကျူးလွန်ခဲ့ဖူးသူတွေကိုတောင် လက်ခံခဲ့တယ်။

အခု စက်တင်ဘာ ၃၀ ရက်မှာ ကုန်ဆုံးမယ့် ဘဏ္ဍာရေးနှစ်အတွက်တော့ သတ်မှတ်အရေအတွက်ကော၊ သတ်မှတ်အရည်အချင်းတွေပါ ပြည့်မီအောင်ရခဲ့တယ်ဆိုတယ်။ အမြဲတမ်းတပ်အတွက်ကော၊ အရန်တပ်အတွက်ပါ ရခဲ့တာ ဖြစ်တယ်။

အာဖဂန်နဲ့အီရတ်စစ်ပွဲတွေဟာ ဆန္ဒအလျောက်စစ်မှုထမ်းရတဲ့ စစ်တပ်ရဲ့ ဒဏ်ခံနိုင်မှုကို မကြုံဖူးတဲ့စမ်းသပ်မှုကြီးဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ဆိုကြပါတယ်။ ကြည်းတပ်နဲ့ မရိန်းတပ်ဖွဲ့တွေရဲ့ အင်အားကို တပ်သားသစ်တွေနဲ့ အစဉ်အမြဲ ဖြည့်တင်းတိုးချဲ့နိုင်စွမ်းရှိဖို့ အရေးကြီးသလို တိုက်ပွဲဖြစ်နေတဲ့ နယ်မြေတွေမှာလည်း အလှည့်ကျ အမှုထမ်းနိုင်ဖို့ အရန်တပ်ဖွဲ့တွေ အလုံအလောက်ရှိရမှာ ဖြစ်ပါတယ်လို့ ဆိုပါတယ်။ နိုင်ငံခြားသို့ စေလွှတ်ခဲ့တဲ့ ကြည်းတပ်ဖွဲ့တချို့ဟာဆိုရင် ဖွဲ့စည်းပုံအပြည့် အင်အားမရှိကြပါဘူး။ တပ်သားသစ် စုဆောင်းရခက်တဲ့ အကြောင်းတွေထဲမှာ အဲဒီစစ်ပွဲတွေဟာလည်း အကြောင်းအချက်တခု ဖြစ်ပါတယ်။

ဒီတပတ်မှာတော့ ကာကွယ်ရေးဝန်ကြီးဌာနက အမြဲတမ်းတပ်အတွက် တပ်သားသစ် ၁၆၈,၉၀၀ စုဆောင်းနိုင်ခဲ့တယ်။ ဒီဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်ရာခိုင်နှုန်းအရဆိုရင် ၁၀၃% ရှိတယ်လို့ ဆိုပါတယ်။ နိုင်ငံတော်အစောင့်တပ်ဖွဲ့နဲ့ အရန်တပ်ဖွဲ့အတွက်ဆိုရင်တော့ ၁၀၄% ရရှိခဲ့တယ်လို့ ဆိုတယ်။

အရေအတွက်အရသာမက အရည်အချင်းပိုင်းမှာလည်း တိုးတက်မှုတွေရှိတယ်လို့ ဆိုပါတယ်။ တပ်သားသစ် ၉၅% လောက်ဟာ အထက်တန်းအောင်ပြီးသူတွေ ဖြစ်တယ်။ မနှစ်ကဆိုရင် သတ်မှတ်ချက် ၉၀% မပြည့်မီဘဲ အထက်တန်းအောင်ပြီးသူ ၈၃% သာပါတယ်။ အမြဲတမ်းတပ်အတွက် ဒီနှစ်လက်ခံလိုက်သူတွေထဲမှာ အရည်အချင်းစစ်စာမေးပွဲမှာ အနိမ့်ဆုံးလက်ခံနိုင်တဲ့အဆင့် အမှတ်သာမီတဲ့သူက ၁.၅% ပဲပါတယ်။ အရင်နှစ်တွေကဆိုရင် ၄% နီးပါးရှိတယ်။

ဒီလို အရေအတွက်ရော၊ အရည်အချင်းပါတိုးလာရတာဟာ အရပ်ဘက် အလုပ်အကိုင်ရှားပါးမှု၊ စစ်တပ်လစာတိုးပေးတာနဲ့ စစ်သားစုဆောင်းရေးအတွက် ဘတ်ဂျက်ပိုသုံးလာတာတို့ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ ကြော်ငြာ၊ ဈေးကွက်ထိုးဖောက်မှု၊ တပ်သားသစ်စုဆောင်းပေးသူတွေ အတွက်နဲ့ တခြားအခတွေပါတွက်ရင် တပ်သားသစ်တယောက်အပေါ်မှာ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အသုံးစရိတ်ဟာ ဒေါ်လာ ၁၀,၀၀၀ လောက်ရှိတယ်လို့ ဆိုပါတယ်။ ကြည်းတပ်ရဲ့အသုံးစရိတ်က ပိုများပါတယ်။ ဒေါ်လာ ၂၂,၀၀၀

ရှိသတဲ့။ အဲဒီတော့ စုဆောင်းရရှိတဲ့ တပ်သားသစ် တသိန်းခြောက်သောင်း ကျော်အတွက်ဆိုရင် ဒေါ်လာ ဘီလျံချီ ကုန်ကျခဲ့ရမှာပါ။

ဒီနှစ်ရခဲ့တဲ့ အောင်မြင်မှုကြောင့် နောက်နှစ်မှာတော့ ပင်တာဂွန်အနေနဲ့ တပ်သားသစ်စုဆောင်းရေးမှာ ဒေါ်လာ ၅ ဘီလျံလောက် (၁၁%) လျှော့သုံးနိုင်မယ်လို့ မျှော်လင့်နေကြပါတယ်။

လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေလို့ ဆိုစကားရှိပါတယ်။ အခုတော့ အလုပ်လက်မဲ့များလေ ပင်တာဂွန်ကြိုက်လေဖြစ်နေပြီနဲ့တူရဲ့။

<u>ဒီလို အလုပ်လက်မဲ့ထူပြောမှုကနေ လောလောဆယ် ချက်ကောင်းတွေ့နေတာကတော့ အမေရိကန်စစ်ဘက်က ဖြစ်ပါတယ်။ စီးပွားရေးအခက် စစ်ရေးအချက်လို့ ပြောရတော့မယ်နဲ့တူပါတယ်။ အမေရိကန် တပ်သားသစ်စုဆောင်းရေးဟာ ပြီးခဲ့တဲ့ ၃၅ နှစ်အတွင်းမှာ တခါမှ သတ်မှတ်ရာခိုင်နှုန်း မပြည့်မီခဲ့ပါ။ ဒီနှစ်မှာတော့ သတ်မှတ်ရာနှုန်းပြည့်ရုံမက ကျော်လွန်ခဲ့တယ်ဆိုပဲ။ ပင်တာဂွန်စစ်ဌာနချုပ်ကြေညာချက်မှာတော့ စီးပွားရေးကျဆင်းမှုနဲ့ အလုပ်လက်မဲ့ တိုးများလာမှုတို့ကြောင့်ရော၊ တခြားမက်လုံး စတာတွေကြောင့်ပါ ပိုများတဲ့ လူငယ်တွေဟာ ...</u>



# ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးကပ်

မောင်သန်းမြရွှေ

လွန်ခဲ့တဲ့ ဆယ်စုနှစ် ၂ ခုအတွင်း ကမ္ဘာ့မှုပြုခြင်းကို ဦးဆောင်လာခဲ့တဲ့ နိုင်ငံတကာဘဏ္ဍာအရင်းရဲ့ လောလောဆယ်ဖြစ်ပေါ်နေတဲ့ ကပ်ဆိုက်မှုဟာ ၁၉၂၉ စီးပွားပျက်ကပ်ကြီး အပါအဝင် ယခင်ပေါ်ခဲ့ဖူးတဲ့ကပ်များထက် ပိုမိုနက်ရှိုင်းတယ်လို့ အများက တွက်ဆကြတယ်။ ကပ်ဟာ ဆက်လက်ဖြစ်ပေါ်နေပြီး သူ့ရဲ့ ကျယ်ပြန့်နက်ရှိုင်းမှုကို အတန်ကြာတဲ့အထိ ခံစားရပါဦးမယ်။

ကပ်အတွင်း လန့်နိုးလာတဲ့ အရင်းရှင်စနစ်ဟာ ရေကြီးရေလျှံလာတဲ့အခါ နိုင်ငံပိုင်ပြုမှုဆိုတဲ့ ရွက်သဘော်ကို လွှင့်လာတယ်။ ဒါဟာ ယခင်ဆိုဗီယက်ယူနီယံအတွက် အံ့ဖွယ်ပါပဲ။ ကပ်ဆိုက်နေတဲ့ အရင်းရှင်စနစ်ကို ကာကွယ်ဖို့ သူတို့ရဲ့ နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုဆိုတာကို သဘောတရားအရ မကာကွယ်တော့ဘဲ သူတို့ချီးမွမ်းခန်းဖွင့်ခဲ့တဲ့ ပုဂ္ဂလိကအရင်းရဲ့ ထည်ဝါမှုနဲ့ ရောင်ခြည်ကွန့်နေတဲ့ သူတို့ရဲ့ ဘုရားသခင်ဖြစ်တဲ့ ဈေးကွက်တို့ကို အကြင်နာကင်းစွာ စွန့်ပစ်လိုက်ကြတယ်။

ခေတ်သစ်ပုဂ္ဂလိကပိုင်ပြုမှုရဲ့ ရှေ့တော်ပြေးဖြစ်တဲ့ ဗြိတိန်ဟာ ယခုအခါ သူ့ရဲ့ဘဏ်လုပ်ငန်းအများစုကို ဆိုရှယ်လစ်ပိုင် Socialized ပြုလာတယ်။ (တချိန်က မာဂရက်သက်ချာပြောတဲ့ "စီးပွားရေးလုပ်ငန်းထဲ ပါဝင်ပတ်သက်မှုဆိုတာ အစိုးရရဲ့ အလုပ်မဟုတ်ဘူး"ဆိုတဲ့ စကားကို ပြန်သတိရမိပါတယ်။) အမေရိကန်ပြည်ထောင်စုက ဘဏ္ဍာရေးစနစ် ပြန်မတ်လာဖို့ အခွန်ထမ်းပြည်သူတို့ရဲ့ ငွေပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံ (၁ ထရီလီယံ = ၁၀၀၀ ဘီလီယံ၊ ၁ ဘီလီယံ = သန်း ၁၀၀၀) ကို သုံးစွဲတယ်။ ပြင်သစ်သမ္မတ နီကိုလပ်စ် ဆာကိုဇီက "လွတ်လပ်ဈေးကွက် Laissez-faire နိဂုံးတံသွားပြီလို့ ပြောတယ်။

ဒီနေရာမှာ ဆန့်ကျင်ဘက်အမှန်တရား Paradox တရပ်ပေါ်လာတယ်။ လောလောလတ်လတ် ကပ်မှ အရင်းရှင်စနစ်ကို ကယ်တင်ဖို့ အစိုးရများက ပိုမိုစွက်ဖက်လာတယ်။ ဒါပေမဲ့ ဒါဟာ အပေါ်ယံအခြင်းအရာပဲဖြစ်တယ်။ အရင်းရှင်စနစ်ဟာ ပုဂ္ဂလိကအမြတ်ကို အမြဲတမ်း အကာအကွယ်ပေးပြီး လမ်းချဲ့သွားမှာပဲ ဖြစ်တယ်။

ဒီကပ်ဟာ လတ်တလော ဆယ်စုနှစ်များအတွင်း ပေါ်ပေါက်လာတဲ့ ကမ္ဘာ့မှုပြုခြင်းရဲ့ မလွှဲရှောင်နိုင်တဲ့ နောက်ဆက်တွဲ အကျိုးဆက်ပဲ ဖြစ်တယ်။

လစ်ဘရယ်လက်သစ် (နီယိုလစ်) သဘောတရားနဲ့ ထောက်ကူထားတဲ့ ကမ္ဘာ့မှုပြုခြင်းဆိုတာဟာ ရောမအတိုင်းအတာနဲ့ အရင်းစုပုံမှု (အရင်းရှင်စနစ် ဖွံ့ဖြိုးလာတာနဲ့အမျှ အရင်းစုစည်းမှုနဲ့ စုပုံမှုဖြစ်လာတာဟာ တရားပါပဲ)။ ထိုမှ ဘဏ္ဍာအရင်း ကမ္ဘာဖြန့်ကျက် လွှမ်းပတ်လာမှု ကြီးထွားလာခြင်းပဲဖြစ်တယ်။

သူ့မှာ ထူးခြားချက်တွေ ရှိတယ်။ မျက်မှောက်ဖြစ်စဉ်ဟာ အမျိုးသားနိုင်ငံတခုကို အခြေခံတဲ့ ဘဏ္ဍာအရင်းနဲ့ ပြိုင်ဘက်အမျိုးသား နိုင်ငံတခုရဲ့ ဘဏ္ဍာအရင်းတို့ အတိုက်အခံဖြစ်တာမဟုတ်ဘူး။ ဘဏ္ဍာအရင်းဟာ အမျိုးသားနိုင်ငံဘောင်ကို ကျော်လွှန်သွားပြီ ဖြစ်တယ်။ (ဒါဟာ တချို့ပြောကြသလို အမျိုးသားနိုင်ငံတရပ်ရဲ့ အချုပ်အခြာအာဏာ ကွယ်ပျောက်သွားပြီဆိုတဲ့ သဘောမဟုတ်ဘူး)။

မည်သို့ပင်ဖြစ်စေ ဂရုပြုရမယ့်အချက်က မျက်မှောက်ခေတ် ဘဏ္ဍာအရင်း ရှေ့ဆောင်နိုင်ငံကြီးများက အလွှမ်းမိုးခံ တသီးပုဂ္ဂလိကနိုင်ငံများအပေါ် အမြတ်ထုတ်သွေးစုပ်နေခြင်းပဲဖြစ်တယ်။

ဒါ့အပြင် ဒီဘဏ္ဍာအရင်းဟာ စီးပွားဖွံ့ဖြိုးရေးကို ဦးတည်တဲ့ စက်မှုအရင်းနဲ့ ပေါင်းစပ်ရမယ့်အစား အလျင်အမြန် အမြတ်ထွက်နိုင်မယ့် ရင်းနှီးမြှုပ်နှံမှုများကို ရှာကြံဖို့ ပိုမိုစိတ်စောနေတယ်။ ဒါကြောင့် ၎င်းဟာ ကပ်ပါးအဖြစ် ပွားစီးလာပြီး အစစ်အမှန်ဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးဆုတ်ယုတ်စေပါတယ်။

ပြီးခဲ့တဲ့ ဆယ်စုနှစ်များက ရှေ့တန်းရောက် နိုင်ငံကြီးများအတွင်း နှိုင်းယှဉ်ခြင်းအရ ဖွံ့ဖြိုးမှုနှုန်းနိမ့်ပြီး အလုပ်လက်မဲ့နှုန်း မြင့်ရခြင်းရဲ့အကြောင်းရင်းကို ရှင်းပြရာမှာ ဒီဘဏ္ဍာအရင်း ကြီးထွားလာမှုက အရေးကြီးတဲ့ အပိုင်းကပါဝင်တယ်။ အကြောင်းက နိုင်ငံတကာ ငွေကြေးဈေးကစားသူများ (ရဲ့အရင်းအနှီး)ကို ချော့မြှူဆွဲဆောင်ဖို့ အပြိုင်အဆိုင် အခွန်နှုန်းထားလျှော့ကာ ဘဏ္ဍာရေးလိုငွေ ထိန်းချုပ်တာတွေ လုပ်ကြတယ်။ ဒီလိုနဲ့ အစိုးရများက အသုံးစရိတ်လျှော့ချတဲ့အတွက် အလုပ်အကိုင်နဲ့ ပြည်တွင်းဝယ်လိုအား ကျဆင်းပြီး ဖွံ့ဖြိုးမှုနှုန်း နိမ့်ပါးရတယ်။

ဒီလိုနဲ့ ရှေ့တန်းရောက် နိုင်ငံကြီးများဟာ တတိယကမ္ဘာ နိုင်ငံများရဲ့ စီးပွားရေးအပေါ် စားကျက်သစ်ပြောင်းဖို့ ရှာကြံလာကြတယ်။ လစ်ဘရယ်

လက်သစ်ပေါ်လစီက ဘဏ္ဍာအရင်း နိုင်ငံတကာ အတိုင်းအတာနဲ့ လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်ဖို့အတွက် အတားအဆီးများ ဖယ်ရှားပေးဖို့ တောင်းဆိုတယ်။တဆက်တည်း နိုင်ငံတကာအလုပ်ခွဲဝေမှုသဏ္ဍာန်သစ်ကိုလည်း တောင်းဆိုတယ်။ ဒီတကြိမ်မှာတော့ တိုက်ရိုက်ကိုလိုနီနယ်မြေ သိမ်းပိုက်ခြင်းနည်း မဟုတ်တော့ဘဲ တတိယကမ္ဘာရဲ့စီးပွားရေးကို ၎င်းတို့ရဲ့နောက်မြီးဆွဲအဖြစ် အတင်းအကျပ်သွတ်သွင်းတဲ့နည်း ဖြစ်တယ်။ ဒါဟာ စီးပွားပျက်ကပ်ဖြစ်ပေါ်စေတဲ့ အခြေခံအကြောင်းအရင်းပဲ ဖြစ်တယ်။

ကမ္ဘာ့မှုပြုခြင်းရဲ့ အရေးကြီးတဲ့ ထူးခြားချက်နှစ်ရပ်ကို သိထားမှ လတ်တလောကပ်ကို နားလည်နိုင်မယ်။ ပထမအချက် – ချမ်းသာနိုင်ငံကောဆင်းရဲနိုင်ငံပါ၊ ၎င်းတို့အတွင်း ဆင်းရဲချမ်းသာကွာဟမှု၊ ချမ်းသာနိုင်ငံနဲ့ ဆင်းရဲနိုင်ငံအကြား ဆင်းရဲ – ချမ်းသာ ကွာဟမှု။ ဒုတိယအချက် – ကမ္ဘာ့မှုပြုခြင်းရဲ့ “အလုပ်အကိုင်မရှိဘဲကြီးထွားခြင်း”ဆိုတဲ့ ထူးခြားခြင်းရာတို့ ဖြစ်တယ်။ ဘာလို့ ဒီလိုဖြစ်ရသလဲဆိုတော့ လူသားအရင်းအမြစ်စွမ်းရည် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံရမည့်အစား တည်မြဲတဲ့ အမြင့်မားဆုံးအမြတ်အစွန်း ရရှိရေးအတွက် လူသားလုပ်အားနေရာမှာ အစားထိုးဖို့ နည်းပညာဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံကြလို့ပဲ ဖြစ်တယ်။ ဒီကာလအတွင်း ကမ္ဘာ့အတိုင်းအတာအရ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်မှုဟာ ပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှု တန်ဖိုး GDP ထက် အမြဲတမ်းနိမ့်နေတယ်။

ဒီထူးခြားချက်နှစ်ရပ် ပေါင်းလိုက်တဲ့အခါ ကမ္ဘာ့လူဦးရေအများစုကြီးရဲ့ ဝယ်လိုအားလျော့နည်းသွားတယ်။ ဒီအခါ ထုတ်လုပ်လိုက်တဲ့ ပစ္စည်းများရောင်းလို့မရတော့တဲ့အတွက် အရင်းရှင်စနစ်ဟာ မလွဲမရှောင်သာ ကပ်ဆိုက်တော့တယ်။ ဒီအခြေအနေအောက်မှာ အရင်းရှင်စနစ်ဟာ သူ့ရဲ့ အမြတ်ရချိန်ကို ထိန်းထားရေးအတွက် ပြည်သူအများကို ငွေချေးဖို့ အားပေးအားမြှောက်ပြုခြင်းဖြင့်၊ ၎င်း(မြီစား)တို့ရဲ့ သုံးစွဲမှုကြောင့် စီးပွားရေးလှုပ်ရှားထကြွမှုကို ထိန်းသိမ်းဖို့ လုပ်ဆောင်တယ်။ ဘယ်လိုပဲဖြစ်စေ ကြွေးဆပ်ချိန် ရောက်တဲ့အခါ (မဆပ်နိုင်) ပျက်ကွက်တော့တယ်။

အမေရိကားမှာ ဒီအတိုင်းဖြစ်ခဲ့တယ်၊ ကြီးမားတဲ့အတိုင်းအတာနဲ့ ကြွေးဆပ်ရန်ပျက်ကွက်မှုကြောင့် အတိုးလျှော့ချေးငွေ အကျပ်အတည်း (sub - Prime crisis) ပေါ်ပေါက်တယ်။ (အတိုးလျှော့ချေးငွေ sub - prime ဆိုတာ ငွေချေးချင်အောင် သွေးဆောင်တဲ့အနေနဲ့ ပုံမှန်ထက်လျှော့တဲ့ အတိုးနှုန်းနဲ့ ငွေချေးပြီး နောက်မှ အတိုးနှုန်းပြန်မြှင့်တာ သို့မဟုတ် မရေရာတဲ့တန်ဖိုးအပေါ် အခြေခံပြီး ငွေချေးပေးတာတို့ကို ဆိုလိုတယ်။)

ကြွေးဆပ်ဖို့ ပျက်ကွက်တာဟာ ရုတ်တရက်ဖြစ်လာတာ မဟုတ်ဘူး။ အောက်တိုဘာ ၁၂၊ ၂၀၀၇ The Wall Street Journal က ယခုလို ဖော်ပြတယ်။ ၂၀၀၅ တွင် အမေရိကန် အချမ်းသာဆုံး ၁% က ဝင်ငွေအားလုံးရဲ့ ၂၁ ဒသမ ၂ % ကို ရရှိတယ်။ ဒါဟာ ၁၉ % (၂၀၀၄) ထက် ပိုများပြီး

ယခင်အမြင့်ဆုံး ၂၀ ဒသမ ၈ (၂၀၀၀) ထက်လည်း ပိုများတယ်။ ဒါနဲ့ ပြောင်းပြန်အောက်ခြေ ၅၀ %ရဲ့ ဝင်ငွေဟာ ဝင်ငွေအားလုံး ရဲ့ ၁၂ ဒသမ ၈ % (၂၀၀၅)၊ ၁၃ ဒသမ ၄ % (၂၀၀၄)နဲ့ ၁၃ % (၂၀၀၀) တို့ ဖြစ်တယ်။ မညီမျှမှုကြီးထွားလာတဲ့ အကျိုးဆက်ကြောင့် Merrill Lynch ရဲ့ အဆိုအရ ၂၀၀၈–၀၉ အတွင်း စားသုံးသူသုံးစွဲမှု အမေရိကန်ဒေါ်လာ ၃၆၀ ဘီလီယံ ကျဆင်းသွားတယ်။

မြင့်မားတဲ့ အမြတ်အစွန်းရရေးအတွက် အရင်းဟာ ကုန်စည်သစ်များ အဆက်မပြတ်ဖန်တီးပြီး ဈေးကွက် ချဲ့ထွင်တယ်။ မာ့က်စ် ပြောခဲ့သလိုပဲ "ထုတ်လုပ်ရေးဟာ လူသားလိုအင်အတွက် ရုပ်ဝတ္ထုကိုသာ ဖန်တီးတာမဟုတ်ဘူး၊ ရုပ်ဝတ္ထုအတွက် လူသားလိုအင်ကိုလည်း ဖန်တီးတယ်"။ မျက်မှောက်ခေတ် ကြော်ငြာလုပ်ငန်းဟာ ဒါကို သက်သေခံနေတယ်။ နိုင်ငံတကာဘဏ္ဍာအရင်းရဲ့စိုးမိုးမှုအောက်မှာ အရင်းရှင်စနစ်ဟာ ဘဏ္ဍာရေးကုန်စည်သစ်များ ဖန်တီးတယ်။ ဒီအထဲက တခုကတော့ မျက်မှောက်ကပ်ကို ဖြစ်ပေါ်စေတဲ့ ဆင့်ပွားအရောင်းအဝယ် derivatives များပဲ ဖြစ်တယ်။

ဆင့်ပွားအရောင်းအဝယ် derivatives ဟာ အရိပ်ဘဏ္ဍာရေးဖြစ်ပြီး အနာဂတ်အတွက်၊ အခြားရွေးစရာအတွက် ရှေ့ကိုမျှော်ပြီး ရောင်းဝယ်တဲ့ အရောင်းအဝယ်များဖြစ်တယ်။ အကယ်၍ တစုံတယောက်ဟာ စတော့ဈေးကွက်ထဲက ရှယ်ယာတခုကို ရောင်းတာဝယ်တာဟာ အစစ်အမှန်ရောင်းဝယ်တာဖြစ်တယ်။ အကယ်၍ တစုံတယောက်ဟာ ရှယ်ယာတခုကို ဝယ်မလား မဝယ်ဘူးလားဆိုတဲ့ ရွေးချယ်စရာကို ဝယ်တာရောင်းတာဆိုရင် ဒါဟာ derivatives ဆင့်ပွားအရောင်းအဝယ် ဖြစ်တယ်။ ရွေးချယ်စရာကို ရောင်းသူဟာ ယုံချင်ယုံ မယုံချင်နေ အဲဒီရှယ်ယာကို ပိုင်စရာမလိုဘူး။ အလားတူ ဝယ်သူကလည်း အဲဒီရှယ်ယာအတွက် ငွေအပြည့်ပေးစရာ မလိုဘူး။

Bank of International Settlement ရဲ့ ၂၀၀၈ စက်တင်ဘာ ထုတ်ပြန်ချက်အရ derivatives ဆင့်ပွားအရောင်းအဝယ် ပမာဏဟာ ကြောက်ခမန်းလိလိ အမေရိကန်ဒေါ်လာ ၆၀၀ ထရီလီယံ ကျော်တယ်။ ဒါဟာ ၂၀၀၂ က အမေရိကန်ဒေါ်လာ ၁၀၀ ထရီလီယံထက်စာရင် အများကြီး တိုးပွားလာတာ ဖြစ်တယ်။ ဒီအရိပ်စီးပွားရေးဟာ ကမ္ဘာ့ GDP (အမေရိကန်ဒေါ်လာ ၅၀ မှ ၆၀ ထရီလီယံ)ထက် ၁၀ ဆမှ ၁၂ ဆအထိ ကြီးမားပြီး ကမ္ဘာ့စတော့ဈေးကွက်အတွင်း အစစ်အမှန်ရောင်းဝယ်တဲ့ ပမာဏ ဖြစ် ပြီး၊ ပြင်ပမှာရောင်းဝယ်နေတဲ့ ဆင့်ပွားများ derivatives အပါအဝင် ဘဏ္ဍာဈေးကွက်အတွင်း (ဒိုင်တွင်းဒိုင်ပြင်) စုစုပေါင်းရောင်းဝယ်မှုပမာဏဟာ ကမ္ဘာ့ GDP ထက်အဆ ၄၀ များတယ်။ ဒီဘဏ္ဍာရေးဈေးကစားမှု ပူဖောင်းဟာ အတိုင်းအဆမရှိ ဖောင်းပွကာ နောက်ဆုံး ပေါက်ကွဲတော့တာပဲ။

ကပ်ဆိုက်ရတဲ့ အကြောင်းရင်းကို ခွဲခြမ်းစိတ်ဖြာကြည့်ရာမှာ (အရင်းရှင်စနစ်ရဲ့ စနစ်တကျ အမွေဆက်ခံလာတဲ့ လှုပ်ရှားမှုသတ္တိကို မှန်ဝါးဝါး

သာ ရှင်းပြကြပြီး) လူတချို့ရဲ့ လောဘရမက်ကြောင့်၊ ကျင့်ဝတ်သိက္ခာ ချိုးဖောက်မှုကြောင့် (နိုဘယ်ဆုရှင် ပေါလ်ရမင်)၊ ပွင့်လင်းထင်သာမရှိမှုကြောင့်၊ စည်းမျဉ်းစည်းကမ်း ယန္တရားချို့တဲ့မှုကြောင့်၊ အကြွေးပေးအေဂျင်စီများရဲ့ ညံ့ဖျင်းမှုကြောင့် စသဖြင့် ဆိုကြတယ်။

မာ့က်စ်ရဲ့ "အရင်းကျမ်း" စက်မှုအရင်းရှင်နိုင်ငံများရဲ့ မူလဘူတ ဆိုတဲ့အခန်း နိဂုံးပိုင်းတွင် "အရင်းဟာ ခြေဆုံးခေါင်းဆုံး မွေးညှင်းပေါက်များမှ တဆင့် သွေးနဲ့အညစ်အကြေးများ တစက်ချင်းသွင်းရာမှ ပေါက်ဖွားလာတယ်"။ ဒီအချက်ကို အထောက်အထားပြုတဲ့အနေနဲ့ အလုပ်သမားသမဂ္ဂခေါင်းဆောင် TJ Durninl ရဲ့ အပြောကို အောက်ခြေမှတ်စုမှာ ယခုလို ကိုးကားဖော်ပြတယ်။

"လုံလောက်တဲ့ အမြတ်အစွန်းရဖို့ဆိုရင် အရင်းဟာ အကြောက်အလန့်ကင်းတယ်။ ၁၀% အမြတ်အစွန်းရရင် နေရာတကာမှာ အလုပ်ခန့်တယ်။ ၂၀ % အမြတ်ရရင် အားတက်သရော ရှိတယ်။ ၅၀% အမြတ်ရရင် မျက်နှာပြောင်တိုက်တယ်။ ၁၀၀%သာ မြတ်မယ်ဆိုရင် လူသားဥပဒေသ အားလုံးကို နင်းချေပစ်တယ်။ ၃၀၀%သာ မြတ်မယ်ဆိုရင် အစဉ်းစားအဆင်ခြင်ကင်းမဲ့ပြီး ရာဇဝတ်မှုကျူးလွန်တာ၊ ထွက်ပြေးရမယ့်စွန့်စားမှုလုပ်တာတင်မက အခွင့်သာရင် သူ့သခင်ကိုတောင် စက်တိုင်ပို့တယ်"။

ဒါဟာ အရင်းရဲ့ ဘာပဲဖြစ်နေနေ အများဆုံးအမြတ်အစွန်းရလိုမှု ရောဂါလက္ခဏာဖြစ်တယ်။ ပုဂ္ဂလိကလောဘရမက်တို့ စည်းမျဉ်းစည်းကမ်း ယန္တရားအားနည်းမှုတို့ဆိုတာတွေဟာ လက်ရှိကပ်ရဲ့ အရင်းခံအကြောင်းမဟုတ်ဘူး။

အကယ်၍ အမြတ်အစွန်းကို ထုတ်လုပ်ရေးစွမ်းရည် ကြီးထွားအောင် ပြန်လည်အသုံးပြုရင် အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာစေပြီး အများပြည်သူသုံးစွဲမှုအား မြင့်တက်လာကာ ပိုကြီးတဲ့ဝယ်လိုအား ဖြစ်ပေါ်လာစေပါတယ်။ ဒီလိုနည်းနဲ့ စက်မှုထွန်းကားပြီး စစ်မှန်တဲ့ စီးပွားရေးကြီးထွားမှုကို တွန်းဆော်ပေးတယ်။ နိုင်ငံတကာဘဏ္ဍာအရင်း ရောမစုပုံမှုဟာ အရင်းရှင်စနစ်ရဲ့ သန္ဓေပါတရားအရ အထက်ပါဖြစ်စဉ်ကို မလုပ်ဆောင်ပဲ ငွေကြေးဈေးကစားခြင်းဖြင့် မတရားအမြတ်အစွန်းရအောင် လုပ်ဆောင်လို့ဖြစ်တယ်။ အထက်ပါဖြစ်စဉ်ကို သုတ်သင်ဖယ်ရှားပြီး ဘဏ္ဍာရေးဈေးကစားမှု ပူဖောင်းနဲ့ ရစ်ပတ်တုပ်နှောင်လိုက်တယ်။ ဒါဟာ လက်ဝါးကြီးအုပ်အရင်း ကြီးထွားလာပြီး လွတ်လပ်စွာပြိုင်ဆိုင်မှုကို အပြီးပိုင် သုတ်သင်ဖယ်ရှားပစ်လိုက်ပုံခြင်းနဲ့ အတူတူပါပဲ။

၁၉၃၀ စီးပွားပျက်ကပ်က ဖက်ဆစ်ဝါဒ ကြီးထွားပေါ်ပေါက်အောင် လမ်းခင်းပေးလိုက်တာကို ပြန်အမှတ်ရဖို့ လိုတယ်။ ကမ္ဘာတဝန်း လုပ်ဆောင်နေတဲ့ ကယ်မရေးအစီအစဉ်များ (bail out packages) ဟာ ဆန့်ကျင်ဘက်အကျိုးသက်ရောက်နေတယ်။ Newyork Times သတင်းစာကတောင် မနေ

သာဘဲ အမေရိကန်ဒေါ်လာ ဘီလျံ ၇၀၀ ကယ်မရေးအစီအစဉ်ဟာ “ဘဏ်ရှင်းတမ်းတွေ ကောင်းအောင် ကူညီတာပဲဖြစ်တယ်” “အမေရိကန်ပြည်ထောင်စုအတွင်း ထူးခြားတဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက် ချေးငွေသစ်များ ရအောင် ထောက်ပံ့တာမျိုး မရှိဘူး”။ အဲဒီကယ်မရေးများဟာ ကပ်ကို ဖန်တီး တဲ့ ဘဏ္ဍာအရင်းကို ကယ်ဆယ်တာဖြစ်ပြီး၊ ဆုတ်ယုတ်ကျဆင်းမှုကို တားဆီး နိုင်မှာမဟုတ်ဘူး။ အလုပ်လက်မဲ့သန်းပေါင်းများစွာ တိုးပွားလာတော့မှာ ဖြစ်တယ်။

ကားလ်မာ့က်စ်ရဲ့ အရင်းရှင်စနစ်အပေါ် စူးရှထက်မြက်တဲ့ ခွဲခြမ်းစိတ်ဖြာမှုဟာ မှန်ကန်ကြောင်း နောက်တကြိမ် ထပ်မံသက်သေပြလိုက်ပါပြီ။ ကွန်မြူနစ်တွေဟာ ဒီအရင်းရှင်စနစ်ကပ်ဆိုက်မှုကြောင့် သန်းပေါင်းများစွာသော ကြေကွဲဖွယ် ပျက်စီးဆုံးရှုံးနစ်နာကြရတဲ့ ပြည်သူများရဲ့ ဒုက္ခစာခံဖြစ်ရမှုကို ကျေနပ်အားရနေကြတာ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ကမ္ဘာကြီးကို အသစ်တဖန်ပြောင်းလဲဖို့ ကြိုးပမ်းအားထုတ်ကြရမှာ ဖြစ်တယ်။

Sitaram Yechury (အိန္ဒိယ) ရဲ့ ဇန်နဝါရီ ၁၁၊ ၂၀၀၉ ဟောပြောချက်မှ “မျက်မှောက်အရင်းရှင်စနစ်” အပိုင်းကို ကောက်နုတ်ပြန်ဆိုပါတယ်။

source: Yechury’s Lecture on Global Financal Crisis. People’s Democracy. January 18, 2009.

မောင်သန်းမြရွှေ

<u>ကားလ်မာ့က်စ်ရဲ့ အရင်းရှင်စနစ်အပေါ် စူးရှထက်မြက်တဲ့ ခွဲခြမ်းစိတ်ဖြာမှုဟာ မှန်ကန်ကြောင်း နောက်တကြိမ် ထပ်မံသက်သေပြလိုက်ပါပြီ။ ကွန်မြူနစ်တွေဟာ ဒီအရင်းရှင်စနစ် ကပ်ဆိုက်မှုကြောင့် သန်းပေါင်းများစွာသော ကြေကွဲဖွယ် ပျက်စီးဆုံးရှုံးနစ်နာကြရတဲ့ ပြည်သူများရဲ့ ဒုက္ခစာခံဖြစ်ရမှုကို ကျေနပ်အားရနေကြတာ မဟုတ်ဘူး။</u>

ရဲဘော်ရှုယဉ်

## အိုဘားမားရဲ့ သံလွင်ခက်

၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ စပြီး အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ အိုဘားမားဟာ ကမ္ဘာတဝန်းမှာ သူ့ရဲ့သံခင်းတမန်ခင်းသစ်ချဉ်းကပ်မှုတွေကို တက်တက်ကြွကြွ လုပ်ဆောင်နေပါတယ်။ အထူးသဖြင့် သမ္မတဘုရှ်လက်ထက် ၂၀၀၁ စက်တင်ဘာ ၁၁ ရက် အရေးအခင်းအပြီးကစလို့ အကျိုးဆက်အဖြစ် ပေါ်ပေါက်ခဲ့ရတဲ့ စစ်ပွဲ ၂ ပွဲရဲ့ ဂယက်ရိုက်ခတ်မှုအနေနဲ့ ရရှိခဲ့တဲ့ မွတ်စလင်ကမ္ဘာရဲ့မုန်းတီးမှုကို ပြေလည်အောင် အစွမ်းကုန် ကြိုးပမ်းနေတာ တွေ့ရပါတယ်။ သူ့ရဲ့နိုင်ငံခြားခရီးစဉ်တွေမှာလည်း မွတ်စလင်နိုင်ငံတွေကို ဦးစားပေးသွားရောက်လည်ပတ်နေပြီး အဲဒီနိုင်ငံတွေက အလယ်အလတ်ဝါဒီမွတ်စလင်တွေ (တိုးတက်တဲ့အတွေးအခေါ်၊ အနောက်တိုင်း အတွေးအခေါ်တွေဘက် တိမ်းညွတ်သူများ)ကို စည်းရုံးမှုတွေ လုပ်ဆောင်နေပါတယ်။ ဥပမာအားဖြင့် အီရန်အနုမြူကိစ္စမှာ ကြိုတင်သတ်မှတ်ချက်တွေမပါတဲ့ အစ စည်းအဝေးများ လုပ်ဆောင်ရန်၊ ပါလက်စတိုင်းနိုင်ငံ ထူထောင်တာကို ထောက်ခံတာ စတာတွေမှာ တွေ့နိုင်ပါတယ်။

ဒါတွေကို အိုဘားမား ဘာကြောင့်လုပ်နေရတာလဲ။

ပထမအချက်ကတော့ စီးပွားရေး အခြေအနေတွေကြောင့်ပါ။

အမေရိကန်ဟာ အခုအချိန်မှာ နှစ်ဆယ်စုနှစ်များစွာအတွင်း အဆိုးဝါးဆုံး စီးပွားပျက်ကပ်ထဲ ဆိုက်ရောက်နေပါတယ်။ အဲဒီစီးပွားပျက်ကပ်ထဲက လွတ်မြောက်နိုင်ဖို့အတွက် အိုဘားမားအစိုးရအနေနဲ့ အမေရိကန်စီးပွားရေးအပေါ် ယုံကြည်မှု ပြန်လည်ရနိုင်ဖို့ စီးပွားရေးမက်လုံးပေး လှုံ့ဆော်မှုလုပ်ငန်းတွေ လုပ်ဆောင်လာရပါတယ်။ အဲဒီအခြေအနေအောက်မှာ နိုင်ငံတကာရဲ့ထောက်ခံမှုကို အကျယ်အပြန့်ရရှိထားတဲ့ နိုင်ငံခြားရေးမူဝါဒတရပ် ဖော်ဆောင်ဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် အမေရိကန်တွေအပေါ် နာကျည်း

မုန်းတီးနေကြတဲ့ မွတ်စလင်ကမ္ဘာနဲ့ ပြန်လည်သင့်မြတ်လာရေးဟာ အိုဘား မားအစိုးရအတွက် အလိုအပ်ကြီးလိုအပ်နေပါတယ်။ ဒီအချိန်မှာ နိုင်ငံတကာ အ ခင်းအကျင်းမှာ ရန်လိုမှုတွေ လျော့ပါးလာရေးဟာ အိုဘားမားအတွက် ရွေး ချယ်မှုတခု ဖြစ်လာပါတော့တယ်။

ဒုတိယကတော့ စစ်ရေးအခြေအနေပါ။

သမ္မတဘုရှ်လက်ထက်မှာ ဖန်တီးစတင်ခဲ့တဲ့ အာဖဂန်နစ္စတန်စစ်ပွဲနဲ့ အီရတ်စစ်ပွဲတွေဟာ အမေရိကန်များအတွက် အလွန့်ကို နစ်နာစေပါတယ်။

ဒီစစ်ပွဲများကြောင့် အမေရိကန်စစ်သားတွေ အထိအခိုက် အကျအဆုံးများရုံမက စီးပွားရေးလည်း အထိနာလျက်ရှိပါတယ်။ ပိုဆိုးဝါးတာကတော့ အမေရိကန်နိုင်ငံရဲ့ နိုင်ငံတကာ့ပုံရိပ်ပါ။ မွတ်စလင်များရဲ့ အမေရိကန် အပေါ်အမြင်ဟာ ကြောက်ဖွယ်လိလိ ဆိုရွားသွားခဲ့တယ်။ (ဥပမာ– ဖေဖော်ဝါရီလက ထုတ်ပြန်ခဲ့တဲ့ ဘီဘီစီရဲ့စာရင်းကောက်ယူချက်တရပ်မှာ ပါကစ္စတန်လူမျိုး ၁၂ %ကပဲ အမေရိကန်တွေကို အကောင်းမြင်ပြီး ၆၉ % ကတော့ အဆိုးမြင်ပါတယ်။)

ဒါကြောင့် စစ်ရေးအရရော၊ နိုင်ငံရေးအရပါ နစ်နာဆုံးရှုံးနေရတဲ့ ဒီ စစ်ပွဲများက အမေရိကန်တွေ ဂုဏ်သိက္ခာရှိရှိ နောက်ဆုတ်ချင်နေကြပါပြီ။

ဒါကြောင့်ပဲ အိုဘားမားအနေနဲ့ မွတ်စလင်ကမ္ဘာက တဖက်စွန်း ရောက်သူများ (စစ်ပွဲများမှာ အမာခံတိုက်နေသူများ)နဲ့ အလယ်အလတ်ဝါဒီ များ (စစ်ပွဲကို တစုံတရာ ထောက်ခံချက်ပေးနေသူများ)ကို ခွဲထုတ်ပစ်လိုပါ တယ်။ ဒါကြောင့်ပဲ မွတ်စလင်များအပေါ် တစုံတရာ ပျော့ပျောင်းတဲ့ ပေါ်လစီ ကို အိုဘားမား ချမှတ်လာဖြစ်ပါတယ်။

တတိယကတော့ သံခင်းတမန်ခင်းအခြေအနေပါ။

လစ်ဘရယ်ဒီမိုကရက်တဦးဖြစ်တဲ့ အိုဘားမားဟာ သံခင်းတမန်ခင်း မှုတွေမှာ သမရိုးကျ ရီပတ်ဘလစ်ကင်တဦးဖြစ်တဲ့ ဘုရှ်နဲ့ အခြေခံအားဖြင့် ကွဲလွဲခြားနားပါတယ်။ ဘုရှ်က တဦးတည်းဗိုလ်ကျရေးပေါ်လစီပေါ် ရပ်တည်ပြီး လက်ဦးမှုယူဖြေရှင်းတဲ့ လုပ်ဟန်တွေကို လုပ်ဆောင်တတ်သူပီပီ မရေမရာ မ သေချာတဲ့ ခြိမ်းခြောက်မှုတွေကို ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်ဖြေရှင်းတတ် ပါတယ်။ ဒါတွေကြောင့်ပဲ မွတ်စလင်တွေရဲ့မုန်းတီးရန်လိုမှုနဲ့အတူ အမေရိကန် ရဲ့ နိုင်ငံတကာ့ပုံရိပ် ဆိုးရွားသွားရခြင်း ဖြစ်ပါတယ်။

ဒါကို "အပြောင်းအလဲလုပ်ရန်"ဆိုတဲ့ကြွေးကြော်သံနဲ့ တက်လာတဲ့ အိုဘားမားဟာ ယခင်သမ္မတဟောင်းများဖြစ်ကြတဲ့ ဂူးဒရိုးဝီလဆင်၊ ဖရင်က လင် ရုစဗဲ့နဲ့ ဂျွန်ကနေဒီတို့ရဲ့ ပျော့ပျောင်းတဲ့ နိုင်ငံခြားရေးရာဗျူဟာတွေကို လက်ခံကျင့်သုံးပြီး၊ အထူးသဖြင့် ဟားဗတ်တက္ကသိုလ်က ပါမောက္ခဂျိုးဇက် နိုင်း တင်သွင်းတဲ့ (smart power) ပါဝါအပျံစားဆိုတဲ့ယူဆချက်ကို သူ့ အစိုးရရဲ့ နိုင်ငံခြားရေးမဟာဗျူဟာအဖြစ် လက်ခံလုပ်ဆောင်လိုက်ပါတယ်။

အဲဒီ (smart Power) ဆိုတာကို ဟီလရီကလင်တန် (အိုဘားမား အစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီး)က အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။

"ကျွန်မတို့ဟာ (Smart power)လို့ ခေါ်ဆိုကြတဲ့အရာကို အသုံးပြုရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ ကျွန်မတို့အသုံးပြုနိုင်တဲ့အင်အားတွေ – သံခင်းတမန်ခင်း၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊ တရားဥပဒေရေးနဲ့ ယဉ်ကျေးမှုရေးရာ စတာတွေကို အသုံးပြုရမှာပါ။ လိုအပ်တဲ့အခြေအနေနဲ့ အကိုက်ညီဆုံး အင်အားတရပ် သို့မဟုတ် ပေါင်းစပ်အင်အားတွေကို သုံးရမှာပါ။ ကျွန်မတို့ဟာ မိမိတို့ရဲ့ မိတ်ဆွေတွေကိုရော ရန်သူတွေကိုပါ ဒီနည်းနာတွေ သုံးရမှာဖြစ်ပြီး မဟာမိတ်ဟောင်းတွေကို ပိုမိုခိုင်မာတောင့်တင်းစေပြီး မဟာမိတ်အသစ်တွေကိုလည်း ဖွဲ့စည်းရပါလိမ့်မယ်"တဲ့။

ဒီအချက်တွေကတော့ အိုဘားမား ဘာကြောင့် မွတ်စလင်ကမ္ဘာကို သံလွင်ခက် သို့မဟုတ် ငြိမ်းချမ်းရေးကမ်းလှမ်းရသလဲဆိုတာတွေရဲ့ အကြောင်းရင်းတွေ ဖြစ်ပါတယ်။

ဒီလို ငြိမ်းချမ်းရေးကမ်းလှမ်းမှုက ဘာအကျိုးဆက်တွေ ရနိုင်ပါသလဲ။

ရေတိုအကျိုးစီးပွားများကတော့ အမေရိကန်ရဲ့ နိုင်ငံတကာအကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ရနိုင်ပြီး အရှေ့အလယ်ပိုင်းဒေသက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ပါလိမ့်မယ်။

တကယ်တော့ အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ဟာ ခေါင်းခဲစရာပြဿနာကြီး ၄ ရပ်နဲ့ ရင်ဆိုင်နေရပါတယ်။ (၁) အီရတ် (၂) အာဖဂန်နစ္စတန် (၃) အီရန်နဲ့ (၄) အစ္စရေး–ပါလက်စတိုင်း ပြဿနာများပါ။ ဘုရှ်ရဲ့ လက်တွေ့ဘဝက ဒီကိစ္စကြီးတွေကို အမေရိကန်နိုင်ငံတဦးတည်းက မဖြေရှင်းနိုင်ဘူးဆိုတာ ပြသပြီးပါပြီ။ ဒါကြောင့် မွတ်စလင်နိုင်ငံများရဲ့အကူအညီ လိုအပ်လာပါတယ်။

အိုဘားမားက အီရတ်ကနေ အမေရိကန် စစ်သားများကို ၂၀၁၁ မှာ ဆုတ်ခွာဖို့ ရည်ရွယ်ထားပါတယ်။ အီရတ်ကနေ အမေရိကန်စစ်သားများ အိန္ဒြေမပျက်ဆုတ်ခွာနိုင်ဖို့၊ အေးအေးချမ်းချမ်း ဂုဏ်သိက္ခာရှိရှိ ဆုတ်ခွာနိုင်ဖို့ အီရတ်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ အကူအညီ လိုအပ်ပါတယ်။ အီရတ်နိုင်ငံတည်ငြိမ်နေဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် အီရတ်ရဲ့အိမ်နီးချင်း မူဆလင်နိုင်ငံများဖြစ်တဲ့ တူရကီ၊ အီရန်နဲ့ ဆီးရီးယားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု ရရှိရေးအတွက် အိုးဘားမားက ကြိုးစားနေရတာပါ။ ဒါမှသာ အမေရိကန်စစ်သားများ အောင်မြင်စွာဆုတ်ခွာနိုင်ပါလိမ့်မယ်။ အကျအဆုံးမရှိ၊ လုံခြုံစွာ ဆုတ်ခွာနိုင်ရေးကို ဆိုလိုတာပါ။

အာဖဂန်နစ္စတန်နဲ့ ပါကစ္စတန် နယ်ချင်းစပ်နေတဲ့ဒေသဟာ အကြမ်းဖက်သမားများရဲ့ ပုန်းခိုရာနေရာ ဖြစ်ပြီး အမေရိကန်များအဖို့တော့ အလွန်

အန္တရာယ် ကြီးပါတယ်။ ဒါကြောင့် ပါကစ္စတန်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှု မရရင် အာဖဂန်နစ္စတန်မှာ အမေရိကန်တွေဆင်နွှဲနေတဲ့ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဟာလည်း မအောင်မြင်နိုင်ပါဘူး။ ထို့အတူပဲ အာဖဂန်နစ္စတန်ရဲ့ အနောက်ဘက် အိမ်နီးချင်းဖြစ်တဲ့ အီရန်နဲ့ ပူးပေါင်းမှုလည်း လိုအပ်နေတာပါ။

ဒါကြောင့် မွတ်စလင်နိုင်ငံများရဲ့ ထောက်ခံမှုရရေးဟာ အမေရိကန်တွေရဲ့ ရည်ရွယ်ချက်ဖြစ်နေပါတယ်။

ဒ့ါအပြင် အီရန်ရဲ့ အနုမြူရည်မှန်းချက်ဟာလည်း အမေရိကန်ရဲ့ အဓိကမဟာမိတ် အစ္စရေးတို့အတွက် အန္တရာယ်ကြီးဖြစ်နေတဲ့အတွက် ဒါကိုလည်း အမေရိကန်က ဖြေရှင်းပေးရတဲ့ ဝတ္တရားရှိပါတယ်။ ဒါကြောင့် အမေရိကန်အနေနဲ့ အီရန်ကို ပျော့ပျောင်းတဲ့နည်းနာတွေသုံးပြီး ချဉ်းကပ်လာတာဟာ တခြားမွတ်စလင်နိုင်ငံများရဲ့ စိတ်ဓာတ်ရေးရာအရ ထောက်ခံမှုကို ရရှိစေပါတယ်။

အစ္စရေး–ပါလက်စတိုင်းပြဿနာမှာလည်း ငြိမ်းချမ်းရေးရရှိရေးအတွက် တခြားအာရပ် (သို့မဟုတ် မွတ်စလင်နိုင်ငံများရဲ့ ပူးပေါင်းထောက်ခံမှုနဲ့ဖျန်ဖြေမှုကို လိုအပ်နေပါတယ်။ ဒါအတွက်တော့ ရေရှည်လုပ်ဆောင်ရမှာပါ။ တကယ်တော့ မွတ်စလင်ကမ္ဘာနဲ့ဆက်ဆံရေး တိုးတက်ပြေပြစ်လာမှုဟာ အမေရိကန်တွေရဲ့ အရှေ့အလယ်ပိုင်းဆိုင်ရာ ရေရှည်အကျိုးစီးပွားတွေကို ထိန်းသိမ်းပေးမှာဖြစ်ပြီး အမေရိကန်တွေရဲ့ ကမ္ဘာ့သေနင်္ဂဗျူဟာခြေလှမ်းတွေကို အကျိုးရှိစေပါတယ်။

အမေရိကန်တွေဟာ ၁၉၅၆ ခုနှစ် စူးအက်တူးမြောင်း အရေးအခင်းအပြီးမှာ အရှေ့အလယ်ပိုင်းဒေသက ဆုတ်ခွာပေးခဲ့ရတဲ့ အင်္ဂလိပ်နဲ့ ပြင်သစ်တို့ရဲ့နေရာကို ဝင်ရောက်ယူပြီးချိန်ကစလို့ လွှမ်းမိုးလာခဲ့တာပါ။ စစ်အေးကာလတွင်းတုန်းကလည်း အရှေ့အလယ်ပိုင်းဒေသဟာ အမေရိကန်နဲ့ဆိုဗီယက်ရုရှားတို့အကြား ဗိုလ်လုတဲ့ဇာတ်စင် ဖြစ်ခဲ့ပါတယ်။ အမေရိကန်က အခုအချိန်အထိ အဓိကဇာတ်ကောင်နေရာမှာ ကျန်နေခဲ့ပြီး အမေရိကန်အစိုးရဘယ်လိုပဲ အပြောင်းအလဲရှိရှိ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ပေါ်လစီတွေကတော့ သိပ်မပြောင်းလဲလှပါဘူး။

ရေနံအရင်းအမြစ် လုံခြုံရေး၊ အစ္စရေးကိုကာကွယ်ပေးရေး သဘောထားပျော့ပျောင်းတဲ့ မွတ်စလင်နိုင်ငံတွေ ထွန်းကားရေး၊ တခြား အင်အားကြီးနိုင်ငံတွေ ဝင်ရောက်မလာနိုင်ဘဲ အမေရိကန်တဦးတည်းရဲ့ ဩဇာကွန်ယက်ကို ထိန်းသိမ်းထားနိုင်ရေး ဆိုတာတွေဟာ အမေရိကန်တွေရဲ့ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အခြေခံအကျိုးစီးပွားတွေ ဖြစ်ပါတယ်။ ရေရှည်မှာ ဒီ သေနင်္ဂဗျူဟာရည်မှန်းချက်တွေ ပြည့်ဝဖို့ဟာ မွတ်စလင်နိုင်ငံများရဲ့ ပူးပေါင်းမှုနဲ့ ထောက်ခံမှု လိုအပ်ပါတယ်။

ပင်လယ်ကွေ့ဒေသက မွတ်စလင်နိုင်ငံတွေဟာ ကမ္ဘာ့ရေနံ စုစုပေါင်းရဲ့ ၄၀ ％ နှစ်စဉ်ထုတ်လုပ်နေပါတယ်။ အမေရိကန်ရဲ့ လိုအပ်တဲ့ရေနံတွေ အ

ပြည့်အဝ ရရှိရေး၊ ရေနံဈေးကျဆင်းရေးစတဲ့ အမေရိကန်ရဲ့ ရေနံနဲ့ပတ်သက်တဲ့ အကျိုးစီးပွားတွေဟာ မွတ်စလင်နိုင်ငံများနဲ့ အိုဘားမားအစိုးရရဲ့ ဆက်ဆံရေး ပြေပြစ်မှုအပေါ် အများကြီးမူတည်ပါတယ်။

အစ္စရေးနိုင်ငံ လုံခြုံရေးအတွက်လည်း မွတ်စလင်နိုင်ငံများရဲ့ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပြန်ပါတယ်။

ဒါကြောင့် အမေရိကန်ကို တစုံတရာလိုလားတဲ့ ပျော့ပျောင်းတဲ့ မွတ်စလင်နိုင်ငံတွေဟာ အာရပ်နဲ့အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ငြင်းဆန်ခြင်းမပြုဘဲ ဒီဒေသတွေမှာ အမေရိကန်တွေရဲ့သြဇာကို ကာကွယ်ပေးတဲ့ အခြေခံအင်အားတွေ ဖြစ်နေပါတယ်။ အိုဘားမားကလည်း ဘုရှ်လို မောက်မာတဲ့ အပြုအမူတွေ၊ အပြောအဆိုတွေကို ရှောင်ရှားပြီး မွတ်စလင်တွေကို မိတ်ဆွေဖွဲ့ဖို့ ကြိုးစားနေတာပါ။

ဒီ အိုဘားမားအစိုးရရဲ့ မွတ်စလင်တွေနဲ့မဟာမိတ်ဖွဲ့ရေး ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်ချက်များဟာ စီးပွားရေးအကျပ်အတည်းအတွင်းက အမေရိကန်တွေအတွက် ရေတိုဒုက္ခတွေကို တစုံတရာ ဖြေရှင်းနိုင်ရုံမက အမေရိကန်ရဲ့ ရေရှည်သေနင်္ဂဗျူဟာ အကျိုးစီးပွားတွေကိုလည်း အကာအကွယ်ပေးလျက်ရှိပါတယ်။

ကိုးကား။ ။ April ,30,2009. Beijing Review.

ရဲဘော်ရှယဉ်
၄–၈–၀၉။

<u>ကျွန်မတို့ဟာ (**Smart power**) လို့ ခေါ်ဆိုကြတဲ့ အရာကို အသုံးပြုရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ ကျွန်မတို့အသုံးပြုနိုင်တဲ့ အင်အားတွေ – သံခင်းတမန်ခင်း၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊ တရားဥပဒေရေးနဲ့ ယဉ်ကျေးမှုရေးရာ စတာတွေကို အသုံးပြုရမှာပါ။ လိုအပ်တဲ့အခြေအနေနဲ့ အကိုက်ညီဆုံး အင်အားတရပ် သို့မဟုတ် ပေါင်းစပ်အင်အားတွေကို သုံးရမှာပါ။</u>

# “စစ်နဲ့တော်လှန်ရေး”ကို
# ပြောင်းလွှဲခြင်း
# သို့မဟုတ်....

**အောင်ပင်လယ်**

(အပိုင်းတစ်)

## လက်တွေ့နဲ့ သိမြင်မှုအစ

သမိုင်းခေတ်တခေတ်ကို ပိုင်းခြားသုံးသပ်ပြောဆိုချမှတ်တဲ့ ပြဿနာဟာ မဟာဗျူဟာလက္ခဏာဆောင်တဲ့ ပြဿနာရပ်လို့ မာ့က်စ်ဝါဒီတို့က ယူဆကြတယ်။ ဒါက တခုလုံးအခြေအနေနဲ့ဆိုင်တဲ့ ကမ္ဘာကြည့်ကြည့်တဲ့ ပြဿနာရပ်မျိုး ဖြစ်နေလို့ပါ။ သမိုင်းခေတ်တခုရဲ့ အဓိကအခြင်းအရာနဲ့ ပင်မရေစီးဟာ သမိုင်းခေတ်တခုရဲ့ အခြေခံထူးခြားချက်တွေကို ပုံပေါ်ထင်ဟပ်နေပါတယ်။ ကမ္ဘာကြီးရဲ့အခြေခံပဋိပက္ခနဲ့ အတွင်းအနှစ်သာရတွေကိုလည်း ဖော်ညွှန်းနေပါတယ်။ တချိန်တည်းမှာ အဲဒီသမိုင်းခေတ်ကြီးတခုရဲ့ အထွေထွေဦးတည်မှုနဲ့ တိုးတက်ဖြစ်ပေါ်မှု ရှေ့အလားအလာကိုလည်း ညွှန်ပြနေပါတယ်။

ဒါဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ သိမြင်မှုပါပဲ။

တကယ်တော့ သမိုင်းခေတ်ကြီးရဲ့ အဓိကအခြင်းအရာနဲ့ ပင်မရေစီးကို မှန်ကန်တိကျစွာ ဆုပ်ကိုင်နိုင်ရေးနဲ့ ကမ္ဘာ့အရေးအခင်းများကို ခွဲခြမ်းစိတ်ဖြာနိုင်ရေးဟာ နိုင်ငံရေးပါတီတရပ်၊ နိုင်ငံတနိုင်ငံရဲ့ ပြင်ပဆက်ဆံရေးနဲ့ နိုင်ငံခြားရေး ပေါ်လစီများကို ရေးဆွဲကျင့်သုံးရာမှာ အလွန်တရာ အရေးကြီးလှတဲ့ အခြေခံအထောက်အထားပြုချက်တွေ ဖြစ်တယ်လို့ ယုံကြည်ထားကြပါတယ်။

၁၉၄၉ ခုနှစ်မှာ တရုတ်ပြည်သစ်ကို တည်ထောင်လိုက်နိုင်ကြပေမယ့် “စစ်ရဲ့ခြိမ်းခြောက်မှုအန္တရာယ်”ဟာ တရုတ်တို့အတွက် လျော့နည်းကွယ်ပျောက်မသွားခဲ့ပါဘူး။ ဒါနဲ့ဆန့်ကျင်စွာပဲ နေ့စဉ်နဲ့အမျှ စစ်ရဲ့ခြိမ်းခြောက်မှုခံနေရတဲ့ နိုင်ငံတကာ၊ အိမ်နီးချင်းတိုင်းနိုင်ငံများနဲ့အတူ တရုတ်တို့

ဟာ တော်လှန်ရေးသတိ၊ စစ်ရေးသတိနဲ့ ရှိနေခဲ့ကြရပါတယ်။ အဲဒီလို ကမ္ဘာကြီးတခုလုံးရော ဘေးပတ်လည် တိုင်းနိုင်ငံတွေမှာပါ ခံစားတွေ့ရှိခဲ့တဲ့ စစ်ရဲ့ ခြိမ်းခြောက်မှုအပြင် မိမိရဲ့ မွေးဖွားရှင်သန်စနိုင်ငံသစ်ကို ပုခက်တွင်းမှာပဲ နင်းချေသတ်ခံရမယ့် အန္တရာယ်များနဲ့ပါ ရင်ဆိုင်ရတဲ့အတွက် တရုတ်တို့ဟာ ရုပ်ဘဝပတ်ဝန်းကျင်ရဲ့ အနေအထား ဖြစ်တည်မှုကြားမှာ လိုက်လျောညီစွာ "နိုင်ငံတကာတပ်ပေါင်းစု"ပေါ်လစီကို ချမှတ်ရွေးချယ်ခဲ့ကြပါတယ်။ အဲဒီခေတ်ကာလရဲ့ ပြင်ပဆက်ဆံရေး အတွေးအခေါ်လမ်းညွှန်မှုတရပ်အဖြစ် နှစ်ရှည်လများ သူတို့ကိုင်စွဲလာခဲ့ကြပါတယ်။

ဥပမာ မဟာမိတ်ပြုတာ၊ အုပ်စုဖွဲ့တာ၊ စစ်ရေးဆိုင်ရာမဟာဗျူဟာဆက်ဆံပူးပေါင်းမှုလုပ်တာ...စတဲ့နည်းလမ်းနည်းနာကို ကျင့်သုံးခဲ့ပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ပြင်ပကျူးကျော်ရန်စ မခံရရေးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကာကွယ်ထိန်းသိမ်းခဲ့ပါတယ်။

ကျွန်တော်တို့ သမိုင်းခြေရာကို ပြန်ကောက်ရင် အခုလို တွေ့ရှိနိုင်ပါတယ်။ ၂၀ ရာစု ၅၀ စုခေတ်ပိုင်းမှာ"တဖက်စောင်း ဆိုဗီယက်နဲ့ပေါင်း"တဲ့ ပေါ်လစီကို သူတို့ကိုင်စွဲခဲ့ပါတယ်။ ၆၀ ခု ခေတ်ပိုင်းမှာ "အမေရိကန် ခုခံဆန့်ကျင်ရေး၊ ဆိုဗီယက်နဲ့ တပ်ပေါင်းစုဖွဲ့ရေး"ပေါ်လစီကို တွေ့နိုင်ပါတယ်။ ၇၀ စု ခေတ်ပိုင်းမှာတော့ "လိုင်းတလိုင်းတခွင်တပြင်"ပေါ်လစီကို ဖော်ဆောင်ခဲ့ပါတယ်။ ဒီပေါ်လစီတွေဟာ ထိုခေတ်ထိုအခါက ဖြစ်တည်ခဲ့တဲ့ အနိုင်အမာ ဖော်ပြခဲ့တဲ့ တရုတ်တို့ရဲ့ မဟာဗျူဟာ တွေးခေါ်လမ်းညွှန်မှုတွေလို့ ဆိုရပါမယ်။

သမိုင်းခေတ်ဟာ ရပ်တန့်မနေသလို အရာကိစ္စ အဖြစ်အပျက်တို့ဟာလည်း ရပ်တန့်မနေပါဘူး။ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး အစဦးပိုင်း ကာလရဲ့နေ့ရက်တွေကို တရုတ်ကွန်မြူနစ်တို့ဟာ သတိရှိရှိ၊ အသိရှိရှိနဲ့ ကျော်နင်းဖြတ်သန်းခဲ့ကြပါတယ်။ ကမ္ဘာကြီးအဖို့ပြောရရင် ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် တွေ့ကြုံရင်ဆိုင်ရတဲ့ သော့ချက်ကာလကြီးဖြစ်သလို နိုင်ငံတကာအခင်းအကျင်းရဲ့အပြောင်းအလဲကာလကြီးလို့ သူတို့ တွေ့မြင်ကြည့်မြင်ခဲ့ပါတယ်။ တိန့်ရှောင်ဖင်ဟာ သူတို့ထဲက ရှေ့ဆောင်သူပါပဲ။ သူဟာ သမိုင်းရုပ်ဝါဒအမြင်နဲ့ "ကမ္ဘာစစ်၊ ကမ္ဘာ့ငြိမ်းချမ်းရေး"တခုလုံးအခြေအနေ အလားအလာကို လက်တွေ့ကျကျ ခွဲခြမ်းစိတ်ဖြာခဲ့ပါတယ်။ ကမ္ဘာစစ်ကြီးဖြစ်နိုင်တဲ့ အခြေအနေဟာ ရှိမြဲရှိနေတယ်ဆိုတဲ့ ပထမအချက်ကို တင်ပြကာ တဆက်တည်း နှိုင်းယှဉ်ချက်အရ ကာလရှည်ကြီးတခုမှာ ငြိမ်းချမ်းရေးကို ရရှိကြိုးပမ်းနိုင်တယ်ဆိုတဲ့ ဒုတိယအချက်ကိုပါ တင်ပြလိုက်ပါတယ်။ ဖြစ်နိုင်မှုကိုလည်း ရုပ်ဝါဒအမြင်နဲ့ ရဲရဲဝံ့ဝံ့ဖောက်ထွက် ပြောဆိုလိုက်ပါတယ်။

အမှန်မှာ ၂၀ ရာစု ၈၀ စုခေတ်ဦးပိုင်းမှာ အမေရိကန်ဆိုဗီယက်ဗိုလ်နှစ်ဗိုလ်ရဲ့ အားပြိုင်မှုတို့ကြောင့် ကမ္ဘာ့နိုင်ငံရေး အင်အားချိန်ခွင်ညှာဟာ ပျက်ပြားခဲ့ရပါတယ်။ အမျိုးသား၊ နိုင်ငံအင်အားစုတို့ရဲ့ အကွဲအပြဲ၊ အလဲအမှောက်နဲ့အတူ ပြောင်းလဲဖွဲ့စည်းမှုအသစ်တွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီလို ပြောင်းလဲဖွဲ့စည်းမှုအသစ်များကို ခေါင်းအေးတည်ငြိမ်စွာ ဝေဖန်သုံးသပ်လို့ ဆိုဗီယက်အမေရိကန်၊ ဂျပန်ဥရောပနဲ့ တတိယကမ္ဘာ၊ မိမိတို့တရုတ်အပါ ပေါင်းစပ်လေ့လာလို့ တိန့်ရှောင်ဖင်က"ငြိမ်းချမ်းရေးအကြောင်း အချက်ရဲ့ တိုးများတိုးပွားလာမှုဟာ စစ်ကြီးဖြစ်မယ့်အကြောင်းအချက်ရဲ့ တိုးများတိုးပွားမှုထက် သာလွန်ကျော်လွန်နေတယ်"လို့ ပြောဆိုလိုက်ပါတယ်။

ဆိုဗီယက်အမေရိကန် နှစ်နိုင်ငံနဲ့ ပတ်သက်ပြီးတော့လည်း "ကမ္ဘာ့စစ်ပွဲကြီးကို ဆင်နွှဲတိုက်ခိုက်ဖို့ဆိုတာ ဒီအင်အားလွန် နိုင်ငံကြီးနှစ်နိုင်ငံပဲ တိုက်နိုင်တဲ့ အချက်အလက်နဲ့ အရည်အချင်းရှိမှာ.... ဒါပေမဲ့ နှစ်နိုင်ငံလုံး ကတကယ်တမ်းကျ မတိုက်ရဲကြပါဘူး။ ပထမဆုံးပြောရရင် သူတို့နှစ်ဦးလုံး မှာ အနုမြူပုံးတွေ ရှိနေကြတယ်။ သမရိုးကျလက်နက်တွေလည်း အများကြီးရှိတယ်။ တဦးကိုတဦး အပြတ်ချေမှုန်းနိုင်တဲ့ အင်အားတွေရှိကြတာချည်းပဲ....ဒါကြောင့်မို့ ဘယ်သူ့ဘယ်သူကမှ အရင်စ မလုပ်ရဲကြပါဘူး"။ "ဒ့ါအပြင် ဆိုဗီယက် အမေရိကန် နှစ်နိုင်ငံလုံးကလည်း ကမ္ဘာလုံးဆိုင်ရာ သူတို့ရဲ့ မဟာဗျူဟာ စစ်အခြေခံစခန်းတွေကို ဖြန့်ကြက်တည်ဆောက်နေတယ်။ အကုန်လုံးလည်း အတားအဆီး အဆုံးအရှုံးနဲ့ တွေ့ကြုံနေရတယ်။ မပြီးမပြောက်နိုင်ဘဲ ရှိနေကြတယ်။ ဒါကြောင့်မို့ အရမ်းမလုပ်ရဲကြဘူး"လို့ တိန့်ကထောက်ပြခဲ့ပါတယ်။

တတိယကမ္ဘာနဲ့ ပတ်သက်လို့လည်း ဒီအင်အားတွေဟာ ငြိမ်းချမ်းရေး တိုးတက်ဖြစ်ပေါ်မှုရဲ့ အင်အားစုအဖြစ် ကြည့်မြင်ခဲ့ပါတယ်။ သူက "တရုတ် အပါအဝင် တတိယကမ္ဘာဟာ ကိုယ့်ဟာကိုယ် ဖွံ့ဖြိုးတိုးတက်ချင်ကြတယ်။ စစ်ကြီးက သူတို့အတွက် ကောင်းကျိုးရှိစေမှာ မဟုတ်ပါဘူး။ တတိယကမ္ဘာရဲ့အင်အား အထူးသဖြင့် တတိယကမ္ဘာထဲက နိုင်ငံတနိုင်ငံဖြစ်တဲ့ လူဦးရေအများဆုံးရှိတဲ့  တရုတ်ပြည်ရဲ့အင်အားဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအင်အား တိုးတက်ဖြစ်ပေါ်မှုရဲ့ အရေးပါလှတဲ့ အကြောင်းတရား အခြင်းအရာတွေ ဖြစ်တယ်" "တရုတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ကြီးမြင့်လေ ကမ္ဘာ့ငြိမ်းချမ်းရေးဟာ ပိုပြီးအားထား အားပြုနိုင်လေပဲ"လို့ဆိုခဲ့ပါတယ်။

ဒုတိယကမ္ဘာနဲ့ပတ်သက်ပြီးလည်း "ဒီငြိမ်းချမ်းရေးအင်အားစုဟာ ဆိုဗီယက်အမေရိကန်နှစ်နိုင်ငံ အပြင်ဘက်က ဖွံ့ဖြိုးပြီးနိုင်ငံများလည်း ပါဝင်သင့်တယ်။ စစ်ကြီးကို တကယ်တိုက်ကြရမယ်ဆိုရင် သူတို့က တိုက်ကြမှာ မဟုတ်ပါဘူးဗျာ"။"ဂျပန်ပြည်သူတွေက စစ်ကို မလိုလားကြပါဘူး။ ဥရောပ

ပြည်သူတွေလည်း စစ်ကြီးဖြစ်မှာကို မနှစ်မြို့ကြပါဘူး။ စစ်ကို မမျှော်လင့်ပါဘူး”လို့ ဆက်ရှင်းလင်းတင်ပြသွားပါတယ်။

အထက်ပါ အကြောင်းရင်းများကြောင့် “အတန်အသင့်ရှိတဲ့ ကြာရှည်တဲ့ ခေတ်ကာလတခုမှာ ကျယ်ပြန့်ကြီးမားတဲ့ ကမ္ဘာ့စစ်ကြီး ဖြစ်နိုင်စရာမရှိသေးဘဲ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်ထိန်းသိမ်းနိုင်တဲ့ မျှော်လင့်ချက်တွေ ရှိနေတယ်”လို့ ရဲရဲကောက်ချက်ဆွဲ တင်ပြလိုက်ပါတယ်။

ဒီလိုနဲ့ အစဉ်အလာအရ ရှိခဲ့စွဲကိုင်ခဲ့တဲ့ တရုတ်တို့ရဲ့ “ကမ္ဘာစစ်ကြီးဖြစ်မယ့်အန္တရာယ်ဟာ ရှိနေရုံမက ကျုပ်တို့နဲ့ အလွန့်ကိုနီးကပ်နေတယ်” ဆိုတဲ့ အစွဲအလမ်းအတွေးအမြင်ကို တိန့်ရဲ့ဦးဆောင်မှုနဲ့ တဆင့်ပြီးတဆင့် လှည့်ပြောင်းနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ ကမ္ဘာစစ်ကြီးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးပြဿနာကို လက်တွေ့ကျကျ ဝေဖန်ခွဲခြမ်းပြတဲ့ အခြေခံပေါ်ကနေ “ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ (ဒီနေ့) သမိုင်းခေတ်ကြီးရဲ့ အဓိကအခြင်းအရာနဲ့ ပင်မရေစီးဖြစ်တယ်” ဆိုတဲ့ အတွေးသစ်အမြင်သစ် ပေါ်လစီကို တိန့်ဟာ သူ့ပါတီ၊ သူ့ပြည်သူနဲ့သူ့တပ်မတော်က လက်ခံယုံကြည်ပြောင်းလဲလာအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

၁၉၈၄ ခုနှစ် မေလမှာ ဘရာဇီးသမ္မတဟောင်း ဖီကာလိုနဲ့ တွေ့ဆုံတဲ့အခါ သူက “ဒီနေ့ မျက်မှောက်ကမ္ဘာမှာ ထင်ရှားပေါ်လွင်ပြီး ရှေ့တန်းရောက်နေတဲ့ ပြဿနာ နှစ်ရပ်ရှိတယ်။ ပထမပြဿနာက ငြိမ်းချမ်းရေး ပြဿနာဖြစ်တယ်။ အနုမြူပုံးတွေ အခု ရှိနေတယ်။ ဒီအနုမြူပုံးတွေဟာ စစ်ကြီးဖြစ်တာနဲ့ လူသားတရပ်လုံးကို အကြီးအကျယ် သေကြေဆုံးရှုံးစေမှာ မြေကြီး လက်ခတ်မလွဲပဲ။ နောက် ဒုတိယပြဿနာက ကမ္ဘာကြီးရဲ့ မြောက်ခြမ်းနဲ့ တောင်ခြမ်းပြဿနာ ဖြစ်တယ်။ ဒီပြဿနာကို မဖြေရှင်းကြဘူးဆိုရင် ကမ္ဘာ့စီးပွားရေးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားကြီးဖြစ်စေမှာပဲ” လို့ ပြောလိုက်ပါတယ်။

၁၉၈၅ ခုနှစ် မတ်လထဲမှာ ဂျပန်ဧည့်သည်တော်များနဲ့ တွေ့ဆုံတဲ့အခါ “ကမ္ဘာပေါ်က လက်ရှိ တကယ့်ပြဿနာကြီးဟာ တကမ္ဘာလုံးနဲ့ဆိုင်တဲ့ မဟာဗျူဟာပြဿနာ တနည်းပြောရရင် ဖွံ့ဖြိုးတိုးတက်ရေးပြဿနာပဲ။ တခုက စီးပွားရေးပြဿနာ တနည်းပြောရရင် ဖွံ့ဖြိုးတိုးတက်ရေးပြဿနာပဲ။ ငြိမ်းချမ်းရေးပြဿနာဟာ အရှေ့အနောက်ပြဿနာ၊ ဖွံ့ဖြိုးတိုးတက်ရေးပြဿနာဆိုတာ တောင်မြောက်ပြဿနာ.... တောင်မြောက်ပြဿနာဟာ အခရာချက်ကျတဲ့ပြဿနာ”လို့ တိန့်က ထပ်မံပြောဆိုခဲ့ပါတယ်။

သူက ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ဒီပြဿနာကြီး ၂ ရပ်ကို တခုလုံးလက္ခဏာဆောင်တဲ့ ကမ္ဘာ့အတိုင်းအတာဆောင်တဲ့ ဆက်စပ်မှုကြီး၊ မဟာဗျူဟာပြဿနာကြီးဖြစ်တယ်လို့ ကြည့်မြင်သဘောထားခဲ့

ပါတယ်။ အလားတူ အရှေ့ဥရောပနိုင်ငံများရဲ့ ပြင်းထန်တဲ့ ပြောင်းလဲမှုကြီးနဲ့ ဆိုဗီယက်ပြည်ထောင်စုကြီး အစည်းပြေလို့ ပြိုကွဲမှုကြီးပြီးနောက်မှာ“ကမ္ဘာ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးပြဿနာကြီး ၂ ရပ်လုံးဟာ မဖြေရှင်းနိုင်သေးဘဲ တည်ရှိမြဲတည်ရှိနေဆဲ”လို့ နားလည်ခံယူခဲ့ပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးပြဿနာကြီးဟာ ပိုပြီးတောင် ခက်ခဲကြမ်းတမ်းနေတယ်လို့ ရှုမြင်ပါတယ်။ ဒ့ါအပြင် ကမ္ဘာ့အစီအစဉ်သစ်တရပ် ပေါ်ပေါက်တည်ဆောက်နိုင်ရေးကိုလည်း ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေး အခြေခံပြဿနာတို့ကို ဖြေရှင်းနိုင် မဖြေရှင်းနိုင်ဆိုတဲ့ အကြောင်းအချက်နဲ့ ဆက်စပ်ပြီး သူ ကြည့်မြင်ခဲ့ပါတယ်။

ကနေ့တော့ တရုတ်ရဲ့နိုင်ငံတကာပြဿနာနဲ့ ပတ်သက်တဲ့ ကြည့်မြင်ကျင့်သုံးမှုမှာ အရင်နဲ့မတူ ပြောင်းလဲသွားပါပြီ။ တိန့်ရှောင်ဖင်ရဲ့ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေး အတွေးအမြင်အယူအဆသစ်ရဲ့ရှေ့ဆောင်မှုအောက်မှာ သူတို့ရဲ့ ပြင်ပဆက်ဆံရေး နိုင်ငံခြားရေးပေါ်လစီတွေကို သမိုင်းခေတ်ကာလနဲ့အညီ လှည့်ပြောင်းရွှေ့ပြောင်းနေပါပြီ။ “နိုင်ငံကြီးတခုခုနဲ့သော်လည်းကောင်း၊ ဒါမှမဟုတ် နိုင်ငံများအုပ်စုနဲ့သော်လည်းကောင်း မဟာမိတ်ဖွဲ့ခြင်း၊ တပ်ပေါင်းစုဖွဲ့ခြင်းဆိုတဲ့ မဟာဗျူဟာဆက်ဆံရေးမျိုးကို မပြုလုပ်တော့ပါ”“အယူဝါဒအရေး အနီးအဝေး သတ်မှတ်ချက်နဲ့ ရင်းနီးချစ်ကြည်မှုကို စံမပြုတော့ပါ”။

တရုတ်တို့ ဒီတကြိမ် ပြုပြင်ထိန်းညှိရေးဟာ သမိုင်းခေတ်ကြီးတခုရဲ့ အလှည့်အပြောင်းနဲ့မတူညီမှုကို လက်ခံကျင့်သုံးလိုက်တဲ့ အမှတ်သင်္ကေတကြီးတခုဖြစ်ပါတယ်။ “စစ်နဲ့တော်လှန်ရေး”သမိုင်းခေတ်တခုမှ “ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေး”သမိုင်းခေတ်တခုဆီ ရွှေ့ပြောင်းသွားပြီဆိုတဲ့ တွေးခေါ်ယူဆချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းထံ သူတို့ အတိအလင်း တင်ပြလိုက်တာလည်း ဖြစ်ပါတယ်။ ။

အောင်ပင်လယ်

ကိုးကား။ ။ (၁) STUDIES ON MARXISM (2009-5)

(၂) တိန့်ရှောင်ဖင် လက်ရွေးစငပ် A တွဲ (သုံး)

(၃) ချီရှင်းရဲ့ “တရုတ်နိုင်ငံခြားရေးနှစ် ၅၀”စာAုပ် ၂၀၀၉ ခုနှစ်ထုတ်။




# ဒီရေနိမ့်ကာလအတွင်း ကွန်မြူနစ်ပါတီများရဲ့ အပြောင်းအလဲများနဲ့ လုံးပန်းတိုက်ခိုက်မှုများ

ရဲဘော်အောင်လွင်

၂၀ ရာစု ၉၀ ခုနှစ်များအတွင်း ကမ္ဘာ့မှုပြုခြင်းနဲ့ သတင်းခေတ် အလျင်အမြန်ဖြစ်ထွန်းလာမှုတွေက လူသားတွေရဲ့ ထုတ်လုပ်ရေးပုံစံ၊ နေထိုင်စားသောက်မှုပုံစံ၊ တွေးခေါ်မှုပုံစံ၊ တန်ဖိုးတရားစတာတွေပေါ်မှာ နက်ရှိုင်းတဲ့ သြဇာသက်ရောက်မှု ရှိလာတယ်။ ကမ္ဘာ့မှုပြုခြင်းနဲ့ သတင်းခေတ်ရဲ့ စိန်ခေါ်မှုနဲ့ ၂၀ ရာစုနှောင်းပိုင်း ဆိုရှယ်လစ်လှုပ်ရှားမှု အရေးနိမ့်သွားမှုကို ကြုံတွေ့ရတဲ့အခါ နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေဟာ လမ်းစဉ်၊ လုပ်ငန်းစဉ်နဲ့ ပေါ်လစီရပ်ခံချက်များကို ကြိုးစားထိန်းညှိခဲ့ကြတယ်။ ချုပ်လိုက်ရင် ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုဟာ ဒီရေနိမ့်ကာလမှာပဲ ရှိမြဲရှိနေသေးတယ်။ လုပ်ငန်းစဉ်နဲ့ပေါ်လစီထိန်းညှိရေးများကို ကျော်ဖြတ်ပြီးတဲ့နောက် နိုင်ငံတကာကွန်မြူနစ်ပါတီတွေမှာ လူသားတွေ အာရုံစိုက်စောင့်ကြည့်နေရပြီး အံ့အားသင့်သွားစေလောက်တဲ့အခြင်းအရာတွေ အတော်အတန် ပေါ်ထွန်းလာတယ်။ ကမ္ဘာ့ဆိုရှယ်လစ်လှုပ်ရှားမှုဟာ ဖိအားတွေနဲ့ အခက်အခဲတွေအောက်မှာ တစုံတရာသော ပြန်လည်ရှင်သန်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိလာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

## နိုင်ငံတကာ ကွန်မြူနစ်ပါတီများရဲ့ အခြေအနေအကျဉ်း

ဆိုဗီယက်နဲ့ အရှေ့ဥရောပအရေးအခင်းရဲ့ ရိုက်ခတ်မှုအောက်မှာ ကမ္ဘာ့ကွန်မြူနစ်ပါတီတွေနဲ့ ဆိုရှယ်လစ်လှုပ်ရှားမှုဟာ ယခင် ဘယ်တုန်းကမှ မကြုံဖူးတဲ့ရှုံးနိမ့်မှုနဲ့ ရင်ဆိုင်လိုက်ရတယ်။ ဒါကြောင့် တချို့ကွန်မြူနစ်ပါတီတွေ ပြိုပျက်သွားတယ်။ တချို့ကွန်မြူနစ်ပါတီတွေ အမည်ပြောင်းကုန်တယ်။

ဒါပေမဲ့ ကွန်မြူနစ်ပါတီအများအပြားဟာ တောက်လျှောက် အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပေမယ့် အခက်အခဲ အကျပ်အတည်းတွေကြားမှာ စူးစမ်းလေ့လာရင်း တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ကို ချီတက်နေပါပြီ။ တကမ္ဘာလုံးကို စုစည်းပေါင်းချုပ်ကြည့်လိုက်ရင် ကွန်မြူနစ်ပါတီတွေ တည်ရှိရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ အတော်အတန် အခက်အခဲ ရှိမြဲရှိနေဆဲဖြစ်တယ်။

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံ ၁၀၀ လောက်မှာ ကွန်မြူနစ်ပါတီ အမည်ကို ထိန်းသိမ်းထားတဲ့ ဒါမှမဟုတ် မာ့က်စ်ဝါဒလက္ခဏာကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားတဲ့ နိုင်ငံရေးပါတီ ၁၂၇ ပါတီ ရှိနေတယ်။ ပါတီဝင်အရေအတွက်မှာ (ဆိုရှယ်လစ်နိုင်ငံ ၅ နိုင်ငံ မပါ) ၇ သန်း ရှိပါတယ်။ ဒေသအလိုက်ဆိုရင် အာရှတိုက်မှာ ကွန်မြူနစ်ပါတီ ၂၉ ပါတီ၊ အာဖရိကမှာ ၈ ပါတီ၊ ဥရောပမှာ ၅၅ ပါတီ၊ အိုရှင်းနီးယားနိုင်ငံများမှာ ၃ ပါတီ၊ အမေရိကတိုက်မှာ ၃၅ ပါတီ ရှိနေပါတယ်။ ၎င်းတို့အနက် ပါတီဝင် တသောင်းကျော်ရှိတဲ့ ပါတီ ၃၀ ရှိပါတယ်။ အာဏာရပါတီနဲ့ တိုင်းရေးပြည်ရာကိစ္စများကို ပါဝင်ဆောင်ရွက်ခွင့် ရနေတဲ့ ကွန်မြူနစ်ပါတီ စုစုပေါင်း ၂၅ ပါတီ ရှိပါတယ်။ အင်အားအရကြည့်ရင် ဆိုရှယ်လစ် နိုင်ငံတွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ အပြောင်းအလဲဖြစ်သွားတဲ့ ဒေသကနိုင်ငံတွေနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ မတူတဲ့အခြေအနေတွေ ပေါ်ထွန်းနေပါတယ်။

ဆက်လက်ပြီး တစုံတရာ ပြည့်ပြည့်စုံစုံ တင်ပြသွားပါမယ်။

(က) **<u>ဆိုရှယ်လစ်နိုင်ငံတွေမှာ</u>** အာဏာရပါတီတွေဟာ ပြုပြင်ဆန်းသစ်ရေးနဲ့တံခါးဖွင့်ရေးတို့မှာ အင်အားတောင့်တင်းမှု ရနေပါတယ်။ လောလောဆယ်ဆယ်နှစ်များအတွင်း ဗီယက်နမ်၊ မြောက်ကိုရီးယား၊ လာအိုနဲ့ ကျူးဘားဆိုရှယ်လစ်နိုင်ငံတွေမှာ အာဏာရပါတီတွေဟာ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲကာလအချိန်နဲ့ နှိုင်းစာရင် ပါတီဝင်အရေအတွက်အရ များစွာတိုးပွားခဲ့တယ်။ အရေးအခင်းကာလက ဒီနိုင်ငံတွေမှာ ပါတီဝင် ၄ သန်း ၅ သိန်း ရှိခဲ့ရာက ယခု ၈ သန်းအထိ တိုးပွားခဲ့တယ်။ မျက်မှောက်ကာလမှာ ဗီယက်နမ်ကွန်မြူနစ်ပါတီမှာ ပါတီဝင် ၃ သန်း ၁ သိန်း၊ မြောက်ကိုရီးယားအလုပ်သမားပါတီမှာ ပါတီဝင် ၄ သန်း၊ လာအိုပြည်သူ့တော်လှန်ရေးပါတီမှာ ၁ သန်း ၄ သိန်း ၈ သောင်းနဲ့ ကျူးဘားမှာ ပါတီဝင် ၈ သိန်း ၅ သောင်း အသီးသီးရှိနေကြပါတယ်။ ဒီနိုင်ငံတွေဟာ နိုင်ငံတကာကွန်မြူနစ်ပါတီတွေအနက် လူဦးရေနဲ့ ပါတီဝင်အချိုးအစား အကြီးဆုံးနဲ့ စည်းရုံးရေးအင်အား အတောင့်တင်းဆုံး နိုင်ငံတွေ ဖြစ်ပါတယ်။ (တရုတ်နိုင်ငံမှာ ပါတီဝင် သန်း ၇၀ ကျော် ရှိနေပါပြီ။)

ဆိုရှယ်လစ်နိုင်ငံအားလုံးဟာ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲရဲ့ ပြင်းထန်တဲ့ ဂယက်ရိုက်ခတ်မှု ခံရပြီးနောက် သင်ခန်းစာတွေကို နက်နက်ရှိုင်းရှိုင်း မှတ်ယူပြီး ပါတီကြံ့ခိုင်ရေးကို ဂရုတစိုက် အားဖြည့်ဆောင်ရွက်ခဲ့ကြတယ်။ ပါတီရဲ့ အုပ်ချုပ်ရေးအာဏာ ဆုပ်ကိုင်နိုင်မှုစွမ်းရည်ကို ဂရုတစိုက်

မြှင့်တင်ပေးခဲ့တယ်။ ပါတီရဲ့ခေါင်းဆောင်မှုနဲ့ ဆိုရှယ်လစ်စနစ်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားခဲ့တယ်။ ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ စီးပွားရေးနဲ့ လူမှုရေး အခြေအနေတွေ တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်ခဲ့တယ်။

(ခ) **<u>ဖွံ့ဖြိုးဆဲနိုင်ငံတွေမှ</u>** ကွန်မြူနစ်ပါတီတွေဟာ အခက်အခဲများ အတွင်းမှာ ဆက်လက်စူးစမ်း ရှာဖွေနေရဆဲ ဖြစ်တယ်။ ဆိုဗီယက်နဲ့အရှေ့ ဥရောပနိုင်ငံ အပြောင်းအလဲရဲ့ဂယက်ကို ဒီပါတီတွေဟာလည်း ပြင်းထန်နက်ရှိုင်းစွာ ခံစားခဲ့ကြရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ မိမိဘာသာ ဖျက်သိမ်းသွားတဲ့ပါတီ သိပ်မများပါဘူး။ ဒါနဲ့ ဆန့်ကျင်စွာ တောင်အာရှ၊ တောင်အာဖရိက၊ လက်တင်အမေရိက စတဲ့ဒေသတွေမှာ ကွန်မြူနစ်ပါတီ အမြောက်အမြားဟာ မူလရှိနေတဲ့ တပ်ဖွဲ့တွေကို ထိန်းသိမ်းထားနိုင်ရုံမက ပိုမိုတိုးချဲ့နိုင်ခဲ့တယ်။

ဒီပါတီတွေအနက် နှိုင်းယှဉ်ခြင်းအားဖြင့် အင်အားတောင့်တင်းတဲ့ ပါတီတွေကတော့ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်ဝါဒ) ဟာ ယခုအခါ ပါတီဝင် ၇ သိန်း ၉ သောင်း ၆ ထောင် ရှိပါတယ်။ ဒါဟာ အန္ဒိယလက်ဝဲဂိုဏ်းပါတီများနဲ့ အင်အားစုတွေအနက် အင်အားအကြီးဆုံးပါတီ ဖြစ်ပါတယ်။ နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သော မာ့က်စ်လီနင်ဝါ) ဟာ ပါတီဝင် ၁ သိန်း ၁ သောင်း ရှိတယ်။ ဆိုက်ပရပ်စ်ကွန်မြူနစ်ပါတီ (ဖေ့ဆာဂိုဏ်း)၊ လစ်ဘနွန်ကွန်မြူနစ်ပါတီတို့ဟာ တိုင်းပြည်အတွင်း တစုံတရာဩဇာရှိပြီး ပါတီဝင် ထောင်ချီရှိပါတယ်။

အရှေ့တောင်အာရှရှိ အချို့နိုင်ငံများမှ ကွန်မြူနစ်ပါတီတွေဟာ ပကတိဘာဝနဲ့ အတ္တဘာဝ အကြောင်းအချက်များအရ လောလောဆယ်ဆယ်နှစ်များအတွင်း တစတစ အသံတိတ်နေရာမှ အစအနပျောက်သွားခဲ့ကြတယ်။

အာဖရိကမှာ အင်အားအကြီးဆုံးပါတီကတော့ တောင်အာဖရိက ကွန်မြူနစ်ပါတီ ဖြစ်တယ်။ ယခုအခါ ပါတီဝင် ၂ သိန်း ၃ သောင်းအထိ ရှိနေပါပြီ။

လက်တင်အမေရိက တချို့ကွန်မြူနစ်ပါတီတွေဟာ အဲဒီနိုင်ငံတွေရဲ့ လက်ဝဲအင်အားစုများအတွင်း တလျှောက်လုံး အရေးကြီးတဲ့ အင်အားတရပ်ဖြစ်နေခဲ့တယ်။ မိမိတိုင်းပြည် နိုင်ငံရေးလောကအတွင်းမှာ တစုံတရာ ဩဇာရှိနေတဲ့ အရေးပါတဲ့ပါတီတွေကတော့ ဘရာဇီးကွန်မြူနစ်ပါတီ(ပါတီဝင် ၂ သိန်းကျော်ရှိ)နဲ့ ချီလီကွန်မြူနစ်ပါတီ (ပါတီဝင် ၄ သောင်း ၇ ထောင်ရှိ) စတဲ့ပါတီတွေ ဖြစ်တယ်။ ဗင်နီဇွဲလားနဲ့ဥရုဂွေး စတဲ့နိုင်ငံတွေက ကွန်မြူနစ်ပါတီတွေဟာလည်း ပါတီဝင် ထောင်အချို့ ရှိတဲ့ ပါတီတွေဖြစ်တယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှ ကွန်မြူနစ်ပါတီများဟာ နှိုင်းယှဉ်ခြင်းအားဖြင့် အင်အားအရ ပြန့်ကျဲနေကြတယ်။ ပါတီအများအပြားဟာ အင်အားချည့်နဲ့နေပြီး အမြင်တွေကလည်း သမရိုးကျအမြင်တွေကို ဆုပ်ကိုင်ထားကြတာမို့ နိုင်ငံရေး ရှေ့မျက်နှာစာမှာ ပေါ်ထွက်လာဖို့ တကယ့်အင်အား၊ လမ်းကြောင်းနဲ့နည်းနာတွေ ချို့တဲ့နေကြတယ်။ တချို့ကွန်မြူနစ်ပါတီတွေဟာ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အသွေးအရောင်ပြောင်းသွားမှု၊ ကမ္ဘာ့မှုပြုခြင်းနဲ့ သတင်းခေတ်

ဖြစ်ထွန်းလာမှုတို့ရဲ့ ရိုက်ခတ်မှုကို အပြင်းအထန်ခံရပေမယ့် သဘောတရားသစ်တွေ၊ ပိုမိုသစ်လွင်တဲ့အမြင်တွေကို ဖန်တီးနိုင်မှုနဲ့ ပေါ်လစီတွေ ထိန်းညှိနိုင်မှုကြောင့် ချောက်ထဲက ပြန်တက်နိုင်ပြီး၊ ဖွံ့ဖြိုးတိုးတက်မှု ရရှိလာပါတယ်။ ဥပမာ – ဘရာဇီးကွန်မြူနစ်ပါတီ၊ တောင်အာဖရိကကွန်မြူနစ်ပါတီ။ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဟာ ၂၀၀၈ ဧပြီ ၁၀ ရက်နေ့က ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ပြီး နီပေါမှာ အာဏာရပါတီ ဖြစ်ခဲ့တယ်။ (အခုအခါ အတိုက်အခံ နိုင်ငံရေးပါတီအဖြစ် ပြန်လည်ကျဆင်းသွားခဲ့တယ်။)

(ဂ) **<u>ဆိုဗီယက်နဲ့အရှေ့ဥရောပက အပြောင်းအလဲ ဖြစ်သွားတဲ့ နိုင်ငံတွေမှ</u>** ကွန်မြူနစ်ပါတီတွေမှာ အင်အားအရ ဆုတ်ယုတ်ပျက်ပြား ကျဆင်းသွားတာ၊ အတွင်းပိုင်း ဂိုဏ်းအသီးသီးကွဲပြဲတာ၊ အခြေအနေ ရှုပ်ထွေးတာတွေ ရှိခဲ့တယ်။ ဒါပေမဲ့ ယခုအထိ အဲဒီနိုင်ငံတွေမှာ ကွန်မြူနစ်ပါတီ ၃၀ လောက် ရှိနေဆဲဖြစ်တယ်။ တစုံတရာ ဩဇာရှိတဲ့ပါတီတွေကတော့ ရုရှားကွန်မြူနစ်ပါတီ (ပါတီဝင် ၁ သိန်း ၆ သောင်း)၊ ချက်နဲ့မော်ရေးဗီးယား ကွန်မြူနစ်ပါတီ (ပါတီဝင် ၁ သိန်း ၄ သောင်း)၊ ယူကရိန်းကွန်မြူနစ်ပါတီ (ပါတီဝင် ၁ သိန်း ၁ သောင်း)၊ အာဇာဘိုင်ဂျန်ကွန်မြူနစ်ပါတီ (ပါတီဝင် ၆ သောင်း) မိုဒိုဗာကွန်မြူနစ်ပါတီ (၁ သောင်း ၆ ထောင်)စတဲ့ ပါတီတို့ဖြစ်တယ်။ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ၊ ချက်၊ စလိုဗက်၊ အယ်လ်ဘေးနီးယားစတဲ့ နိုင်ငံတွေမှာ ကွန်မြူနစ်တွေက မိမိတို့ရဲ့အဖွဲ့အစည်းများကို ပြန်လည်ဖွဲ့စည်းကြတယ်။ ပါတီနာမည်တွေမှာလည်း အမျိုးမျိုးကွဲပြားနေပြီး အင်အားကလည်း တဖွဲ့နဲ့တဖွဲ့ မတူကြသလို ဩဇာသက်ရောက်မှုလည်း မတူကြပါဘူး။ တချို့နိုင်ငံတွေမှာတော့ ကွန်မြူနစ်ပါတီ အများအပြား ရှိနေပါတယ်။ ပိုလန်၊ ရူမေးနီးယားနဲ့ ယူဂိုဆလပ်နိုင်ငံတွေ ပြိုကွဲသွားပြီးတဲ့နောက် အဲဒီဘော်လကန်နိုင်ငံတွေမှာ ဒီနေ့ကွန်မြူနစ်တွေရဲ့သတင်းကို မတွေ့ရသလောက်နီးနီး ဖြစ်နေပြီး၊ ကွန်မြူနစ်လက္ခဏာဆောင်တဲ့ နိုင်ငံရေးပါတီတွေရဲ့သတင်းကို မှောင်ချထားပါတယ်။ ကွန်မြူနစ်ဝါဒကို ယုံကြည်မဲ့ယုံကြည်နေတဲ့ ပြည်သူများကို တခြားနာမည်နဲ့ နိုင်ငံရေးပါတီများကိုသာ ထူထောင်ခွင့်ရှိပါတယ် ဒါမှမဟုတ် တခြားနိုင်ငံရေးပါတီအဖွဲ့အစည်းများမှာသာ ပါဝင်လှုပ်ရှားခွင့် ပြုထားပါတယ်။

တခုလုံးအရ ချုပ်ပြောရရင် အဲဒီနိုင်ငံတွေမှ ကွန်မြူနစ်ပါတီတွေဟာ လက်ငင်းမှာ တည်ရှိရေးအတွက် ရုန်းကန်တိုက်ပွဲဝင်နေရတဲ့ အဆင့်ကို ကျော်ဖြတ်ပြီးသွားလို့ တချို့ပါတီတွေမှာ ပါတီဝင်အရေအတွက် အနည်းငယ် တိုးပွားလာနေပါပြီ။ အဓိကပါတီကြီးတွေဟာ အကျပ်အတည်းတွေ နက်နက်ရှိုင်းရှိုင်း ကြုံတွေ့နေရဆဲဖြစ်တယ်။ ဥပမာ– ရုရှားကွန်မြူနစ်ပါတီဟာ အလယ်အလတ် လက်ယာဂိုဏ်းရဲ့ ညှပ်ပူးညှပ်ပိတ် ထိုးနှက်တိုက်ခိုက်မှုများအောက်မှာ လူ့အဖွဲ့အစည်းရဲ့ထောက်ခံမှု ကျဆင်းခဲ့တယ်။ အတွင်းပိုင်း ပြိုကွဲမှုတွေ ဖြစ်ပေါ်ခဲ့ရပြီး အဖွဲ့အစည်းရဲ့တိုးတက်မှုလည်း ညှိုးခြောက်ခဲ့ရတယ်။ ပါတီဝင်များမှာလည်း အသက်အရွယ် ကြီးရင့်ကုန်ပြီး ဩဇာလည်း အရင်ကလို မရှိ

တော့ဘူး။ နိုင်ငံတော် ဒူးမားလွှတ်တော်အတွင်း အင်အားအကြီးဆုံး နံပါတ် (၁) ပါတီကြီးမဟုတ်တော့ဘူး။ ထူးထူးခြားခြားအဖြစ် တင်ပြထိုက်တာက တော့ ဆိုဗီယက်ပြည်ထောင်စုရဲ့ ဒေသပါတီတခုကို ဆက်ခံထားတဲ့ ပါတီတ ရပ်ဖြစ်တဲ့ မိုဒိုဗာကွန်မြူနစ်ပါတီဟာ ၂၀၀၁ ဖေဖော် ဝါရီလ ၂၅ အထွေထွေ ရွေးကောက်ပွဲအတွင်းမှာ အနိုင်ရခဲ့လို့ ဆိုဗီယက်နဲ့ အရှေ့ဥရောပဒေသမှာ ပထမဦးဆုံး အာဏာရကွန်မြူနစ်ပါတီ ဖြစ်လာခဲ့ခြင်းပါပဲ။ ငြိမ်းချမ်းစွာ ဒီမိုက ရေစီပုံစံနဲ့ နိုင်ငံရေးအာဏာရနိုင်ခဲ့တဲ့ နိုင်ငံရေးပါတီဖြစ်တယ်။ ဒီအဖြစ်အပျက် ကြောင့် ဆိုဗီယက်နဲ့ အရှေ့ဥရောပမှာသာမက တကမ္ဘာလုံးကို တုန်ခါသွား စေခဲ့တယ်။ (မှတ်ချက် – ၂၀၀၉ အစောပိုင်း ရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားလို့ အတိုက်အခံနိုင်ငံရေးပါတီ ဖြစ်သွားခဲ့ရတယ် ---- စာတမ်းပြုစုသူ)။ ဒါဟာ ဆိုဗီယက်နဲ့အရှေ့ဥရောပ အသွေးအရောင်ပြောင်းလဲမှု ဖြစ်သွားပြီးနောက် ကမ္ဘာ့ ဆိုရှယ်လစ်လှုပ်ရှားမှုမှာ အကြီးအကျယ် လင်းလက်သွားခဲ့တဲ့ ဖြစ်ရပ် တခု ဖြစ်ပါတယ်။

**(ဃ) <u>ဖွံ့ဖြိုးပြီးနိုင်ငံတွေမှ</u>** ကွန်မြူနစ်ပါတီတွေဟာ ဆိုဗီယက်နဲ့ အရှေ့ ဥရောပ အသွေးအရောင်ပြောင်းသွားမှုရဲ့ထိုးနှက်မှုကို အပြင်းအထန်ခံရပါ တယ်။ ဒါကြောင့် ပါတီတွေ အင်အားဆုတ်ယုတ်ကုန်ပြီး ဘေးထုတ်ထားခြင်း ခံရပါတယ်။ အင်အားဆုံးရှုံးမှုမှာလည်း အလွန်များပြားတယ်။ ဥရောပမှာ ပါတီစုစုပေါင်း ၂၁ ပါတီ ရှိနေသေးပြီး ပါတီဝင်စုစုပေါင်း ၁ သန်းနီးပါး ရှိနေပါ သေးတယ်။ ၎င်းတို့အနက် အင်အားအရရော သြဇာအရပါ နှိုင်းယှဉ်ခြင်း အားဖြင့် ကြီးမားတဲ့ ပါတီတွေကတော့ ပြင်သစ်ကွန်မြူနစ်ပါတီ (ယခု ပါတီဝင် ၁ သိန်း ၃ သောင်း ရှိ)၊ ပေါ်တူဂီကွန်မြူနစ်ပါတီ (အင်အား ၉ သောင်း ရှိ)၊ အီတလီပြန်လည်တည်ဆောက်ရေးကွန်မြူနစ်ပါတီ (ယခုအခါ ပါတီဝင် ၉ သောင်း ၆ ထောင်)၊ အီတလီကွန်မြူနစ်ပါတီ (ပါတီဝင် ၃ သောင်း ၅ ထောင်)၊ စပိန်ကွန်မြူနစ်ပါတီ (ပါတီဝင် ၄ သောင်းကျော်)၊ ဂရိကွန်မြူနစ်ပါတီ (ပါတီဝင် ၃ သောင်း) တို့ဖြစ်တယ်။ ဂျာမနီဆိုရှယ်ဒီမိုကရက်တစ်ပါတီဟာ ယခင် ဂျာမန် ဒီမိုကရက်တစ်နိုင်ငံမှ ညီညွတ်သောဆိုရှယ်လစ်ပါတီကို ဆက်ခံထားတဲ့ ပါတီ ဖြစ်ပြီး နာမည်အားဖြင့် ကွန်မြူနစ်ပါတီလို့ ယူမထားပေမယ့် မာ့က်စ်ဝါဒနဲ့ ဆို ရှယ်လစ်ဝါဒကို ယုံကြည်မြဲယုံကြည်နေတဲ့ ပါတီဖြစ်တယ်။ ဂျာမနီအရှေ့ပိုင်း မှာ တစုံတရာ သြဇာရှိပါတယ်။

ဆွီဒင်၊ နော်ဝေစတဲ့ နိုင်ငံတွေမှာလည်း ကွန်မြူနစ်ပါတီ အဖွဲ့အစည်း များ ရှိနေပါသေးတယ်။ ဒီပါတီတွေအနက် အင်အားကောင်းတဲ့ပါတီတွေမှာ ပါတီဝင်တွေ ထောင်ချီရှိနေပြီး အင်အားနည်းတဲ့ပါတီတွေမှာတော့ ပါတီဝင် ရာဂဏန်းလောက်ပဲ ရှိနေပါတယ်။

အမေရိကန်ကွန်မြူနစ်ပါတီမှာ ပါတီဝင် ၈,၀၀၀ ရှိနေပါတယ်။ တ ရားဝင်ပါတီဖြစ်တယ်။ အချို့လက်ဝဲဂိုဏ်းများနဲ့ အစိုးရဆန့်ကျင်ရေးပုဂ္ဂိုလ် တွေ စုစည်းဖွဲ့စည်းထားတာဖြစ်တယ်။

ဂျပန်ကွန်မြူနစ်ပါတီဟာ ပါတီဝင် ၄ သိန်း ရှိပါတယ်။ ဂျပန်မှာရှိတဲ့ နိုင်ငံရေးပါတီတွေအနက် သိပ်သည်းကျစ်လစ်မှု အရှိဆုံး ပါတီဖြစ်တယ်။ ပါတီ ကလာပ်စည်းပေါင်း ၂ သောင်း ၅ ထောင်ရှိနေတဲ့အထိ တပြည်လုံးမှာ စည်းရုံး ရေး ပိုက်ကွန်တွေ ဖြန့်ကြက်ထားရှိနေပါပြီ။

ချုပ်လိုက်ရင် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှ ကွန်မြူနစ်ပါတီတွေဟာ ဆိုရှယ် လစ်ဝါဒ လှုပ်ရှားမှု ဒီရေနိမ့်အခြေအနေအောက်မှာ ပါတီအများစုဟာ မ တည်မငြိမ်ဖြစ်နေသလို အင်အားအရရော၊ ဩဇာအရပါ ယေဘုယျအားဖြင့် ကျဆင်းနေတယ်။ စည်းရုံးဖွဲ့စည်းရေးတွေမှာလည်း အခက်ကြုံနေရပြီး အချို့ ပါတီတွေဟာ ပါတီတည်ရှိရေးကိုပင် ကြိုးပမ်း အားထုတ်နေရဆဲ ဖြစ်တယ်။

အကြောင်းအမျိုးမျိုးရဲ့ ကန့်သတ်ချုပ်ခြယ်ခြင်းခံနေရတဲ့အလျောက် ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုဟာ အတော်အတန် ရှည်ကြာတဲ့ အချိန်တပိုင်းအ ထိ ကြီးမားတဲ့ အခက်အခဲတွေနဲ့ ဖိအားတွေကို ကြုံတွေ့ရင်ဆိုင်နေရပါလိမ့် ဦးမယ်။ အချိန်တိုအတွင်းမှာ ဒီရေနိမ့်ကာလကနေ ရုန်းထွက်နိုင်ဖို့ဆိုတာ မ ဖြစ်နိုင်သေးပါဘူး။ ဒါပေမဲ့ ကမ္ဘာ့မှုပြုခြင်းနဲ့ သတင်းခေတ် အလျင်အမြန် ဖြစ် ထွန်းတိုးတက်နေမှုက နိုင်ငံတကာကွန်မြူနစ်ပါတီများကို စိန်ခေါ်မှုနဲ့အခွင့်အ လမ်းတွေကို ပြိုင်တူတည်ရှိစေတာကြောင့် ဒီရေနိမ့်ကာလအတွင်းရှိနေပေမယ့် မျှော်လင့်ချက်တွေ ကိန်းအောင်းတည်ရှိနေပါတယ်။ ။

**ကိုးကား။ ။ မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ ဂျာနယ် ၂၀၀၉၊**

ရဲဘော်အောင်လွင်
၂၀၀၉ စက်တင်ဘာ။

# 21



## အမေရိကန် – လက်တင်အမေရိက နိုင်ငံများ ဆက်ဆံရေး

ရဲဘော်ထွန်းမြတ်

အမေရိကန်နဲ့ သူ့ရဲ့ လက်တင်အမေရိက က ရေရှည်ရန်သူကြီး ၂ နိုင်ငံဖြစ်တဲ့ ကျူးဘားနဲ့ ဗင်နီဇွဲလားတို့ အကြားက တင်းမာမှုတွေဟာ မကြာသေးခင်က တော့ လျော့ကျလာနေတာ တွေ့ရပါတယ်။ ဧပြီလက ထရီနီဒက်နဲ့ တိုဘက်ကိုနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၅ ကြိမ်မြောက် အမေရိကနိုင်ငံများ ထိပ်သီးအစည်းအဝေးမှာ အမေရိကန်သမ္မတအိုဘားမားက ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်စ်ကို နွေးနွေးထွေးထွေး နှုတ်ဆက်စကားဆိုခဲ့ပြီး ချာဗက်စ်လက်ဆောင်ပေးတဲ့ စာအုပ်ကို လက်ခံခဲ့ပါတယ်။ အဲဒီပွဲအပြီးမှာတော့ ချာဗက်စ်က သူ့နိုင်ငံ ပြန်ခေါ်ထားတဲ့ သံအမတ်ကို အမေရိကန်ကို ပြန်လွှတ်မယ်လို့လည်း ကြေညာလိုက်ပါတယ်။ ဗင်နီဇွဲလားရေနံကုမ္ပဏီတခုက ဝယ်ထားတဲ့ အမေရိကန်ပိုင်ကျွန်းတကျွန်းကိုလည်း ပြန်ပေးလိုက်ပါတယ်။

အမေရိကန်ဟာ သူ့ရဲ့အသဲစွဲ ရန်သူတော်ကြီးကျူးဘားနဲ့ ပတ်သက်တဲ့ ပေါ်လစီအပြောင်းအလဲကတော့ ပိုမြန်ဆန်ပါတယ်။ ကျူးဘားအပေါ် ချမှတ်ထားတဲ့ ခရီးသွားလာရေး၊ မိသားစုလည်ပတ်ရေး၊ ငွေပြန်ပို့ရေးနဲ့ ကုန်သွယ်ရေးစတာတွေအပေါ် ပိတ်ဆို့တားဆီးထားတာ အတော်များများကို လျှော့ချပေးလိုက်ပါတယ်။ ဒ့ါအပြင် ကျူးဘားသံအရာရှိအချို့နဲ့လည်း အမေရိကန်သံအရာရှိများ တွေ့ဆုံဆွေးနွေးမှုများလည်း ရှိခဲ့ပြီး ဒါတွေဟာ ၁၉၆၀ ခုနှစ် အစောပိုင်းများကစလို့ ကျူးဘားအပေါ်ထားရှိခဲ့တဲ့ ဝိုင်းဝန်းပိတ်ဆို့ရေးများအပေါ် ကြီးမားစွာ ဂယက်ရိုက်ခတ်ခဲ့ပါတယ်။

ဒီပြန်လည် ထိန်းညှိမှုများက အိုဘားမားအစိုးရရဲ့ လက်တင်အမေရိကအပေါ် ချဉ်းကပ်မှုအသစ်တွေ ပြုလုပ်နေပြီဆိုတာ ပြသနေပါတယ်။ လက်တင်အမေရိကနိုင်ငံများဘက်ကလည်း မိမိတို့ရဲ့အစဉ်အလာအကျိုးစီးပွားများ အရရော လတ်တလောလိုအပ်မှုများအရပါ လက်ရှိအမေရိကန်အပေါ် မျှော်လင့်ချက်တွေ ထားရှိနေပါတယ်။ ဂျော့ဘုရှ်လက်ထက်က တင်းမာအေးစက်

သွားခဲ့ရတဲ့ အမေရိကန်နဲ့လက်တင်အမေရိကအကြား ဆက်ဆံရေးတွေဟာ အမေရိကန်ရဲ့နည်းနာသစ်များ (အထူးသဖြင့် အမေရိကနိုင်ငံများရဲ့ ၅ ကြိမ်မြောက် ထိပ်သီးစည်းဝေးပွဲမှာ ပြသခဲ့တဲ့ အိုဘားမားရဲ့ နှိမ်နှိမ်ချချနေဟန်၊ လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ဓာတ်ဖော်ပြချက်များကြောင့် ပြန်လည် နွေးထွေးလာပါတယ်။ သို့သော်လည်း အိုဘားမားအစိုးရ ကြုံတွေ့နေရတဲ့ ပြည်တွင်းပြည်ပ စိန်ခေါ်ချက်အမျိုးမျိုးနဲ့ အမေရိကန်–လက်တင်အမေရိက ဆက်ဆံရေးအတွင်းက အဆောက်အအုံပြသနာများကြောင့် အခက်အခဲ အတော်များများတော့ တွေ့စရာရှိပါသေးတယ်။

တကယ်တော့ အိုဘားမားရဲ့ မကြာခင်က သွားရောက်ခဲ့တဲ့လက်တင်အမေရိကခရီးဟာ ဆက်ဆံရေးတွေကို ပြန်နွေးပေးလိုက်တာပါပဲ။ သူ သမ္မတသက်တမ်းစတင်ပြီးနောက် ပထမဆုံးအကြိမ် စုပေါင်းဆွေးနွေးပွဲကြီးကို တက်ရောက်တာဖြစ်ပါတယ်။ ဘုရှ်လက်ထက်ကကျန်ခဲ့တဲ့ သံခင်းတမန်ခင်း ပြသနာတွေကို ရှင်းလင်းပေးဖို့ သူ ကြိုးစားလုံးပန်းတာတွေကို တွေ့ရပါတယ်။

တကယ်လည်း ဘုရှ်ရဲ့ သမ္မတသက်တမ်း ရှစ်နှစ်ခရီးမှာ လက်တင်အမေရိကဆိုတဲ့ အမေရိကန်တွေရဲ့“နောက်ဖေးခြံကြီး”နဲ့ ဆက်ဆံရေးတွေဟာ (သူ့ရဲ့မဆင်မခြင်ပြောဆိုမှု၊ စွက်ဖက်လုပ်ဆောင်ချက်တွေကြောင့်) ဆိုးဝါးပျက်ယွင်းခဲ့ရပါတယ်။ ကျူးဘားဟာ ဝါရှင်တန်ကလိုလားပြီး ဖိအားပေးခဲ့တဲ့ အစိုးရအပြောင်းအလဲဆိုတာ မဖြစ်ပေါ်ခဲ့ရုံမျှမက ဒေသတွင်းရဲ့ ထောက်ခံမှုကိုရော နိုင်ငံတကာ့သြဇာပါ တိုးတက်ရရှိခဲ့ပါတယ်။ ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်စ်နဲ့ ဘိုလီးဗီးယားသမ္မတ အဲဗိုမိုရဲလစ်တို့ဆိုရင် အမေရိကန်ဆန့်ကျင်ရေး သူရဲကောင်းသစ်များအဖြစ်တောင် ပေါ်လာခဲ့ပါသေးတယ်။ ဒေသဆိုင်ရာ အဓိကအင်အားကြီးနိုင်ငံများဖြစ်တဲ့ ဘရာဇီးနဲ့ အာဂျင်တီးနားနိုင်ငံများကတောင် အမေရိကန်နဲ့ ခပ်ကင်းကင်း ဖြစ်လာပါတော့တယ်။ ၂၀၀၅ ခုနှစ်က အာဂျင်တီးနားမှာ ကျင်းပခဲ့တဲ့ ၄ ကြိမ်မြောက် အမေရိကန်များရဲ့ ထိပ်သီးဆွေးနွေးပွဲမှာဆိုရင် ဘုရှ်ဟာ အရှက်တကွဲ အကျိုးနည်းနဲ့ အထီးကျန်ဖြစ်ခဲ့ပါတယ်။ ဘုရှ်တင်သွင်းတဲ့ အဲဒီဒေသတွင်း လွတ်လပ်စွာကုန်သွယ်ခွင့်ဆိုတဲ့ ကိစ္စမျိုးဆိုရင် ဘယ်သူကမှ အရေးတယူ ထည့်သွင်းမဆွေးနွေးခဲ့ပါဘူး။ အမေရိကန်နဲ့ လက်တင်အမေရိက ဆက်ဆံရေးသမိုင်းမှာ ဒီရေအနိမ့်ဆုံးကို ရောက်ရှိသွားတာ ဖြစ်ပါတယ်။

အမေရိကန်ဒေသများမှာ အမေရိကန်ပြည်ထောင်စုရဲ့သြဇာလွှမ်းမိုးမှုကို ထိန်းသိမ်းတာဟာ ဝါရှင်တန်ရဲ့ အဓိကအကျိုးစီးပွားပါ။ ၂၀၀၁ ခုနှစ်စက်တင်ဘာ ၁၁ ရက်အရေးအခင်းအပြီး၊ အမေရိကန်အနေနဲ့ မိမိတို့ သေနင်္ဂဗျူဟာအာရုံစူးစိုက်ချက်ကို အရှေ့အလယ်ပိုင်းနဲ့အာရှ–ပစိဖိတ်ဒေသများကို ရွှေ့ပြောင်းလိုက်ရလို့ သူ့ရဲ့ သြဇာကျဆင်း လစ်ဟာသွားတဲ့ လက်တင်အမေရိကဒေသမှာ ရုရှားနဲ့တရုတ် ဝင်လာမှာကို ပူပန်ရပါတယ်။ တရုတ်နဲ့လက်တင်အမေရိကကြား တိုးတက်လာတဲ့ ကုန်သွယ်ရေးနဲ့ စွမ်းအင်ဆက်ဆံ

ရေးများကိုလည်း သူတို့က သံသယနဲ့ စောင့်ကြည့်နေတာပါ။ ဗင်နီဇွဲလားက လည်း ရုရှားနဲ့ပေါင်းပြီး ရေတပ်လေ့ကျင့်ခန်း၊ စစ်ရေးပူးတွဲလေ့ကျင့်ခန်းတွေ လုပ်ပါသေးတယ်။ ဘရာဇီးနဲ့ ပီရူးတို့ကလည်း ရုရှားနဲ့ စစ်ရေးပူးပေါင်းလေ့ ကျင့်မှုတွေ လုပ်ခဲ့ပြီး လက်နက်ခဲယမ်းတွေလည်း ရုရှားက ရောင်းချခဲ့ပါသေး တယ်။ ဒါတွေကို အမေရိကန်အမာခံအုပ်စုတွေက အထိမခံနိုင်ဖြစ်လာနေပါ တယ်။ ဒါကြောင့် ရေရှည်အမြင်ရှိတဲ့ အမေရိကန်အရာရှိများနဲ့ သုတေသန ဌာနတွေက လက်တင်အမေရိကဆိုင်ရာ ဝါရှင်တန်ရဲ့မူဝါဒတွေကို အပြောင်း အလဲလုပ်ဖို့ ပြောဆိုလာကြပါတယ်။

ဒါ့အပြင် အခုကျရောက်နေတဲ့ ဘဏ္ဍာရေးအကျပ်အတည်းကြီး ကြောင့်လည်း အမေရိကန်အစိုးရအနေနဲ့ လက်တင်အမေရိကဆက်ဆံရေး တိုးတက်ဖို့ လိုလာပါတယ်။ တကယ်တော့ အမေရိကန်နဲ့လက်တင်အမေရိက အကြား ကုန်သွယ်ရေးတွေဟာ အလွန်နက်ရှိုင်းပါတယ်။ အမေရိကန်က ဒီနေ့ အထိ လက်တင်အမေရိကမှာ ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာဘီလျံ ၆၀၀(ခြောက် ရာ) ကျော်ပါတယ်။ အဲဒီနိုင်ငံများက ဘဏ္ဍာရေးနယ်ပယ်၊ အခြေခံအဆောက် အအုံ ဆောက်လုပ်ရေးနဲ့ သယံဇာတတူးဖော်ရေးစတဲ့ လုပ်ငန်းနယ်ပယ်ကြီး အများအပြားမှာ အမေရိကန်တွေ လုပ်ကိုင်နေကြပါတယ်။ နှစ်ဘက်အကြား ကုန်သွယ်ရေးကလည်း လွန်ခဲ့တဲ့ ၂ နှစ်အတွင်း ဒေါ်လာဘီလျံ ၆၀၀ (ခြောက် ရာ) ကျော်ပါတယ်။ လက်တင်အမေရိကန်နိုင်ငံများဟာ အမေရိကန်အပေါ် စီးပွားရေးအရ အတော်ကြီးကြီးမားမား မှီခိုနေရတာပါ။ စီးပွားပျက်ကပ်ဟာ လက်တင်အမေရိကအထိ ပျံ့နှံ့သွားမယ်ဆိုရင်တော့ အမေရိကန်ရဲ့ စီးပွားရေး အကျိုးစီးပွားတွေဟာလည်း အကြီးအကျယ် ထိခိုက်နိုင်ပါတယ်။

အမေရိကန်ဟာ လက်တင်အမေရိကရဲ့ အရေးအကြီးဆုံး ကုန်သွယ် ဘက်နဲ့ ပူးပေါင်းဆောင်ရွက်ဘက် ဖြစ်ပါတယ်။ ဒါဟာ လက်တင်အမေရိက တတိုက်လုံးက တညီတညွတ်တည်း လက်ခံထားတဲ့အချက်ပါ။ ဥပမာ မက်ဆီ ကိုဆိုရင် သူ့နိုင်ငံရဲ့ထွက်ကုန် ၉၀ ရာခိုင်နှုန်းဟာ အမေရိကန်ကို တင်ပို့ရ တာပါ။ အမေရိကန်က ပြန်ပို့ပေးနေတဲ့ ငွေတွေဟာ အလယ်အမေရိကနိုင်ငံ များရဲ့ GDP ရဲ့ ၂၀% ကျော် ရှိပါတယ်။ အမေရိကန်ဟာ ဘရာဇီးနဲ့ ချီလီတို့ ရဲ့ အရေးကြီးဆုံး ကုန်သွယ်ဘက်ဖြစ်ပြီး ဗင်နီဇွဲလားရေနံကို အများဆုံးဝယ်ယူ နေသူလည်း ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်စီးပွားရေးနဲ့ ကုန်သွယ်ရေး ပေါ်လစီအပြောင်းအလဲများဟာ လက်တင်အမေရိကန်နိုင်ငံများကို တိုက်ရိုက် ထိခိုက်စေနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်ပဲ သူတို့အနေနဲ့ အမေရိကန်နဲ့ ပြန်လည်အဆင်ပြေ သင့် မြတ်လာဖို့ အများကြီး မျှော်လင့်ထားပါတယ်။ ဂျီ ၂၀ ဝင်နိုင်ငံများဖြစ်တဲ့ ဘ ရာဇီးနဲ့ မက်ဆီကိုတို့ဆိုရင် ကမ္ဘာ့ပြဿနာတွေဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ အ မျိုးသား အကျိုးစီးပွားကာကွယ်ရေးဝါဒ၊ ပတ်ဝန်းကျင်နဲ့လုံခြုံရေးပြဿနာများ စတာတွေဖြေရှင်းရာမှာ အမေရိကန်နဲ့ပူးတွဲလုပ်ဆောင်နိုင်ရေးကို လိုလားနေ

တာပါ။ အမေရိကန်ရဲ့ အစဉ်အလာမဟာမိတ်များဖြစ်တဲ့ ဗဟိုအမေရိက နိုင်ငံများကလည်း အမေရိကန်အနေနဲ့ သူတို့နိုင်ငံတွေအပေါ် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာပေါ်လစီနဲ့ ရွှေ့ပြောင်းအလုပ်သမားပြဿနာတွေမှာ ဦးစားပေးဖို့လည်း မျှော်လင့်ကြပါတယ်။ ဗင်နီဇွဲလား၊ ဘိုလီးဗီးယားနဲ့ အက်ကွေဒေါလို လက်ဝဲယိမ်းနိုင်ငံများကလည်း သူတို့ရဲ့အမေရိကန်ဆန့်ကျင်ရေးလေသံတွေကို လျှော့ချနေပါပြီ။

ကွဲပြားခြားနားတဲ့ သဘောတရား၊ အတွေးအခေါ်တွေကို လက်ခံထားတဲ့ ကျူးဘားလိုနိုင်ငံမျိုးကတောင် အမေရိကန်နဲ့ ဆက်ဆံရေးကောင်းမွန်ချင်နေပါတယ်။ တကယ်လည်း ကျူးဘားအနေနဲ့ ဘေးပတ်ဝန်းကျင် တည်ငြိမ်မှုကိုလည်း လိုအပ်နေတာပါ။ အမေရိကန်က ကျူးဘားအပေါ် ရန်လိုတဲ့ သဘောထားများရှိမှုကြောင့် ကျူးဘားအနေနဲ့ကလည်း ငွေကြေးအကုန်အကျ အတော်ခံပြီး စစ်တပ်ကို တည်ဆောက်ထားရပါတယ်။ မိမိနိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဈေးကွက်ကိုလည်း ကျူးဘားအနေနဲ့ လိုအပ်နေတာပါ။ အမေရိကန်ရဲ့ ကြာရှည်ကြာများ ပိတ်ဆို့မှုအမျိုးမျိုးကြောင့် တခြားနိုင်ငံခြားကုမ္ပဏီများကလည်း ကျူးဘားမှာ ငွေကြေးမြှုပ်နှံမှုကို မလုပ်ဆောင်ရဲပါဘူး။ ဒီလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့၊ နိုင်ငံခြားခရီးသွားတို့ မရှိမှုကြောင့် ကျူးဘားရဲ့ စီးပွားရေးက တက်သင့်သလောက် မတက်နိုင်ဖြစ်နေပါတယ်။

ဒါကြောင့်ဘဲ ကျူးဘားအနေနဲ့ မနှစ်က ရာဟူးလ်ကက်စထရို တက်လာပြီးကတည်းက ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်လာပြီး အစိုးရကိုလည်း ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ဥပမာအားဖြင့် အမေရိကန်ကို ဆန့်ကျင်သူအမာခံလို့သတင်းကြီးတဲ့ နိုင်ငံခြားရေးဝန်ကြီးကို ကုလသမဂ္ဂမှာ ကျူးဘားရဲ့ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းခဲ့ဖူးတဲ့ သဘောထားပျော့ပျောင်းသူလို့ သိကြတဲ့ သံအမတ်ဟောင်းတဦးနဲ့ အစားထိုးခဲ့ကြပါတယ်။ ဒါဟာ ကျူးဘားအနေနဲ့ အမေရိကန်နဲ့ ဆက်ဆံရေးကောင်းမွန်လာရေးအတွက်လုပ်တဲ့ ပေါ်လစီအပြောင်းအလဲလို့ မြင်ကြရပါတယ်။

ပြီးလကဆိုရင် အမေရိကန် လွှတ်တော်ကိုယ်စားလှယ် အဖွဲ့တဖွဲ့ ကျူးဘားကို သွားရောက် လည်ပတ်ကြပြီး (ကြံ့တောင့်ကြံ့ခံ) အနားယူပြီဖြစ်တဲ့ ခေါင်းဆောင်ဟောင်း ဖီဒယ်ကက်စထရိုနဲ့ တွေ့ခွင့်ရခဲ့ကြတယ်။ ရာဟူးလ်ကက်စထရိုနဲ့လည်း နာရီပေါင်းများစွာ တံခါးပိတ်ဆွေးနွေးခဲ့ကြပါသေးတယ်။ ဒါတွေက ကျူးဘားအနေနဲ့ အမေရိကန်နဲ့ ဆက်ဆံရေးကောင်းရေးအတွက် ဘယ်လောက် လုံးပန်းနေတယ်ဆိုတာ ဖော်ပြပါတယ်။ အိုဘားမားရဲ့ ပိတ်ဆို့မှုတွေလျှော့ချရေး ဆုံးဖြတ်ချက်ကို တုံ့ပြန်တဲ့အနေနဲ့ ရာဟူးလ်ကက်စထရိုက အမေရိကန်နဲ့ ဘာကိစ္စမဆို ဘယ်အချိန်မဆို ဆွေးနွေးဖို့လိုလားကြောင်း အဆင်သင့်ရှိကြောင်း ပြောဆိုထားပါတယ်။ ကျူးဘား–အမေရိကန် ဆက်ဆံရေးဟာ အဲသလောက် လျင်လျင်မြန်မြန် တိုးတက်ကောင်းမွန်လာနေပါတယ်။

အဲဒီထိပ်သီးအစည်းအဝေးမှာ အိုဘားမားက ဒီအစည်းအဝေး အတွင်းက ပြောဆိုဆွေးနွေးမှုများဟာ အမေရိကန်နဲ့ လက်တင်အမေရိကအကြား "ပူးပေါင်းဆောင်ရွက်မှုရဲ့ ခေတ်သစ်တရပ်"ကို ဖော်ဆောင်ခဲ့တယ်လို့ ဆိုခဲ့ပါတယ်။ သို့သော်လည်း ဝါရှင်တန်ရဲ့ ပေါ်လစီအပြောင်းအလဲ အထိန်းအညှိတွေဟာ တနိုင်ငံချင်းအလိုက်ပဲ ဖြစ်မှာပါ။ ပထမအနေနဲ့ အမေရိကန်တွေဟာ အဓိက ဒေသအင်အားကြီးနိုင်ငံများနဲ့ သေနင်္ဂဗျူဟာပူးပေါင်းမှုတွေကို တိုးတက်လုပ်ဆောင်ပါလိမ့်မယ်။ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ကျယ်ပြန့်လာမှုနဲ့ ဒေသတွင်း သူတို့ရဲ့ ဩဇာကျဆင်းလာမှုတို့ကြောင့် အမေရိကန်အနေနဲ့ အဓိက ဒေသအင်အားကြီးနိုင်ငံများရဲ့ သေနင်္ဂဗျူဟာ ထောက်ခံမှုကို အသည်းအသန် လိုအပ်နေပါတယ်။ ဒါကြောင့် နိုင်ငံတကာ့ပြဿနာများကို ဖြေရှင်းရာမှာ ဘရာဇီးတို့၊ မက်ဆီကိုတို့၊ ချီလီတို့နဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ အမေရိကန်အနေနဲ့ စိတ်အားထက်သန်နေပါတယ်။ ဒ့ါအပြင် မိမိရဲ့ အစဉ်အလာ မိတ်ဆွေများနဲ့လည်း နီးနီးစပ်စပ် ဆက်ဆံနေမှာပါ။ မက်ဆီကို၊ ကိုလံဘီယာနဲ့ ဗဟိုအမေရိကနိုင်ငံများဟာ အမေရိကန်နဲ့ အလွန်သစ္စာရှိတဲ့ မဟာမိတ်များပါ။ ဒ့ါအပြင် ဒေသတွင်းက လက်ဝဲအစိုးရများနဲ့လည်း ဆက်ဆံရေး ပြေပြစ်လာရေးအတွက် ကြိုးစားနေပါတယ်။

သို့သော်လည်း အမေရိကန်နဲ့ လက်တင်အမေရိက ဆက်ဆံရေးတွေဟာ ၁၉၆၀ ခုနှစ်များအတွင်း သမ္မတကနေဒီလက်ထက်တုန်းက ရခဲ့တဲ့ ရင်းနှီးမှုမျိုးတော့ ပြန်မရနိုင်သေးပါဘူး။ အိုဘားမား အစိုးရအနေနဲ့ကလည်း ဦးစားပေးရမယ့် ပြဿနာများ ဥပမာ–ပြည်တွင်းစီးပွားရေးအကျပ်အတည်း၊ အရှေ့အလယ်ပိုင်းကိစ္စ စတာတွေကြောင့် လက်တင်အမေရိကနိုင်ငံများနဲ့ ဆက်ဆံရေးကို ရှေ့တန်းမတင်နိုင်ပါဘူး။ ဒ့ါအပြင် အဲဒီဒေသအတွင်း လက်ဝဲအင်အားစုတွေ အားကြီးလာမှုနဲ့ တခြားနိုင်ငံများကလည်း လွတ်လပ်တဲ့ သံခင်းတမန်ခင်းလုပ်ဟန်တွေ လုပ်ဆောင်လာမှုကြောင့်ရော ဝါရှင်တန်ရဲ့ဩဇာနဲ့လွှမ်းမိုးနိုင်မှုအားဟာ ကျဆင်းလာတာတွေ တွေ့လာရပါတယ်။ လွတ်လပ်စွာကုန်သွယ်ခွင့် စေ့စပ်ဆွေးနွေးပွဲတွေ၊ ဒေသဆိုင်ရာလုံခြုံရေးကိစ္စတွေမှာ သဘောကွဲလွဲမှုတွေ ပိုမိုနက်ရှိုင်းလာနေတာကို တွေ့နေရပါတယ်။

အမေရိကန်အနေနဲ့လည်း လက်ဝဲအစိုးရများနဲ့ သဘောတရားရေးအရ ကွဲလွဲမှုတွေကို ခဏကလေးနဲ့ ပေါင်းစပ်နိုင်မှာ မဟုတ်ပါဘူး။ ကျူးဘားလိုနိုင်ငံမျိုးကလည်း မိမိတို့ရဲ့ အချုပ်အခြာအာဏာပိုင်မှုကို အမေရိကန်နဲ့ ဆက်ဆံမှုကောင်းရေးဆိုတာနဲ့ မလဲနိုင်ပါဘူး။ ဒ့ါအပြင် အမေရိကန်ရဲ့ အမျိုးသားအကျိုးစီးပွားကာကွယ်ရေးဝါဒ (Protectionism) အပေါ် လက်တင်အမေရိကနိုင်ငံများက မခံမရပ်နိုင်ဖြစ်နေပါတယ်။ ဒီလိုမျိုးကုန်သွယ်ရေးက မရေမတွက်နိုင်တဲ့ စိန်ခေါ်မှုတွေ၊ ပဋိပက္ခတွေကို ဖြစ်ပေါ်စေဦးမှာပါ။ ။

ကိုးကား။ ။ **Beijing Review.May 14 . 2009.**

# မဟာဗျူဟာ ထိန်းချုပ်ရေးလက်တံများ

ဟိန်းကို

စကော်ပူတက္ကသိုလ်ရဲ့ အရှေ့အာရှ သုတေသနဌာနမှူးက စင်ကျန်နဲ့တိဘက် ပြဿနာဟာ တရုတ်ပြည်ရဲ့ ပြည်တွင်းရေးလို့ ဆိုနေလင့်ကစား အဲဒီပြဿနာ ၂ ခုက တရုတ်ပြည်ရဲ့ နိုင်ငံတကာဆက်ဆံမှုကို ထိခိုက် ဂယက်ရိုက်ရုံမက သူ့ရဲ့ပြောင်းလဲတိုးတက်မှုကိုပါ ထိခိုက်ဆက်နွယ် ထိန်းကွပ်ခံရတဲ့ အနေအထားမျိုးအထိ ဖြစ်တည်နေတယ်။ စင်ကျန်နဲ့တိဘက်ပြဿနာကို ဒီနေ့ ကောင်းမွန်စွာမဖြေရှင်းရင် ဒါမှမဟုတ် ကောင်းမွန်စွာမဖြေရှင်းနိုင်ခဲ့ရင် တရုတ်ပြည်ဟာ ဘေးကျပ်နံကျပ်နဲ့တိုးတဲ့ ကုန်းတွင်းပိုင်းနိုင်ငံကြီးတနိုင်ငံအဖြစ် ကျရောက်သွားနိုင်ပါတယ်တဲ့။ မိမိရဲ့ အင်အားတောင့်တင်းတဲ့ တိုင်းပြည်တပြည်ဖြစ်ရေး စိတ်ကူးအိပ်မက်ဟာ ရုပ်လုံးပေါ်လာနိုင်စရာမရှိတဲ့ အခြေအနေမျိုး ရောက်ရှိသွားနိုင်ပါတယ်တဲ့။

ဘာကြောင့်ခုလို ပြောဆိုရပါသလဲ။

အဓိကက စင်ကျန်နဲ့ တိဘက်ဟာ တခုနဲ့တခု အပြန်အလှန် ပိုပြီးဆက်နွယ်နေတဲ့၊ အပြန်အလှန် ပိုပြီးထောက်ကူအားဖြည့်နေတဲ့ အရေးကိစ္စကြီး ဖြစ်လာနေသလို အဲဒီဖြစ်စဉ်ကြီးကိုလည်း တနေ့တခြား ပိုပြီးလျှောက်လှမ်းနေလို့ပါပဲ။ ဆိုလိုတာက စင်ကျန်တိဘက်ပြဿနာဟာ နိုင်ငံတကာလက္ခဏာဆောင်မှုနဲ့ ဒေသလက္ခဏာဆောင်မှုအဆင့်အထိ ဖြစ်လာနေလို့ပါပဲ။

နိုင်ငံတကာလက္ခဏာဆောင်မှုလို့ ပြောတာဟာ စင်ကျန်တိဘက် ပြဿနာမှာ အနောက်အုပ်စုက တရုတ်ပြည်ရဲ့ မဟာဗျူဟာရည်မှန်းချက်ကို ကန့်သတ်ချုပ်ချယ်ထိန်းကွပ်တဲ့ လက်နက်ကိရိယာနဲ့ နည်းနာဖြစ်နေလို့ပါပဲ။ တဖက်မှာ အနောက်အုပ်စုရဲ့ တွန်းဆော်ပေးမှုကြောင့် တိဘက်ပြဿနာဟာ မြင့်မားတဲ့ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ စာနာထောက်ခံမှုကို ပြောင်းလဲရရှိစေခဲ့ပါတယ်။ ဘုန်းတော်ကြီး ဒလိုင်းလားမားနဲ့ တိဘက်ခွဲထွက်ရေး လှုပ်ရှားမှုကိုလည်း ကျယ်ပြန့်တဲ့ စာနာထောက်ခံမှုရရှိအောင် အနောက်အုပ်စုဟာ လုံး

ပန်းနေတဲ့တချိန်တည်းမှာ တရုတ်အစိုးရရဲ့တိဘက်ပေါ်လစီကိုလည်း သရဲသဘက်လိုဖြစ်အောင် အရုပ်ဆိုးအကျည်းတန်အောင် ဖော်ပြခြယ်သနေလို့ပါ။

အနောက်အုပ်စုရဲ့အခုလိုသဘောထားမျိုး ပေါ်လစီမျိုးကြောင့် သွယ်ဝိုက်လို့ဖြစ်စေ အကျိုးသက်ရောက်မှုကိုဖြစ်စေတဲ့ တိဘက်ခွဲထွက်ရေးလှုပ်ရှားမှုနဲ့ အကြမ်းဖက်မှုကို ထိုးဆွအားပေးရာ ရောက်သွားစေခဲ့ပါတယ်။ တကယ်လို့ တိဘက်ခွဲထွက်ရေးဟာ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာရဲ့ စာနာထောက်ခံမှု ရသွားရင်တောင် အကြမ်းဖက်မှုဟာ တဖက်တလမ်းက အလှဆင်အရောင်တင်ပေးသလို တန်းဝင်သွားနိုင်ပါတယ်။ အနောက်အုပ်စုအဖို့ပြောရင် စာနာထောက်ခံမှုထက် တရုတ်ကို ကန့်သတ်ထိန်းကွပ်ရေးက ပိုပြီး အရေးကြီးပါတယ်။

စင်ကျန်ပြဿနာဟာလည်း ဒီအတိုင်းပါပဲ။

အနောက်အုပ်စုဝင်နိုင်ငံများဟာ သူတို့ကိုယ်တိုင် အကြမ်းဖက်ဝါဒရဲ့ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်ကြုံတွေ့နေရပေမယ့်လည်း အနောက်နိုင်ငံရဲ့ နိုင်ငံရေးသမားတချို့ဟာ တကယ့်တကယ်မှာ ကောင်းတဲ့အကြမ်းဖက်ဝါဒ(တရုတ်ကိုရည်ရွယ်တဲ့ တိုက်ခိုက်မှု)နဲ့ မကောင်းတဲ့အကြမ်းဖက်ဝါဒ(အနောက် အုပ်စုကိုရည်ရွယ်တဲ့ တိုက်ခိုက်မှု)ကို လက်ခံထားကြတာဖြစ်ပါတယ်။ နိုင်ငံတချို့ဆိုရင် တရုတ်ပြည်ရဲ့ အကြမ်းဖက်မှုဆန့်ကျင်ရေးနဲ့ လူ့အခွင့်အရေးကို တွဲဖက်ချိတ်ဆက်ထားကြတဲ့အခါ အကြမ်းဖက်ဝါဒကို ဆန္ဒရှိရှိ မရှိရှိ လက်ခံလိုက်သလို ဖြစ်သွားရပါတော့တယ်။

စင်ကျန်တိဘက်ပြဿနာဟာ တရုတ်ပြည်နဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ ဆက်ဆံရေးကိုလည်း ဂယက်ရိုက်ပါတယ်။ တချိန်ထဲမှာ စင်ကျန်ပြဿနာဟာ တရုတ်နဲ့ မွတ်စလင်ကမ္ဘာရဲ့ ဆက်ဆံရေးကိုလည်း ဂယက်ရိုက်နိုင်ပါတယ်။ အိမ်နီးချင်းတချို့မှာ တရုတ်နဲ့ ချစ်ကြည်ရင်းနှီးတဲ့ ပူးပေါင်းဆောင်ရွက်ချက်တွေ ရှိကြပါတယ်။ အတူတကွ ဖွံ့ဖြိုးတိုးတက်နိုင်ရေးကို ကြိုးပမ်းနေကြပါတယ်။ ဒါပေမဲ့ တချို့နိုင်ငံတွေကျတော့ တရုတ်နိုင်ငံရဲ့ နိုးထအားကြီးလာမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို "အန္တရာယ်နဲ့ ခြိမ်းခြောက်မှု" လို့ ကြည့်မြင်ကြတာလည်း ရှိပါတယ်။ တချို့နိုင်ငံဆိုရင် ပြိုင်ဘက်နိုင်ငံအဖြစ်တင်မက ရန်ဘက်ဖြစ်နိုင်တဲ့ (ရန်သူအတု)နိုင်ငံလို့ပင် ကြည့်မြင်တာမျိုးရှိပါတယ်။ သူတို့တတွေဟာ စင်ကျန် တိဘက်ပြဿနာကို အကြောင်းပြ အသုံးချပြီး တရုတ်ပြည်ကို ကသိကအောက် လုပ်တာမျိုး၊ ဈေးဆစ်တာမျိုး လုပ်ချင်ကြတယ်။

အနောက်အုပ်စုအမြင်နဲ့ ရှုရင် စင်ကျန်တိဘက်ဒေသ နှစ်ခုဟာ တရုတ်ပြည်တွင်းထဲမှာ "အရောင်တော်လှန်ရေး"လို အရေးအခင်းမျိုး ဖြစ်လွယ်ပေါ်လွယ်တဲ့ နယ်မြေဒေသလို့ တွက်ဆထားကြပါတယ်။ လူမျိုးရေးစိတ်ဓာတ်၊ အမျိုးသားရေးအမြင်တို့နဲ့ တရုတ်ကို စိန်ခေါ်တုပြိုင်လို့ ကောင်းတဲ့အရပ်နေရာဆိုတာ အနောက်တိုင်းသားတွေ သိနားလည်ကြပါတယ်။ "အရောင်တော်လှန်ရေး"ဆိုတာလည်း ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက်ပဲလို့ အ

နောက်အုပ်စုက အမွှမ်းတင်ပြောနေကြသလို မဟုတ်ပါဘူး။ တကယ်လို့ စင်ကျန် တိဘက်ရဲ့ ဆူပူသောင်းကျန်းမှုဟာ အနောက်နဲ့ပတ်သက်နေရင်လည်း တရုတ်ပြည်ထဲမှာတော့ ဘယ်ဘက်ကမှ သက်သာ အကျိုးရှိနိုင်မှာ မဟုတ်ပါဘူး။ အများဆုံး အကျိုးအမြတ်ရရှိသွားကြမယ့်သူတွေကတော့ သူ့နိုင်ငံပြင်ပက တရုတ်ပြည်ကို ကြောက်လန့်မုန်းတီးနေတဲ့ နိုင်ငံရေးအင်အားနဲ့ ပုဂ္ဂိုလ်များပဲ ဖြစ်နေပါလိမ့်မယ်။

စင်ကျန်တိဘက်ပြဿနာဟာ တရုတ်ပြည်တွင်းရေးရာနဲ့ နိုင်ငံခြားရေးရာရဲ့ ဆုံမှတ်နေရာ ဖြစ်နေပါပြီ။ 'အတွင်း'နဲ့'အပြင်'ပြဿနာဟာ ပေါ်လွင်ထင်ရှားတဲ့ နယ်နိမိတ်မျဉ်းတွေ ခုခါ ရှင်းရှင်းလင်းလင်းကြီး မရှိတော့ပါဘူး။ ဒီလို အကြောင်းကြောင့်ပဲ ထင်ပါတယ်။ တရုတ်အစိုးရက စင်ကျန်နဲ့တိဘက်ပြဿနာကို နိုင်ငံတော်ရဲ့ အရင်းခံအကျဆုံး ဗဟိုမဏ္ဍိုင် အကျိုးစီးပွားပြဿနာတရပ်အဖြစ် မှတ်ယူဆောင်ရွက်နေပါပြီ။ အခုလိုမျိုး ကြည့်မြင်သတ်မှတ်လိုက်ပြီဆိုရင် နိုင်ငံခြားရေးနယ်ပယ် အပါအဝင် ပြည်တွင်းက ရှိရှိသမျှ အရင်းအနှီး အရင်းအမြစ်အားလုံးကို တရုတ်အစိုးရဟာ လှုံ့ဆော်စည်းရုံးဖော်ဆောင်သွားမှာ သေချာပါတယ်။ အကောင်းဆုံး အနာအကျင်အနည်းဆုံး၊ ဆုံးရှုံးမှုအနိမ့်ဆုံးဖြစ်အောင် ဖြေရှင်းရမှာပါပဲ။

ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ တရုတ်ပြည်အနေနဲ့ အောက်ပါ အချက် ၃ ချက်ကို ထည့်သွင်း ပြင်ဆင်စဉ်းစားရလိမ့်မယ်လို့ စင်္ကာပူတက္ကသိုလ်ရဲ့ အရှေ့အာရှသုတေသနဌာနမှူး ကျိန့်ယုံလျန်က တင်ပြထောက်ပြလိုက်ပါတယ်။

သူ့ရဲ့ ပထမဦးဆုံးအချက်က တရုတ်အစိုးရဟာ နိုင်ငံခြားရေး၊ ပြင်ပဆက်ဆံရေးမှာ ဘယ်လိုပဲ ဘယ်လောက်ပဲ ကြိုးစားအားထုတ် ဖြေရှင်းသော်လည်းပဲ အနောက်အုပ်စုနဲ့ အိမ်နီးချင်း နိုင်ငံတချို့ရဲ့ "မဟာဗျူဟာ တွက်ချက်မှု"ကြောင့် ဆက်လက် လက်လျှိုပါဝင်နေဦးမယ်ဆိုတယ်။ ဒါကြောင့် စင်ကျန် တိဘက်ပြဿနာကို တရုတ်ပြည်ရဲ့ ပြည်တွင်းမှာပဲ ကိုင်တွယ်ဖြေရှင်းနိုင်အောင် ကြိုးစားလိမ့်မယ်၊ အနိမ့်ဆုံး ဒီပြဿနာတွေကို ထိန်းချုပ်နိုင်တဲ့ အနေအထားမျိုးရှိအောင် ဆောင်ရွက်လိမ့်မယ်။

ဒုတိယအချက်က မဟာဗျူဟာအလေးထားချက်ကို ပြန်လည်သုံးသပ်ရမယ်။ တရုတ်ပြည်ရဲ့ ပထဝီနိုင်ငံရေး ပတ်ဝန်းကျင်ကြောင့် တရုတ်ပြည်ရဲ့ နိုင်ငံခြားရေး အလေးထားမှုဟာ အာရှမှာ ဖြစ်ဖို့လိုမယ်။ အာရှမှာ တရုတ်ရဲ့ နိုးထအားကြီးမှုကို မပြုနိုင် မပြနိုင်ဘူးဆိုရင် နိုင်ငံတကာအတွင်းမှာ တရုတ်ရဲ့ နိုးထအားကြီးမှုကို ပြောဖို့ အရေးသာမှာ မဟုတ်ဘူး။ စင်ကျန်၊ တိဘက်ရဲ့ အရေးအခင်းကို တွေးကြည့်ရင် အခုလို ရွှေ့ပြောင်းမှုဟာ ပိုပြီးလိုအပ်တယ်လို့ သူက ဆိုပါတယ်။

တတိယအချက်ကတော့ ပိုပြီး အရေးကြီးတဲ့အချက်ပဲလို့ ဆိုထားပါတယ်။ ဆက်လက်ပြီး ပင်လယ်ရေပြင် နိုင်ငံခြားရေးလုပ်ငန်းကို အားဖြည့်

လုပ်ကိုင်ရလိမ့်မယ်တဲ့။ စင်ကျန်၊ တိဘက်ပြဿနာနဲ့ တရုတ်ကို ထိန်းချုပ်ထားနိုင်တဲ့ အကျိုးသက်ရောက်မှု တစုံတရာလည်းရှိတဲ့ နည်းဗျူဟာ အတိုင်းပဲ တရုတ်ပြည်ကို ထွက်ပေါက်ပိတ် ကုန်းတွင်းနိုင်ငံအဖြစ် ခြံခတ်ကန့်သတ် ကြိုးပမ်းချက်ဟာ အနောက်အုပ်စုရဲ့ မဟာဗျူဟာ ဖြစ်တယ်လို့ ဆိုပါတယ်။ အကြောင်းက ထွက်ပေါက်ပိတ်ကုန်းတွင်းပိုင်း နိုင်ငံခြားရေးမဟာဗျူဟာဟာ တရုတ်ပြည်ကို ဆက်လက်ပြီး မဖွံ့ဖြိုးမတိုးတက်စေနိုင်တဲ့အပြင် အဆုံးမှာ ဖွံ့ဖြိုးတိုးတက်ရေးကိုပင် ဘေးအန္တရာယ်ဖြစ်စေခဲ့တယ်ဆိုတာ ရှေးခေတ်တရုတ်ပြည်ရဲ့ အတိတ်သမိုင်းက ပြခဲ့ပြီတဲ့။ ဒါကြောင့် ပင်လယ်ရေပြင်နိုင်ငံခြားရေးမဟာဗျူဟာသာ ကုန်းတွင်းပိုင်းနိုင်ငံခြားရေးမဟာဗျူဟာရဲ့ အခက်အခဲပြဿနာကို လျော့နည်းအောင် ပြေလည်အောင် လုပ်ဆောင်နိုင်မှာဖြစ်တယ်လို့ စက်ဳပူပညာရှင်က ပြောဆိုလိုက်ပါတယ်။ ။

**ဟိန်းကို**

| |
|---|
| တရုတ်ပြည်ရဲ့ ပထဝီနိုင်ငံရေး ပတ်ဝန်းကျင်ကြောင့် တရုတ်ပြည်ရဲ့ နိုင်ငံခြားရေး အလေးထားမှုဟာ အာရှမှာ ဖြစ်ဖို့ လိုမယ်။ အာရှမှာ တရုတ်ရဲ့ နိုးထအားကြီးမှုကို မပြနိုင် မပြနိုင်ဘူးဆိုရင် နိုင်ငံတကာ အတွင်းမှာ တရုတ်ရဲ့နိုးထအားကြီးမှုကို ပြောဖို့ အရေးသာမှာ မဟုတ်ဘူး။ |

212121212121212121212121

# မျက်မှောက်စီးပွားရေးအကျပ်အတည်းရဲ့ အကြောင်းရင်းဇစ်မြစ်နဲ့ ဒီအကျပ်အတည်းကို ဘယ်လိုရင်ဆိုင်မလဲ

ရဲဘော်ပြုံးချို

မျက်မှောက် ကြုံတွေ့နေရတဲ့ စီးပွားရေးအကျပ်အတည်းနဲ့ ငွေကြေးအကျပ်အတည်းရဲ့ ဆိုးကျိုးတွေဟာ ရပ်တန့်မသွားသေးဘဲ ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်တယ်။ အရင်းရှင်နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေဟာ ဒီအကြိမ် စီးပွားရေးအကျပ်အတည်းကို တုံ့ပြန်ဖို့ အလျင်အမြန် လုပ်ဆောင်ခဲ့ကြတယ်။ သူတို့ဟာ စီးပွားရေးအကျပ်အတည်းနဲ့ပတ်သက်တဲ့ ကြေညာချက်တွေလည်း ထုတ်ပြန်ကြတယ်။ စီးပွားရေးအကျပ်အတည်းကို တုံ့ပြန်တိုက်ခိုက်ရေးအတွက် လုပ်ငန်းစဉ်တွေ ရေးဆွဲကြတယ်။ မိမိနိုင်ငံက အလုပ်သမားလူတန်းစားနဲ့ လုပ်သားပြည်သူထုကြီးက အရင်းရှင်စနစ်ကို ဆန့်ကျင်ကန့်ကွက်တဲ့ လှုပ်ရှားမှုများ ပေါ်ထွက်လာရေးကို ဆောင်ရွက်ခဲ့ကြတယ်။ ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ ၁၀ ကြိမ်မြောက် နိုင်ငံတကာညီလာခံကို ခေါ်ယူကျင်းပပြီး ငွေကြေးအကျပ်အတည်း ဖြေရှင်းရေးပေါ်လစီကို အတူတကွ ဆွေးနွေးရှာဖွေကြတယ်။ ဒီအကျပ်အတည်းဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းဇာစ်မြစ်တွေက ဘယ်လိုလဲ။ ဒီအကျပ်အတည်းကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ အရင်းရှင်နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီတွေရဲ့ ခွဲခြမ်းစိတ်ဖြာမှုတွေကို စုစည်းတင်ပြလိုက်ပါတယ်။

**၁။ မျက်မှောက်အကျပ်အတည်း ဖြစ်ပေါ်စေတဲ့ အကြောင်းရင်းတွေက ဘာတွေလဲ**

*(က) ဒီအကြိမ် စီးပွားရေးနဲ့ ငွေကြေးအကျပ်အတည်းဟာ အရင်းရှင်စနစ်ရဲ့ မွေးရာပါ အခြေခံလူမှုရေးပဋိပက္ခများ ဖွံ့ဖြိုးတိုးတက်လာမှုရဲ့*

*အထွက်ပစ္စည်းဖြစ်တယ်လို့ အရင်းရှင်နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီတွေက ယူဆတယ်။*

ကမ္ဘာ့ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ ၁၀ ကြိမ်မြောက်ညီလာခံမှာ ဂရိကွန်မြူနစ်ပါတီရဲ့ကိုယ်စားလှယ်က စီးပွားရေးအကျပ်အတည်းရဲ့ အရင်းအမြစ်ကို ခွဲခြမ်းစိတ်ဖြာပြီး အခုလို ထောက်ပြခဲ့တယ်။ “လောလောဆယ်ဆယ် အမေရိကန်နိုင်ငံနဲ့ အီးယူအဖွဲ့ဝင်နိုင်ငံတွေရဲ့ စီးပွားရေးအခြေအနေက အရင်းရှင်စနစ် စီးပွားရေးဟာ ကာလပတ်လက္ခဏာဆောင်တဲ့ စီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်မယ့်ဖြစ်ရပ်မှ ရုန်းထွက်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ကြောင်း ပေါ်ပေါ်လွင်လွင် ဖော်ပြနေတယ်။ အကျပ်အတည်းက တိုက်ခိုက်လာတဲ့အခါ ကုန်ထုတ်လုပ်မှု လူ့အဖွဲ့အစည်းဆန်ခြင်းနဲ့ ကုန်ထုတ်အရင်းအနှီးကို အရင်းရှင်များက အပြီးအပိုင် သိမ်းယူထားတဲ့ အကြားမှာ ရှိနေတဲ့ ဘယ်လိုမှဖြေရှင်းလို့မရနိုင်တဲ့ ပဋိပက္ခဟာ ကြာလေ ကြီးမားလာလေဖြစ်ကြောင်း ပေါ်လွင်နေတယ်။ အရင်းရှင်စနစ် စီးပွားရေးရဲ့ ပဋိပက္ခအားလုံးဟာ ပြင်းထန်ထက်မြက်လာလို့ ဆိုးဆိုးဝါးဝါး ပေါက်ကွဲထွက်လာခဲ့တာ”တဲ့။

ပေါ်တူဂီကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ၂၀၀၈ အောက်တိုဘာ ၂၇ ရက်နေ့က“အရင်းရှင်စနစ် အကျပ်အတည်းနဲ့ ဆိုရှယ်လစ်စနစ်ကို ရွေးချယ်မှု”ဆိုတဲ့ ခေါင်းစီးနဲ့ ကြေညာချက်တရပ်ကို ထုတ်ပြန်လိုက်တယ်။ ကြေညာချက်မှာ မျက်မှောက် နိုင်ငံတကာငွေကြေးအကျပ်အတည်း ဖြစ်ပေါ်ရခြင်းရဲ့ အရင်းအမြစ်ကို ခွဲခြမ်းစိတ်ဖြာပြထားတယ်။ “မျက်မှောက် တနေ့တခြားနက်ရှိုင်းလာနေတဲ့ ငွေကြေးအကျပ်အတည်းဟာ ၁၉၂၉ မှာ ဖြစ်ပေါ်ခဲ့တဲ့ ‘မဟာစီးပွားပျက်ကပ်ကြီး’ပြီးတဲ့နောက် အရင်းရှင်စနစ်ရဲ့ အကြီးမားဆုံး စီးပွားရေးအကျပ်အတည်းဖြစ်တယ်။ တကမ္ဘာလုံးကို တုန်ခါသွားစေတဲ့ ဒီငွေကြေးအကျပ်အတည်းကြီးဟာ အရင်းရှင်စနစ်ကိုယ်တိုင်ရဲ့ပဋိပက္ခတွေ ဖွံ့ဖြိုးတိုးတက်လာမှုရဲ့ မုချအကျိုးဆက်ဖြစ်တယ်။ အရင်းရှင်စနစ်ရဲ့ အဆောက်အအုံလက္ခဏာဆောင်တဲ့ အကျပ်အတည်းရဲ့ ဖော်ပြချက်ဖြစ်တယ်။ ဒါဟာ အရင်းရှင်စနစ် ကုန်ထုတ်လုပ်မှုပုံစံရဲ့ အတွင်းပိုင်းပဋိပက္ခနဲ့ သမိုင်းအကန့်အသတ် ရှိနေမှုတို့နဲ့ နီးနီးကပ်ကပ် ဆက်စပ်နေပြီး ခွဲခြားလို့မရနိုင်ပါဘူး။ ဒါဟာ အရင်းရှင်စနစ် ကုန်ထုတ်လုပ်မှုပုံစံရဲ့ မွေးရာပါ အလွန်အကျွံ ကုန်ထုတ်လုပ်မှုနဲ့ အလွန်အကျွံစုပုံမှုတို့အကြားက ပဋိပက္ခရဲ့မုချအကျိုးဆက်ဖြစ်တယ်”လို့သုံးသပ်ဖော်ပြထားတယ်။

ကမ္ဘာ့ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ ၁၀ ကြိမ်မြောက်နိုင်ငံတကာညီလာခံက ထုတ်ပြန်လိုက်တဲ့ “ဆော်ပေါ်လိုကြေညာချက်”(Proclamation of Sao Paulo) မှာ ဒီအကြိမ် ကြုံတွေ့နေရတဲ့ စီးပွားရေးနဲ့ ငွေကြေးအကျပ်အတည်းဖြစ်ပေါ်လာမှုရဲ့ ဇာစ်မြစ်နဲ့ပတ်သက်ပြီး တက်ရောက်လာတဲ့ ကိုယ်စားလှယ်အသီးသီးရဲ့ တူညီတဲ့သဘောထားအမြင်

ကို ခုလို ဖော်ပြထားတယ်။ "ကမ္ဘာကြီးဟာ အတိုင်းအတာအရ ကြီးမားတဲ့ ပြင်းထန်တဲ့ စီးပွားရေးနဲ့ ငွေကြေးအကျပ်အတည်းနဲ့ ကြုံတွေ့နေရတယ်။ အရင်းရှင်စနစ်အကျပ်အတည်းဟာ အရင်းရှင်စနစ် ပင်ကိုယ်သဘာဝရဲ့ တိုက်ရိုက်အကျိုးဆက်ဖြစ်တယ်။ အရင်းရှင်စနစ်ကိုယ်တိုင်က မဖြေရှင်းနိုင်တဲ့ ပဋိပက္ခရဲ့ တိုက်ရိုက်အကျိုးဆက်ဖြစ်တယ်။ မျက်မှောက်အကျပ်အတည်းဟာ ၁၉၂၉ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ 'မဟာစီးပွားပျက်ကပ်ကြီး'ပြီးနောက် အဆိုးဝါးဆုံး အကျပ်အတည်းတရပ် ဖြစ်နိုင်တယ်"လို့ ဖော်ပြခဲ့တယ်။

***(ခ) 'လစ်ဘရယ်ဝါဒသစ်'ပေါ်လစီရဲ့ တွန်းဆော်မှုအောက်မှာ "ရမ်းသန်းမှန်းဆထားတဲ့ အရင်းအနှီး"ရဲ့ ဒီ အကြိမ်အကျပ်အတည်း ဖြစ်တည်မှုအတွင်းက အခန်းကဏ္ဍကို အရင်းရှင်နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီတွေက အထူးအလေးထားခဲ့တယ်။***

ရုရှားကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ ဇူကာနော့ဗ်က ဒီအကြိမ် အကျပ်အတည်း ဖြစ်တည်လာမှုအတွင်း "ရမ်းသန်းမှန်းဆထားတဲ့ စီးပွားရေး"ရဲ့ အခန်းကဏ္ဍကို အလေးထားခဲ့တယ်။ သူက ၂၀၀၈ နိုဝင်ဘာ ၂၀ ရက်နေ့ 'ပရာဗဒါသတင်းစာ'မှာ ဖော်ပြခဲ့တဲ့ စာတမ်းတခုအတွင်းမှာ "ရမ်းသန်းးမှန်းဆထားတဲ့ စီးပွားရေးဟာ အကောင်အထည်ရှိတဲ့စီးပွားရေးမှ ခွဲထွက်လာပြီး အကျပ်အတည်းကို မလွဲဧကန် ဖြစ်ပေါ်စေတယ်"။ "ငွေကြေးနဲ့ ငွေချေးလုပ်ငန်းဟာ ရုပ်ဝတ္ထုတန်ဖိုးရဲ့ စုစုပေါင်းတန်ဖိုးထက် ကျော်လွန်သွားရင် အကျပ်အတည်းဟာ ရှောင်လွှဲမရနိုင်တော့ပါဘူး"လို့ ထောက်ပြလိုက်တယ်။

ဂျပန်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌက ၂၀၀၈ အောက်တိုဘာ ၁၀ ရက်နေ့က ရုပ်သံအစီအစဉ်တခုရဲ့ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားရာမှာ "ဒီအကြိမ်ငွေကြေးအကျပ်အတည်းဟာ လောင်းကစားဝိုင်းအရင်းရှင်စနစ်ရဲ့ ရှုံးနိမ့်မှု ဖြစ်တယ်။ မျက်မှောက်အရင်းရှင်ကမ္ဘာမှာ ငွေကြေးစီးပွားရေးဟာ အကောင် အထည်ရှိ စီးပွားရေးပမာဏရဲ့ ၃ ဆဖြစ်တယ်။ အလွန်အကျွံ ငွေကြေးအချောင်နိုက်မှု အကျယ်အပြန့် ဖြစ်ပွားလာပြီး ၎င်းအတွင်း လိမ်ညာမှုနဲ့ ဟန်ဆောင်မှုတွေဖြင့် ပြည့်နေတယ်။ ဒီအကြိမ် ငွေကြေးအကျပ်အတည်းဟာ ဒီလို ငွေကြေးအချောင်နိုက်မှုတွေရဲ့ အကျိုးဆက်ဖြစ်တယ်။ ဒီလို အချောင်နိုက်တဲ့ အရင်းရှင်စနစ် ဒါမှမဟုတ် လောင်းကစားဝိုင်းအရင်းရှင်စနစ်ရဲ့ ဇာတ်သိမ်းခန်းဟာ ဒုက္ခပင်လယ်ဝေရတဲ့ရှုံးနိမ့်မှုမျိုးနဲ့ မုချပဲ အဆုံးသတ်ရလိမ့်မယ်"လို့ ဖြေကြားခဲ့တယ်။

အမေရိကန်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဆမ်–ဝက်ဘ်က "ငွေကြေးနဲ့ မျက်မှောက်အကျပ်အတည်း---- အကျပ်အတည်းကို ဖြစ်ပေါ်စေတဲ့ အကြောင်းရင်းနဲ့ ၎င်းရဲ့ထွက်ရပ်လမ်း"ဆိုတဲ့ စာတမ်းမှာ မာ့က်စ်ဝါဒရဲ့စီးပွားရေးသဘောတရားအရ ရမ်းသန်းမှန်းဆထားတဲ့စီးပွားရေးနဲ့ အကောင်အထည်ရှိစီးပွားရေးအကြားက ပဋိပက္ခကို ခွဲခြမ်းစိတ်ဖြာခဲ့တယ်။ လစ်ဘရယ်ဝါဒသစ်ပေါ်လစီရဲ့ တွန်းဆော်မှုအောက်မှာ ရမ်းသန်းမှန်းဆထားတဲ့ အရင်းအနှီးရဲ့ဆိုး

ရှားမှုတွေ ပွထလာပြီး နောက်ဆုံးမှာ အရင်းရှင်စနစ်ငွေကြေးအကျပ်အတည်း ပေါက်ကွဲဖို့ အခိုင်အမာဖြစ်စဉ်ကို ဖြစ်ပေါ်စေတော့တယ်လို့ ရှင်းပြထားတယ်။ ဆမ်–ဝက်ဘ်က အကျပ်အတည်းကို ထိမိပြီး ပေါက်ကွဲစေတဲ့ အကြောင်းရင်းကတော့"လုယက်မှုသဘောဆောင်တဲ့ အကြွေးရောင်းအကြွေးဝယ်ခြင်း၊ ကြပ်မတ်စစ်ဆေးမှုတွေကို ဖျက်သိမ်းပစ်ခြင်းနဲ့ ဘယ်တော့မှ ရောင့်ရဲတင်းတိမ်မှုမရှိတဲ့ လောဘဇောလွန်ကဲခြင်းတို့ ဖြစ်တယ်" လို့ ယူဆတယ်တဲ့။ သူက ဒီအကြိမ် စီးပွားရေးအကျပ်အတည်းဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တခုရဲ့ အထွက်ပစ္စည်းတခု ဖြစ်ပြီး၊ ဒီအကျပ်အတည်းရဲ့ အရင်းဇာစ်မြစ်ကို ရှာလိုက်ရင် ရီဂင်ခေတ် လစ်ဘရယ်ဝါဒသစ်ပေါ်လစီ ကျင့်သုံးခဲ့တဲ့ကာလကို ရောက်သွားပြီး "၂၀ ရာစု ၇၀ ခုနှစ်များကတည်းက စခဲ့တဲ့ အမေရိကန် စီးပွားရေး ငွေကြေးဆန်မှု"ကို အလေးထား ထောက်ပြပါတယ်။

ဆမ်–ဝက်ဘ်က "ငွေကြေးဆန်မှုဟာ အသွား ၂ ဘက်ရှိတဲ့ ဓားတလက်ဖြစ်ပြီး မိုးဆန်းပန်းမဟုတ်သလို လက်ခုပ်သံလည်း မဟုတ်ဘူး"လို့ ထက်ထက်မြက်မြက် ထောက်ပြလိုက်တယ်။ ငွေကြေးဆန်မှုဆိုတာ အကျိုးနဲ့အပြစ် တဝက်စီ ရှိတယ်။ ၎င်းက အမေရိကန်အရင်းရှင်စနစ် စီးပွားရေးလည်ပတ်ရာမှာ ရှင်သန်စွမ်းအားသစ်များကို သွင်းပေးပြီး အမေရိကန်နဲ့ ကမ္ဘာ့စီးပွားရေးကို တိုးပွားစေတယ်။ အရင်းရှင်စနစ်ရဲ့ ကာလပတ်လက္ခဏာဆောင်တဲ့ လှုပ်ရှားမှုကို ပိုရှည်လျားစေတာနဲ့တပြိုင်နက် အရင်းရှင်စနစ်ဟာ မိမိကိုယ်ကိုယ် ပိုမိုနက်ရှိုင်းတဲ့ ပဋိပက္ခကို ဖြစ်ပေါ်စေတယ်။ ဥပမာ–ဥစ္စာခနေခွဲဝေရေးမှာ တရားမျှတမှုမရှိခြင်း၊ ကြွေးမြီတွေ တောင်လိုပုံလာခြင်း၊ စီးပွားရေး မတည်မငြိမ် ဖြစ်မှုတွေ တိုးများလာခြင်းစသည်... တို့ဟာ နောက်ဆုံးမှာ နက်ရှိုင်းတဲ့ အကျပ်အတည်းတရပ်အဖြစ် တစတစ ပြောင်းလဲသွားတော့တယ်။

သူက အမေရိကန်စီးပွားရေးအကျပ်အတည်းနဲ့ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းရဲ့ ဆက်စပ်မှုကို ခွဲခြမ်းစိတ်ဖြာပြလိုက်သေးတယ်။ "အမေရိကန်စားသုံးသူတွေရဲ့ ဝယ်ယူနိုင်စွမ်းအားဟာ ကြွေးမြီက မောင်းနှင်တာ ဖြစ်တယ်။ ၎င်းဟာ တကမ္ဘာလုံးကလိုအပ်မှုကို ကျားကန်ပေးတာနဲ့တချိန်တည်းမှာ ကမ္ဘာ့စီးပွားရေးနဲ့ အမေရိကန်စီးပွားရေးကို အတိုင်းအတာ ကြီးမားစွာ ငွေကြေးဆန်သွားစေပြီး ကြွေးမြီနဲ့ ၎င်းရဲ့မတည်မငြိမ်ဖြစ်မှုကို အတူတကွ တုပ်နှောင်ထားတော့တယ်။ ဒီလိုနဲ့ အမေရိကန် စီးပွားရေးအကျပ်အတည်းဟာ ဖြစ်ပေါ်တိုးပွားသွားပြီး ကမ္ဘာ့လက္ခဏာဆောင်တဲ့ စီးပွားရေးအကျပ်အတည်း အဖြစ် မုချ ဖြစ်ပေါ်လာတော့တယ်"တဲ့။

## ၂။ မျက်မှောက်အကျပ်အတည်းကို ဘယ်လို ရင်ဆိုင်မလဲ

အဆက်မပြတ် ကြီးထွားလာနေတဲ့ အရင်းရှင်စနစ်ကမ္ဘာ့စီးပွားရေး အကျပ်အတည်းနဲ့ ၎င်းရဲ့ဆိုးကျိုးတွေကို ရင်ဆိုင်ရင်း အရင်းရှင်နိုင်ငံ အသီးသီးရှိ ကွန်မြူနစ်ပါတီတွေဟာ လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ သူတို့က မျက်မှောက်ကာလမှာ အရင်းရှင်စနစ်နိုင်ငံရေးအာဏာကို တွန်းလှန်ရန် အခြေ

အနေ မရင့်ကျက်သေးဘူး။ ဒါပေမဲ့ မျက်မှောက်အခြေအနေဟာ ပြည်သူတွေရဲ့ ဦးတည်ချက်ဆီသို့ ရှေးရှုချီတက်သွားဖို့တော့ အကျိုးရှိတယ်လို့ ယူဆတယ်။

ဂရိကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တဦးက ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ နိုင်ငံတကာညီလာခံမှာ "မျက်မှောက် အကျပ်အတည်းအခြေအနေဟာ အလုပ်သမားလူတန်းစားနဲ့တကွ ၎င်းရဲ့နိုင်ငံရေးမဟာမိတ်များနဲ့ တခြားလူအဖွဲ့အစည်း လူတန်းစား အလွှာအသီးသီးကို စည်းရုံးလှုံ့ဆော်ရေးမှာ အကြီးမားဆုံး အကန့်အသတ်ဖြစ်နေရင် နယ်ချဲ့စနစ်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆန့်ကျင်ရေးနဲ့ပတ်ဝန်းကျင် ရည်မှန်းချက်များကို ဗဟိုပြုပြီး 'ဒဏ်ရာရနေ'တဲ့ အရင်းရှင်စနစ်ရဲ့ ဒီ ဦးခေါင်းကို အချိန်မီ ဆေးကုသ၊ နာလန်ထရေးမလုပ်ဘဲ ထိုးနှက်တိုက်ခိုက်သွားရမယ်"လို့ ညွှန်ပြခဲ့တယ်။

### ■ အရင်းရှင်အစိုးရများရဲ့ စီးပွားရေးနိုးထဖို့ "ကူညီထောက်ပံ့မှု" စီမံကိန်းများကို ဝေဖန်တဲ့ သဘောထား ကိုင်စွဲသွားရေး

ကွန်မြူနစ်ပါတီတွေဟာ ဘဏ်ပိုင်ရှင်တွေချုပ်ကိုင်ထားတဲ့ ကယ်တင်ရေးစီမံကိန်းဆိုတာတွေကို ဆန့်ကျင်ကြတယ်။ အမေရိကန်ကွန်မြူနစ်ပါတီက "အမေရိကန်စီးပွားရေးနဲ့ ငွေကြေးအဆောက်အအုံတွေကို ကယ်တင်ရေး ဒီဥပဒေမူကြမ်း အဆိုပြုချက်ဟာ စီးပွားရေးတိုးတက်လာရေးနဲ့ သန်းချီရှိနေတဲ့ အမေရိကန်သား သာမန်ပြည်သူတွေ ကြုံတွေ့နေရတဲ့ နေ့စဉ်နေထိုင်မှုဘဝ အကျပ်အတည်းဖြေရှင်းရေးကို လှုံ့ဆော်ပေးပေမယ့် သိပ်ကြီးကြီးမားမား အကျိုးပြုနိုင်မှာမဟုတ်ဘူး။ တကယ့်လက်တွေ့အရ သာမန်အမေရိကန် ပြည်သူလူထုကြီးဟာ ဈေးကွက်စည်းကမ်းဥပဒေတွေရဲ့ နှောင့်ယှက်ထိပါးခြင်းခံနေရတာပါ။ စီးပွားရေးလှုံ့ဆော်တဲ့ ဒီစီမံကိန်းတွေဟာ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ ဦးတည်ချက်တခုဆီသို့သွားနေတာကြောင့်––– ၎င်းက အမေရိကန်ပြည်သူတွေကို ဒေါ်လာ ၇၀၀ ဘီလီယံရှိတဲ့ စီးပွားရေးကူညီထောက်ပံ့ရေး စီမံကိန်းလက်မှတ်တွေဝယ်ရေးကို တောင်းဆိုနေတယ်"လို့ ယူဆသတဲ့။

ဗြိတိန်ကွန်မြူနစ်ပါတီက ဗြိတိန်၊ အမေရိကန်စတဲ့ နိုင်ငံတွေမှာ "အများပြည်သူတွေရဲ့ဘဏ္ဍာငွေကြေးများနဲ့ တပြားမှတန်ဖိုးမရှိတော့တဲ့ ငွေကြေးအရင်းအနှီးတွေကို ဝယ်လိုက်ခြင်းဟာ ပြည်သူလူထုကို လိမ်လည်လှည့်ဖြားခြင်းဖြစ်တယ်။""အများဆိုင်ရာ ငွေကြေးအမြောက်အမြားကို ဘဏ်များကို ပေးအပ်လိုက်ခြင်းဟာလည်း လုံးဝအဓိပ္ပာယ်မရှိတဲ့ အကွက်စေ့စေ့လုပ်ကြံထားတဲ့ အများပိုင်စနစ်ဖြစ်စဉ်ဟာ ပြဿနာကို ပိုမိုမြင့်မားသွားစေပြီး ဒုက္ခပိုများလာစေပါလိမ့်မယ်။ ဒီလိုလုပ်လိုက်ခြင်းက အခွန်ကောက်နှုန်း ပိုမြင့်တက်သွားစေပြီး ကုန်ပစ္စည်းဝယ်လိုအားကို ချည့်နဲ့သွားစေပါလိမ့်မယ်။ အစိုးရက အများဆိုင်ရာဌာနတွေမှာ ငွေပင်ငွေရင်းမြှုပ်နှံမှု လျော့နည်းသွားပြီး စီးပွားရေး

စွမ်းဆောင်နိုင်မှု လုပ်ရှားလာအောင် ကူညီရေးမှာလည်း ချည့်နဲ့သွားပါလိမ့်မယ်”လို့ ယူဆပါတယ်။

ရုရှားကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဇူကာနော့ဗ်က ‘ပရာဗဒါ’နဲ့‘ဆိုဗီယက်ရုရှား’သတင်းစာတို့မှာ ငွေကြေးအကျပ်အတည်းနဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်သဘောဆောင်တဲ့ ဆောင်းပါးတစောင်ကို ထုတ်ပြန်လိုက်တယ်။ သူက အစိုးရရဲ့ ငွေကြေးအကျပ်အတည်းကို ဖြေရှင်းရေးနဲ့ပတ်သက်တဲ့ စီမံကိန်းရဲ့ အရင်းခံအားဖြင့် အစချီချက်ဟာ အချောင်နိုက်သမားများနဲ့ ဘဏ္ဍာရေးလက်ဝါးကြီးအုပ်သမားများအတွက် ဖြစ်နေတယ်။ နိုင်ငံသူနိုင်ငံသားများရဲ့ငွေကိုယူပြီး ဘဏ်ပိုင်ရှင်ကြီးများကယ်တင်ရေးဟာ မဖြစ်သင့်ဘူး။ အစိုးရဟာ အများပြည်သူ များနဲ့ တဖက်တည်းမှာရပ်တည်ပြီး အကောင်အထည်ရှိတဲ့စီးပွားရေးကို ထောက်ကူသွားဖို့ တောင်းဆိုတယ်လို့ သူ့ရဲ့ယူဆချက်ကို ထုတ်ဖော်ခဲ့တယ်။

အိန္ဒိယကွန်မြူနစ်ပါတီ(မာ့က်စ်ဝါဒ)ကတော့ ဓနရှင်လူတန်းစားအစိုးရတွေက အခွန်ဆောင်ပြည်သူတွေရဲ့ငွေနဲ့ ပြိုကျနေတဲ့ငွေကြေးအရင်းအနှီးကြီးတွေရဲ့ကံကြမ္မာကို ကယ်တင်တော့မယ်ဆိုတဲ့လုပ်ရပ်ဟာ လက်တွေ့မှာ “အမြတ်အစွန်းတွေကို ပုဂ္ဂလိကပိုင်ပြုရေး”ဖြစ်ပြီး “ပြည်သူပိုင်ပြုရေးကို ဆုံးရှုံးနစ်နာစေတယ်”လို့ ယူဆတယ်။

အိုက်ယာလန်ကွန်မြူနစ်ပါတီက “အစိုးရက ဈေးကွက်ကို ကယ်တင်ခြင်းလုပ်ရပ်ဟာ ‘စက္ကူဖဲချပ်တွေနဲ့ စုပုံဆောက်ထားတဲ့အိမ်ပေါ်ကို ထပ်မံပြီး ဒုတိယထပ် တင်လိုက်တာ’ဖြစ်လို့ စီးပွားရေးပူဖောင်းကို ပိုမိုပြင်းထန်လာစေလိမ့်မယ်”လို့ ထင်မြင်ယူဆပါသတဲ့။

ဟော်လန်၊ ဘယ်လ်ဂျီယန်၊ လူဇင်ဘတ်နိုင်ငံတွေမှ ကွန်မြူနစ်ပါတီ ၃ ပါတီကတော့ သဘောထား နည်းနည်း ကွဲပြားခြားနားနေကြတယ်။ ၂၀၀၈ အောက်တိုဘာ ၇ ရက်နေ့က ၃ ပါတီ ပူးပေါင်းပြီး သတင်းစာရှင်းလင်းပွဲလုပ်ရာမှာ နိုင်ငံအသီးသီးက အစိုးရတွေဟာ ပြည်သူတွေရဲ့အခွန်ငွေနဲ့ အရင်းရှင်ဘဏ္ဍာငွေကြေးစနစ်ကို ကယ်တင်နေခြင်းဟာ နောက်ထပ် အကျပ်အတည်းသစ်တရပ် ဖြစ်ပေါ်လာရေးအတွက် အခြေခံအုတ်မြစ် မလွဲမသွေ ချပေးနေတာနဲ့တူတယ်လို့ ထင်မြင်ယူဆကြတယ်။ ဒါပေမဲ့ သူတို့က နိုင်ငံအသီးသီးက အစိုးရတွေက ဘဏ်စတဲ့ ငွေကြေးစနစ်တွေကို ကယ်တင်ရေးကို တက်တက်ကြွကြွ လုပ်ဆောင်နေမှုတွေကို ထောက်ခံတယ်။ ဒါပေမဲ့ သူတို့က ဘဏ်တွေက ငွေစုလက်မှတ်ဝယ်ယူခြင်းဖြင့် နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းဟာ တကယ်စစ်မှန်တဲ့ နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းမဟုတ်ဘူးလို့ ယူဆကြတယ်။ အကျပ်အတည်းကို ရင်ဆိုင်နေရချိန်မှာ အတိုင်းအတာကြီးမားတဲ့ အစုရှယ်ယာလက်မှတ်တွေ အောတိုက်ရောင်းတာမျိုးတွေ ပေါ်မလာအောင်တော့ ရှောင်ရှားရမယ်လို့ ယူဆကြတယ်။

■ **အရင်းရှင်ကြီးတွေနဲ့ ငွေကြေးချမ်းသာသူများကို အခွန်ကောက်ခံရေး**

အစိုးရဟာ ပြည်သူတွေရဲ့အခွန်တော်ငွေနဲ့ ငွေကြေးအရင်းအနှီးတွေ ဆုံးရှုံးနစ်နာမှုအတွက် ငွေလက်မှတ်တွေ ဝယ်ယူရေးရဲ့ တန်ပြန်ဆောင်ရွက်ချက်အနေနဲ့ အကျပ်အတည်းရဲ့ဆိုးကျိုးတွေကို အရင်းအနှီးပိုင်ရှင်များက တာဝန်ခံစေပြီး အရင်းရှင်ကြီးတွေနဲ့ချမ်းသာသူတွေကို အခွန်ငွေ ပိုမိုစည်းကြပ် ကောက်ခံသင့်တယ်လို့ အရင်းရှင်နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေက ယူဆတယ်။

ဟော်လန်၊ ဘယ်လ်ဂျီယန်၊ လူဇင်ဘတ် ကွန်မြူနစ်ပါတီ ၃ ပါတီကတော့ အစုရှယ်ယာပိုင်ရှင်တွေရဲ့အမြတ်ငွေကို ကန့်သတ်ထားသင့်တယ်။ ကန့်သတ်ချက်ထက် ကျော်လွန်တဲ့အပိုင်းကို ၁၀၀ ရာခိုင်နှုန်း အခွန်ကောက်သင့်တယ်လို့ အဆိုပြုတင်ပြထားကြတယ်။

ဗြိတိန်ကွန်မြူနစ်ပါတီက အများပြည်သူဆိုင်ရာ ထောက်ပံ့ကြေးများကို ဖျက်သိမ်းပြီး၊ လူချမ်းသာများရဲ့ ဥစ္စာဓနနဲ့ ပတ်သက်တဲ့ အခွန်တော်တောင်းခံရေး၊ စွမ်းအင်၊ ဘဏ်နဲ့ စူပါမားကက်များရဲ့ လက်ဝါးကြီးအုပ်အမြတ်များကို မတရားရရှိတဲ့ အမြတ်များအဖြစ် အခွန်တော်စည်းကြပ်သွားရေးကို တောင်းဆိုတယ်။

ဂျာမနီ ကွန်မြူနစ်ပါတီကတော့ ချမ်းသာကြွယ်ဝသူများအား တိုက်ရိုက်အခွန်တော်ငွေ ၁.၅ ရာခိုင်နှုန်း ကောက်ခံသွားရေးကို အစိုးရအားတောင်းဆိုထားတယ်။

■ **လုပ်သားပြည်သူများရဲ့ စီးပွားရေးအခွင့်အရေးများနဲ့ အကျိုးခံစားခွင့်များကို ကာကွယ်သွားရေး**

အလုပ်သမားလူတန်းစားနဲ့ ကျယ်ပြောလှတဲ့ လုပ်သားပြည်သူတွေဟာ ဒီအကြိမ် ငွေကြေးအကျပ်အတည်းရဲ့ ပြင်းထန်ဆိုးဝါးတဲ့အကျိုးဆက်တွေကို အဓိကခံကြရသူတွေဖြစ်လို့ အရင်းရှင်နိုင်ငံအသီးသီးရှိ ကွန်မြူနစ် ပါတီတွေက အလုပ်သမားလူတန်းစားနဲ့လုပ်သားပြည်သူတွေရဲ့ စီးပွားရေးအခွင့်အရေးနဲ့အကျိုးခံစားခွင့်တွေကို ကာကွယ်သွားရေးဆိုင်ရာ တောင်းဆိုချက်တွေနဲ့ ပတ်သက်တဲ့ ကြေညာချက်နဲ့ လုပ်ငန်းစဉ်တွေကို တင်ပြခဲ့ကြတယ်။

အမေရိကန်ကွန်မြူနစ်ပါတီက အမေရိကန်ပြည်သူတွေရဲ့ နေထိုင်စားသောက်ရေးအခြေအနေ ချောမောပြေပြစ်ကောင်းမွန်ရေးကို အရေးကြီးဆုံးတောင်းဆိုချက်အဖြစ် အစိုးရထံ တောင်းဆိုခဲ့တယ်။

ဗြိတိန်ကွန်မြူနစ်ပါတီက ၎င်းရဲ့ "လက်ဝဲဂိုဏ်းလုပ်ငန်းစဉ်"မှာ ပင်စင်လစာ တိုးပေးရေးနဲ့ လူမှုဖူလုံရေးနည်းနာတွေ ကျင့်သုံးသွားရေးကို အစိုးရထံ တင်ပြတောင်းဆိုထားတယ်။

ပေါ်တူဂီကွန်မြူနစ်ပါတီက အလုပ်သမားနဲ့ လုပ်သားပြည်သူတွေရဲ့ လုပ်ခလစာများကို အလျင်အမြန် သိသိသာသာတိုးမြှင့်ပေးရေး၊ ဆင်းရဲတဲ့မိသားစုများအားလုံး လူမှုထောက်ပံ့ရေးတိုးမြှင့်ပေးရေး၊ အမျိုးသားဝင်ငွေကို အ

သစ်တဖန်ပြန်လည်ခွဲဝေရေး ဆောင်ရွက်သွားရန် အစိုးရကို တင်ပြတောင်းဆို လိုက်တယ်။

ဂရိကွန်မြူနစ်ပါတီရဲ့ လောလောဆယ်ဆယ် တိုက်ပွဲရည်မှန်းချက်က တော့ အလုပ်လက်မဲ့များနဲ့ လူငယ်များအတွက် ရှားပါးစရိတ်များ ထောက်ပံ့ ပေးရန်၊ နေအိမ်ရရှိထားတဲ့အမျိုးသမီးငယ်များအား အတိုးမဲ့ အခန်းခငွေ ထုတ်ချေးပေးရန်၊ အိမ်ခန်းခထုတ်ချေးငွေများကို ဘယ်လိုမှ ပြန်မရှင်းနိုင်တော့ တဲ့အလုပ်သမားများနဲ့ တခြားလုပ်သားများရဲ့ နေအိမ်များကို စစ်ဆေးဝရမ်း ကပ်ခြင်းနဲ့ လေလံတင်ရောင်းချခြင်းများကို ရပ်တန့်ပစ်ရန်၊ ဘဏ်များက အ ကြွေးတင်နေတဲ့ အိမ်များကို သိမ်းယူခွင့်၊ လေလံတင်ရောင်းချခွင့်များနဲ့ အ လုပ်လက်မဲ့များရဲ့ ငွေချေးစာချုပ်များ မပြောင်းမလဲ ထိန်းသိမ်းထားခြင်းနဲ့ နေ့ စဉ်လိုအပ်နေတဲ့ အနွေးဓာတ်ထောက်ပံ့ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးမှာ လို အပ်တဲ့ လောင်စာဆီတန်ဖိုးမြင့်တက်နေမှု၊ အခွန်ငွေတိုးမြှင့်ခြင်းတို့ကို တရား ဥပဒေအရ ရပ်ဆိုင်းပစ်ရန်တို့ကို တောင်းဆိုခဲ့ပါတယ်။

ရုရှားကွန်မြူနစ်ပါတီက နိုင်ငံတော်က ရိက္ခာဝယ်ယူတဲ့ ဈေးနှုန်းကို မြှင့်တင်ပေးရန်၊ ရိက္ခာသီးနှံစိုက်ပျိုးတဲ့လယ်သမားများရဲ့အကျိုးစီးပွားကို ထိန်း သိမ်းကာကွယ်သွားရန် တိုးချဲ့စိုက်ပျိုးပြီး တိုးချဲ့မဝယ်တဲ့ ပြဿနာကို ပြုပြင် သွားရန်၊ ရိက္ခာလုံခြုံရေးကို အာမခံသွားရန်တို့ကို အစိုးရထံ တင်ပြတောင်း ဆိုလိုက်တယ်။

ဂျပန်ကွန်မြူနစ်ပါတီက ၂၀၀၈ နိုဝင်ဘာ ၁၁ ရက်နေ့က အရေးပေါ် စီးပွားရေးစီမံဆောင်ရွက်ချက်အတွက် အဆိုပြုချက်များ တင်ပြခဲ့တယ်။ တင်ပြ ချက်တွေကတော့ အစိုးရစုဆောင်းငွေများထဲမှာ ဂျပန်ယန်းငွေ ဘီလီယံ ၆၀၀၀ ကို ထုတ်ယူပြီး အလုပ်လက်မဲ့များ အလုပ်ဝင်လုပ်ရေးကို ထောက်ခံရန်၊ ဘဏ် တွေက အငယ်စားနဲ့အလတ်စားလုပ်ခင်းများကို ငွေချေးမပေးတဲ့လုပ်ရပ်ကို တားမြစ်သွားရန်၊ ၎င်းတို့က အသေးစားနဲ့အလတ်စားလုပ်ခင်းများက ချေးယူ ထားတဲ့ငွေများကို အတင်းအကျပ် ပြန်လည်သိမ်းယူနေသည့် လုပ်ရပ်များ အား တားမြစ်ပေးရန်၊ စည်းစနစ်များချမှတ်ပြီး အလုပ်အကိုင်ရှိသူများအား တည်ငြိမ်ရေးကို အာမခံသွားရန်၊ လူမှုရေးအကျိုးဆောင်လုပ်ငန်းများကို ပြီး ပြည့်စုံအောင် ထူထောင်ပြီး ပြည်သူလူထုရဲ့နေထိုင်မှုဘဝ အာမခံသွားရန် စ တာတွေကို တောင်းဆိုလိုက်တယ်။

- **ဒီမိုကရက်တစ် နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းများကို အကောင် အထည်ဖော်ရေး**

ဗြိတိန်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရောဘတ်-ဂရီ ဖေ့(စ်)ဟာ ၂၀၀၈ စက်တင်ဘာ ၂၈ နေ့က "လောလောဆယ်ဆယ်ကာလ များအတွင်း နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းများဟာ ဆိုရှယ်လစ်စနစ်အကြောင်းရင်း တွေ မဟုတ်ဘူး"ဆိုတဲ့စာတမ်းထဲမှာ နိုင်ငံတော်ပိုင်ပြုလုပ်ခြင်း ၃ မျိုးရှိ ကြောင်းကို ရှင်းလင်းပြထားတယ်။ (က) အရင်းစနစ်ရဲ့ နိုင်ငံတော်ပိုင်ပြုလုပ်

ခြင်း။ ၎င်းရဲ့ ဦးတည်ချက်မှာ စီးပွားရေးနဲ့လူမှုရေးအခြေခံအုတ်မြစ် ပြုပြင်ရေး မဟုတ်သလို ခေရှင်လူတန်းစားရဲ့ ဥစ္စာခေမျာကို သိမ်းယူရေးနဲ့ နိုင်ငံရေးအရ သူတို့ကိုချည့်နဲ့သွားရေးမဟုတ်ပါဘူး။ အရင်းရှင်စနစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့အင်အားတောင့်တင်းစေရေး ဖြစ်တယ်။ (ခ) လီနင်ရှင်းလင်းဖွင့်ဆိုခဲ့တဲ့ ဒီမိုကရက်တစ် နိုင်ငံတော်ပိုင်ပြုလုပ်ခြင်း။ ၎င်းဟာ နိုင်ငံတော်က နိုင်ငံရေးအာဏာရယူရေးတိုက်ပွဲ ဆင်နွှဲရင်း အလုပ်သမားလူတန်းစားနဲ့ လက်ဝဲဂိုဏ်းတော်လှန်ရေးလှုပ်ရှားမှုတွေက ထိုးစစ်ကာလကို ရောက်ရှိနေတဲ့အချိန်မှာ အရင်းရှင်လူတန်းစားရဲ့ စီးပွားရေးနဲ့နိုင်ငံရေးအင်အားတွေ ချည့်နဲ့သွားစေရေး၊ ၎င်းတို့ရဲ့ အရင်းအနှီးများ လည်ပတ်ရေးမှာ ထင်သာမြင်သာရှိစေရေး၊ အများပြည်သူလူထုကို ပိုမိုတာဝန်ခံရေး ရည်ရွယ်ချက်နဲ့ အလုပ်သမားလူတန်းစားနဲ့ သူ့ရဲ့ မဟာမိတ်များရဲ့ အဆင့်နေရာမြှင့်တင်ရေး ရည်ရွယ်ချက် ဖြစ်ပါတယ်။ ဒီနေ့ ဗင်နီဇွဲလားနဲ့ ဘိုလီဘီးယားတို့မှာ ဒီလို ဒီမိုကရက်တစ် နိုင်ငံတော်ပိုင်ပြုလုပ်ရေးများ ဆောင်ရွက်နေပါတယ်။ (ဂ) ဆိုရှယ်လစ်စနစ် နိုင်ငံတော်ပိုင်ပြုလုပ်ခြင်း။ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ အာဏာယန္တရားအားလုံး လက်ဝဲဂိုဏ်းရဲ့ ထိန်းချုပ်မှုအောက် ရောက်ရှိတာနဲ့တပြိုင်နက် လက်ဝဲဂိုဏ်းက ၎င်းတို့ကို ဖျက်ဆီးပစ်လိုက်ပြီး ပြန်လည်ဖွဲ့စည်းလိုက်လို့ ပိုမိုသစ်လွင်လာတဲ့အခါ ဆိုရှယ်လစ်ဝါဒ နိုင်ငံတော်ပိုင်ပြုလုပ်ရေးစီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါပြီ။ ဒီစီမံဆောင်ရွက်ချက်တွေမှာ ခေရှင်လူတန်းစားရဲ့အရင်းအနှီးတွေကို ဘက်စုံကနေ သိမ်းပိုက်ပြီး ဒါမှမဟုတ် သင့်လျော်တဲ့အစားထိုးပေးမှုတွေ အပါအဝင် စက်မှုလုပ်ငန်းများကို ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးနဲ့ စီးပွားရေးထိန်းညှိမှုများကို အကျယ်အပြန့် ဆောင်ရွက်သွားရမယ်။

ရောဘတ်–ဂရီဖေ့(စ်)က အရင်းရှင်နိုင်ငံများက ဈေးကွက်ကယ်တင်ရေးစီမံကိန်းတွေဟာ အရင်းရှင်စနစ်ရဲ့ စစ်မှန်တဲ့နိုင်ငံတော်ပိုင်ပြုလုပ်ခြင်း မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်လို့ စစ်မှန်တဲ့နိုင်ငံတော်ပိုင် ပြုလုပ်တယ်ဆိုရင် ဒီလို နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းများဟာ အလုပ်သမားလူတန်းစားအပေါ် အကျိုးသက်ရောက်မှုရှိတဲ့ ဒီမိုကရက်တစ် နိုင်ငံတော်ပိုင်ပြုလုပ်မှုတွေကို ရရှိစေနိုင်တယ်။ လက်ဝဲဂိုဏ်းက ဒါကို ထောက်ခံသင့်တယ်။ တကယ်လို့ အရင်းရှင်စနစ် နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းက သေနင်္ဂဗျူဟာလုပ်ငန်းတရပ်ကို ကယ်တင်နိုင်ရင် ဒါမှမဟုတ် အလုပ်အကိုင်အပြောက်အမြား ရရှိရေးကို ဖန်တီးနိုင်ရင်၊ ဒါဟာ အစိုးရအနေနဲ့ ဝင်ရောက်စွက်ဖက်ရေး၊ အများပိုင်စနစ်စီမံကိန်းကို တာဝန်ယူစိတ်နဲ့ တကယ့်အဓိပ္ပာယ်အရ အလုပ်သမားတွေကို စီမံအုပ်ချုပ်ရေးမှာ ပါဝင်ဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရင် အကျိုးရှိပါလိမ့်မယ်။ ဆိုလိုတာက ဒီမိုကရက်တစ် နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းပါပဲ။ ဒါကြောင့် ဒီမိုကရက်တစ် နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းဟာ အလုပ်သမားလူတန်းစားနဲ့ ၎င်းရဲ့ မဟာမိတ်တို့ နိုင်ငံရေးအာဏာတိုက်ပွဲရဲ့ တစိတ်တပိုင်းကို အရယူဆွတ်ခူးထားနိုင်မှသာ အကောင်အထည်ဖော်လို့ရတာပါ။ ကွန်မြူနစ်ပါတီက အရင်းရှင်စနစ်

နိုင်ငံတော်ပိုင်ပြုလုပ်ရေး ကျင့်သုံးခြင်းကို ခြွင်းချက်နဲ့ ထောက်ခံရတဲ့ သဘောထားဟာ ၁၉၁၇ က လီနင်တင်ပြခဲ့တဲ့ အခြေခံမူတရပ်ပေါ်မှာ အခြေခံပါတယ်။ အဲဒါကတော့ "နိုင်ငံတော်ပိုင် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ဟာ ဆိုရှယ်လစ်စနစ်အတွက် ရုပ်ဝတ္ထုအရ အပြည့်စုံဆုံး ပြင်ဆင်ပေးလိုက်တယ်။ နိုင်ငံတော်ပိုင် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ဟာ ဆိုရှယ်လစ်စနစ်ရဲ့ အကြိုကာလဖြစ်တယ်။ သမိုင်းလှေကားထစ်ရဲ့ အဆင့်တဆင့်ဖြစ်တယ်။ အဲဒီအဆင့်နဲ့ ဆိုရှယ်လစ်စနစ်လို့ခေါ်တဲ့အဆင့် အကြားမှာ ကြားအဆင့်ဆိုတာမရှိဘူး" ဆိုတဲ့ အချက်ပါပဲ။

ဗြိတိန်ကွန်မြူနစ်ပါတီက "လက်ဝဲဂိုဏ်းလုပ်ငန်းစဉ်"အတွင်းမှာ နေအိမ်များ တည်ဆောက်ရေး၊ စွမ်းအင်နဲ့ ဆက်သွယ်ရေးလုပ်ငန်း နယ်ပယ်များမှာ အများဆိုင်ရာအရင်းအနှီးများ မြှုပ်နှံဆောင်ရွက်ပြီး အများပိုင်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊လုပ်ငန်းများတီထွင်ဖန်တီးရေးမှာ အတိုင်းအတာကြီးမားတဲ့ သေနင်္ဂဗျူဟာဝင်ရောက်စွက်ဖက်မှုကို ဆောင်ရွက်သွားရမယ်"လို့ တင်ပြတယ်။

အမေရိကန်ကွန်မြူနစ်ပါတီကလည်း အချို့ဘဏ်တွေမှာ အများပိုင်စနစ်ကို အကောင်အထည်ဖော်ခြင်းနဲ့ပတ်သက်လို့ ဒီဘဏ်တွေဟာ ယခုအခါ "ကယ်ဆယ်ရေး"ငွေတွေ တစိတ်တပိုင်းကို အသုံးချပြီး ဝယ်ယူမှုတွေ လုပ်နိုင်ကြတယ်။ ဒါဟာ စီးပွားရေးမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်နိုင်စေတယ်။ အများပိုင်စနစ်ကို အလုံးစုံ ဒါမှမဟုတ် တစိတ်တပိုင်း အကောင်အထည်ဖော်နိုင်တယ်လို့ ယူဆတယ်တဲ့။

- **နိုင်ငံတော်က စီးပွားရေးလည်ပတ်မှုကို ကြပ်မတ်ခြင်းနဲ့ ထိန်းချုပ်ခြင်းများကို အားဖြည့်သွားရေး**

အရင်းရှင်စနစ်နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီတွေက ဒီအကြိမ် ငွေကြေးအကျပ်အတည်းကိုဖြစ်ပေါ်စေတဲ့ တိုက်ရိုက်အကြောင်းရင်းတခုဟာ လစ်ဘရယ်ဝါဒသစ်ပေါ်လစီကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးခဲ့မှုအောက်မှာ နိုင်ငံတော်က ငွေကြေးနဲ့စီးပွားရေးလှုပ်ရှားမှုတခုလုံးကို ကြပ်မတ်မှုနဲ့ထိန်းချုပ်မှုကို လွှတ်ပေးထားခြင်းကြောင့် ဖြစ်တယ်လို့ ယူဆတယ်။ ဒါကြောင့် စီပွားရေး ကြပ်မတ်ရေးနဲ့ထိန်းချုပ်ရေးကို အားဖြည့်သွားရေးဟာ သူတို့ရဲ့ယေဘုယျ တောင်းဆိုချက်ဖြစ်တယ်။

ဂျပန်ကွန်မြူနစ်ပါတီက "စည်းကမ်းဥပဒေမရှိတဲ့ အရင်းရှင်စနစ်ဟာ ရှေ့မဆက်နိုင်တော့ပါဘူး။" "စည်းကမ်းဥပဒေမရှိတဲ့ အရင်းရှင်စနစ်"ဟာ "ထိန်းချုပ်မှုရှိတဲ့ စီးပွားရေး"နဲ့ အစားထိုးရေးသို့ ဦးတည်နေပါပြီလို့ အလေးထား ထောက်ပြလိုက်တယ်။ ၎င်းပါတီက ငွေကြေးလွတ်လပ်ရေးပေါ်လစီဟာ ဒဏ်ရာအနာတရဖြစ်နေတဲ့ အမေရိကန်ကို ထိရောက်အောင် မကုနိုင်တော့လို့ ငွေကြေးအချောင်နိုက်တဲ့ စည်းစနစ်တွေကို ထိန်းချုပ်ရေး ထူထောင်သွားရေး အယူအဆကို ရုပ်ခံတင်ပြလိုက်တယ်။

■ စီးပွားရေးလည်ပတ်မှုပုံစံသစ်ကို ထူထောင်သွားရေး

လစ်ဘရယ်ဝါဒသစ် စီးပွားရေးလည်ပတ်မှုပုံစံကို ပြုပြင်ပြောင်းလဲပစ်ပြီး လူမှုရေး၊ စီးပွားရေးအရ ပြည်သူလူထုအတွက်အကျိုးရှိတဲ့ ဦးတည်ချက်သို့ ဖွံ့ဖြိုးတိုးတက်သွားရေးကို အရင်းရှင်နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီတွေက တောင်းဆိုတယ်။

အမေရိကန်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဆမ်–ဝက်ဘ်ဟာ ၂၀ ရာစု ၃၀ ခုနှစ်များက သမိုင်းအတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး ၃၀ ခုနှစ်များက စီးပွားရေးဆုတ်ယုတ်ပျက်ပြားမှုကြီးက ဖရင်ကလင်ရုစဘဲ့နဲ့ သူရဲ့အကြံပေးတွေဟာ နိုင်ငံတော်ရဲ့ဇာတ်ဆောင်တွေနဲ့ ၎င်းတို့ရဲ့အစွမ်းသတ္တိတွေကို သာမန်အမေရိကန်တွေရဲ့အကျိုးကို ထောက်ထားတဲ့အနေနဲ့ အသစ်တဖန် ထိန်းညှိလိုက်ကြဖူးတယ်။ အဲဒီလိုထူထောင်ဖို့ ရုစဘဲ့ရဲ့ သစ်လွင်တဲ့လုပ်ငန်းအတွေ့အကြုံတွေကို လေ့လာစုပ်ယူသင့်တယ်။ ဦးဆုံးအနေနဲ့ ဒီနေ့ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတွေဟာ အမေရိကန်လုပ်သားပြည်သူတွေရဲ့ စီးပွားရေး၊ နိုင်ငံရေးတောင်းဆိုမှုတွေနဲ့ ဆီလျော်မှုရှိရမယ်။ စီးပွားရေးလည်ပတ်မှု ပုံစံသစ်တရပ် ထူထောင်တယ်ဆိုရာမှာလည်း ဆိုရှယ်လစ်စနစ်ပုံစံတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါဟာလည်း အရင်းရှင်စနစ်ကိုယ်စားလှယ်တွေရဲ့ အခွင့်အာဏာနဲ့ ၎င်းရဲ့ လုပ်ဆောင်ချက်များကို စိန်ခေါ်ပါလိမ့်မယ်။ ငြိမ်းချမ်းရေးနဲ့ တန်းတူရေးစတဲ့ မူတွေကို ကြံ့ကြံ့ခိုင်ခိုင်ဆုပ်ကိုင်ပြီး စွမ်းအင်နဲ့ငွေကြေး စုစည်းပေါင်းချုပ်မှုပုံစံကို နိုင်ငံတော်က လွှဲပြောင်းလက်ခံယူပြီး စီးပွားရေး၊ လူမှုရေးတို့ကို စစ်ဇာတ်သွင်းရေးမဟုတ်ဘဲ အစိမ်းရောင်ဖြစ်ထွန်းရေးကို အကောင်အထည်ဖော်သွားဖို့ ရပ်ခံပြောဆိုခဲ့တယ်။

■ **သက်ဦးဆံပိုင်စနစ်နဲ့ စစ်ဝါဒအင်အားတွေ ခေါင်းထောင်လာမှုကို သတိထားရေး**

၂၀ ရာစု ၃၀ ခုနှစ်များအတွင်း စီးပွားဆုတ်ယုတ်ပျက်ပြားမှုကြီးကာလက ဂျာမနီ၊ အီတလီ၊ ဂျပန် ဖက်ဆစ်တို့ အာဏာရသွားတဲ့ သမိုင်းသင်ခန်းစာအရ စီးပွားရေးအကျပ်အတည်းက သက်ဦးဆံပိုင်စနစ်၊ စစ်ဝါဒ၊ ဖက်ဆစ်ဝါဒနဲ့ ကျူးကျော်ရေးစစ်ပွဲတွေ ဖြစ်ထွန်းလာဖို့အတွက် သင့်လျော်တဲ့ ရာသီဥတုနဲ့ ရေခံမြေခံ ဖန်တီးပေးလိုက်တယ်။ ဒါကြောင့် ကမ္ဘာ့ကွန်မြူနစ်နဲ့ အလုပ်သမားပါတီတွေရဲ့ ၁၀ ကြိမ်မြောက် နိုင်ငံတကာညီလာခံက တကမ္ဘာလုံးက ကွန်မြူနစ်တွေ၊ ဒီမိုကရက်တစ်အင်အားစုတွေနဲ့ နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုတွေကို “မြင့်မြင့်မားမား သတိထား” သွားကြဖို့ လှုံ့ဆော်လိုက်တယ်။

■ **အလုပ်သမားလုပ်တန်းစားနဲ့လုပ်သားပြည်သူများရဲ့ သွေးစည်းညီညွတ်ရေးကို အားဖြည့်ရေး**

အထက်ဖော်ပြပါ ပေါ်လစီတွေ၊ နည်းပရိယာယ်တွေကို အကောင်အထည်ဖော်ဖို့ဆိုရင် အလုပ်သမားလုပ်တန်းစားနဲ့လုပ်သားပြည်သူတွေရဲ့ သွေးစည်းညီညွတ်ရေးကို မှီခိုပြီး တိုက်ပွဲဝင်သွားရလိမ့်မယ်လို့ အရင်းရှင်နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီတွေက ယူဆတယ်။ ကမ္ဘာ့ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ ၁၀ ကြိမ်မြောက် နိုင်ငံတကာညီလာခံက အလုပ်သမားလုပ်တန်းစားရဲ့ တိုက်ပွဲသမိုင်းအတွေ့အကြုံများကို ဝေဖန်သုံးသပ်ပြီး ကျယ်ပြန့်တဲ့ လုပ်သားပြည်သူလူထုကြီးအား မိမိရဲ့စည်းလုံးညီညွတ်မှုကို အားဖြည့်တိုက်ပွဲဝင်သွားကြဖို့ နှိုးဆော်လိုက်တယ်။ “စည်းလုံးညီညွတ်မှုသာရှိရင် အလုပ်သမားနဲ့လုပ်သားပြည်သူတွေဟာ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေးကိစ္စဖြစ်စဉ်တွေကို ဖြေရှင်းနိုင်တယ်။ အရင်းရှင်ကြီးတွေကို ပြည်သူလူထု အကျိုးရှိရေးအတွက် အရေးကြီးတဲ့ လိုက်လျောမှုတွေကို အကျပ်ကိုင်နည်းနဲ့ တောင်းဆိုနိုင်တယ်။ ဖက်ဆစ်စနစ်နဲ့ စစ်ပွဲဆီသို့ ဦးတည်ဖြစ်ထွန်းသွားနေမှုအခြေအနေကို ထိန်းချုပ်ပြီး တိုးတက်တဲ့၊ တော်လှန်တဲ့ ကြန်အင်လက္ခဏာတွေရှိတဲ့ နက်ရှိုင်းတဲ့ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို ဖွင့်လှစ်နိုင်တယ်” လို့ ညွှန်ပြလိုက်ပါတယ်။ ။

ကိုးကား။ ။ မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ ဂျာနယ်၊
အမှတ် (၂)၊ ၂၀၀၉

ရဲဘော်ပြုံးချို

ကမ္ဘာ့ကွန်မြူနစ်ပါတီများနဲ့အလုပ်သမားပါတီများရဲ့၁၀ကြိမ်မြောက် နိုင်ငံတကာညီလာခံက အလုပ်သမားလုပ်တန်းစားရဲ့ တိုက်ပွဲသမိုင်းအတွေ့အကြုံများကို ဝေဖန်သုံးသပ်ပြီး ကျယ်ပြန့်တဲ့လုပ်သားပြည်သူလူထုကြီးအား မိမိရဲ့စည်းလုံးညီညွတ်မှုကို အားဖြည့်တိုက်ပွဲဝင်သွားကြဖို့ နှိုးဆော်လိုက်တယ်။

21 21 21

# အနောက်တိုင်းအရင်းရှင်စနစ် စီးပွားရေးအကျပ်အတည်းနဲ့ မျက်မှောက် ဆိုရှယ်လစ်စနစ်

21 21 21

ရဲဘော်သိန်းဝင်း

မျက်မှောက် အနောက်တိုင်းအရင်းရှင်စနစ် စီးပွားရေးအကျပ်အတည်းဟာ မာ့က်စ်ဝါဒရဲ့ သိပ္ပံနည်းကျမှုလက္ခဏာကို အပြည့်အဝ သက်သေပြလိုက်တယ်။ ဒီစီးပွားရေးကပ်ကြောင့် ကမ္ဘာ့အရင်းရှင်စနစ်ရဲ့အင်အားနဲ့ သြဇာ သက်ရောက်မှုကို အကြီးအကျယ် ချည့်နဲ့သွားစေပါလိမ့်မယ်။ ကမ္ဘာ့ပြည်သူများကို အရင်းရှင်စနစ်ရဲ့တကယ့်ရုပ်သွင်ကို ရှင်းရှင်းလင်းလင်း သိမြင်ရေးမှာလည်း အထောက်အကူ ပြုပါလိမ့်မယ်။ စီးပွားရေးအကျပ်အတည်းဟာ အရင်းနဲ့အလုပ်အကြားက ပဋိပက္ခကို ပြင်းထန်စေပြီး အရင်းရှင်းစနစ်ရဲ့ "ငြိမ်းချမ်းစွာ တစတစပြောင်းလဲရေး"စီမံကိန်းကို ချည့်နဲ့သွားစေပါတယ်။ တချိန်တည်းမှာ တချို့နိုင်ငံတွေမှာ ဆိုရှယ်လစ်စနစ်လှုပ်ရှားမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိတဲ့ တိုက်ရိုက်သြဇာသက်ရောက်မှုများကို ဖြစ်ပေါ်စေပါလိမ့်မယ်။ အဲဒီကနေပြီး ကမ္ဘာ့ဆိုရှယ်လစ်စနစ် အသစ်တဖန် ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်ပေးပါလိမ့်မယ်။

ဆိုဗီယက်နဲ့ အရှေ့ဥရောပ အသွေးအရောင်ပြောင်းလဲမှု ဖြစ်ပေါ်ပြီးနောက် အရင်းရှင်စနစ်ဟာ အတွေးအခေါ်အယူအဆရေးရာအရ ဝါဒဖြန့်ချိ

ရေးကိရိယာတွေကို အားဖြည့်ပြီး ဆိုရှယ်လစ်ဝါဒကို မကောင်းဆိုးဝါးအဖြစ် အစွမ်းကုန်ဝါဒဖြန့်တော့တယ်။ အရင်းရှင်စနစ်နဲ့ပတ်သက်လို့ ကုန်ထုတ်စွမ်းအားစု ဖွံ့ဖြိုးတိုးတက်မှုကို အနှောင်အဖွဲ့ဖြစ်လာစေတဲ့ ခေတ်နောက်ကျတဲ့ ကုန်ထုတ်ဆက်ဆံမှုဟာ ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးခြင်းခံရလိမ့်မယ်ဆိုတာကို မာ့က်စ်က စောစွာကတည်းက ဖော်ထုတ်ခဲ့တယ်။ ဒီဖော်ထုတ်ချက်ဟာ ထပ်မံဖြစ်မလာတော့ဘဲ အရင်းရှင်စနစ်နိုင်ငံတွေကို ဆွေစဉ်မျိုးဆက် နှစ်ထောင်ချီမပြောင်းလဲတဲ့ ဘုရင်နိုင်ငံများလိုလို ဝါဒဖြန့်ကြပါတယ်။ ယခု ၁၇ နှစ် ကြာပြီးတဲ့နောက် ဒီနေ့မှာ သမိုင်းဟာ အကြင်နာကင်းမဲ့စွာ ဝေါလမ်းမရဲ့ ဘဏ္ဍာငွေကြေးမုန်တိုင်းကြောင့် ပုဂ္ဂလိကပိုင်ဖြစ်ထွန်းရေးကို အချက်အချာ အဖြစ်ထားတဲ့ လစ်ဘရယ်ဝါဒသစ်ဟာ ဒေဝါလီခံလိုက်ရပြီဖြစ်ကြောင်း ကြေညာလိုက်ပါတယ်။ တဆက်တည်း နှစ်ပေါင်း ၇၀ အတွင်း အနောက်တိုင်းအရင်းရှင်စနစ်ရဲ့ အကြီးမားဆုံးအကျပ်အတည်းရဲ့ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်ပါပြီ။

ဗြိတိန်ရိုက်တာသတင်းဌာနက ၂၀၀၈ အောက်တိုဘာ ၁၅ ရက်နေ့ သတင်းထဲမှာ “ဝေါလမ်းမရဲ့ ဘဏ္ဍာငွေကြေးအကျပ်အတည်း ပေါ်ပေါက်လာတဲ့အလျောက် ကျွန်တော်တို့ အရင်ကနားလည်ခဲ့တဲ့ အရင်းရှင်စနစ်ရဲ့ သေလုဆဲဆဲကာလဆိုတဲ့ မာ့က်စ် ဟိုတုန်းက ကြိုတင်နိမိတ်ဖတ်ခဲ့မှုဟာ လက်တွေ့အတွင်း သက်သေပြလို့ရပြီ။ ယခုအခါ ကျွန်တော်တို့ဟာ ဒီစီးပွားရေးအကျပ်အတည်းက စနစ် ၂ ခုအပေါ် နက်ရှိုင်းရှည်ကြာစွာ ဂယက်ရိုက်ခတ်မှုကို မှန်ကန်တိကျစွာ ဝေဖန်ပိုင်းခြားခန့်မှန်းဖို့ မတတ်နိုင်ပေမယ့် စီးပွားရေးအကျပ်အတည်းတိုင်းဟာ အရင်းရှင်စနစ်ရဲ့စွမ်းအားကို ချည့်နဲ့သွားစေပြီး ဆိုရှယ်လစ်စနစ် အသစ်တဖန် ဖွံ့ဖြိုးတိုးတက်လာမှုကို တွန်းဆော်ပေးတယ်ဆိုတာကိုတော့ သံသယရှိစရာ မလိုပါဘူး။ ကနေ့အထိ အရင်းရှင်စနစ် ရှေ့ဆောင်နေတဲ့ ကမ္ဘာ့စနစ်အတွင်း စီးပွားရေးအကျပ်အတည်းဟာ အရင်းရှင်စနစ်ရဲ့ အနှစ်သာရကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရေးအတွက် အထောက်အကူဖြစ်စေပါတယ်။ ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်ကိုအစားထိုးမယ့် သမိုင်းဖြစ်စဉ်ရဲ့ ရခဲလှတဲ့အခွင့်အခါကို မှန်ကန်တိကျစွာ ကြည့်မြင်သုံးသပ်ပြီး တွန်းဆော်ပေးရေးကိုလည်း အထောက်အကူဖြစ်ပါလိမ့်မယ်။

ဒီဆောင်းပါးမှာ မာ့က်စ်ရဲ့ဉာဏ်ပညာမျက်စိတစုံကို အသုံးပြုပြီး အရင်းရှင်စနစ်ရဲ့စီးပွားရေးအကျပ်အတည်းကို ထိုးဖောက်ကာ မျက်မှောက်ကမ္ဘာ့ ဆိုရှယ်လစ်စနစ်ရဲ့ အခြေအနေတရပ်လုံးကို ကြည့်ရှုပြီး ဆိုရှယ်လစ်စနစ်ရဲ့ အနာဂတ်ကို လှမ်းမျှော်ကြည့်ပါမယ်။

## ၁။ အနောက်တိုင်း အရင်းရှင်စနစ်စီးပွားရေးအကျပ်အတည်းက မာ့က်စ်ဝါဒရဲ့ သိပ္ပံနည်းကျမှုကို အပြည့်အဝ သက်သေပြလိုက်ခြင်း

မျက်မှောက် အိမ်ခြံမြေအရောင်းအဝယ်မှ စတင်လောင်ကျွမ်းလိုက်တဲ့ အမေရိကန်ဘဏ္ဍာရေးအကျပ်အတည်းဟာ အနောက်တိုင်းအရင်းရှင် စီး

ပွားရေးအကျပ်အတည်းသို့ တစတစပြောင်းလဲသွားခဲ့တယ်။ ဒီအကျပ်အတည်းရဲ့ဆိုးကျိုးတွေ အဆက်မပြတ် သိသိသာသာပေါ်ထွက်လာတော့ အရင်းရှင်စနစ်ကို ရှေ့နေလိုက် ကာကွယ်ပေးနေသူတွေက “ဝင်ငွေထက် ပိုသုံးစွဲစားသုံးမှု” “စောင့်ကြပ်မှုအဆင့်ရာထူးမရှိမှု” “ပေါ်လစီမှားယွင်းမှု” “အန္တရာယ်ကို လျှော့တွက်မှု”နဲ့ “ဘဏ္ဍာငွေကြေး တီထွင်ဖန်တီးရာမှာ ချွတ်ယွင်းမှု” စတာတွေဟာ ဒီတချီ စီးပွားရေးအကျပ်အတည်းရဲ့ နံပါတ်တစ်တရားခံနဲ့ ပြစ်ဒဏ်ခတ်ပေးလိုက်သူများအဖြစ် ကမန်းကတမ်း ကြေညာလိုက်ကြတယ်။ ဒါပေမဲ့ မာ့က်စ်ဝါဒီတွေကတော့ ဒါတွေဟာ အပေါ်ယံဖော်ပြချက် အကြောင်းခြင်းရာတွေဖြစ်ရုံသာမက တကယ့်ရေသောက်မြစ်ဟာ အရင်းရှင်စနစ်နဲ့ ၎င်းရဲ့အတွင်းပိုင်းပဋိပက္ခများသာ ဖြစ်တယ်လို့မြင်ပါတယ်။ စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်လာစေတဲ့ဖြစ်စဉ်ရဲ့ အကျိုးအကြောင်းတွေကို ကြည့်ကြပါစို့။ ရှေးကအကျပ်အတည်းတွေ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်ကတော့ **အရင်းရှင်စနစ်ရဲ့ အတွင်းပိုင်းပဋိပက္ခ----အစွန်း၂ ဘက်ကွဲသွားမှု----ထိရောက်မှုရှိတဲ့ လိုအပ်ချက်များမပြည့်စုံမှု-----ကုန်ထုတ်လုပ်မှုနှိုင်းယှဉ်ခြင်းအရပိုလျှံမှု---- စီးပွားအကျပ်အတည်း----ဥစ္စာဓနတွေကို ဖျက်ဆီးခြင်း၊ ပိုလျှံနေတဲ့ ကုန်ထုတ်လုပ်နိုင်စွမ်းကို စိစစ်ထုတ်ပယ်ခြင်း----မူလနေရာကို ပြန်လည်ရောက်ရှိခြင်း** ဆိုတဲ့ ဖြစ်စဉ်အရ ဖြစ်ခဲ့တယ်။ မျက်မှောက်အကျပ်အတည်းဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်ကတော့ **အရင်းရှင်စနစ်ရဲ့ အတွင်းပိုင်းပဋိပက္ခ---- အစွန်း၂ ဖက် ကွဲသွားမှု ---- ထိရောက်မှုရှိတဲ့ လိုအပ်ချက်များ မပြည့်စုံမှု ----- ကုန်ထုတ်လုပ်မှုနှိုင်းယှဉ်ခြင်းအရ ပိုလျှံမှု----ဝင်ငွေထက် ပိုသုံးစွဲစားသုံးမှု (အစိုးရက ဝင်ငွေထက် ပိုသုံးစွဲတဲ့ စီးပွားရေးနဲ့ တဦးချင်းက ဝင်ငွေထက် ပိုသုံးစွဲစားသုံးမှု အပါအဝင်)----ကတိဝန်ခံချက်တွေဖောက်ဖျက်မှုနှုန်း မြင့်တက်လာမှု--- စီးပွားရေးအကျပ်အတည်း----ပိုလျှံနေတဲ့ကုန်ထုတ်လုပ်နိုင်စွမ်းကို စိစစ်ထုတ်ပယ်ခြင်း-----မူလနေရာသို့ ပြန်လည်ရောက်ရှိခြင်း** ဆိုတဲ့ ဖြစ်စဉ်ပါပဲ။ အထက်ပါ ဖြစ်စဉ် ၂ ရပ်ကို လေ့လာကြည့်ရင် အရင်းရှင်စနစ်ရဲ့ ရှေးကပေါ်ခဲ့တဲ့ အကျပ်အတည်းများနဲ့ မျက်မှောက်အကျပ်အတည်းတို့ဟာ အနှစ်သာရ မတူကွဲပြားတာ သိပ်မရှိပါဘူး။ အားလုံးဟာ ကုန်ထုတ်လုပ်မှု ပိုလျှံမှုကြောင့် ဖြစ်လာတဲ့ အကျပ်အတည်းများချည်းပါပဲ။ ကွဲပြားတဲ့အချက်ကတော့ ရှေးကအကျပ်အတည်းများအတွင်း ကုန်ထုတ်လုပ်မှု နှိုင်းယှဉ်ချက်အရပိုလျှံမှုဟာ ထိရောက်တဲ့ လိုအပ်ချက်များမပြည့်စုံတဲ့အချက်အဖြစ် ကုန်ပစ္စည်းတွေ ရောင်းမထွက်တာကို တိုက်ရိုက်ဖော်ပြတယ်။

မျက်မှောက်ခေတ် အကျပ်အတည်းကတော့ ဝင်ငွေထက် ပိုသုံးစွဲစားသုံးမှုတွေ တိုးများလာခြင်း၊ ကတိဝန်ခံချက်တွေဖောက်ဖျက်မှုနှုန်း တိုးများလာခြင်း၊ ကွင်းဆက် ၂ ခုတို့မှတဆင့် (၁) အကျပ်အတည်းကို ရွှေ့ဆိုင်းပေးခြင်း (၂) ကုန်ထုတ်လုပ်မှု ပိုလျှံခြင်းဟာ ထိရောက်တဲ့လိုအပ်ချက်များ မပြည့်စုံမှုအဖြစ် ထပ်မံတိုက်ရိုက်မဖော်ပြတော့ဘဲ ထိရောက်တဲ့လိုအပ်ချက်များ ပို

လျှံနေကြောင်း ဖော်ပြရုံမက "အလွန်အကျွံဖြစ်မှု"("ဝင်ငွေထက် ပိုသုံးစွဲစားသုံးမှု" "နောက်နှစ်စားရမယ့်ရိက္ခာကို ယခုစားပစ်ခြင်း")အဖြစ် ဖော်ပြတယ်။

၂၀ ရာစု ၃၀ ခုနှစ်များက ဖြစ်ခဲ့တဲ့ စီးပွားရေးအကျပ်အတည်းကြီးက ရင်းနှီးမြှုပ်နှံမှုမှာ အစိုးရက ဝင်ရောက်စွက်ဖက်ရေးနဲ့ တဦးချင်းစားသုံးမှု လှုံ့ဆော်ရေးကို ဖြစ်စေခဲ့တယ်။ အနှစ်သာရကတော့ အစိုးရကိုရော တဦးချင်းကိုပါ "ကုန်ထုတ်လုပ်မှု နှိုင်းယှဉ်ခြင်းအရပိုလျှံမှု"ပဋိပက္ခကို အတူတကွ စားသုံးဖြေရှင်းသွားရေးကို တွန်းဆော်ဖို့ဖြစ်တယ်။ အခုတလော အနောက်တိုင်းနိုင်ငံတွေက မျက်မှောက်အကျပ်အတည်း ဖြေရှင်းရာမှာ ကျင့်သုံးနေတဲ့ ဘဏ္ဍာရေးပေါ်လစီ၊ ငွေကြေးပေါ်လစီ၊ နိုင်ငံတော်ပိုင်ပြုလုပ်ခြင်းစတဲ့ စီမံဆောင်ရွက်ချက်တွေဟာ ၁၉၃၀ စီးပွားပျက်ကပ်ကြီးတုန်းကနဲ့ အနှစ်သာရအရ မတူတာဆိုလို့ ဘာမှမရှိပါဘူး။ အကျိုးအာနိသင်ကျတော့ ကျဆင်းလို့တောင် နေပါသေးတယ်။ ဒါတွေအားလုံးက တဦးချင်းဖြစ်ဖြစ်၊ အစိုးရပဲဖြစ်ဖြစ် "ဝင်ငွေထက် ပိုသုံးစွဲစားသုံးမှု"ကို အမြစ်ပြတ်အောင် မတိုက်နိုင်ရင် "ထိရောက်မှုရှိတဲ့ လိုအပ်ချက်မလုံလောက်မှု" ဖြစ်နေကြောင်း၊ အရင်းက စိုးမိုးချယ်လှယ်နေတဲ့ စနစ်ဘောင်အတွင်းမှာ ဘယ်လိုဆောင်ရွက်မှုမျိုးဖြစ်ဖြစ်"ကုန်ထုတ်လုပ်မှု နှိုင်းယှဉ်ခြင်းအရပိုလျှံမှု အကျပ်အတည်း"ကို အရင်းအမြစ်ကနေ မဖြေရှင်းနိုင်ကြောင်း လူတွေကို ပြောပြနေတယ်။ "အကျပ်အတည်းအားလုံးရဲ့ တကယ့်အရင်းခံအကျဆုံး အကြောင်းရင်းဟာ လူထုရဲ့ဆင်းရဲမွဲပြာကျမှုနဲ့ သူတို့ စားသောက်သုံးစွဲရေးမှာ အကန့်အသတ်ဖြစ်နေရမှုတို့သာ ဖြစ်တယ်။ အရင်းရှင်ကုန်ထုတ်လုပ်မှုကတော့ ဒီလိုအခြေအနေကို ဂရုမစိုက်ဘဲ ကုန်ထုတ်စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကိုသာ ကြိုးစည်အားထုတ်ပါတယ်။ (အခု အမေရိကန်မော်တော်ကားကုမ္ပဏီကြီးတခုဟာ လိုအပ်မှုအရ စက်ကုန်ဖွင့်ထုတ်လုပ်ရင် ကမ္ဘာကြီးက တနှစ်အတွက်လိုအပ်တဲ့ မော်တော်ကားအရေအတွက်ကို ပြည့်အောင် ထုတ်လုပ်နိုင်ပါတယ်––––(မူရင်းစာတမ်းပြုစုသူ) "လူ့အဖွဲ့အစည်းရဲ့ ပကတိ စားသောက်သုံးစွဲမှုစွမ်းအားကသာ ကုန်ထုတ်စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကို ဘောင်ကန့်သတ်ထားတာနဲ့ တူတယ်"လို့ မာ့က်စ်က ပြောခဲ့တယ်။ တကယ်လို့ ကုန်ထုတ်ဆက်ဆံရေးအရ ထိန်းညှိမှုဆောင်ရွက်ရေးကို ငြင်းပယ်ရင် "ဒီအကျပ်အတည်းကို ဖြေရှင်းတဲ့နည်းနာမှန်သမျှဟာ နောင်မှာ အကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေတဲ့ အကြောင်းရင်းတွေ ဖြစ်လာလိမ့်မယ်"လို့ မာ့က်စ်က မှတ်ယူတယ်။ ဒါကြောင့် မာ့က်စ်ရဲ့လေ့ဂျစ်အရ အရင်းရှင်စနစ်ကို ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးလိုက်မှသာ၊ ကုန်ထုတ်ဆက်ဆံမှုပြောင်းလဲရေးကို အရင်းခံအားဖြင့် အကောင်အထည်ဖော်နိုင်မှသာ အကျပ်အတည်းကို အရင်းအမြစ်ကနေပြုပြင်တဲ့ ပေါ်လစီ ဖြစ်ပါလိမ့်မယ်။ ဒါဟာ မျက်မှောက်ကာလမှာ "အရင်းကျမ်း"ကို ပွေ့ပိုက်ဖတ်ရှုနေကြပြီး မျက်မွေးတဆုံးသာ ကြည့်တတ်တဲ့ အနောက်တိုင်းဘောဂဗေဒပညာရှင်တွေနဲ့ ထိပ်တန်းနိုင်ငံရေးသမားတွေ အသိအမှတ်မပြုလိုတဲ့ မမြင်လိုတဲ့အရာ ဖြစ်တယ်။

၂။ အနောက်တိုင်း အရင်းရှင်စနစ်စီးပွားရေးအကျပ်အတည်းက ကမ္ဘာ့ဆိုရှစ်လစ်စနစ် အသစ်တဖန် ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်ပေးလိမ့်မယ်

၁။ စီးပွားရေးအကျပ်အတည်းက အရင်းရှင်စနစ်ရဲ့အင်အားနဲ့ ဩဇာသက်ရောက်မှုစွမ်းအားကို အကြီးအကျယ် ချည့်နဲ့သွားစေတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာအရ တကမ္ဘာလုံး GDP တိုးတက်မှုနှုန်းဟာ ၂၀၀၈ မှာ ၂.၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉ မှာ ၀.၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့တယ်။ တကမ္ဘာလုံးစီးပွားရေးဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ရှေ့ဆောင်ရှေ့ရွက်ပြုပြီး "အားကောင်းကောင်း တိုးတက်"နေရာမှ "ဆိုးဆိုးဝါးဝါး တည်တည်ငြိမ်ငြိမ်မရှိ၊ မှန်းဆလို့မရ"တဲ့ အခြေအနေသို့ ပြောင်းလဲသွားခဲ့တယ်။ ဒီလိုနဲ့ နှစ် ၇၀ ကျော်အတွင်း အဆိုးဝါးဆုံး ဘဏ္ဍာရေးအကျပ်အတည်းကို ရင်ဆိုင်လိုက်ရတော့တယ်။ ကမ္ဘာ့စီးပွားရေးဟာ ၂၀၀၉ အတွင်း ပြင်းထန်စွာ အရှိန်လျော့ကျလာနေပြီး အမေရိကန်၊ အနောက်ဥရောပနဲ့ဂျပန်တို့ဟာ ပျက်ပြားဆုတ်ယုတ်ကျဆင်းမှုအတွင်း ကျရောက်နေတယ်။ နိုင်ငံတကာအာဘော် စုံစမ်းရေးဌာန PRC က အမေရိကန်မှာ စတင်ဖြစ်ပေါ်လာတဲ့ ငွေကြေးအကျပ်အတည်းဟာ "အမေရိကန်ဆန့်ကျင်ရေး"အသစ်တဖန်ပြန်ပေါ်လာဖို့ ခွဲခြမ်းစိတ်ဖြာမှုများအရ အလွန်ကို ဖြစ်နိုင်ဖွယ်ရာရှိနေတယ်လို့ ဆိုပါတယ်။ အဲဒီအဖွဲ့က နိုင်ငံ ၂၄ နိုင်ငံကို တလကြာ အချိန်ယူစုံစမ်းလေ့လာပြီး ရရှိချက်ကို အခုတလောထုတ်ပြန်လိုက်တယ်။ နိုင်ငံအများစုက ပြည်သူတွေဟာ အမေရိကန်က သူတို့နိုင်ငံအပေါ် ဩဇာသက်ရောက်မှုဟာ အနုတ်လက္ခဏာဆောင်တယ်လို့ ယူဆကြသတဲ့။ အမေရိကန်ကလွဲလို့ ကျန် ၂၃ နိုင်ငံအတွင်း မေးမြန်းခံရသူ ၅၀ ရာခိုင်နှုန်းကျော်က အမေရိကန်ရဲ့ ဩဇာသက်ရောက်မှုဟာ အကောင်းဘက်ဩဇာသက်ရောက်မှုထက် အနုတ်ဘက်ကို ပိုများတယ်လို့ ဖော်ပြကြတယ်။ အမေရိကန်အပေါ် သစ္စာစောင့်သိတတ်သူကြီးဖြစ်တဲ့ မိတ်ဆွေကြီး ဗြိတိန်နိုင်ငံမှာတောင် လူ ၇၂ ရာခိုင်နှုန်းက အမေရိကန်အပေါ် မကျေနပ်ကြောင်း ဖော်ပြတယ်။ တချိန်တည်းမှာ အမေရိကန်က မိမိတို့နိုင်ငံအပေါ် ကြီးမားလှတဲ့ အနုတ်လက္ခဏာဆောင်တဲ့ ဆိုးကျိုးတွေကို ဖန်တီးပေးနေတယ်လို့ ယူဆကြသတဲ့။ နိုင်ငံတကာ အကြံပေးရေးအုပ်စုတခုက"တကမ္ဘာလုံးမှာ အမေရိကန်ဆန့်ကျင်ရေး ပေါ်ထွက်လာခြင်းနဲ့ ဝါရှင်တန်က လူပုဂ္ဂိုလ်တချို့ရဲ့ လုပ်ရပ်တွေဟာ နီးနီးကပ်ကပ် ဆက်စပ်မှုရှိနေတယ်။ လက်တဆုပ်စာ လူနည်းစုဟာ မတရားနည်းနဲ့ မိမိတို့အမြတ်ရရှိရေးအတွက် ကမ္ဘာပေါ်က လူအများစုကို ခေါးစားခံ လုပ်တော့တယ်"လို့ ဖော်ပြခဲ့တယ်။

၂။ စီးပွားရေးအကျပ်အတည်းက ကမ္ဘာ့ပြည်သူတွေကို အရင်းရှင်စနစ်ရဲ့ တကယ့်ဇာတိရုပ်ကို ဖွင့်ပြလိုက်ခြင်းကြောင့် ဆိုရှယ်လစ်စနစ်သို့ ပြတ်ပြတ်သားသား ချီတက်သွားစေလိုက်တယ်။ အမေရိကန်က နာမည်ကျော် ပညာရှင်တဦးဖြစ်တဲ့ ဒေးဗစ်–စစ်ဝေကာတာက အရင်းရှင်စနစ်မှာ မညီမျှမှု

တွေ၊ အလုပ်လက်မဲ့တွေ၊ အလွန်အမင်း အလုပ်လုပ်ရတာတွေ၊ ဆင်းရဲမွဲပြာကျမှုတွေ၊ ဒီမိုကရေစီဆိတ်သုဉ်းမှုတွေ၊ ဇီဝလက္ခဏာပတ်ဝန်းကျင် ဆိုးဝါးမှု စတာတွေ ရှိနေပြီး ဒီချွတ်ယွင်းချက်တွေကို ကောင်းမွန်အောင်ပြုပြင်ပေးဖို့ ဘယ်လိုမှ မတတ်နိုင်ပါဘူး။ အရင်းရှင်စနစ်မှာ အလုပ်လက်မဲ့ပြဿနာလို ဘယ်လိုမှ ဒဏ်ရာမကျက်နိုင်တဲ့ အနာမျိုးတွေ ၁၀ ခုလောက်ရှိနေတာမို့ မျက်မှောက်အ ရင်းရှင်စနစ်ကမ္ဘာဟာ "ရောဂါကျွမ်းနေပါပြီ၊ တရက်နဲ့တရက်တောင် မတူတော့ဘူး"လို့တောင် ပြောနေကြပါပြီ။ စီးပွားရေးအကျပ်အတည်း အခြေအနေအောက်မှာ အရင်းရှင်စနစ်ရဲ့ အမျိုးမျိုးသော ပြင်းထန်ဆိုးဝါးလှတဲ့ ချွတ်ယွင်းချက်တွေနဲ့ စီးပွားရေးအကျပ်အတည်းကြောင့် ဖြစ်ပေါ်လာတဲ့ ကံတရားဟာ "အစားထိုးမရနိုင်"လို့ ဒုက္ခရောက်ရတယ်ဆိုတာကို သိရှိနားလည်နေတဲ့ အလုပ်သမားထုဟာ တနေ့ထက်တနေ့ များလာနေပြီ။ ၂၀ ရာစု ၃၀ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ စီးပွားပျက်ကပ်ကြီးကာလက သန်းချီရှိနေတဲ့အမေရိကန် အလုပ်သမားများဟာ "ရုရှားသူဌေးကြီးကို လေ့လာကြ"ဆိုတဲ့ ကြွေးကြော်သံကို တင်ထားပြီး အရင်းရှင်စနစ်ကို လမ်းပေါ်ထွက် ဆန္ဒပြဆန့်ကျင်ခဲ့ကြတယ်ဆိုတာကိုတော့ သိထားဖို့ လိုအပ်ပါတယ်။

၃။ စီးပွားရေးအကျပ်အတည်းဟာ အရင်းရှင်စနစ်ရဲ့ အရင်းနဲ့ အလုပ်အကြားက ပဋိပက္ခကို ပြင်းထန်စေခြင်းကြောင့် ဆိုရှယ်လစ်စနစ်ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်တယ်။ ရိုက်တာသတင်းဌာနက လောလောလတ်လတ် အခု နောက်ဆုံးထုတ်ပြန်လိုက်တဲ့ သတင်းတွေအရ ဂျာမနီနိုင်ငံသား ၆၀ ရာခိုင်နှုန်းနဲ့ ပြင်သစ်နိုင်ငံသား ၆၄ ရာခိုင်နှုန်းတို့က ဥရောပရဲ့ စီးပွားရေးအခြေအနေဟာ ဒီကရှေ့ ပိုဆိုးဝါး၊ ဒုက္ခရောက်စေလိမ့်မယ်လို့ ယူဆကြတယ်လို့ ဆိုတယ်။ စီးပွားရေးယိုယွင်းပျက်စီးမှုတွေက လူတွေရဲ့ မကျေနပ်စိတ်ကို မီးလောင်ရာလေပင့် လုပ်နေတယ်။ ဂရိမှာ အတိုင်းအတာကြီးမားလှတဲ့ "မငြိမ်မသက် ဆူပူလှုပ်ရှားမှုကြီး"က ဂရိတနိုင်ငံလုံးကို စနစ်လက္ခဏာဆောင်တဲ့ အကျပ်အတည်းအတွင်း ကျရောက်သွားစေလိုက်တယ်။ ပြင်သစ်၊ ဂျာမနီ၊ ရုရှား စတဲ့နိုင်ငံတွေမှ ဂရိသံရုံးတွေဟာလည်း တခုပြီးတခု ကန့်ကွက်ဆန္ဒပြမှုတွေ ကြုံတွေ့နေရတယ်။ စီးပွားရေးအကျပ်အတည်းက ဆောင်ကြဉ်းလာတဲ့ မတည်မငြိမ် မရေမရာဖြစ်နေတဲ့ စိတ်ဓာတ်ရေးရာဂယက်ရိုက်ခတ်မှုဟာ ဥရောပ တခြားနိုင်ငံများကိုလည်း ကူးစက်သွားခဲ့တယ်။ ဒါတင်မက တချို့ဥရောပဒေသတွေမှာ "ဒေါသူပုန်ထနေတဲ့လူငယ်တွေ"က "ဥရောပတော်လှန်ရေး" ကြွေးကြော်သံကို ကြွေးကြော်ပြီး လမ်းတွေပေါ် ထွက်လာကြတယ်။ ဗြိတိန်က တချို့ အင်တာနက် ဝက်ဘ်ဆိုက်တွေက ဂရိနိုင်ငံသားတွေ လမ်းပေါ်ထွက်လာမှုကို လေ့လာကြဖို့၊ "ဘဏ်များကို မီးရှို့ကြဖို့၊ ယခုအချိန်ဟာ ဥရောပတခုလုံး တော်လှန်ရေး ပျံ့နှံ့သွားရေးအတွက် အခွင့်အလမ်း ကောင်းကြီးဖြစ်တယ်" ဆိုတဲ့ ရယ်ဒီကယ်ဂိုဏ်းက စာတမ်းကို တင်ပြကြဖို့ ပန်ကြားထားတယ်။

၄။ စီးပွားရေးအကျပ်အတည်းက အနောက်တိုင်းနိုင်ငံတွေက စီမံဆောင်ရွက်နေတဲ့ “ငြိမ်းချမ်းစွာ တစတစကူးပြောင်းရေး”စီမံကိန်းကို အနှောင့်အယှက်ပြုလိုက်တယ်။ အနောက်တိုင်းဟာ “ဆိုဗီယက်နဲ့အရှေ့ဥရောပ အပြောင်းအလဲ”ရဲ့အားပေးမှုကို ခံနေရပြီး တခြားဆိုရှယ်လစ်နိုင်ငံတွေကို “ငြိမ်းချမ်းစွာ တစတစကူးပြောင်းရေး”စီမံကိန်းအရ ဘက်စုံအကျယ်အပြန့် စီမံဆောင်ရွက်နေပါတယ်။ ကြိုတင်မျှော်မှန်းထားတဲ့အတိုင်း တစုံတရာ အကျိုးသက်ရောက်မှုတွေ ရရှိနေပါပြီ။ တကယ်လို့သာ ဒီအကြိမ် စီးပွားရေးအကျပ်အတည်းသာ “ချိန်ကိုက်” ပေါ်မလာခဲ့ရင် နိုးကြားလာနေတဲ့ ကျယ်ပြောလှတဲ့ပြည်သူတွေဟာ အရင်းရှင်စနစ် “ငြိမ်းချမ်းစွာ တစတစကူးပြောင်းရေး” ကိုယ်စားလှယ်တွေရဲ့ လိမ်ညာမှုပရိယာယ်နဲ့ သူတို့ရဲ့ဇာတိရုပ်ကို တစတစနဲ့ ရှင်းရှင်းလင်းလင်း သိမြင်လာကြမှာမဟုတ်ပါဘူး။ ဒီလိုသာဆိုရင် အကျိုးဆက်ကလည်း မှန်းဆဖို့တောင် ခက်လှပါတယ်။ ဒါ့သာမက စီးပွားရေးအကျပ်အတည်းက ဆိုရှယ်ဒီမိုကရက်တစ်ဝါဒ အတွေးအခေါ်ရေစီးကြောင်း တချို့ပြန်လည်လှုမ်းမိုးလာမှုကို ပြင်းထန်စွာ ထိုးနှက်တိုက်ခိုက်ပစ်လိုက်ပြီး အုတ်အော်သောင်းတင်းလုပ်နေကြတဲ့ “ယေဘုယျကမ္ဘာ့တန်ဖိုးတရား” ဆိုတာကိုလည်း ဈေးကွက်ထဲမှာ နှစ်မြှုပ်ပစ်လိုက်ပါတယ်။

၅။ တချို့နိုင်ငံတွေမှာ ပေါ်ပေါက်နေတဲ့ ဆိုရှယ်လစ်ဝါဒလှုပ်ရှားမှု ဖြစ်ထွန်းတိုးတက်ရေးအပေါ် တိုက်ရိုက်သြဇာသက်ရောက်ရေးအတွက် စီးပွားရေးအကျပ်တည်းဟာ ဆန့်ကျင်ဘက်ကပညာပေးသူအဖြစ် အကျိုးရှိပါတယ်။ တချို့နိုင်ငံတွေဟာ သမိုင်းအရ၊ လက်တွေ့အရ အမျိုးမျိုးသောအကြောင်းရင်းများကြောင့် အနောက်တိုင်းဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံများရဲ့ ဖိအားပေးမှုကို ခံနေရပါတယ်။ တချို့ကတော့ ဘယ်လိုရုန်းထွက်မလဲ ရွေးချယ်တိုက်ပွဲဝင်နေပါတယ်။အရင်းရှင်စနစ်စီးပွားရေးအကျပ်အတည်းအောက်မှာ ကျူးဘား၊မြောက်ကိုရီးယားဆိုရှယ်လစ်ဝါဒဟာ ပိုမိုတည်ငြိမ်လာနေတယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။ ဗင်နီဇွဲလားရဲ့ ၂၁ ရာစုဆိုရှယ်လစ်ဝါဒလှုပ်ရှားမှု ခြေလှမ်းတွေဟာ ပိုမိုပြတ်သားလာပြီး နီပေါ၊ အိန္ဒိယ ကွန်မြူနစ်ဝါဒလှုပ်ရှားမှု မီးပွားလေးများဟာ တောမီးကြီးအဖြစ် လောင်ကျွမ်းလာနိုင်ပါတယ်။

### ၃။ အနောက်တိုင်း အရင်းရှင်စနစ်စီးပွားရေးအကျပ်အတည်း အခြေအနေအောက်မှာ ကမ္ဘာ့ဆိုရှယ်လစ်ဝါဒကို လှမ်းမျှော်ကြည့်ခြင်း

တရုတ်နိုင်ငံ ဆိုရှယ်လစ်စနစ်တည်ဆောက်မှု အနှစ် ၆၀ ရဲ့ အောင်မြင်ချက်တွေဟာ ကမ္ဘာကြီးအတွက် အာရုံစူးစိုက်ကြည့်စရာ ဖြစ်နေတယ်။ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ရေးဆိုတဲ့ ကြီးမြတ်တဲ့လုပ်ငန်းကြီးဟာ တရုတ်ပြည်ထူးခြားချက်ပါရှိတဲ့ ဆိုရှယ်လစ်ဝါဒလမ်းကြောင်းပေါ်မှာ သွားလေ ကျယ်ဝန်းလေ ဖြစ်လာနေတယ်။ ကျူးဘား၊ မြောက်ကိုရီးယားတို့ဟာ အမေရိကန်ခေါင်းဆောင်တဲ့ နယ်ချဲ့သမားတွေရဲ့ အင်အားကြီးလှတဲ့ဖိအားအောက်မှာ

တည်တည်ငြိမ်ငြိမ်ရပ်တည်နိုင်ခဲ့ရုံမက စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဘက်တွေမှာလည်း အလွန်ကြီးမားတဲ့အောင်မြင်ချက်တွေ ရရှိခဲ့တယ်။ GDP တိုးတက်မှုနှုန်းဟာ နှစ်စဉ် ၈ နဲ့ ၉ ရာခိုင်နှုန်း ရှိခဲ့ပြီး တခါတရံ ၁၀ ရာခိုင်နှုန်း အထိရောက်လို့ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းတယ်။ ဆိုရှယ်လစ် စနစ်ဟာ ရှေးခေတ်က လူများစွမ်းဆောင်နိုင်ခြင်းမရှိခဲ့သေးတဲ့ လုပ်ငန်းရပ်ဖြစ် တယ်။ ရှေ့ကိုချီတက်နေရင်း ဟိုအမှားဒီအမှား စတာမျိုးတွေသာမက ပြင်း ထန်ဆိုးဝါးလှတဲ့ အမှားမျိုးတွေလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ နိုင်ငံအသီး သီးက ကွန်မြူနစ်ပါတီတွေဟာ အတွေ့အကြုံများကို အဆက်မပြတ် နိဂုံးချုပ် ပြီး မိမိတို့ရဲထူးခြားချက်လက္ခဏာအရ လျှောက်လှမ်းနေပါတယ်။ ကျွန်တော် တို့ဟာ ကျိုးကြောင်းရှိစွာ ယုံကြည်နေတာပါ။ ကျွန်တော်တို့ဟာ အမှန်နဲ့အ မှား ဘက်နှစ်ဘက်က အတွေ့အကြုံသင်ခန်းစာများကို နိဂုံးချုပ်ယူတဲ့ အခြေ ခံပေါ်မှာ အနောက်တိုင်းပြည်သူတွေ ဒုက္ခခံနေရမှုအား “အစားထိုးစရာမရှိ နိုင် ဖြစ်နေတာ”ကို ဆိုရှယ်လစ်နိုင်ငံအသီးသီးက အစားထိုးနိုင်တဲ့ ဆိုရှယ် လစ်ဝါဒစံနမူနာတွေ မုချ စိုက်ထူပေးနိုင်ပါလိမ့်မယ်။

ဗင်နီဇွဲလားသမ္မတ ချားဗက်စ် ကိုယ်စားပြုအဆိုတင်ခဲ့တဲ့ လက်တင် အမေရိက ၂၁ ရာစု ဆိုရှယ်လစ်ဝါဒလှုပ်ရှားမှုဟာ အညွန့်တလူလူ ဖွံ့ဖြိုးတိုး တက်နေတယ်။ လစ်ဘရယ်ဝါဒသစ်ရဲ့ ဆင်းရဲဒုက္ခတွေကို တဝကြီးခံစားရပြီး နောက် လောလောဆယ်ဆယ်နှစ်များအတွင်း လက်တင်အမေရိက လက်ဝဲ ဂိုဏ်းအသီးသီး နိုင်ငံရေးအာဏာ ရလာကြတယ်။ အဓိကအားဖြင့် ရယ်ဒီ ကယ် ဂိုဏ်းများဖြစ်တဲ့ ဗင်နီဇွဲလား၊ ဘိုလီးဗီးယား၊ အက်ကွေဒေါ အစိုးရများ၊ အလယ်အလတ်ဂိုဏ်းဖြစ်တဲ့ ဘရာဇီး၊ ချီလီ၊ ဥရုဂွေးအစိုးရများ၊ ကြားဂိုဏ်း လို့ ဆိုရမယ့် အာဂျင်တီးနား၊ နီကာရာဂွာအစိုးရ စတာတွေဖြစ်တယ်။ ၂၀၀၄ အောက်တိုဘာမှစတင်ပြီး ချာဗက်စ်က “လူ့ကရုဏာဝါဒ ထူးခြားချက်ပါရှိတဲ့ အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအယူဝါဒဖြစ်တဲ့ တတိယလမ်းကြောင်းကို စွန့်လွှတ်လိုက်ပြီး “၂၁ ရာစု ဆိုရှယ်လစ်ဝါဒ”ကို ဗင်နီဇွဲလား ဖွံ့ဖြိုးတိုးတက် ရေးဦးတည်ချက်ရဲ့ အရေးကြီးအတွေးအခေါ်အဖြစ် ပြောင်းလဲခံယူလိုက်တယ်။ “အရင်းရှင်စနစ်ဟာ မိမိဘာသာ ကျော်လွှန်သွားရေးကို အတွင်းပိုင်းမှ အ ကောင်အထည်ဖော် ဆောင်ရွက်သွားရေးဟာ အလားအလာမရှိပါဘူး။အရင်း ရှင်စနစ်ကျော်လွှန်သွားရေးလမ်းကြောင်းဟာ ဆိုရှယ်လစ်စနစ်၊တရားမျှတရေး နဲ့ငြိမ်းချမ်းရေးတို့သာ ဖြစ်နိုင်ပါတယ်။” “ကျွန်တော်တို့ဟာ အရင်းရှင်စနစ် အောက်မှာ ကျွန်တော်တို့ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည် မဖော် နိုင်ပါဘူး။ ကြားလမ်းဆိုတာလည်း မဖြစ်နိုင်ပါဘူး--- ကျွန်တော်တို့ဟာ ၂၁ ဆိုရှယ်လစ်ဝါဒကို မုချ ထူထောင်ရပါလိမ့်မယ်”လို့ ထောက်ပြလိုက်တယ်။ ဒါအတွက် နိုင်ငံရေးအရညီညွတ်သော တော်လှန်ရေးပါတီကို စတင်ထူထောင် ရန်။ စီးပွားရေးအရ သေနင်္ဂဗျူဟာလက္ခဏာဆောင်တဲ့ ဌာနများအား ထိန်း ချုပ်ရေးများကို အားဖြည့်ရန်။ အထူးသဖြင့် ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား

နဲ့ ရေနံစတဲ့ သေနင်္ဂဗျူဟာဌာနများအား နိုင်ငံတော်ပိုင်ပြုရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်။ နိုင်ငံခြားဆက်ဆံရေးနယ်ပယ်မှာ အမေရိကန်က အဆိုပြုတဲ့ အမေရိကတိုက် လွတ်လပ်တဲ့ကုန်သွယ်ရေးဒေသ (ALCA) ထူထောင်ရေးကို အတိအလင်း ဆန့်ကျင်သွားပြီး အမေရိကတိုက်ဘိုလီဗာ စီမံကိန်း (ALBA)နဲ့ အစားထိုး တက်တက်ကြွကြွစီမံဆောင်ရွက်သွားရန်။ တွေးခေါ်ယူဆမှုဘက်မှာ အတွေးအခေါ်နဲ့အာဘော်နယ်ပယ်မှာ တိုက်ပွဲကို အားဖြည့်ပြီး **မာ့က်စ်ဝါဒသဘောတရား ပညာပေးရေးကို အားဖြည့်ဆောင်ရွက်သွားရန်။**

နီပေါကွန်မြူနစ်ပါတီ(မော်ဝါဒ) ကိုယ်စားပြုတဲ့ တတိယကမ္ဘာနိုင်ငံများရဲ့ ဆိုရှယ်လစ်ဝါဒလှုပ်ရှားမှုဟာ ဖြစ်ထွန်းတိုးတက်နေဆဲ ဖြစ်တယ်။ ၁၀ နှစ်ကျော် စစ်ရေးတိုက်ပွဲများရဲ့ အကျိုးဆက်နဲ့အာမခံချက်အောက်မှာ နီပေါကွန်မြူနစ်ပါတီ(မော်ဝါဒ) ဥက္ကဋ္ဌ ပရာချန်ဒါဟာ ၂၀၀၈ ဩဂုတ် ၁၈ မှာ မဲအများဆုံးနဲ့ ဝန်ကြီးချုပ်ဖြစ်လာတယ်။ ဒီပထမအဆင့်အောင်ပွဲက တတိယကမ္ဘာနိုင်ငံများက တော်လှန်တဲ့ပြည်သူများကို အားတက်စေခဲ့တယ်။ ရွေးကောက်ပွဲမှာ အနိုင်ရဝန်ကြီးချုပ်ဖြစ်လာတဲ့ ပရာချန်ဒါဟာ ဘီဘီစီ နီပေါဌာနခွဲ သတင်းထောက်ရဲ့ အင်တာဗျူးကို လက်ခံဖြေကြားရာမှာ "ကျွန်တော်တို့ရဲ့ရည်မှန်းချက်ဟာ ကွန်မြူနစ်ဝါဒဖြစ်တယ်ဆိုတာ ယုံမှားသံသယ ရှိစရာမလိုပါဘူး။ ကျွန်တော်တို့ဟာ ဒီမိုကရက်တစ်သမ္မတနိုင်ငံတော်စနစ် ဖြစ်ထွန်းရေးမှတဆင့်နဲ့ ရွေးကောက်ပွဲများကို ကျော်ဖြတ်ပြီး ဒီလိုတရားဥပဒေနည်းနဲ့ ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သွားရေးကို ကြံ့စည်အားထုတ်သွားရပါလိမ့်မယ်။ ဒီရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရင်းနဲ့ ဆိုရှယ်လစ်စနစ်နဲ့ ကွန်မြူနစ်စနစ် အကောင်အထည်ဖော်ဆောင်ရေးကို ကြိုးပမ်းသွားရပါလိမ့်မယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ပြည်သူ့သမ္မတနိုင်ငံတော်၊ ဆိုရှယ်လစ်စနစ်နဲ့ ကွန်မြူနစ်စနစ်အတွက် လမ်းဖွင့်ပေးလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်"လို့ အလေးထား ပြောသွားခဲ့တယ်။

အိန္ဒိယပြည် ဆိုရှယ်လစ်ဝါဒလှုပ်ရှားမှုဟာ တစတစ အောင်မြင်လာနေတယ်။ မျက်မှောက်ကာလ အိန္ဒိယမှာ ကွန်မြူနစ်ပါတီ ၃ ပါတီဟာ ဂိုဏ်း ၂ ဂိုဏ်း ကွဲနေတယ်။ ၎င်းတို့အနက် အိန္ဒိယပြည်ကွန်မြူနစ်ပါတီနဲ့ အိန္ဒိယကွန်မြူနစ်ပါတီ(မာ့က်စ်)တို့မှာ ပါတီဝင် ၆ သိန်းနဲ့ ၈ သိန်း အသီးသီး ရှိနေတယ်။ ဒီပါတီ ၂ ရပ်က ဥပဒေတွင်း လွှတ်တော်တိုက်ပွဲများမှတဆင့် ငြိမ်းချမ်းစွာ နိုင်ငံရေးအာဏာရယူရေး တစတစနဲ့ ဆိုရှယ်လစ်စနစ်ကို ကူးပြောင်းသွားရေးကို ယုံကြည်ဆုပ်ကိုင်ထားတယ်။ ဒီ ၂ ပါတီဟာ လွှတ်တော်အတွင်း အမတ်နေရာ ၄၈ နေရာအထိ ရရှိခဲ့ရာက အခုနောက်ဆုံး လွှတ်တော်ရွေးကောက်ပွဲမှာ ၂ ပါတီပေါင်း အမတ်နေရာ ၃၀ ကျော် ရရှိခဲ့တယ်လို့ သိရပါတယ်။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ(မော်ဝါဒ)ဟာ ၂၀၀၇ ဇန်နဝါရီ ၂ ရက်မှာ ကျင်းပတဲ့ သူတို့ရဲ့ နဝမအကြိမ်ပြည်လုံးကျွတ်ကွန်ဂရက်မှာ "အကြမ်း

ဖက်တော်လှန်ရေး၊ ကျေးလက်ပြောက်ကျားစစ်မှတဆင့် မြို့များကိုဝိုင်း၊ နောက်ဆုံး တပြည်လုံးအာဏာသိမ်းရေး”ဆိုတဲ့ ပြည်သူစစ်ပွဲလမ်းကြောင်းကို ရပ်ခံဆုပ်ကိုင်ထားတယ်။ ပါတီဝင်အင်အား ၂ သောင်းနီးပါး ရှိတယ်။ လက်နက်ကိုင်ပြောက်ကျားတပ် သောင်းအချို့ ရှိတယ်။ ပြည်နယ် ၂၉ ပြည်နယ်အနက် ၁၃ ပြည်နယ်မှာ ပြောက်ကျားစစ်လှုပ်ရှားနေတယ်လို့ သတင်းတရပ်က ဆိုတယ်။ တပြည်လုံး နေရာ ၁၅၀ လောက်မှာ လှုပ်ရှားနေတယ်။ ဒါဟာ တပြည်လုံးရဲ့ ၄ ပုံ ၁ ပုံ နီးပါးရှိတယ်။ သူတို့ရဲ့ထိန်းချုပ်မှုအောက်မှာ လူဦးရေသန်း ၁၇၀ လောက်ရှိတယ်လို့ ဆိုပါတယ်။

အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်စတဲ့ အနောက်တိုင်း အရင်းရှင်စနစ်နိုင်ငံကြီးတွေမှ ဆိုရှယ်လစ်လှုပ်ရှားမှုဟာ ငုပ်လျှိုးနေတယ်။ အမေရိကန်ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ်ဝါဒလှုပ်ရှားမှုဟာ တောက်လျှောက် ချည့်နဲ့ခဲ့တယ်။ အကြောင်းရင်းကတော့ (၁) အမေရိကန်ခေရှင်လူတန်းစားဟာ စိုးမိုးအုပ်ချုပ်ရေးဘက်မှာ အတွေ့အကြုံကြွယ်ဝတယ်။ အတွေးအခေါ်အရနဲ့ နိုင်ငံရေးအရ ထိန်းချုပ်မှုနဲ့ဖိနှိပ်မှုမှာလည်း နှိုင်းယှဉ်ခြင်းအားဖြင့် ပြင်းထန်တယ်။ ဒါကြောင့် အမေရိကန်ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ်ဝါဒလှုပ်ရှားမှုကို ထိန်းချုပ်ထားနိုင်တယ်။ (၂) အမေရိကန် ခေရှင်ကြီးလူတန်းစားဟာ ကမ္ဘာ့ပြည်သူများထံမှ ဥစ္စာခေတွေကို လုယက်မှုမှတဆင့် မိမိနိုင်ငံကပြည်သူတွေရဲ့ နေထိုင်မှုဘဝရေချိန်ကို နှိုင်းယှဉ်ခြင်းအားဖြင့် ပိုမြင့်စေခဲ့တယ်။ အမေရိကန်ပြည်သူလူထုအပါအဝင် တစုံတရာ အကျိုးခံစားရတဲ့ ပညာတတ်တွေရဲ့ လူတန်းစားတွေးခေါ်ယူဆမှုနဲ့ တိုးတက်နိုးကြားမှုတွေကို ချည့်နဲ့သွားစေတယ်။ ဗြိတိန်ခေရှင်လူတန်းစားဟာ ကိုလိုနီနယ်မြေမှ သွေးစုပ်လုယက်ရရှိလာတဲ့ ငွေကြေးနဲ့ ဗြိတိန်အလုပ်သမားနဲ့မင်းညီမင်းသားတွေကို သိမ်းဝယ်ပစ်လိုက်တယ်လို့ အိန်ဂယ်က ထောက်ပြဖူးတယ်။ အမေရိကန်အလုပ်သမားသမဂ္ဂ၊ ကုန်ထုတ်လုပ်ရေးသမဂ္ဂတွေမှာလည်း ဒီအခြေအနေမျိုးတွေ ရှိနေပါတယ်။ ဒီလိုနဲ့ အလုပ်သမားထုကို အလွယ်တကူ ထုံထိုင်းသွားစေနိုင်ပါတယ်။ ဥရောပကွန်မြူနစ်ပါတီတွေနဲ့ ဥရောပကွန်မြူနစ်လှုပ်ရှားမှုဟာ အမေရိကန်ထက် ဖွံ့ဖြိုးတိုးတက်မှုကောင်းပါတယ်။

မျက်မှောက် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှု ဒီရေနိမ့်အခြေအနေအတွင်းမှာ ဂျပန်ကွန်မြူနစ်ပါတီဟာ အင်အားချည့်နဲ့မသွားရုံမက အဆက်မပြတ် ဖွံ့ဖြိုးတိုးတက် အားကောင်းလာနေတယ်။ လောလောဆယ်ဆယ် တနှစ်အတွင်း ဂျပန်ကွန်မြူနစ်ပါတီဟာ တလပျမ်းမျှ ကွန်မြူနစ်ပါတီဝင်အသစ် ၁၀၀၀ ကျော်လောက် တိုးပွားနေတယ်။ ဂျပန်ကွန်မြူနစ်ပါတီမှာ ပါတီဝင် ၄ သိန်းကျော်၊ ဒေသပါတီကလာပ်စည်း ၂၆,၀၀၀ ကျော် ရှိပါတယ်။ ဆီးနိတ်လွှတ်တော်အတွင်း အမတ်နေရာ ၂၀ ရှိတယ်။ ဒေသလွှတ်တော် အဆင့်အသီးသီး လွှတ်တော်များအတွင်း လွှတ်တော်အမတ်နေရာ ၄,၄၀၀ ရှိတယ်။ မြို့နယ်အဆင့်အောက် ဒေသဆိုင်ရာအစိုးရများအတွင်း အစိုးရတာဝန်ခံ အ

ဖြစ် ကွန်မြူနစ်ပါတီဝင် ၁၀ ဦး အရွေးခံရတာ ရှိထားပါတယ်။ ဂျပန်ကွန်မြူနစ်ပါတီ အာဘော် “အလံနီဂျာနယ်”ဟာ စောင်ရေ ၂ သန်း ၃ သိန်းကျော် ထုတ်ဝေ ဖြန့်ချိရပြီး လူထုအတွင်း တစုံတရာ ဩဇာရှိပါတယ်။

၂၀၀၈ နိုဝင်ဘာ ၂၁–၂၃ ရက်အထိ ပြင်သစ်၊ ဗြိတိန်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယန်၊ အီတလီ၊ စပိန်၊ ဖင်လန်စတဲ့ ဥရောပကွန်မြူနစ်ပါတီများ အပါအဝင် နိုင်ငံပေါင်း ၅၀ မှ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီ ၆၅ ပါတီတို့ဟာ ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့မှာ ဒသမအကြိမ်မြောက် နိုင်ငံတကာကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ရဲ့ အစည်းအဝေးကို ကျင်းပခဲ့တယ်။ မျက်မှောက်စီးပွားရေးအကျပ်အတည်းက အရင်းရှင်စနစ်ဟာ လူမှုစနစ်တရပ်အနေနဲ့ အကန့်အသတ်ရှိနေမှုကို ဖော်ထုတ်ပြလိုက်တာဖြစ်တယ်လို့ ဒီအစည်းအဝေးက ယူဆတယ်။ ကွန်မြူနစ်များကတော့ ၎င်းကို တော်လှန်ရေးနည်းဖြင့်သာ တွန်းလှန်ပစ်နိုင်တယ်လို့ အတိအလင်း ဖော်ပြလိုက်တယ်။ အစည်းအဝေးက နောက်ဆုံး အတည်ပြုလိုက်တဲ့ “ဆော်ပိုလိုကြေညာချက်”မှာ အရင်းရှင်စနစ်အကျပ်အတည်းရှေ့မှောက်မှာ “ဆိုရှယ်လစ်စနစ်သာ အစားထိုး ရွေးချယ်ရန်ရှိတော့ကြောင်း”အလေးထား ဖော်ပြထားတယ်။ မာ့က်စ်ဝါဒက ဆိုရှယ်လစ်စနစ်ဟာ အရင်းရှင်စနစ်ကို မုချ အစားထိုးလိမ့်မယ်ဆိုတဲ့ သမိုင်းရဲ့ မုချတရားကို ဖော်ထုတ်ခဲ့ပေမယ့် သမိုင်းဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဘယ်တုန်းကမှ တဖြောင့်တည်း မဟုတ်ခဲ့ဘူး။ အနောက်တိုင်း အရင်းရှင်စနစ်စီးပွားရေးကပ်ဟာ ချောက်ထဲကျနေတဲ့ ကမ္ဘာ့ဆိုရှယ်လစ်စနစ်လှုပ်ရှားမှုကို ချောက်ထဲက ပြန်တက်နိုင်ရေးကို တွန်းဆော်ပေးပြီး ဆိုရှယ်လစ်လှုပ်ရှားမှု တဖန်မြင့်တက်လာမှုနဲ့ ပြည်လည်ဖွံ့ဖြိုးတိုးတက်လာမှုကို ကြိုဆိုလိုက်တာ ဖြစ်ပါတယ်။ ။

**ကိုးကား။ ။ မျက်မှောက်ကမ္ဘာနှင့် ဆိုရှယ်လစ်ဝါဒ၊ ၂၀၀၉ အမှတ် ၂ ။**

**ရဲဘော်သိန်းဝင်း**
**၁၆–၉–၂၀၀၉။**

21



**အင်အားအမာနဲ့**
**အင်အားအပျော့ကို**
**ညီညွတ်မျှတအောင်**
**ပေါင်းစည်းထားတဲ့ ပညာသားပါတဲ့အင်အား**
**(Smart power)**

**လှပေါ်ဦး**

ဒေါ်ကလင်တန် သုံးစွဲပြောကြားလိုက်တဲ့ ပညာသားပါတဲ့အင်အား (Smart power)ဆိုတာကို ယနေ့စာနယ်ဇင်းတွေနဲ့ မီဒီယာတွေမှာ အတော်ကလေး တွင်တွင်ကျယ်ကျယ် ရည်ညွှန်းကိုးကားပြောဆိုနေကြတာ တွေ့နေရပါတယ်။ အဲဒီပညာသားပါတဲ့အင်အား(Smart power)ဆိုတာ ဘာအဓိပ္ပာယ်လဲ။

(၁) အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒေါ်ကလင်တန်က “ဖိအားအကြီးဆုံး ပြဿနာတွေကို အမေရိကားတနိုင်ငံတည်းက မဖြေရှင်းနိုင်ဘူး။ အဲသလိုပဲ ဒီ ပြဿနာတွေကို အမေရိကားမပါဘဲ ကမ္ဘာက မဖြေရှင်းနိုင်ဘူး။ အဲဒါကြောင့် လက်နက်ကိရိယာတွေ အပြည့်အဝ ညီညွတ်စွာပေါင်းစည်းအသုံးချမယ့် ပညာသားပါတဲ့အင်အား(Smart power)လို့ခေါ်တဲ့အင်အားကို ကျမတို့ အသုံးချကြရလိမ့်မယ်”လို့ ပြောခဲ့တာပါ။ အဲဒီလို ပြောကြားပြီးကတည်းက ဒီဝေါဟာရကို စာမျက်နှာတွေပေါ်မှာနဲ့ ဘလော့(blogs)တွေပေါ်မှာ အကျယ် အပြန့် ရည်ညွှန်းကိုးကား ပြောဆိုလာကြတာ ဖြစ်ပါတယ်။

(၂) နှလုံးရည်အပျော့အင်အား(soft power) တခုတည်းနဲ့ အကျိုးသက်ရောက်မှုကောင်းတဲ့ နိုင်ငံခြားရေးပေါ်လစီကို မဖန်တီးနိုင်ဘူးဆိုတာကို အမြင်မရှင်းဖြစ်နေကြတာတွေကို ဆန့်ကျင်ဖို့အတွက် ဒီပညာသားပါတဲ့အင်အား (Smart power)ဆိုတဲ့ ဝေါဟာရကို Joseph S. Nye Jr က ၂၀၀၃ ခုနှစ်ကတည်းက ဖော်ထုတ်ခဲ့တာပါ။ အင်အားဆိုတာ တဖက်သားကို ကိုယ်ဖြစ်စေချင်သလို လှုပ်ရှားစေတဲ့ အရည်အချင်းတရပ်ပါ။ တဖက်သားကို ကိုယ်ဖြစ်စေချင်သလိုလုပ်လာအောင် ခိုင်းနိုင်တဲ့ အရည်အချင်းစွမ်းရည်ပါ။ ဒီအင်အားဆိုတာထဲမှာ အခြေခံနည်းနာသုံးရပ် ပါဝင်ပါတယ်။ နိုပ်ကွပ်ခြင်း၊ ဒဏ်ခတ်

ခြင်းနဲ့ ဆွဲဆောင်သိမ်းသွင်းခြင်းတို့ပါပဲ။ နုလုံးရည်အပျော့အင်အားဆိုတာ ကိုယ်လိုချင်တဲ့ ရလဒ်ရအောင် ဆွဲဆောင်သိမ်းသွင်းခြင်းနည်းနဲ့ ရအောင်ယူတဲ့ အရည်အချင်းပါ။ နိုင်ငံတခုဟာ တဖက်သားကို ဘာဆက်လုပ်ရမယ်ဆိုတာ ဩဇာသုံး စီစဉ်ပေးနိုင်ပြီး သူတို့လိုချင်တာတွေကို ပုံဖော်ပေးနိုင်တယ်ဆိုရင် ချော့ချည်တခါ ခြောက်ချည်တလှည့်နဲ့ အတော်လေး အလုပ်ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တဖက်သားကို ကိုယ်လိုချင်သလို လုံးဝပြောင်းလဲစေဖို့ မလွယ်ပါဘူး။

(၃) တိုင်းပြည်တခုရဲ့ အပျော့အင်အားထဲမှာ အဓိကကျတဲ့ ပါဝင်မှုကြီး သုံးရပ်ရှိပါတယ်။ ၁။ အဲဒီတိုင်းပြည်ရဲ့ယဉ်ကျေးမှု (တဖက်တိုင်းပြည်ကို နှစ်သက်သဘောကျစေတဲ့ ယဉ်ကျေးမှုတွေ)၊ ၂။ အဲဒီတိုင်းပြည်ရဲ့ တန်ဖိုးတရားတွေ (မက်လုံးရှိပြီး အမြဲအသုံးပြုနေရမယ့် တန်ဖိုးတရားတွေ)နဲ့ ၃။ ပေါ်လစီတွေ (အကျုံးဝင်မှုရှိပြီး တရားဝင်ပေါ်လစီလို့ ထင်သာမြင်သာရှိတဲ့ ပေါ်လစီတွေ) ပါပဲ။

(၄) အပျော့အင်အားဟာ ပြဿနာအားလုံးကို ဖြေရှင်းနိုင်တဲ့ ပြဒါးရှင်လုံး မဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုဟာ ၁၉၉၀ ခုနှစ်များအတွင်းမှာ တာလီဘန်အစိုးရကို အယ်ကိုက်ဒါနဲ့လမ်းခွဲထွက်လာအောင် သူ့ရဲ့အပျော့အင်အားနဲ့ ဆွဲထုတ်တာမျိုး ဘယ်နေရာမှာမှ မလုပ်နိုင်ခဲ့ဘူး။ ၂၀၀၁ ခုနှစ်မှာ စစ်ရေးအရ အမာထည်အင်အား(လက်ရုံးရည်)ကို အသုံးပြုလိုက်တဲ့အခါကျမှ တာလီဘန်အစိုးရနဲ့အယ်ကိုက်ဒါတို့ရဲ့ မဟာမိတ်ဖွဲ့မှု အဆုံးသတ်သွားခဲ့ရတယ်။ ဒါပေမဲ့ ပိုမိုကျယ်ပြန့်တဲ့ရည်မှန်းချက်တွေဖြစ်တဲ့ ဒီမိုကရေစီထွန်းကားအောင် မြှင့်တင်ပေးရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံသားလူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးတိုးတက်လာစေရေး စတာမျိုးတွေကျတော့ သေနတ်လက်နက်တွေဟာ အကောင်းဆုံး ကိုင်စွဲအသုံးပြုရမယ့် လက်နက်အင်အားတွေ မဟုတ်ပြန်ပါဘူး။

(၅) အပျော့အင်အားရဲ့ အရင်းအမြစ်တွေနဲ့ အမာအင်အားရဲ့ အရင်းအမြစ်တွေကို နုလုံးရည် လက်ရုံးရည် ညီညွတ်အောင် ပေါင်းစည်းပေးဖို့ဆိုရင် ရှေ့နောက်မြော်မြင် ဆင်ခြင်တိုင်းထွာနိုင်တဲ့ အသိအမြင်ဉာဏ်ပညာ လိုအပ်တယ်လို့ Joseph S. Nye Jr က ဆိုပါတယ်။ သူ့ရဲ့ "ခေါင်းဆောင်မှုအတွက် လိုအပ်သော အင်အားစွမ်းရည်များ"ဆိုတဲ့အထဲမှာ ဒီရှေ့နောက်မြော်မြင် ဆင်ခြင်တိုင်းထွာတဲ့ ဉာဏ်ပညာအကြောင်း ဖော်ပြထားပါတယ်။ နိုင်ငံခြားရေးပေါ်လစီမှာ ဒီလို ရှေ့နောက်မြော်မြင် ဆင်ခြင်တိုင်းထွာနိုင်တဲ့ ဉာဏ်ပညာ ဆိုတာဟာ ဗီဇစိတ်အရ အလိုအလျောက်ထိုးထွင်းသိမြင်နိုင်တဲ့၊ ခွဲခြမ်းစိတ်ဖြာစိစစ်အကဲဖြတ်နိုင်တဲ့ ကျွမ်းကျင်မှုအရည်အချင်းတရပ်ဖြစ်ပါတယ်။ ဒီအရည်အချင်းက ပေါ်လစီချမှတ်သူများအတွက် သမူဟသဘောဆောင်တဲ့ ပညာ

သားပါတဲ့မဟာဗျူဟာ (smart strategies) ကို ဖော်ဆောင်ရေးတွက် ရည်မှန်းချက်တွေနဲ့ နည်းဗျူဟာတွေကို ဆီလျော်ညီညွတ်အောင် သမူဟသဘော ဆောင်စွာ ပေါင်းစည်းထိန်ညှိရာမှာ အထောက်အကူပြုပါတယ်။ အရင် အမေရိကန်သမ္မတတွေထဲမှာဆိုရင် ရော်နယ်ရီဂင်နဲ့ ဘုရှ်အကြီးတို့မှာ ဒီလို ဥာဏ်ပညာအရည်အချင်းမျိုး ရှိပါတယ်။ ဘုရှ်အငယ်မှာ မရှိပါဘူးလို့ သူက ရေးသား ဖော်ပြထားပါတယ်။

(၆) ရှေ့နောက်မြော်မြင် ဆင်ခြင်တိုင်းထွာနိုင်တဲ့ ဉာဏ်ပညာဟာ အမေရိကန်ပြည်ထောင်စုရဲ့ အင်အားတွေအကြောင်း နားလည်ရုံမျှမက သူ့အင်အားရဲ့အကန့်အသတ်ရှိမှုအကြောင်းကိုပါ နားလည်ထားဖို့လိုပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ တခုတည်းသော အင်အားလွန်နိုင်ငံကြီးပါ။ ဒါပေမဲ့ ဒီသာလွန်ချက်ဟာ အင်ပါယာထူထောင်ဖို့နဲ့ ဗိုလ်ကျလွှမ်းမိုးဖို့ ပြဋ္ဌာန်းချက် မဟုတ်ပါဘူး။ ဒီသာလွန်ချက်ဟာ လုပ်ချင်ရာလုပ်ဖို့ ဘုရားပေးတဲ့ တန်ခိုးတ္တန္ခိုပါဒ် မဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုဟာ ဩဇာအရှိန်ကြီးလို့ ရပါတယ်။ ဒါပေမဲ့ ကမ္ဘာ့တခြားဒေသတွေကို ထိန်းသိမ်းချုပ်ကိုင်လို့ မရပါဘူး။

(၇) ရှေ့နောက်မြော်မြင် ဆင်ခြင်တိုင်းထွာတဲ့ ဉာဏ်ပညာဟာ အပျော့အင်အားနဲ့ အမာအင်အားကို သမူဟကျကျ ညီညွတ်စွာပေါင်းစည်းရာမှာ လိုအပ်ပါတယ်။ အပျော့အင်အားရဲ့ တရားဝင်လက်နက်ကိရိယာတွေ ဖြစ်ကြတဲ့ (နိုင်ငံတကာသံခင်းတမန်ခင်းကိစ္စတွေ၊ အသံလွှင့်ထုတ်ပြန်ချက်တွေ၊ နိုင်ငံချင်း အလဲအလှယ် အပေးအယူကိစ္စတွေ၊ ဖွံ့ဖြိုးမှုအထောက်အကူပေးမှုတွေ၊ ကပ်ဘေးကယ်ဆယ်ရေးတွေ၊ စစ်တပ် တခုနဲ့တခု ပူးပေါင်းဆက်သွယ်မှုတွေဟာ အမေရိကန်အစိုးရအဖွဲ့အတွင်းမှာ အပျံ့အနှံ့ အသားကျနေတဲ့ လုပ်ငန်းကိစ္စတွေပါ။ ဒါပေမဲ့ ဒါတွေကို အမာထည်အင်အားနဲ့ပေါင်းစည်းပြီး တခုလုံးလွှမ်းခြုံတဲ့ အမျိုးသားလုံခြုံရေးသေနင်္ဂဗျူဟာအတွင်း ထည့်သွင်းဖို့ ကြိုးစားတာတောင် မရှိခဲ့တာမို့ တခုလုံးလွှမ်းခြုံပြီး ပြီးပြည့်စုံတဲ့ ပေါ်လစီတရပ် ဖြစ်မလာခဲ့ပါဘူး။ အမေရိကန်အစိုးရဟာ အသံလွှင့်ထုတ်ပြန်ချက်တွေနဲ့ နိုင်ငံချင်း အပြန်အလှန် လဲလှယ်ဖလှယ်မှုတွေ၊ အပေးအယူလုပ်မှုတွေ အကြိမ် ၅၀၀ လောက်လုပ်ခဲ့တယ်ဆိုရင် စစ်ရေးအသုံးပြုမှုတွေလည်း အကြိမ် ၅၀၀လောက် လုပ်တာပါပဲ။ ဒါဟာ မှန်ကန်တဲ့ အချိုးအစားလား။ အမေရိကန်အစိုးရဟာ (ဟောလီးဝုဒ်ကအစ ဘီလ်နဲ့ မာလင်ဒါဂိတ်တို့ရဲ့ ဖောင်ဒေးရှင်းတွေအဆုံး အားလုံးပါဝင်တဲ့) အရပ်ဘက်အဖွဲ့အစည်းတွေက အပျော့အင်အား ထုတ်လုပ်ပေးသူတွေနဲ့ ဘယ်လိုပူးပေါင်းဆက်သွယ်သင့်တယ်ဆိုတာ ကြံဆဖို့လိုပါတယ်။

(၈) အမှားအယွင်းလုပ်ခဲ့တာတွေ မနည်းမနောရှိခဲ့ပေမယ့် အမေရိကန်ပြည်ထောင်စုရဲ့ စစ်အေးတိုက်ပွဲမဟာဗျူဟာမှာ အပျော့အင်အားနဲ့ အမာအင်အားကို ညီညွတ်စွာပေါင်းစည်းထားတဲ့ ပေါင်းစည်းမှု ပါဝင်ခဲ့တယ်။ အမေရိကန်အစိုးရရဲ့စစ်အင်အားက ဆိုဗီယက်ရဲ့ကျူးကျော်မှုကို ဟန့်တားနေတဲ့ တချိန်တည်းမှာ အမေရိကန်အတွေးအခေါ်ကလည်း သံကန့်လန့်ကာနောက်ကွယ်က ကွန်မြူနစ်ဝါဒကို သပ်လျှိုဖြိုခွဲနိုင်ခဲ့တယ်လို့ **Joseph S.NyeJr** က သုံးသပ်ထားပါတယ်။ ဘာလင်တံတိုင်း အပြီးတိုင်ပြိုကျသွားတာဟာ လက်နက်ကြီး အမြောက်ဆန်တွေ သွန်းကြဲဖြိုချခဲ့လို့ မဟုတ်ဘဲ ကွန်မြူနစ်ဝါဒကို သစ္စာဖောက်ဖျက်သူတွေရဲ့ တူလက်နက်တွေ၊ မြေဖြိုတဲ့ ဘူးဒိုဇာစက်ကြီးတွေ ကိုင်စွဲပြီး ဖြိုချလို့ ပြိုကျခဲ့ရတာပါ။

(၉) ဒီနေ့လို သတင်းနဲ့နည်းပညာခေတ်မှာ အောင်မြင်မှုဆိုတာ စစ်တပ်က အနိုင်ရသူတွေသက်သက်ကြောင့် မဟုတ်ဘဲ အဖြစ်အပျက် အကျိုးအကြောင်း အရှုပ်အထွေးတွေကို အနိုင်ရအောင် ဖြေရှင်းနိုင်သူတွေကြောင့်လည်း ဖြစ်ပါတယ်။ မျက်မှောက် အစ္စလာမ်အကြမ်းဖက်ဝါဒကိုတိုက်တဲ့ တိုက်ပွဲမှာ ယဉ်ကျေးမှုချင်း ထိပ်တိုက်တွေ့မှုဟာ အစ္စလာမ်တွေအချင်းချင်းအကြား အတွေးအခေါ်အရ တိုက်ပွဲဖြစ်မှုထက် အများကြီးနည်းပါတယ်။ အမေရိကန်အစိုးရဟာ မွတ်စလင်တွေရဲ့ ပင်မအင်အားစုကို အောင်မြင်အောင်မလုပ်နိုင်ရင် အနိုင်မရနိုင်ပါဘူး။ အိုစမာဘင်လာဒင်လိုပုဂ္ဂိုလ်မျိုးကို အပျော့အင်အားနဲ့ အနိုင်ယူလိုက်ဖို့ဆိုတာ ဖြစ်နိုင်ခြေအတော်နည်းပါတယ်။ ဒီလိုကိစ္စမျိုးမှာ အမာအင်အားနဲ့ ဆောင်ရွက်ဖို့လိုပါတယ်။ ဒါပေမဲ့ မွတ်စလင်ကမ္ဘာအတွင်းမှာ ထွေပြားပြီး မတူခြားနားတဲ့ အမြင်အမျိုးမျိုး ရှိနေပါတယ်။ မွတ်စလင် အများအပြားက အမေရိကန်တန်ဖိုးတရားနဲ့ အမေရိကန်ပေါ်လစီတွေကို သဘောမတူကြပါဘူး။ ဒါပေမဲ့ ဒါဟာ ဘင်လာဒင်ကို လိုလားတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း မထွက်ပါဘူး။ မွတ်စလင်အစွန်းရောက်သူတွေထဲ အသစ်ဝင်လာသူတွေရဲ့ အရေအတွက်က အသတ်ခံရ၊ ဖယ်ရှားခံလိုက်ရတဲ့ အစွန်းရောက်တွေရဲ့ အရေအတွက်ထက် ပိုများနေသမျှ အမေရိကန်အစိုးရနဲ့ သူ့ရဲ့မဟာမိတ်တွေဟာ အစ္စလာမ်အကြမ်းဖက်ဝါဒအပေါ် အနိုင်မရနိုင်ပါဘူး။ အစွန်းရောက်တွေရဲ့ အရေအတွက် လျော့နည်းသွားအောင်လုပ်ဖို့နဲ့ မွတ်စလင်ပင်မအင်အားစုရဲ့ နှလုံးသားနဲ့စိတ်ဓာတ်ကို အနိုင်ရဖို့ အပျော့အင်အားဆိုတဲ့ နှလုံးရည် လိုအပ်ပါတယ်။

(၁၀) အမေရိကန်အစိုးရဟာ ကမ္ဘာအရပ်ရပ်က ပြည်သူတွေနဲ့အစိုးရတွေရဲ့ ၎င်းတို့ဘာသာ ရယူနိုင်စွမ်းမရှိဘဲ လိုလားတောင့်တနေရတဲ့အရာတွေကို ထောက်ပံ့ပေးတဲ့ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့အကျိုးစီးပွားအတွက် ထပ်မံရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ပညာသားပါတဲ့အင်အား(smart power)ကို ရရှိလာ

နိုင်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေး၊ ပြည်သူ့ကျန်းမာရေးကို လုံခြုံစိတ်ချရစေရေး၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ခိုက်ကျော်နင်းရေး၊ တံခါးဖွင့်ထားပြီး တည်ငြိမ်မှုရှိတဲ့ နိုင်ငံတကာ့စီးပွားရေးစနစ်ကို ထိန်းသိမ်းထားရေးစတဲ့အချက်အားလုံးကို လုပ်ဆောင်ဖို့ အမေရိကန်အစိုးရရဲ့ ခေါင်းဆောင်မှုမှာ လိုအပ်နေပါတယ်။ အပျော့အင်အားမှာ ပိုမိုကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီး စစ်ရေးနဲ့စီးပွားရေးအင်အားတွေကို ပိုမိုပြီးပြည့်စုံစေခြင်းဖြင့် အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတွေကို ရင်ဆိုင်အနိုင်ရဖို့ လိုအပ်တဲ့အခြေခံတွေကို ပြန်လည်တည်ဆောက်နိုင်ပါလိမ့်မယ်။ ဤသည်သာလျှင် တကယ်စစ်မှန်တဲ့ ပညာသားပါတဲ့အင်အား(smart power) ဖြစ်ပါတယ်။

ကိုးကား။ ။ **Get Smart By Joseph S.Nye Jr**
**English Digest 9-2009** မှ

<u>အမေရိကန်အတွေးအခေါ်ကလည်း သံကန့်လန့်ကာနောက်ကွယ်က ကွန်မြူနစ်ဝါဒကို သပ်လျှိုဖြိုခွဲနိုင်ခဲ့တယ်လို့ **JosephS.Nye Jr** က သုံးသပ်ထားပါတယ်။ ဘာလင်တံတိုင်း အပြီးတိုင်ပြိုကျသွားတာဟာ လက်နက်ကြီးအမြောက်ဆန်တွေ သွန်းကြဲဖြိုချခဲ့လို့ မဟုတ်ဘဲ ကွန်မြူနစ်ဝါဒကို သစ္စာဖောက်ဖျက်သူတွေရဲ့ တူလက်နက်တွေ၊ မြေဖြိုတဲ့ဘူဒိုဇာစက်ကြီးတွေ ကိုင်စွဲပြီး ဖြိုချလို့ ပြိုကျခဲ့ရတာပါ။</u>

# ဗမာပြည် ဒီမိုကရေစီအရေးတော်ပုံ

(ပြည်တွင်းမှ ရဲဘော်တဦး)

ဗမာပြည်မှာ ဒီမိုကရေစီရေးကို ပြောလာတာနှစ်ပေါင်းကြာခဲ့ပါပြီ။ လွတ်လပ်ရေးရခါစ ၁၉၄၈ ခုနှစ်က ၁၉၆၂ ခုနှစ်အထိ မည်ကာမတ္တ ဒီမိုကရေစီ အငွေ့အသက်ကလေး ရလိုက်တာကလွဲပြီး ဒီမိုကရေစီဆိုတာ တခါမှမရှိခဲ့ပါ။ ပါလီမန်ဒီမိုကရေစီအငွေ့အသက်ရှိတဲ့ကာလလို့ ဆိုကြပါတယ်။ ဒါပေမဲ့ အဲဒီဖဆပလအစိုးရလက်ထက်မှာပဲ တကယ်ဒီမိုကရေစီမထွန်းကားလို့ ပြည်တွင်းစစ်ကြီး စတင်ခဲ့တာ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲတာဖြစ်ခဲ့တာပါပဲ။

၁၉၆၂ ခုနှစ် ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းလိုက်တဲ့အခါမှာတော့ ဒီမိုကရေစီ လုံးဝဆိတ်သုဉ်းခဲ့တာ ကနေ့အထိပါပဲ။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ လူငယ်၊ ပညာရှင်၊ ကုန်သည်ပွဲစား စတာတွေ အပါအဝင် ရဟန်းရှင်လူ ပြည်သူလူထုတရပ်လုံးက လွတ်လပ်ရေး ရတဲ့နေ့ကစပြီး ကနေ့အထိ ဒီမိုကရေစီကို တောင့်တနေကြပါတယ်။ ဒီမိုကရေစီအရေးအတွက်လည်း မပြတ်လှုပ်ရှားနေကြပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီ အခွင့်အရေး တစွန်းတစကိုမှ မရနိုင်ကြသေးပါ။

ဒီမိုကရေစီရရေးကို အမြင်အမျိုးမျိုးနည်းလမ်း အသွယ်သွယ်နဲ့ တင်ပြဆွေးနွေး လှုပ်ရှားလုပ်ဆောင်နေကြပါတယ်။ တချို့က နိုင်ငံရေး နားမလည်ဘူး။ ဒီမိုကရေစီပဲလိုချင်တယ်လို့ဆိုတယ်။ တချို့က နိုင်ငံရေးအာဏာ မလိုချင်ဘူး။ ဒီမိုကရေစီပဲလိုချင်တယ်လို့ဆိုတယ်။ တချို့ကတော့ ဒီမိုကရေစီဆိုတာ တဦးချင်းလွတ်လပ်မှုကို အခြေခံရမယ်ပြောတယ်။ တချို့က ဒီမိုကရေစီဆိုတာ အများစုကြီးရဲ့သဘောထားအရအုပ်ချုပ်တာလို့ဆိုတယ်။ ဒီမိုကရေစီကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ပြီး အကောင်အထည်ဖော်ဖို့ နည်းလမ်းအမျိုးမျိုးကို ရှာကြံကြပါတယ်။

ဒီကနေ့ သေချာတာတခုကတော့ စစ်အာဏာရှင်စနစ်ကို မဖယ်ရှားနိုင်မချင်း ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးမရနိုင်ဘူးဆိုတာပဲဖြစ်တယ်။ ဒီနေရာမှာတော့ ပြည်သူလူထုကြီးတရပ်လုံးနဲ့ ဒီမိုကရေစီလိုလားတဲ့ အင်အားစုတွေအားလုံး သဘောတူမျှကြပါတယ်။ ဒီလိုဆိုတော့ စစ်အုပ်စုက နိုင်ငံရေးအာဏာ ရယူထားသမျှ ပြည်သူလူထုကြီးမှာ ဒီမိုကရေစီအခွင့်အရေး

ရရှိနိုင်မှာ မဟုတ်ဘူးဆိုတာ မြင်တွေ့နေရမှာပဲဖြစ်တယ်။ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီးဟာ (ရှစ်လေးလုံး လူထုအုံကြွမှု) ဒီမိုကရေစီအရေးတော်ပုံ လှုပ်ရှားမှုကြီးဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုအရ ဒီမိုကရေစီအခွင့်အရေးကို သာမန်ပြည်သူလူထု အရပ်သူအရပ်သားများပါမက အစိုးရအမှုထမ်းအရာထမ်းများ အစိုးရလက်နက်ကိုင်တပ်ဖွဲ့များ(တပ်၊ရဲ)အားလုံးကပါ လိုလားတောင့်တကြတယ်ဆိုတာ တွေ့ရပါတယ်။ ဒါဖြင့်ရင် ဒီမိုကရေစီအင်အားစုတွေ အပါအဝင် ရဟန်းရှင်လူ ပြည်သူတရပ်လုံးမှာ ဘာကြောင့် ဒီမိုကရေစီအခွင့်အရေးကို လက်ဝယ်ပိုင်ပိုင်မရခဲ့ကြပါသလဲ။ ၁၉၉၀ ခုနှစ်မှာကျင်းပတဲ့ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ခဲ့မယ်ဆိုရင် အဲဒီရွေးကောက်ပွဲမှာ အရွေးချယ်ခံရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးအင်အားစုတွေရဲ့ အရွေးချယ်ခံကိုယ်စားလှယ်တွေက လွှတ်တော်ခေါ်ယူပြီး အာဏာရအစိုးရတရပ် ဖွဲ့စည်းခဲ့မယ်ဆိုရင် ဗမာပြည်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်လျှောက်လှမ်းတာ အနှစ် ၂၀ နီးပါး ရှိနေပါလိမ့်မယ်။ အခုတော့ စစ်အုပ်စုကပဲ အစိုးရအာဏာကို ချုပ်ကိုင်ထားတာကြောင့် ဗမာပြည်ဟာ ဒီမိုကရေစီကင်းမဲ့မြဲ ကင်းမဲ့နေရပြီး တိုင်းပြည်လည်း မွဲသထက်မွဲနေပါတယ်။

စစ်အစိုးရဟာ နိုင်ငံရေးအာဏာကို အမိအရ ကိုင်တွယ်ထားနိုင်တာကြောင့် သူလုပ်ချင်တာတွေကို သူလွတ်လွတ်လပ်လပ်ကြီး လုပ်နိုင်တာပါပဲ။ အမျိုးသားညီလာခံလည်း ခေါ်ချင်ခေါ်၊ ရပ်ချင်ရပ်၊ ဆက်ကျင်းပချင်ကျင်းပ၊ အပြီးသတ်ချင်သလို အပြီးသတ်ခဲ့တယ်။ ၂၀၀၈ ခု အခြေခံဥပဒေကိုလည်း စိတ်ကြိုက်ရေးဆွဲခဲ့တယ်။ ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲလည်း လုပ်ချင်လုပ်မယ်။ ရွှေ့ချင်ရွှေ့မယ်။ လုပ်ချင်သလို လုပ်ပါလိမ့်ဦးမယ်။ စစ်အုပ်စုမှာ နိုင်ငံရေးအာဏာရှိနေသရွေ့ သူလုပ်ချင်တာ သူလုပ်နေဦးမှာပဲ ဖြစ်ပါတယ်။

ဖဆပလ အဖွဲ့ချုပ်ကြီးရဲ့ ခေါင်းဆောင်မှုနဲ့ တမျိုးသားလုံး စည်းလုံးညီညွတ်ပြီး လွတ်လပ်ရေးအောင်ပွဲကို ရယူခဲ့တယ်။ ဒီအောင်ပွဲကို သရဖူဆောင်းပေးတဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို အပင်ပန်းခံရေးဆွဲခဲ့ကြရတယ်။ ဒီလောက် လေးနက်ခိုင်ခံ့တဲ့ အခြေခံဥပဒေကို ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ စစ်အုပ်စုက အာဏာသိမ်းပြီး တချက်လွှတ်အမိန့်နဲ့ ဖျက်သိမ်းခဲ့တယ်။ ၁၉၇၄ အခြေခံဥပဒေကို ဗိုလ်နေဝင်းစစ်အုပ်စုက အတည်ပြု အသက်ဝင်စေခဲ့တယ်။ ဒီအခြေခံဥပဒေကိုပဲ ဗိုလ်နေဝင်းရဲ့စီစဉ်မှုနဲ့ ဗိုလ်စောမောင်က အာဏာသိမ်းပြီး ဖျက်သိမ်းပြန်ပါတယ်။ အခုတော့ ဗိုလ်သန်းရွှေက ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုလိုက်ပြီဖြစ်ပါတယ်။ အဲဒီအခြေခံဥပဒေ အသက်ဝင်လာအောင်လည်း လုပ်ပါတော့မယ်။

ဗိုလ်နေဝင်းရော၊ ဗိုလ်စောမောင်၊ဗိုလ်သန်းရွှေတို့ ဘာကြောင့် သူတို့စစ်အုပ်စုအတွက် ဒီလိုလွတ်လွတ်လပ်လပ်ကြီး လုပ်နိုင်ပါသလဲ။ သေချာတာကတော့ သူတို့မှာ နိုင်ငံရေးအာဏာလက်ဝယ်ပိုင်ပိုင် ကိုင်ထားလို့ပဲ ဖြစ်ပါတယ်။ အကယ်၍သာ ပြည်သူလူထုတွေရဲ့ အရွေးချယ်ခံကိုယ်စားလှယ်တွေက နိုင်ငံရေးအာဏာကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်တယ်ဆိုရင်လည်း အဲဒီလူထုကိုယ်စားလှယ်တွေဟာ လူထုအကျိုးအတွက် လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ အဲဒါဆိုရင် ပြည်သူလူထုကြီးမှာ ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းနိုင်မှာ ဖြစ်တယ်။

ဒါတွေကိုကြည့်ရင် နိုင်ငံရေးအာဏာနဲ့ ဒီမိုကရေစီဆိုတာ ဒင်္ဂါးတပြားရဲ့ ခေါင်းနဲ့ပန်းလိုပဲဖြစ်နေတယ်ဆိုတာ တွေ့ရမှာပဲ။ နိုင်ငံရေးအာဏာကိုအရယူပြီး အများကောင်းစားဖို့အတွက် လုပ်ဆောင်မယ်ဆိုရင် လူအများစုကြီး ဒီမိုကရေစီရမှာပါပဲ။ စစ်အုပ်စုက နိုင်ငံရေးအာဏာရယူပြီး စစ်အုပ်စုအကျိုးပဲ လုပ်ဆောင်တယ်ဆိုရင်တော့ စစ်အုပ်စုအတွက်တော့ ဒီမိုကရေစီဖြစ်ပါတယ်။ ပြည်သူ့အတွက်တော့ ဒီမိုကရေစီ ဆိတ်သုဉ်းနေတာပါပဲ။ ဒါကြောင့် ပြည်သူလူထုကြီး ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတွေ ရရှိခံစားနိုင်ဖို့ဆိုရင် ပြည်သူလူထုကို ကိုယ်စားပြုတဲ့ အင်အားစုတွေက နိုင်ငံရေးအာဏာကို အမိအရယူဖို့ နည်းနည်းလေးမှ မတွေဝေသင့်ပါ။

နအဖစစ်အစိုးရက တရားဝင်အာဏာရပိုင်ခွင့်ရှိနေတဲ့ လူထုကိုယ်စားလှယ်တွေကို အာဏာငမ်းဖမ်းနေသူတွေ၊ အာဏာကိုဖြတ်လမ်းနည်းနဲ့ရယူလိုသူတွေဆိုပြီး သူခိုးကလူဟစ်တဲ့အလုပ်ကို အရှက်မဲ့စွာ လုပ်နေပါတယ်။ ဘာကြောင့် နအဖစစ်အစိုးရက ဒီလိုပြောရသလဲဆိုတော့ နအဖကိုယ်တိုင်ဟာ အာဏာယစ်မူးနေတာ၊ အာဏာကို အရူးအမူး မက်မောနေတာကြောင့်ဖြစ်ပါတယ်။ နအဖစစ်အစိုးရဟာ အာဏာငန်းဖမ်းနေတဲ့ အာဏာရူး ဖြစ်ပါတယ်။ ဒီလိုအစိုးရမျိုးဟာ ဒီမိုကရေစီဖော်ဆောင်ပေးပါမယ်ဆိုတာ မအပ်မရာပါးစပ်က နတ်စကားထွက်တာပဲ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်အခြေခံဥပဒေသာ အသက်ဝင်ပြီဆိုရင် ဗမာပြည်လူထုကြီးဟာ ဒီမိုကရေစီနဲ့ ပိုအလှမ်းဝေးသွားပါလိမ့်မယ်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေသာဟာ စစ်အုပ်စုက ရာသက်ပန် နိုင်ငံရေးအာဏာကိုင်ထားဖို့ ဖြစ်တယ်။ ကာကွယ်ရေးဦးစီးချုပ်ကို သက်ဦးဆံပိုင်ဘုရင်တပါးလို အာဏာပေးထားတဲ့ အခြေခံဥပဒေ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ဖျက်သိမ်းပစ်ရေးဟာ ပြည်သူလူထုတရပ်လုံးနဲ့ ဒီမိုကရေစီလိုလားတဲ့ အင်အားစုအားလုံးရဲ့ တာဝန်တရပ် ဖြစ်နေပါတယ်။ ၂၀၀၈ ခုနှစ်အခြေခံဥပဒေကို တိုက်ဖျက်ရာမှာ အင်အားစုတွေအနေအထားအရ လုပ်နည်းတွေ မတူညီနိုင်ကြပါ။ အမျိုးသား ဒီ

မိုကရေစီအဖွဲ့ချုပ်နဲ့ စီအာရ်ပီပီ အပါအဝင် ဥပဒေတွင်းအင်အားစုတွေက နည်းနာတမျိုးနဲ့ တိုက်ဖျက်ရပါလိမ့်မယ်။ အပစ်အခတ်ရပ်အဖွဲ့တွေ က နည်းတမျိုးနဲ့ တိုက်ရပါလိမ့်မယ်။ ဥပဒေပအဖွဲ့အစည်းတွေ၊ ပြည်ပရောက် အဖွဲ့အစည်းတွေကလည်း နည်းတမျိုးနဲ့တိုက်ရပါလိမ့်မယ်။ အင်အားစု အားလုံးဟာ ကိုယ့်အနေအထားအရ ကိုယ်အသင့်တော် အပိုင်နိုင်ဆုံးနည်းကို ရွေးချယ်ပြီးတိုက်ရမှာပဲ ဖြစ်ပါတယ်။ စစ်အစိုးရကျင်းပမယ်ဆိုတဲ့ ၂၀၁၀ ရွေးကောက်ပွဲဝင်မယ်ဆိုတဲ့ အင်အားစုတွေတောင် ပြည်သူ့အတွက် တကယ်လုပ်မယ်ဆိုတဲ့ ပိုင်းဖြတ်ချက်ရှိရင် သူ့နည်းနဲ့သူ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဖျက်ရေးကို လုပ်ရမှာပဲဖြစ်ပါတယ်။

ဒီလိုလုပ်တဲ့အခါမှာ တဦးနဲ့တဦး ထိပ်တိုက်မတိုးမိရေး၊ တဦးနဲ့တဦး နားလည်မှုရှိရေးဟာ အရေးကြီးပါတယ်။ ဒီလို နားလည်မှုရှိကြမယ်ဆိုရင် တဦးအနေအထားအရ တဦးက ရွေးချယ်တဲ့နည်းနဲ့ တခြားတဦးရဲ့ အနေအထားအရ အခြားတဦးက ရွေးချယ်ရတဲ့နည်းဟာ မတူနိုင်ပေမယ့် နည်းနာမတူလို့ ပြဿနာမပေါ်နိုင်ပါ။ ဘယ်နည်းနာပဲ ရွေးချယ်ပါစေ လူထုကြီးမှာ ဖွံ့ဖွံ့စည်းစည်းဖြစ်သွားအောင်နဲ့ စည်းစည်းလုံးလုံးဖြစ်သွားအောင် သက်ရောက်စေတဲ့နည်းတွေ ဖြစ်သွားဖို့သာ အဓိကဖြစ်ပါတယ်။ ကနေ့ ပြည်သူလူထုကြီး (လူတန်းစားလူ့အလွှာအသီးသီးမှာ ဘယ်လိုမှ ဖွံ့ဖွံ့စည်းစည်းနဲ့ လှုပ်ရှားရပ်တည်ခွင့် မရှိပါဘူး။ အဲဒါကြောင့် ဘယ်အင်အားစုမဆို လူထုအတွင်းမှာ ဖွံ့ဖွံ့စည်းစည်းဖြစ်သွားအောင် မိမိပိုင်နိုင်တဲ့နည်းနာနဲ့ လုပ်ကြရမှာပဲဖြစ်ပါတယ်။ တနည်းပြောရရင် အင်အားစုအသီးသီးဟာ မိမိအင်အားတွေကို လူထုကြီးထဲမှာမြှုပ်နှံပြီး လူထုကြီး ဖွံ့ဖွံ့စည်းစည်းဖြစ်သွားအောင် လုပ်ရေးဖြစ်ပါတယ်။ ဒီနည်းနဲ့ပြည်သူလူထုကြီးကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ဖျက်သိမ်းရေးတိုက်ပွဲကို ဦးဆောင်သွားကြဖို့ဖြစ်ပါတယ်။ လူထုကြီးကို ဒီလိုညီညွတ်တဲ့ဦးဆောင်မှု ပေးသွားကြရင် လူထုကြီးဟာ တကယ် သမိုင်းကို ဖန်တီးသွားမှာပါ။ လူထုကြီးကို ဖွံ့ဖွံ့စည်းစည်းဖြစ်သွားအောင်နဲ့ ပြည်သူလူထုကြီး နိုင်ငံရေးအာဏာရရှိအောင် ဦးတည်ချက်မပေးနိုင်ဘဲနဲ့တော့ ဘယ်လူထုကြီးမှ အုံကြွလာလိမ့်မယ်မဟုတ်ပါ။ ဗမာပြည်လူထုကြီးဟာ ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့အတွေ့အကြုံ နှစ် ၆၀ ကျော်နေပြီဖြစ်တယ်။ လွတ်လပ်ရေးလုံးပန်းမှုကာလပါ ထည့်တွက်ရင် နှစ်ရာနဲ့ချီတဲ့ အတွေ့အကြုံရှိတဲ့ ပြည်သူလူထုကြီးဖြစ်ပါတယ်။

ပြည်သူလူထုကြီး ဖွံ့ဖွံ့စည်းစည်းဖြစ်သွားအောင် ဦးဆောင်မှုပေးနိုင်မယ်ဆိုရင် ပြည်သူလူထုကြီးမှာ မကုန်ခန်းနိုင်တဲ့စွမ်းအားတွေကို တကယ်ဖော်ထုတ်နိုင်ပါလိမ့်မယ်။ စစ်အစိုးရရဲ့အုပ်ချုပ်ရေးယန္တရားကို လူထုနည်းနဲ့ တိုက်ဖျက်နိုင်ပါတယ်။ စစ်အစိုးရရဲ့အုပ်ချုပ်ရေးယန္တရား ဖရိုဖရဲဖြစ်ပြီး စစ်

အုပ်စုထိပ်သီးတွေ ဘာကိုမှ အမိန့်ပေးလို့မရတော့တဲ့အချိန်မှာ စစ်အုပ်စုမှာ နိုင်ငံရေးအာဏာ ဆုံးရှုံးသွားပါလိမ့်မယ်။ အဲ့ဒီနေရာမှာ ပြည်သူလူထုကြီးရဲ့ နိုင်ငံရေးအာဏာနဲ့ ချက်ချင်း အစားထိုးနိုင်ရပါမယ်။ ပြည်သူလူထုကို ကိုယ်စားပြုတဲ့အင်အားစုတွေက ညီညွတ်စည်းလုံးတဲ့စိတ်ဓာတ်နဲ့ ပြည်သူလူထုကိုယ်စား နိုင်ငံရေးအာဏာကို အမိအရ ဆုပ်ကိုင်ဖို့ပါ။ အဲဒီလို ပြည်သူလူထုလက်ထဲ နိုင်ငံရေးအာဏာရောက်ရှိလာမှ ပြည်သူလူထုမှာ ဒီမိုကရေစီအခွင့်အရေးဆိုတာ မြင်တွေ့လာရမှာ ဖြစ်ပါတယ်။ ဒီအခါမှာ သတိပြုရမှာ တခုက ပြည်သူလူထုကိုယ်စား နိုင်ငံရေးအာဏာကိုင်သူတွေဟာ ပြည်သူလူထုအကျိုး သယ်ပိုးဖို့ မေ့လျော့သွားတာမဖြစ်ဖို့၊ တကိုယ်ကောင်းမဆန်ဖို့နဲ့ ပြည်သူလူထုအပေါ် သစ္စာရှိဖို့ပါပဲ။

၂၀၀၈ ခုနှစ် အခြေခံဥပဒေကို တိုက်ဖျက်ပြီး ပြည်သူလူထုကြီးလက်ထဲ အာဏာရောက်လာကာ ဒီမိုကရေစီထွန်းကားလာမှ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ အမျိုးသားလူနည်းစုအရေး၊ စတဲ့စတဲ့ ပြဿနာအရပ်ရပ် ကိစ္စအဝဝကို ဒီမိုကရေစီနည်းကျကျ ကိုင်တွယ်ဖြေရှင်းသွားနိုင်မှာဖြစ်တယ်။ အဲ့ဒီအခါမှ တကယ့်အမျိုးသားစည်းလုံးညီညွတ်ရေး တကယ့်ငြိမ်းချမ်းရေး တကယ့်တန်းတူရေး တကယ့်ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် ဖော်နိုင်မှာဖြစ်ပါတယ်။

အဲဒီရည်မှန်းချက်တွေကို ထွေးပိုက်ထားပြီး စည်းစည်းလုံးလုံးနဲ့ ပြည်သူလူထုကြီးကို ဦးဆောင်မှုပေးကာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ တိုက်ဖျက်ရေးကို စိုက်လိုက်မတ်တတ်ဆောင်ရွက်သွားဖို့ ကနေ့အချိန်ဟာ သေရေးရှင်ရေးတမျှ အရေးကြီးနေပါတယ်။ ဒီမိုကရေစီလိုလားတဲ့ အင်အားစုတိုင်း လူပုဂ္ဂိုလ်တိုင်းဟာ လူထုကြီး ဘယ်လိုဖွဲ့ဖွဲ့စည်းစည်းဖြစ်သွားအောင် ဘယ်လိုလုပ်မလဲ။ လူထုကြီးစွမ်းအားနဲ့ စစ်အာဏာရှင်စနစ်ကို ဘယ်လိုတိုက်ဖျက်မလဲ၊ ပြည်သူလူထုကြီးလက်ထဲ နိုင်ငံရေးအာဏာ ရရှိလာအောင် ဘယ်လိုလုပ်မလဲဆိုတာကို အချိန်ရှိသရွေ့စဉ်းစားမယ်ဆိုရင် ပြည်သူ့အကျိုး ဦးထိပ်ပန်ပြီး ဒီမိုကရေစီအရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ဖြစ်မှာ သေချာပါတယ်။ တခုသတိပြုသင့်တာက ဒီတိုက်ပွဲဟာ တပွဲကောင်းနဲ့ ပြီးပြတ်လိမ့်မယ်လို့ မမြင်ဘဲ ပွဲစဉ်အတော်များများနဲ့ ဖြတ်သန်းရမယ် ဆိုတာပါပဲ။

ဩဂုတ်လ ၈ ရက်၊ ၂၀၀၉။




## တရုတ်ပြည်ရဲ့ “တာဝန်ယူစိတ်ရှိတဲ့နိုင်ငံကြီး”ဆိုတဲ့ သံတမန်မဟာဗျူဟာ

သီရိမြိုင်

(တရုတ်ပြည်ရဲ့ဩဇာကြီးထွားလာမှုအပေါ် ကမ္ဘာက စိတ်ဝင်စားလာကြတယ်။ စိုးရိမ်သူက စိုးရိမ်ကြတယ်။ ဒါကြောင့် တရုတ်ရဲ့နိုင်ငံခြားရေးပေါ်လစီအပေါ် သုံးသပ်တာတွေ၊ တွက်ဆတာတွေ များလာတယ်။ ပြည်တွင်းပြည်ပ ဗမာဘာသာနဲ့ ထုတ်ဝေနေတဲ့ စာနယ်ဇင်းတွေထဲမှာလည်း ဘေးကအမြင်၊ ဘေးကထင်မြင်ချက်တွေ ဖော်ပြတာများပါတယ်။ တရုတ်ဘက်ကကော ဘယ်လို ရပ်ခံတုံ့ပြန်သလဲ။

၂ ဘက်အမြင်မှ ကြည့်နိုင်အောင် ယခုဆောင်းပါးကို တရုတ်ဘာသာမှ ကောက်နုတ် ဘာသာပြန် ဖော်ပြလိုက်ပါတယ်။ မိမိတိုင်းပြည်အကျိုးစီးပွားအခြေခံပေါ်မှ သုံးသပ်ကြည့်နိုင်ဖို့ ရည်ရွယ်ရင်း ဖြစ်တယ်။ စာတည်း)

တရုတ်ပြည်ရဲ့တိုင်းပြည်အင်အား အဆက်မပြတ် ကြီးမားလာပြီး နိုင်ငံတကာဩဇာ မြင့်မားလာတဲ့အချိန်မှာ “တရုတ်ပြည်မှာ ဝတ္တရားရှိတယ်”ဆိုတဲ့အမြင်ဟာ ခေတ်စားသထက် ခေတ်စားလာပါတယ်။ တဖက်ကကြည့်ရင် “တရုတ်ပြည်ဟာ ပြိုကွဲတော့မယ်” ဆိုတဲ့အမြင်နဲ့“တရုတ်ပြည်က ကမ္ဘာကို ခြိမ်းခြောက်နေတယ်”ဆိုတဲ့အမြင်တွေလို တရုတ်ပြည်ဖွံ့ဖြိုးမှုအပေါ်မသင်္ကာမှုနဲ့ တားဆီးမှုတို့ဖြစ်နေတာနဲ့စာရင် “တရုတ်ပြည်မှာ ဝတ္တရားရှိတယ်” ဆိုတဲ့အမြင်ဟာ တရုတ်ပြည်ရဲ့ကမ္ဘာ့အဆင့်နေရာနဲ့ နိုင်ငံတကာစနစ်အပေါ် ဂယက်ရိုက်မှုများကို အသိအမှတ်ပြုမှု ဖြစ်ပါတယ်။ အနောက်တိုင်းနိုင်ငံများက တရုတ်ပြည်နဲ့ ပတ်သက်တဲ့မဟာဗျူဟာကို ပြန်လည်ထိန်းညှိခြင်းလည်း ဖြစ်ပါတယ်။ တရုတ်ပြည်အနေနဲ့ ကမ္ဘာ့ဝတ္တရားများကို ပိုမိုထမ်းဆောင်နိုင်ဖို့ နိုင်ငံတကာက မှန်ကန်စွာ မျှော်လင့်ခြင်းလည်း ဖြစ်ပါတယ်။ အခြားတ

ဖက်ကကြည့်ရင် ဒီအမြင်ဟာ နိုင်ငံတချို့က ဖွံ့ဖြိုးဆဲတရုတ်ပြည်အပေါ် "ထောင်ချောက်ဆင်"ခြင်းလည်း ဖြစ်ပါတယ်။ ရှင်းရှင်းပြောရရင် တရုတ်ပြည်အတွက်ဒီအမြင်ဟာ"အသွားနှစ်ဘက်ရှိသောဓား"တလက်ဖြစ်ပါတယ်။

တရုတ်ပြည်ဟာ ဒီအမြင်ကိုလက်ဦးမှုရှိရှိ ရင်ဆိုင်ခဲ့ပါတယ်။ နိုင်ငံတကာပြဿနာများအပေါ် မိမိသဘောထားကို ပြည့်ပြည့်စုံစုံဖော်ထုတ်ခဲ့ပါတယ်။ တရုတ်ပြည်သူများရဲ့ အကျိုးစီးပွားရရှိရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တိုးတက်မှုရရှိရေး ရှုထောင့်များကနေ မိမိနိုင်ငံရဲ့အဆင့်နေရာနဲ့ ကိုက်ညီတဲ့ ဝတ္တရားတွေကို လက်ဦးမှုရှိရှိ ထမ်းဆောင်ခဲ့ပါတယ်။

ဒီလိုနဲ့ တရုတ်ပြည်ဟာ ဒီအမြင်တွေကိုရင်ဆိုင်ရာမှာ နိုင်ငံကြီးပီသစွာတာဝန်ယူမယ်ဆိုတဲ့ အာမခံချက်ပေးလိုက်ပြီး "တာဝန်ယူစိတ်ရှိတဲ့ နိုင်ငံကြီး" ဆိုတဲ့ သံတမန်မဟာဗျူဟာကို ချမှတ်လိုက်ပါတယ်။

အသေးစိတ်ပြောရရှင် "တာဝန်ယူစိတ်ရှိတဲ့ နိုင်ငံကြီး" ဆိုရာမှာ အောက်ပါအကြောင်းအရာများ ပါဝင်တယ်။

(က) **ဒီဗျူဟာမှာ"တာဝန်"ဆိုတာ နိုင်ငံတကာဝတ္တရားကို အဓိကဆိုလိုပါတယ်။**

တိုင်းပြည်တွင်းတာဝန်နှင့် နိုင်ငံတကာတာဝန်ဆိုတဲ့ အကြောင်းအရာများပါဝင်တဲ့ နိုင်ငံတကာဥပဒေအရပြောရရင် တရုတ်ပြည်ရဲ့ နိုင်ငံတကာဝတ္တရားဆိုရာမှာ အောက်ပါအဓိပ္ပာယ်များ ပါဝင်ပါတယ်။

၁။ ကမ္ဘာ့အဖွဲ့ဝင်အနေနဲ့ နိုင်ငံတကာ ရေရှည်ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ အတူတကွစည်ပင်သာယာရေးတို့အတွက် အလုပ်အကျွေးပြုသင့်ပါတယ်။

၂။ ဒေသဆိုင်ရာနိုင်ငံကြီးတခုအနေနဲ့ တရုတ်ပြည်ဟာ အာရှ

တိုက်ရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ စည်ပင်သာယာရေးတို့အတွက် ကြိုးပမ်းသင့်ပါတယ်။

၃။ ဖွံ့ဖြိုးဆဲဆိုရှယ်လစ်နိုင်ငံအနေနဲ့ တရုတ်ပြည်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံနဲ့ ဆိုရှယ်လစ်နိုင်ငံများရဲ့အကျိုးစီးပွားများကို ကာကွယ်ပြီး နိုင်ငံတကာတရားမျှတမှုနဲ့ နိုင်ငံတကာ ဥပဒေတို့ဘက်မှ ရပ်ခံပြောဆိုသင့်ပါတယ်။

ဒါ့အပြင် နိုင်ငံတကာ့တာဝန်ကို ထမ်းဆောင်တဲ့အချိန်မှာ ရုပ်ဝတ္ထုနဲ့ စိတ်ဓာတ်ရေးရာ ပုံစံနှစ်မျိုးရှိပါတယ်။ ဥပမာ ရုပ်ဝတ္ထုပုံစံဖြစ်တဲ့ နိုင်ငံတကာ ပံ့ပိုးကူညီမှုနဲ့ စိတ်ဓာတ်ထောက်ခံမှုတို့ဖြစ်ပါတယ်။

**(ခ) "တာဝန်ယူစိတ်ရှိတဲ့နိုင်ငံကြီး"အနေနဲ့ ထမ်းဆောင်းတဲ့တာဝန်ဟာ မိမိအင်အားနဲ့ ကိုက်ညီသင့်ပါတယ်။**

တရုတ်ပြည်အတွက် ပြည့်စုံတဲ့ ဝတ္တရားအမြင်မှာ နိုင်ငံတကာတာဝန်နဲ့ ပြည်တွင်းတာဝန်တို့ ပါဝင်ပါတယ်။ ဒါကြောင့် တရုတ်ပြည်ရဲ့ နိုင်ငံတကာ့တာဝန်ကို စူးစမ်းလေ့လာတဲ့အချိန်မှာ ပြည်တွင်းတာဝန်နဲ့ပြည်ပတာဝန် ဘက်နှစ်ဘက်တို့ကို ချင့်ချိန်သင့်တယ်။

၁။ တရုတ်ပြည်ဟာ ဒေသတာဝန်ကို ကမ္ဘာ့တာဝန်ထက် ပိုမိုထမ်းဆောင်သင့်ပါတယ်။ အင်အားအရဆိုလျှင် တရုတ်ပြည်ဟာဒေသဆိုင်ရာ နိုင်ငံကြီး တခုသာဖြစ်ပါတယ်။ အိမ်နီးနားချင်းဆက်ဆံရေးကို ကောင်းမွန်စွာ ဆောင်ရွက်ခြင်းဟာ တရုတ်ပြည်ရဲ့ လုံခြုံရေးအခြေခံ ဖြစ်ပါတယ်။ မျက်မှောက်အခြေအနေကိုကြည့်လျှင် တရုတ်ပြည်ဘေးပတ်လည်မှာ ပဋိပက္ခနဲ့ အချင်းပွားမှုမျိုးစုံ ကိန်းအောင်းနေပါတယ်။ ဥပမာ ထိုင်ဝမ်ကိစ္စ၊ ကိုးရီးယားန်ျူကလီးယားကိစ္စ၊ တောင်ပိုင်းတရုတ်ပင်လယ်ကိစ္စ၊ တောင်အာရှတင်းမာမှုကိစ္စ စတာတွေဖြစ်တယ်။

ဒီကိစ္စအားလုံးဟာ တာဝန်ယူစိတ်ရှိတဲ့ နိုင်ငံကြီးဖြစ်တဲ့ တရုတ်ပြည်ရဲ့ ဉာဏ်စွမ်းဉာဏ်စနဲ့ စွမ်းရည်တို့ကို စမ်းသပ်နေပါတယ်။

၂။ တိုင်းပြည်အကျိုးစီးပွားကို ဦးထိပ်ပန်မှုဟာ တရုတ်ပြည် နိုင်ငံတကာတာဝန်ထမ်းဆောင်တဲ့အချိန်မှာ အရေးကြီးတဲ့မူတခုဖြစ်ပါတယ်။ ပထမ ဦးဆုံး တရုတ်ပြည်ဖွံ့ဖြိုးရေးအခြေအနေနဲ့ ကိုက်ညီတဲ့ ဝတ္တရားများကိုသာ ထမ်းဆောင်နိုင်ပါမယ်။ နောက်တခုက နိုင်ငံတကာတရားမျှတမှုနဲ့ နိုင်ငံတကာဥပဒေတို့အောက်မှာသာ ဆောက်ရွက်နိုင်မယ်။ ဥပမာ ပြည်ပ ထောက်ကူမှု၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှု စသည်တို့ဖြစ်တယ်။ စာရင်းများ အရဆိုလျှင် ၂၀၀၈ ခုနှစ်မှာ တရုတ်ပြည်ရဲ့ GDP ဟာ ကမ္ဘာမှာ တတိယ အဆင့်သို့ ရောက်ခဲ့ပေမယ့် တရုတ်ပြည်ဟာ ဝင်ငွေနည်းတဲ့နိုင်ငံ ဖြစ်တုန်းပါပဲ။ ထိပ်ဆုံး စီးပွားရေးအင်အားကြီး (၁၀) နိုင်ငံငံအတွင်းမှာ ပါဝင်ပေမယ့် လူဦးရေပျမ်းမျှနဲ့တွက်ရင် တရုတ်ပြည်ဟာ အဆင့် (၁၂၉) သာရှိတယ်။ အမေရိကန်၊ အင်္ဂလိပ်နဲ့ ကနေဒါတို့ဟာ တရုတ်ပြည်ထက် (၁၅) ဆ ကျော်နေပါတယ်။ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီနဲ့ စပိန်တို့ဟာလည်း (၁၀) ဆ ကျော်ပါတယ်။

အခုအချိန် တရုတ်ပြည်ရဲ့လူဦးရေပျမ်းမျှ GDP ကို ပုံမှန်ဝယ်အားနဲ့ တွက်ရင်တောင်မှ အမေရိကန်ရဲ့ ခြောက်ပုံတပုံတောင်မရှိပါ။ ဒါကြောင့် တရုတ်ပြည်နိုင်ငံ့အင်အားနဲ့ နိုင်ငံတကာ့အဆင့်နေရာကို မှန်မှန်ကန်ကန်ချိန်ဆပြီး ပြင်ပအသံမျိုးစုံရဲ့ အနှောင့်အယှက်ကို ဘေးဖယ်ကာ မိမိနဲ့ကိုက်ညီတဲ့ ဖွံ့ဖြိုးရေးလမ်းစဉ်ကို စွဲကိုင်ရမယ်။ ဒါဟာ "တာဝန်ယူစိတ်ရှိတဲ့ နိုင်ငံကြီး" စိတ်ဓာတ်ရဲ့ အခြေခံအစပြုချက်ဖြစ်ပါတယ်။

၃။ တာဝန်ထမ်းဆောင်ရာမှာ တဦးတည်းမဟုတ်ပါ။ နိုင်ငံအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်ရင်း တာဝန်ကိုထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အကျိုးစီပွားတူညီရေးတို့ဟာ တရုတ်ပြည်နိုင်ငံတကာ့တာဝန် ထမ်းဆောင်ရာမှာ ရှိသင့်ရှိထိုက်တဲ့ လမ်းစဉ်ဖြစ်ပါတယ်။ အနောက်တိုင်းနိုင်ငံကြီးများမှ ဆိုးဆိုးဝါးဝါး ပြောဆိုတိုက်ခိုက်မှုများကို ရင်ဆိုင်ရာမှာလည်း ဒီလမ်းစဉ်ဟာ ပိုပြီးအရေးကြီးပါတယ်။

၄။ နိုင်ငံတကာတာဝန်ထမ်းဆောင်ရာမှာ တာဝန်နဲ့ကိုက်ညီတဲ့ အခွင့်အရေးကို ရအောင်ယူပြီး ကိုယ့်မဟာဗျူဟာအားသာချက်ကို အကျိုးစီးပွားအဖြစ်သို့ပြောင်းလဲသင့်ပါတယ်။ ဥပမာ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့စတဲ့ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများထဲမှ အစုရှယ်ယာနှုန်း၊ မဲပေးဆုံးဖြတ်ခွင့်နဲ့ အကျိုးသက်ရောက်မှုတို့ကို မြှင့်တင်ရမယ်။ အခွင့်သာပါက စီးပွားရေးလုပ်ငန်း ယှဉ်ပြိုင်စွမ်းအားရှိတဲ့ လက်တွေ့အရင်းအနှီးများကိုရယူရေး၊ တရုတ်ပြည်အပေါ် အတတ်ပညာကန့်သတ်ချက်နဲ့ လက်ဝါးကြီးအုပ်မှုများ လျှော့ပေးရေးတို့ကို အမေရိကန်နဲ့ဥရောပထံသို့ တောင်းဆိုခြင်း စသည်တို့ဖြစ်တယ်။

**(ဂ)"တာဝန်ယူစိတ်ရှိတဲ့နိုင်ငံကြီး"ရဲ့ ဦးတည်ချက်ဟာ "မျှတပြေပြစ်တဲ့ကမ္ဘာ" တည်ဆောက်ရေး ဖြစ်ပါတယ်။**

၁။ တရုတ်ပြည်ဟာ မူလကတည်းက "ဗိုလ်ကျစိုးမိုးရေး မလုပ်" ဆိုတဲ့ အတွေးအခေါ် ရှိတယ်။ ထမ်းဆောင်ရမယ့်တာဝန်ကို ကျေပွန်ပြီးရင်လည်း တရုတ်ပြည်ဟာ"ကမ္ဘာ့ခေါင်းဆောင်" မဖြစ်နိုင်ပါ။ "စူပါနိုင်ငံကြီး" လည်း မလုပ်ပါ။ တရုတ်ပြည်ရဲ့ နိုင်ငံတော်ဦးတည်ချက်ဟာ နိုင်ငံတကာနဲ့ အတူ မျှတပြေပြစ်သောကမ္ဘာကို တည်ဆောက်ဖို့ဖြစ်ပါတယ်။"ငြိမ်းချမ်းရေး။ တိုး

တက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး'' ''တရားမျှတပြီး သင့်မြတ်တဲ့ကမ္ဘာ့ စနစ်သစ်'' ''သိပ္ပံနည်းကျဖွံ့ဖြိုးရေး'' ''ယဉ်ကျေးမှုမျိုးစုံတည်ရှိခြင်းကို လေးစားရေး'' ''လုံခြုံ ရေးစနစ်သစ်'' စသည်တို့မှ ''မျှတပြေပြစ်တဲ့ကမ္ဘာ တည်ဆောက်ရေး''အထိ တရုတ်ပြည်ရဲ့ သံတမန်ရေးရာပေါ်လစီများဟာ ကြွယ်ဝပြည့်စုံစွာရှိနေပါတယ်။ ''တရုတ်ပြည်ရဲ့တရုတ်၊ အာရှရဲ့တရုတ်၊ ကမ္ဘာရဲ့တရုတ်''ဆိုတဲ့အမြင်ဟာ တရုတ်ပြည်ရဲ့ နိုင်ငံတော်ဆိုင်ရာမှန်းမျှော်ချက်ဖြစ်ပါတယ်။

၂။''တာဝန်ယူစိတ်ရှိတဲ့နိုင်ငံကြီး''ဆိုတဲ့တွေးခေါ်မှုဟာ ''မျှတပြေပြစ်တဲ့ကမ္ဘာ''တည်ဆောက်ရေး မဟာဗျူဟာရဲ့ အစိတ်အပိုင်းဖြစ်ပြီး လုပ်ငန်းသဘောဆောင်တဲ့ သံတမန်အတွေးအခေါ်ဖြစ်ပါတယ်။ တရုတ်ပြည်ဟာ နိုင်ငံကြီးမဟာဗျူဟာလမ်းစဉ်ကို စူးစမ်းရှာဖွေရာမှာ မိမိတိုင်းပြည်ရဲ့ နိုင်ငံတကာအဆင့်နေရာနဲ့ ဖွံ့ဖြိုးရေးဦးတည်ချက်ကို ရှင်းရှင်းလင်းလင်း သိရှိထားရမယ်။ ဒါကိုအခြေခံမှသာ တရုတ်ပြည်အနေနဲ့ နိုင်ငံတကာနဲ့ အပြန်အလှန်ပူးပေါင်းမှုများအတွင်းမှာ ရသင့်ရထိုက်တဲ့ တိုင်းပြည်အကျိုးစီးပွားများကို ရယူနိုင်လိမ့်မယ်။ မိမိနိုင်ငံအဆင့်နေရာနဲ့ ဂုဏ်သိက္ခာတို့ကိုမြှင့်တင်နိုင်မယ်။ နိုင်ငံတကာ အထူးသဖြင့် အနောက်တိုင်းနိုင်ငံများက တရုတ်ပြည် အလျင်အမြန်တိုးတက်မှုအပေါ် သက်ရောက်သောဖိအားကို ဒီမဟာဗျူဟာက အတိုင်းအတာတခုအထိ လျော့စေနိုင်လိမ့်မယ်။ တချိန်တည်းတွင် ကမ္ဘာနဲ့ရောနှောပေါင်းစပ်ရေးကို စနစ်တကျဖြစ်စေပြီး တိုးတက်စေလိမ့်မယ်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် သိက္ခာတက်စေပြီး ခေတ်သစ်တရုတ်ပြည်သံတမန်ရေးတောင်းဆိုချက်ကိုလည်း ပြည့်ပြည့်စုံစုံ ထင်ဟပ်နိုင်ပါလိမ့်မယ်။ဒါကြောင့် ခေတ်သစ်သံတမန်ရေးအတွေးအခေါ်များအတွင်းမှ ''တာ

ဝန်ယူစိတ်ရှိတဲ့နိုင်ငံကြီး” ဆိုတဲ့တွေးခေါ်မှုဟာ “တရုတ်ပြည်မှာ ဝတ္တရားရှိတယ်” ဆိုတဲ့အမြင်အမျိုးမျိုးကို ရင်ဆိုင်နိုင်တဲ့ အကောင်းဆုံးရွေးချယ်မှု ဖြစ်ပါတယ်။ မိမိတိုင်းပြည်ရဲ့ လက်တွေ့အခြေအနေနဲ့ ဖွံ့ဖြိုးရေးလိုအပ်မှုတို့ကို အခြေခံရန်လိုအပ်ပါတယ်။ ထို့ပြင် “မျှတပြေပြစ်တဲ့ကမ္ဘာ” တည်ဆောက်ရေးဆိုတဲ့သံတမန်ရေးမဟာဗျူဟာနဲ့ သီပွံနည်းကျပြီး တိုးတက်မှုရှိတဲ့ တာဝန်ယူစိတ်ရှိတဲ့နိုင်ငံကြီးဆိုတဲ့ သံတမန်ရေးအတွေးအခေါ်တို့အား ပေါင်းစပ်ရန် လိုအပ်ပါတယ်။ ဒီအချက်များဟာ ရေရှည်အကျိုးရှိတဲ့ ပြည်တွင်း ပြည်ပ ဖွံ့ဖြိုးရေးပတ်ဝန်းကျင်ကို ရယူရန်အတွက် အရေးကြီးတဲ့အခြေခံနဲ့ လက်တွေ့ကျတဲ့ ရွေးချယ်မှုဖြစ်ပါတယ်။ ဒါဟာလည်း ဂလိုဘယ်လိုက်ဇေးရှင်း အခြေအနေအောက်တွင် တံခါးဖွင့်ရေးနဲ့ ပြုပြင်ရေးပေါ်လစီနဲ့ ခေတ်မီတည်ဆောက်ရေးပေါ်လစီတို့အတွက် အရေးကြီးတဲ့အာမခံချက်ဖြစ်ပါတယ်။ တရုတ်ပြည်နဲ့ကမ္ဘာဟာ အရင်ကလို “တုံ့ပြန်ခြင်း”သက်သက်ဆန်ပြီး လက်ဦးမှုမဲ့တဲ့ ဆက်စပ်မှုမဟုတ်တော့ပါ။ အပြန်အလှန် အသိအမှတ်ပြုပြီး ကောင်းမွန်တဲ့ ဆက်စပ်မှု ဖြစ်နေပါပြီ။တရုတ်ပြည်ဟာ မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်စေတာနဲ့တချိန်တည်းမှာ ကမ္ဘာ့ကိုပေးထားတဲ့အာမခံချက်များ အကောင်အထည်ဖော်ရေးကို ပိုပြီး အားစိုက်လာပါပြီ။ မျက်မှောက်ကမ္ဘာ့စနစ်နဲ့ ရောနှောပေါင်းစပ်နိုင်ပြီး ဒီစနစ်တွင်းမှာ တာဝန်ယူသူတဦး ဖြစ်လာအောင် ပိုမိုကြိုးပမ်းသင့်ပါတယ်။ တရုတ်ပြည်ဟာ မိမိတိုင်းပြည် အကျိုးစီးပွားကို အကောင်အထည်ဖော်နေရုံမက ကမ္ဘာ့ပြည်သူများအတွက် ကောင်းမှုပြုဖို့ ဆန္ဒရှိပြီး လက်တွေ့လုပ်ကိုင်မှုများလည်း ရှိပါတယ်။ ဒါဟာ နိုင်ငံကြီးတခု ရှိသင့်တဲ့စိတ်ဓာတ်လည်း ဖြစ်ပါတယ်။




## သတင်းနဲ့ မှတ်ချက်

## ကမ္ဘာ့စီးပွားရေး– ၂၀၁၀ ရွေးကောက်ပွဲ–၅ ထောင်တန်ငွေစက္ကူ

### ကမ္ဘာ့စီးပွားရေး၊

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အရင်းအနှီးစီးဝင်မှု အမေရိကန်ဒေါ်လာ ၁၆၅ ဘီလျံသာ ရှိတော့မည်။

၂၀၀၈ ခုနှစ်က ဒေါ်လာ ၄၆၁ ဘီလျံ ရှိခဲ့သည်။

(ကမ္ဘာ့ဘဏ် ထုတ်ပြန်ချက်)

Goldman Sachs အဖွဲ့ ခန့်မှန်းချက်အရ "၂၀၁၀ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အရင်းအနှီးစီးဝင်မှု ထိုးစိုက်ကျမည်။ နာလန်ထဖို့ အခက်ခဲဆုံး ကြိုးစားကြရမည်။ လာမည့် ၃ နှစ်ကာလအတွင်း မတည်ငြိမ်မှုမျိုးစုံနှင့် နပန်းလုံးကြရမည်"...တဲ့။

### ၂၀၁၀ ရွေးကောက်ပွဲ။

ကမ္ဘာ့စီးပွားရေး ဘာတွေပဲဖြစ်ဖြစ် လာမည့်နှစ်မှာ ရွေးကောက်ပွဲ လုပ်ကိုလုပ်မယ် ... လို့ ဗိုလ်သန်းရွှေက ကြေညာလိုက်ပါပြီ။

### ၅ ထောင်တန် ငွေစက္ကူ။

ကမ္ဘာတဝှမ်းမှာတော့ အမေရိကန်ဒေါ်လာရဲ့ခိုင်မာမှုကို သံသယဖြစ်လာကြပြီး နိုင်ငံတချို့က 'ကမ္ဘာသုံး အရန်ငွေ'တမျိုး တီထွင်ထုတ်ဝေ သုံးစွဲဖို့ စိုင်းပြင်းနေကြသည်။ ကျွန်တော်တို့ဆီမှာတော့...

သမိုင်းမှာ(ဂဏန်းအရ) တန်ဖိုးအကြီးဆုံး ငွေစက္ကူတမျိုး ထွက်လာခဲ့ပါပြီ။

ပညာရှင်များက တိုင်းပြည်စီးပွားရေး ဂယက်ရိုက်ခတ်မှု ရှိ–မရှိ အငြင်းပွားနေကြသည်။ ဘယ်သူမှန်သလဲ– မှားသလဲ သိရဖို့ အချိန်တခု စောင့်ရပါမည်။

လမ်းဘေးဈေးသည်တယောက်၏ မှတ်ချက်ကို သွားရင်းလာရင်း ကြားလိုက်ရသည်။

“အမေက ပြောတယ်၊ ဆန်တပြည် နှစ်ရာ–သုံးရာကနေ တထောင် တန်ထွက်လာလို့ ဘာမှမကြာဘူး၊ ဆန်တပြည် တထောင် ဖြစ်သွားတာပဲ။ ခုလည်း ၅ ထောင်တန်ကြီး ထွက်လာပြီ။ ညည်း– ကြည့်နေ၊ ဆန်တပြည် ၅၀၀၀ ဖြစ်တော့မယ်။ အသုံးအစွဲ ကြည့်သုံးအေ့– လို့ ပြောတယ်”…တဲ့။

လက်တွေ့ကလာတဲ့အသိမို့ သဘောကျစရာတော့ အကောင်း သား။




## သတင်းနဲ့ မှတ်ချက်

### ရွေးကောက်ပွဲပြီး ရွေးကောက်ပွဲ

ပြီးခဲ့တဲ့အပတ်ထဲမှာ အာဖဂန်သမ္မတကာဇိုင်းက သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာလ ၇ ရက်နေ့မှာ ထပ်မံကျင်းပမယ်လို့ ကြေညာလိုက်ပါတယ်။ အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီနဲ့ အနောက်တိုင်းသံတမန်တွေခြံရံပြီး ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အခုလို ကြေညာလိုက်တာ ဖြစ်ပါတယ်။

အာဖဂန်နစ္စတန်သမ္မတရွေးကောက်ပွဲကို ဒီနှစ် ဩဂုတ်လ ၂၀ ရက်နေ့က ကျင်းပခဲ့တယ်။ လွတ်လပ်သောရွေးကောက်ပွဲကော်မရှင် (IEC) က ရွေးကောက်ပွဲရလဒ်ကို စက်တင်ဘာလလယ်မှာ ကြေညာခဲ့တယ်။ လက်ရှိသမ္မတကာဇိုင်းက မဲ ၅၅% ရရှိပြီး ပြန်အရွေးခံရတယ်လို့ဆိုတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲမှာ မသမာမှုတွေရှိခဲ့တယ်ဆိုပြီး ပြဿနာတွေ တက်ခဲ့တယ်။

ကုလသမဂ္ဂကကြီးမှူးတဲ့ ရွေးကောက်ပွဲတိုင်ကြားရေးကော်မရှင်အဖွဲ့က ပြန်လည်စိစစ်မှုတွေ လုပ်ခဲ့တယ်။ ဒီနောက် သမ္မတကာဇိုင်းရရှိတဲ့ မဲပေါင်း ၃.၁ သန်းအနက် သုံးပုံတပုံကျော်ဟာ လိမ်လည်ထားတာတွေဖြစ်လို့ တရားမဝင်ဘူးလို့ ဆိုတယ်။ သမ္မတကာဇိုင်းက ဒါကို လက်မခံပါဘူး။ ဩဂုတ်လ

ရွေးကောက်ပွဲမှာ သူဟာ တရားမျှတစွာနဲ့ အနိုင်ရရှိခဲ့တယ်လို့ပဲ ခံယူပါတယ်။ ရွေးကောက်ပွဲမှာ မသမာမှုအနည်းအကျဉ်းသာ ရှိခဲ့ပြီး အဲဒီကော်မရှင်အဖွဲ့က အာဖဂန်ရွေးကောက်ပွဲကို မတရားနာမည်ဖျက်တာသာဖြစ်တယ်လို့ ပြောခဲ့တယ်။ အဲဒီကော်မရှင်အဖွဲ့ကိုယ်တိုင် ပြန်လည် အစစ်အဆေးခံရမယ်လို့လည်း ခြိမ်းခြောက်ခဲ့တယ်။ ဒီလိုနဲ့ အာဖဂန်ရွေးကောက်ပွဲဟာ လိပ်ခဲတည်းလည်း အခြေဆိုက်ခဲ့ရတယ်။

ဒီနောက်မှာတော့ သမ္မတကာဇိုင်းအပေါ်မှာ ကုလသမဂ္ဂ တိုင်ကြားရေးကော်မရှင်ရဲ့ တွေ့ရှိချက်ကို လက်ခံဖို့ နိုင်ငံတကာဖိအားတွေ တိုးပွားလာခဲ့တယ်။ အထူးသဖြင့် အမေရိကန်ဆီက ဖြစ်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်သမ္မတ အိုဘားမားရဲ့ အာဖဂန်နဲ့ပါကစ္စတန်နိုင်ငံဆိုင်ရာ အထူးသံတမန်ဖြစ်သူ ရစ်ချစ်ဟိုးလ်ဘရုခ်နဲ့ သမ္မတကာဇိုင်းတို့ဟာ အတော်လေး အခြေအတင်ဖြစ်ကြတယ်လို့လည်း ဆိုပါတယ်။ ဒီနောက်မှာ ဟိုးလ်ဘရုခ်ကို အာဖဂန်မှာ လက်မခံနိုင်ပါဘူးဆိုတဲ့အထိ ဖြစ်လာတယ်။ ဒါနဲ့ အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် ကယ်ရီက သူ့နေရာမှာ အစားဝင်ပြီး သမ္မတကာဇိုင်းကို ဆက်လက်ဆွေးနွေး ဖိအားပေးခဲ့တယ်။

ကယ်ရီက ကာဇိုင်းကိုဆွေးနွေးခဲ့တဲ့ နာရီပေါင်းဟာ ၇၂ နာရီ ရှိသတဲ့။ နိုင်ငံခြားရေးဝန်ကြီးကလင်တန်ကလည်း မိနစ်လေးဆယ်ကြာ ဖုန်းနဲ့ စကားပြောခဲ့တယ်။ ဗြိတိန်ဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းက ကာဘူးလ်ကို သုံးကြိမ် လာအားဖြည့်ပေးခဲ့တယ်။ အဲဒီဖိအားပေးပွဲမှာ ဝင်ပါဖို့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနတ်ကော့ချ်နာလည်း ကာဘူးလ်ကို လာခဲ့တယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နဲ့ နေတိုးအဖွဲ့အတွင်းရေးမှူးတို့ကလည်း နယူးယောက်နဲ့ဘရပ်ဆယ်လ်ကနေပြီး ဒီပွဲမှာ တတပ်တအား ဝင်ပါကြပါတယ်။ နောက်ဆုံးမှာ ကယ်ရီတို့က သမ္မတကာဇိုင်းကို ခပ်ပြင်းပြင်း သတင်းစကား ပါးခဲ့ကြတယ်။ ဒီအတိုင်း ဆက်ခေါင်းမာနေရင် အမေရိကန်ရဲ့ရန်သူ ဖြစ်သွားလိမ့်မယ် ဆိုတာပါပဲ။

ဒီအခါမှာတော့ သမ္မကာဇိုင်းဟာ တင်းမခံနိုင်တော့ပါဘူး။ လက်ရှိအနေအထားတွေအရ အာဖဂန်မှာ အမေရိကန်နဲ့အနောက်အုပ်စုရဲ့ ထောက်ခံမှုမရဘဲ အစိုးရတရပ် ရပ်တည်နိုင်ဖို့ဟာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်လည်း ကာဇိုင်းဟာ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ဖိအားကို တင်းမခံနိုင်ဘဲ အလျှော့ပေးလိုက်ရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒုတိယအကျော့ ရွေးကောက်ပွဲကလည်း ပြဿနာတွေကို ပြေလည်စေမယ်လို့ ယူဆလို့မရပါဘူး။ ရွေးကောက်ပွဲကို ကြီးကြပ်မယ့်ကော်မရှင် (IEC) ဟာ သမ္မတကာဇိုင်းဘက်ကို လိုက်တယ်လို့ စွပ်စွဲခံထားရတာပါ။ နောက်ပြီး ဆောင်းတွင်းကာလ အအေးဒဏ်ကြောင့် မဲပေးသူ ပိုနည်းနိုင်တယ်လို့လည်း ပြောကြပါတယ်။

ပိုအရေးကြီးတာက အာဖဂန်ပြည်သူတွေကလည်း ဒီရွေးကောက်ပွဲကို စိတ်ဝင်စားပုံ မရှိပါဘူး။ ပထမအကြိမ်တုန်းက မဲပေးခွင့်ရှိသူ ၁၅ သန်းအနက် ၄.၃ သန်းသာ မဲပေးခဲ့တယ်လို့ဆိုတယ်။ သုံးပုံတပုံတောင် မရှိပါဘူး။ တာလီဘန်တွေရဲ့ ခြိမ်းခြောက်မှုကြောင့် အခုလို နည်းပါးရတာလို့ ဆိုပါတယ်။ ဒါပေမဲ့ ပထမအကြိမ် မဲပေးပွဲပြီးတဲ့နောက် ကာဘူးလ်မြို့ပေါ်က လူအတော်များများက ဒီရွေးကောက်ပွဲဟာ မြောက်အမေရိကားနဲ့ အနောက်ဥရောပ စိတ်ကျေနပ်ဖို့ လုပ်တာဖြစ်တယ်လို့ ပြောနေကြတာပါ။ ဒါ့အပြင် အာဖဂန်ပြည်သူတဦးကလည်း အခုလိုပြောပါတယ်။ သူက သူဟာ အခုလာမယ့် ဒုတိယအကြော့ မဲပေးပွဲသာ မဟုတ်ဘူး၊ နောက် ဘယ်ရွေးကောက်ပွဲမှာမှ မဲပေးတော့မှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမဲပေးပွဲတွေဟာ အနောက်အင်အားစုတွေရဲ့ အားပြိုင်ပွဲတွေဖြစ်နေလို့ပါပဲတဲ့။

လက်ရှိအခြေအနေမှာ အမေရိကန်က လက်မခံရင် အာဖဂန်မှာ အစိုးရ ဖြစ်နိုင်မှာမဟုတ်။ အမေရိကန်ကြိုက်တဲ့အစိုးရကျပြန်တော့ ပြည်သူတွေက အမေရိကန်ရုပ်သေးမို့ မနှစ်မြို့နိုင်။ ရွေးကောက်ပွဲတွေ အကြိမ်ကြိမ်ကျင်းပလည်း အာဖဂန်ပြဿနာက ပြေလည်သွားမှာ မဟုတ်ပါ။ ဂျာအေးကိုသူ့အမေရိက်တဲ့ဇာတ်သာ ဖြစ်နေမှာပါ။




သတင်းနဲ့ မှတ်ချက်

**ဆိုက်ဘာစစ်ပွဲမှ ထရိုဂျင်မြင်း**

ဒီနေ့နည်းပညာခေတ်ကြီးမှာ တီထွင်ထုတ်လုပ်ထားတဲ့ စစ်လက်နက်ပစ္စည်းတွေဟာလည်း ခေတ်မီနည်းပညာတွေကို အသုံးပြုကြရပါတယ်။ ခေတ်မီစစ်လက်နက်ပစ္စည်းနဲ့ နည်းပညာတွေဟာ ကွန်ပျူတာနဲ့ ထိန်းချုပ်တာတွေချည်းပါပဲ။ ကွန်ပျူတာဆိုတဲ့အတိုင်း သေးငယ်တဲ့ချစ်ပြားလေးတွေကို အသုံးပြုရပါတယ်။ အဲဒီချစ်ပြားလေးတွေမှာ အလွန်သေးငယ်တဲ့ ထရန်စစ္စတာလေးတွေ သန်းချီပြီး တချို့ဆို သန်းထောင်ချီပြီးပါတာ ဖြစ်ပါတယ်။ အဲဒီသန်းပေါင်းများစွာသော ထရန်စစ္စတာတွေထဲမှာ မလိုလားအပ်တဲ့ ထရန်စစ္စတာလေးတွေ ထရိုဂျင်မြင်းလို ပါလာမှာကို စိုးရိမ်ရပါတယ်။ အရေးကြီးတဲ့အချိန်ကျမှ အဲဒီ ထရိ

ဂျင်မြင်းဟာ ထလှုပ်ရှားပြီး မိမိရန်ဘက်က အဝေးကနေ လိုသလို အသုံးချစေခိုင်းသွားနိုင်လို့ ဖြစ်ပါတယ်။ ဒါကြောင့် စစ်ဘက်မှာ အသုံးပြုမယ့်ချစ်ပြားလေးတွေဟာ အလွန့်ကို လုံခြုံစိတ်ချရဖို့ လိုပါတယ်။

အမေရိကန်ပင်တာဂွန်စစ်ဌာနချုပ်ဟာ စစ်ဘက်မှာသုံးဖို့ စိတ်ချရတဲ့ ချစ်ပြားတွေ ရရှိရေးကို အထူးလုံ့လစိုက်လုံးပန်းခဲ့ပါတယ်။ ဒါပေမဲ့ လောလောဆယ်မှာ နှစ်စဉ်ဝယ်ယူတဲ့ ဒေါ်လာ ၃.၅ ဘီလျံကျော်တန်ဖိုးရှိတဲ့ ချစ်ပြားတွေထဲက ၂% သာ အမေရိကန်ကုမ္ပဏီတွေက ပြည်တွင်းစိတ်ချရတဲ့စက်ရုံတွေမှာ ထုတ်လုပ်တာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်ဘက်နဲ့ ထောက်လှမ်းရေးဘက်မှ လက်ရှိတာဝန်ထမ်းဆောင်ဆဲကော၊ အနားယူသွားတဲ့ အရာရှိကြီးတွေပါ အဲဒီ ချစ်ပြားတွေထဲမှာ ထရိုဂျင်မြင်းတွေ ပါလာမှာကို အထူးစိုးရိမ်နေကြပါတယ်။ အမေရိကန်စက်ရုံအတော်များများဟာ ပြည်ပကို ရွှေ့သွားကြတာကြောင့် ပိုစိုးရိမ်လာကြရတယ်။ အခုအချိန်မှာ ကွန်ပျူတာချစ်ပြားစုစုပေါင်းရဲ့ ငါးပုံတပုံကိုသာ အမေရိကန်ပြည်မှာ ထုတ်လုပ်တာ ဖြစ်တယ်။ အဆင့်အမြင့်ဆုံး နည်းပညာကို အသုံးပြုတဲ့ ချစ်ပြားတွေဆိုရင် ချစ်ပြားစုစုပေါင်းရဲ့ လေးပုံတပုံကိုပဲ အမေရိကန်ပြည်မှာ ထုတ်လုပ်နေတာ ဖြစ်ပါတယ်။

ဒီလို စိုးရိမ်နေကြတာဟာ အကြောင်းမဲ့မဟုတ်ပါဘူး။ ဒီထရိုဂျင်မြင်းကို အမေရိကန်တွေက အသုံးပြုခဲ့ပြီးဖြစ်လို့ပါပဲ။ ဒီလိုသုံးခဲ့တယ်ဆိုတဲ့ ကိစ္စတွေကို အဲဒီအချိန်က တာဝန်ရှိခဲ့သူတချို့က ပြန်ဖော်ထုတ်လာကြလို့လည်း အခုလို ပြောနိုင်တာ ဖြစ်ပါတယ်။

၂၀၀၇ ခုနှစ်မှာ အစ္စရေးလ်က ဆီးရီးယားရဲ့ တည်ဆောက်လက်စ နျူကလီးယားစက်ရုံကို ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးခဲ့စဉ်က ချဉ်းကပ်လာတဲ့ အစ္စရေးလေယာဉ်တွေဟာ ဆီးရီးယားရေဒါစနစ်မှာ မပေါ်ခဲ့ပါဘူး။ အဲဒီတုန်းကတော့ ဆီးရီးယားရဲ့ရေဒါစနစ်ကို အစ္စရေးက ပြွတ်သိပ်နှောင့်ယှက် (jamming technology) နိုင်ခဲ့တာကြောင့်လို့ ယူဆခဲ့ကြပါတယ်။ ဒါပေမဲ့ အမေရိကန် နည်းပညာစာစောင်ဖြစ်တဲ့ (IEEE Spectrum) ဒီဇင်ဘာလထုတ်ထဲမှာ ဥရောပတိုက်က စက်မှုဇာစ်မြစ်တခုကို ကိုးကားပြီး အစ္စရေးဟာ ဆီးရီးယားရေဒါစနစ်တည်ဆောက်စဉ်က ပါသွားတဲ့ ထရိုဂျင်မြင်းကိုသုံးပြီး ရေဒါစနစ် ရပ်ဆိုင်းသွားအောင်လုပ်ခဲ့တာ ဖြစ်နိုင်တယ်လို့ ဖော်ပြခဲ့ပါတယ်။ အင်တာဗျူးတခုမှာလည်း အမေရိကန် တပိုင်းလျှပ်ကူးပစ္စည်းထုတ်စက်ရုံမှ အမည်မဖော်လိုတဲ့ အရာရှိချုပ်ကြီးတဦးက သူဟာ အဲဒီစစ်ဆင်ရေးကိစ္စကို အတွင်းကျကျ သိခဲ့တယ်လို့ ပြောပါတယ်။ အဲဒီ ရေဒါစနစ်ရပ်ဆိုင်းသွားအောင်လုပ်တဲ့ နည်းပညာကို အမေရိကန်က အစ္စရေးအီလက်ထရောနစ် ထောက်လှမ်းရေး အေဂျင်စီ (ယူနစ် ၈၂၀၀) ကို ပေးခဲ့တယ်လို့ ဆိုပါတယ်။ တရားဝင်ပေးခဲ့တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အမေရိကန်အစိုးရကို အသိပေးပြီး ပေးခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

ရီဂင်အစိုးရလက်ထက်တုန်းက လေတပ်အတွင်းဝန်ဖြစ်သူ သောမတ်စ်စီရိဒ် (Thomas C. Reed) ကလည်း အဲဒီလို ထရိုဂျင်မြင်းမြှုပ်နှံခဲ့တဲ့ ဖြစ်ရပ်တခုအကြောင်းကို ၂၀၀၄ ခုနှစ်မှာ ထုတ်ဖော်ရေးသားခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုဟာ ကနေဒါနိုင်ငံမှ အပျော့ထည်တခု ဝယ်ယူရာမှာ ထရိုဂျင်မြင်းကို အမေရိကန်ပြည်ထောင်စုက အောင်မြင်စွာ ထည့်ပေးလိုက်နိုင်တယ်လို့ ဆိုပါတယ်။ အဲဒီ အပျော့ထည်ကို ဆိုက်ဘေးရီးယားမှာ ဖြတ်သွယ်ထားတဲ့ ဓာတ်ငွေ့ပိုက်လိုင်း ထိန်းချုပ်ရာမှာ အသုံးပြုဖို့ ဖြစ်ပါတယ်။ အဲဒီ ထရိုဂျင်မြင်းကြောင့် အပျော့ထည်ဟာ ကောင်းမွန်စွာ မလည်ပတ်နိုင်ဘဲ ၁၉၈၂ ခုမှာတော့ ပိုက်လိုင်းပေါက်ကွဲမှုအထိ ဖြစ်ခဲ့ရတယ်လို့ ဆိုတယ်။

ဝှက်စာစက်ထုတ်လုပ်တဲ့ ဆွစ်ကုမ္ပဏီတခုဖြစ်တဲ့(Crypto AG) ဟာလည်း အဲဒီ ထရိုဂျင်မြင်းဒဏ်ကို ခံခဲ့ရပါတယ်။ ရီဂင်အစိုးရ လက်ထက်ကပါပဲ။ ၁၉၈၀ ခုနှစ်တွေတုန်းက လစ်ဗျားနဲ့အီရန်ကို အမေရိကန်က သံတမန်ရေးအရ အရေးယူမှုတွေလုပ်စဉ်ကာလက ဖြစ်ပါတယ်။ အဲဒီ ဝှက်စာစက်ကို အသုံးပြုပြီး ပေးပို့ကြတဲ့ အစိုးရအတော်များများရဲ့ အီလက်ထရောနစ် ကြေးနန်းတွေကို အမေရိကန်က ရရှိခဲ့တယ်လို့ အများက တွက်ကြပါတယ်။ အဲဒီ ဝှက်စာစက်မှာသုံးတဲ့ အမာထည်ထဲမှာ မြှုပ်နှံထားတဲ့ ထရိုဂျင်မြင်း ကျေးဇူးကြောင့်လို့ ဆိုပါတယ်။

အဲဒီလို သူများအပေါ်မှာ မတော်မတရားလုပ်ခဲ့တဲ့ အမေရိကန်ဟာ သူ့ကို အဲဒီလို ပြန်အလုပ်ခံရမှာ အကြီးအကျယ်စိုးရိမ်နေတာ ဖြစ်ပါတယ်။ ဒီလို ရှေ့တန်းရောက်နည်းပညာတွေကို ထုတ်လုပ်နိုင်တဲ့နိုင်ငံဆိုတာ လက်ချိုးရေလို့ ရပါတယ်။ ဒါကြောင့် ဒီဆိုက်ဘာစစ်ပွဲဆိုတာမှာ ရှေ့တန်းရောက်နိုင်ငံကြီးတွေသာ လက်ဦးမှုရှိပြီး အသာစီးရနေကြဦးမှာ ဖြစ်ပါတယ်။ ခေတ်မီနည်းပညာတွေကို သူတို့အပေါ်အားထားနေရတဲ့ ခေတ်နောက်ကျတဲ့နိုင်ငံတွေကတော့ သူတို့လက်ခုပ်ထဲကရေ ဖြစ်နေဦးမှာပါ။ အထူးသဖြင့် သူတို့စစ်လက်နက်ပစ္စည်းတွေကို အားကိုးဝယ်ယူထားကြတဲ့ နိုင်ငံတွေကတော့ အတော့်ကို မျက်ခုံးလှုပ်စရာပါပဲ။

## 21

**သတင်းနဲ့ မှတ်ချက်**

### “ကမ္ဘာ့ဆန် – မြန်မာ့ဆန်”

အောက်တိုဘာလ ကုန်ခါနီးအချိန် – ဖိလစ်ပိုင်မှာ ဆန်ညီလာခံ ကျင်းပပါတယ်။ ရာသီဥတုဒဏ်ကြောင့် လာမယ့်နှစ် ဆန်ရှား၊ ဆန်ဈေးကောင်းမယ်လို့ ကြေညာသွားတယ်။ လူတိုင်း ခန့်မှန်းထားတဲ့အချက်ပဲ။

နအဖလည်း သိတယ်။ ဒါကြောင့် ဝန်ကြီးချုပ်လုပ်တဲ့သူက ‘ပြည်နယ် တိုင်းတချို့မှလွဲ၍ ဒေသဆန် ဖူလုံနေပြီ။ တပြည်လုံးအတိုင်းအတာဖြင့် ပိုလျှံနေပြီ’လို့ ၂ ပတ်လောက်စောပြီး ကြေညာထားလိုက်တယ်။ နှစ်စဉ် ဆန်တန်ချိန် ၄ သန်းလောက် ပိုနေပြီလို့လည်း စာနယ်ဇင်းတွေမှာ ထည့်ထားခဲ့တယ်။

ရှင်းပြီ။ တချက်ခုတ် ၂ ချက်ပြတ်ပဲ။ ဆန်တွေ ထုတ်ရောင်းကြတော့မယ်။

ပြည်တွင်းအခြေအနေ –

ဗိုလ်သိန်းစိန်မိန့်ခွန်းခြွေတဲ့အချိန်က တိုင်းပြည်ရဲ့ စပါးကျီ မြစ်ဝကျွန်းပေါ်ဘက်မှာ ကြွက်ထနေလို့ လယ်တွေ ၃၀% မှ ၅၀% အထိ ပျက်နေချိန်။

“ရောဝတီကြွက်တွေကို မနှိမ်နင်းနိုင်ရင် ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်လိမ့်မယ်”လို့ ရန်ကုန်အခြေစိုက် ကုလသမဂ္ဂ AFO အဖွဲ့က ကြေညာလိုက်တယ်။

လယ်သမားတွေဘဝ –

အပူပိုင်းဒေသတွင် လယ်ယာမဲ့ လူဦးရေသည် ကျေးလက်လူဦးရေ၏ ၄၂% ရှိနေပြီ။ ပခုက္ကူမြို့နယ်တခုတည်းတွင် ၈၀% တောင် ရှိသည်ဟု ဂျာနယ်တစောင်က ဖော်ပြထားတာ ဖတ်လိုက်ရတယ်။ တခြားဒေသတွေမှာလည်း မထူးခြားလှပါ။ စစ်တပ်ကသိမ်းတဲ့ လယ်ယာမြေ၊ စစ်အာဏာပိုင်တွေရဲ့ ကံကြွေးချမြေရှင်ကုမ္ပဏီကြီးတွေက တိုင်းမှူးအမိန့်နဲ့ သိမ်းယူလိုက်တဲ့မြေတွေကြောင့် လယ်သမားတွေကို ဒီဘဝရောက်စေတာပါပဲ။

အလားအလာ –

၂၀၁၀ ရွေးကောက်ပွဲကိစ္စ၊ အပစ်ရပ်အဖွဲ့တွေအတွက် နယ်ခြားစောင့်တပ် (BGF)၊ ဆန်တွေ ပြည်ပထုတ်ရောင်းမယ့်ကိစ္စတွေဟာ ရှေ့နှစ်အတွင်း ဗမာပြည်ရဲ့နိုင်ငံရေးသွင်ပြင်ကို ပြောင်းစေနိုင်တဲ့အရာတွေလို့ ထင်မြင်မိပါကြောင်း။

## 21 သတင်းနဲ့မှတ်ချက်

**ပြန်ခုန်ထွက်လာတဲ့ ဘလဲယားရဲ့ အတိတ်က အရိပ်မဲ။**

၂၀၀၉ခုနှစ်ကုန်ဆုံးခါနီးချိန်မှာ ဗြိတိသျှဝန်ကြီးချုပ်ဟောင်း တိုနီဘလဲယားတယောက် ပြန်ခုန်ထွက်လာပါတယ်။ အဲဒါက အီးယူခေါ်ဥရောပသမဂ္ဂမှာ ဥက္ကဋ္ဌအဖြစ် အရွေးခံဖို့အတွက် လုံးပန်းလာတာပါပဲ။

ဒါပေမဲ့ တိုနီဘလဲယားဟာ အမေရိကန်ရဲ့ လက်ထောက်အဖြစ် (lieutenant) နေမယ်လို့ ပြောင်ပြောင်တင်းတင်းပြောခဲ့သူဖြစ်တဲ့အလျောက် သူနဲ့ပတ်သက်တဲ့ပြောစရာအချက်တွေ ပေါ်ထွက်လာပါတယ်။ အဲဒီအထဲက ထွက်လာတဲ့အချက်တခုကတော့ အီရတ်ကိုဝင်ပြီးတိုက်ဖို့ သူနဲ့ဘုရှ်တို့ ဘယ်လိုစဉ်းစားခဲ့ကြတယ်ဆိုတာပါပဲ။

၂၀၀၂ခုနှစ် ဇူလိုင်လတုန်းက ဝန်ကြီးချုပ်ရုံးမှာ တိုနီဘလဲယားနဲ့ အတူ ဗြိတိသျှပြည်ပထောက်လှမ်းရေးအဖွဲ့ကြီး အမ်အိုင် ၁၆ (MI-16) ခေါင်းဆောင် ရစ်ချဒ်ဒီးယားလဗ် (Richard Dearlove)၊ ဂျက်စထရော (Jack Straw) နဲ့ ရှေ့နေချုပ်တို့တက်ရောက်တဲ့ အစည်းအဝေးရဲ့မှတ်တမ်းမှာ ဆာဘွဲ့ရတဲ့ ရစ်ချတ်ဒီယားလဗ်က ဘလဲယားကို အခုလို အစီရင်ခံခဲ့တယ်ဆိုတာ တွေ့နေရပါတယ်။ ဝါရှင်တန်ဟာ "စစ်ကိုတော့ တိုက်တော့မှာပဲ။ ဘုရှ်က ဆာဒမ်ကို အကြမ်းဖက်မှု၊ ဖျက်အားပြင်းလက်နက်ပိုင်ဆိုင်မှုတို့နဲ့ ဆက်စပ်ပြီး စစ်ရေးနည်းနဲ့ ဖယ်ရှားချင်နေတာ။ သတင်းအချက်အလက်တွေကို ပေါ်လစီနဲ့ ကိုက်အောင်လုပ်နေတယ်။"

ဒီနောက်မှာ နိုင်ငံခြားရေးဝန်ကြီးဂျက်စထရောက ဘလဲယားကို ဒီလို ဆက်ပြောပါတယ်။ "အချက်အလက်တွေက မခိုင်လုံဘူး။ ဆာဒမ်က သူ့အိမ်နီးနားချင်းတွေကို ခြိမ်းခြောက်နေတာမဟုတ်ဘူး။ သူ့ရဲ့ ဖျက်အားပြင်းလက်နက်ဆိုတာကလည်း လစ်ဗျား၊ မြောက်ကိုရီးယား၊ အီရန်တို့လောက် အစွမ်းမရှိဘူး။ ကျွန်တော်တို့အနေနဲ့ လက်နက်အင်အားသုံးတာကို တရားဝင်စေဖို့ အတွက် အစီအစဉ်တခု ဖော်ထုတ်ရမယ်။"

ဒီအခါမှာ ရှေ့နေချုပ်က "စစ်ခင်းဖို့အတွက် ဥပဒေအရ ခွင့်ပြုတာက ကိုယ့်ကိုယ်ကိုကာကွယ်တဲ့အနေနဲ့ဖြစ်စေ၊ လူသားချင်း စာနာတဲ့အနေနဲ့ဖြစ်စေ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အခွင့်အာဏာပေးလို့ဖြစ်စေ ဆိုတဲ့ အချက်သုံးချက်ပဲ ရှိပါတယ်။ ဆာဒမ်ဟူစိန်ရဲ့ကိစ္စဟာ ပထမအချက်နဲ့ ဒုတိယအချက်တို့ဟာ မကိုက်ညီပါဘူး"လို့ ထောက်ပြလိုက်ပါတယ်။

ဒီနောက်မှာ ဘုရှ်ရော ဘလဲယားပါ ကုလသမဂ္ဂက ခွင့်ပြုချက် မရရှိခဲ့ကြပါဘူး။

၂၀၀၂ခုနှစ်တုန်းက ပေါက်ထွက်ခဲ့တဲ့မှတ်တမ်းတခုမှာတော့ ဂျက်စထရောဟာ တိုနီဘလဲယားကို တရားဝင်စစ်ပွဲဖို့အတွက်ဆိုရင် ဘာအချက်တွေ ပြနိုင်ရမယ်ဆိုတာကို သတိပေးခဲ့တာ တွေ့ရပါတယ်။ သူပြောတာတွေက– (၁) နိုင်ငံတခုကို လက်နက်နဲ့တိုက်ခိုက်တာ၊ ဒါမှမဟုတ် တိုက်ခိုက်တော့မှာ သေချာနေတာ။ (၂) လက်နက်နဲ့ဖြေရှင်းဖို့ဟာ မချလိုအပ်ရမယ်။ တခြားနည်းလမ်းနဲ့ ဖြေရှင်းလို့လုံးဝမရတော့ဘူး။ (၃) မိမိကိုယ်မိမိကာကွယ်ရေးအတွက် တိုက်တာဟာ အချိုးအစားအားဖြင့် သင့်တင့်လျောက်ပတ်သလောက် ဖြစ်ရမယ်။ ရည်မှန်းချက်ဟာ လာရောက်တိုက်ခိုက်တာကို ကာကွယ်ဖို့ဖြစ်ရမယ်–

ဆိုတာတွေဖြစ်ပါတယ်။ ဒ့ါအပြင် စထရောက ဖျက်အားပြင်းလက်နက်ကို ပိုင်ဆိုင်တာဖြစ်စေ၊ ပြုလုပ်တာဖြစ်စေ၊ ဒါဟာ “အသုံးပြုတာနဲ့ ညီမျှခြင်းပြလို့မရပါဘူး။ လိုအပ်တာက တိုက်လိမ့်မယ်ဆိုတဲ့ ကံသေကံမ အထောက်အထားပါ” လို့ ပြောခဲ့ပါသေးတယ်။

ပုံပြင်လေးကတော့ ဒါပါပဲလို့ဆိုရလေမလားပါ။ အီရတ်မှာတော့ အခုထက်ထိ သွေးချောင်းစီးနေတုန်းပါပဲ။

## သတင်းနဲ့မှတ်ချက်

### သမိုင်းအမှန်နဲ့ သမိုင်းအမှား။

ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးကိစ္စတွေမှာ ပစ္စုပ္ပန်ကို ကြည့်တယ်။ အနာဂတ်ကို မျှော်ခေါ်တယ်။ အတိတ်ကို ပြန်လှန်တဲ့ကိစ္စတွေကို ရှေ့တန်းတင်လေ့မရှိပါဘူး။

ဒါပေမဲ့ အခု နိုင်ငံရေးကိစ္စတွေ ရေးသားခွင့် လိုင်စင်ရထားတဲ့ ဂျာနယ်တစောင်မှာ သမိုင်းမှားတွေ ပုံမှားရိုက် ရေးသားနေတာ တွေ့ရတယ်။

ဥပမာ – ဖက်ဆစ်တော်လှန်ရေးကာလ လေထီးဆင်းရဲဘော်တယောက်ရဲ့နာမည်ကို ဖော်ပြရာမှာ ကိုသန်း(ကြည့်မြင်တိုင်)ဆိုပြီးပါလာတယ်။

တကယ်က အိန္ဒိယကို သခင်ဗိုလ်ခေါ်သွားတဲ့ “ကိုသန်း”ဆိုတာ တရုတ်အမျိုးသား“ဦးကိုကိုကြီး”ဆိုသူပါ။ အဆိုပါ ကိုသန်း ခေါ် ဦးကိုကိုကြီးဟာ ယခုအချိန်အထိ မသေမပျောက် သက်ရှိထင်ရှား ရှိနေသေးပါကြောင်း။